ဒီမိုကရေစီ အင်အားစုများနှင့်
တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ
ပူးပေါင်းဆောင်ရွက်ခဲ့သည့်

# စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး ကြိုးပမ်းမှု မှတ်တမ်း

(၂၀၀၄ – ၂၀၀၈)

## [FCDCC]

**ဆလိုင်း လျန်မှုန်း**
စုဆောင်းတင်ပြသည်

ဒီမိုကရေစီ အင်အားစုများနှင့်
တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ
ပူးပေါင်းဆောင်ရွက်ခဲ့သည့်

# စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး ကြိုးပမ်းမှု မှတ်တမ်း

# (FCDCC)

CDES

တိုင်းရင်းသားလူမျိုးရေးရာ ဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း

ဒီမိုကရေစီအင်အားစုများနှင့်

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ခဲ့သည့်

# စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကြိုးပမ်းမှုမှတ်တမ်း

(FCDCC)

ဆလိုင်းလျန်မှုန်း

စုဆောင်းတင်ပြသည်၊

CDES

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် (၂၀၁၉၊ ဩဂုတ်လ) |
| မျက်နှာဖုံးဒီဇိုင်း | - | Kt Pau |
| စာအုပ်အပြင်အဆင် | - | ကြေးသား |
| ထုတ်ဝေသူ | - | တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် |
| | | သုတေသနအသင်းမှထုတ်ဝေသည့်စာပေ (မြ-၀၂၀၁၆) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ရွှေပုံနှိပ်တိုက် (မြ-၀၀၆၃၂၆) |
| | | အမှတ် ၁၅၃/၁၅၅၊ သစ်တောဝင်း (အောက်လမ်း) |
| | | မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။ |
| | | ၀၁-၈၃၉၂၆၉၇၊ ၃၇၇၄၁၃၊ ၃၈၁၄၃၃၄ |
| စောင်ရေ | - | ၃၀၀၀ |
| ဖြန့်ချိရေး | - | တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့်သုတေသနအသင်း |
| | | 635-E၊ ရိုးမရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။ |
| | | ဖုန်း - ၀၉၄၂၅၇၀၅၂၇၀ |

ဆလိုင်းလျန်မှုန်း

ဒီမိုကရေစီအင်အားစုများနှင့်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ပူးပေါင်း၍ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ကြိုးပမ်းမှု ၊ ၂၀၁၉။ တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် သုတေသနအသင်းမှ ထုတ်ဝေသည့်စာပေ - ၄၀၈ စာ၊ ၁၄.၇၃ စင်တီ ×၂၁.၅၉ စင်တီ

## မာတိကာ


■ အမှာစာ ၅

၁။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာအခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲမှတ်တမ်း ၁၃

၂။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ ၁၈၇

၃။ ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) ၃၁၇

အမှာစာ

လွတ်လပ်ရေးရသည့်အချိန် ယနေ့တိုင် ဖြစ်ပွားနေသော ပြည်တွင်းစစ်၏ အရင်းခံပြဿနာသည် ပင်လုံစာချုပ်တွင် တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအရ အာမခံချက်ပေးထားသည့် အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အပြည့်အဝ အကောင်အထည်မဖော်နိုင်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ပင်လုံစာချုပ် အပိုဒ် (၅) တွင် အာမခံချက်ပေးထားသော တိုင်းရင်းသားလူမျိုးများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရမည် ဟူသောအချက်ကို ယနေ့တိုင် အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပေ။ ထိုနည်းတူ ပင်လုံစာချုပ် အပိုဒ် (၇) တွင် တိုင်းရင်းသားလူမျိုးများကို အာမခံချက်ပေးထားသော ဒီမိုကရေစီအခွင့်အရေးများကို ယနေ့တိုင် အပြည့်အဝကျင့်သုံးပိုင်ခွင့်မရှိသေးပေ။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝ အာမခံချက်ရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် ယနေ့တိုင် တိုက်ပွဲဝင်နေကြခြင်းဖြစ်ပါသည်။

ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းခြင်းလုပ်ငန်းပင် ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်ကို ၁၉၄၇၊ စက်တင်ဘာလ (၂၄) ရက်မတိုင်မီ အပြီးအစီး လုပ်ဆောင်ရမည့်လုပ်ငန်းသာ ဖြစ် ခဲ့ပါသည်။ အကြောင်းမှာ ကိုလိုနီခေတ်မတိုင်မီ သီးခြားလွတ်လပ်၍ ကိုလိုနီခေတ်တလျှောက် လုံး သီးခြားစီဖြင့် အုပ်ချုပ်ခြင်းခံခဲ့ကြသည့် ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးများသည် သီးခြားစီ ဖြင့် လွတ်လပ်ရေး မယူဘဲ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာပြည်ကြားဖြတ်အစိုးရ နှင့် အတူတကွ လွတ်လပ်ရေးရယူ၍ ပြည်ထောင်စုကြီးကို အတူတကွ ထူထောင်ရန် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ကြောင့် ပင်လုံစာချုပ် ချုပ်ဆိုခြင်းသည် ပြည်ထောင်စု တည်ဆောက်ခြင်းအတွက် အခြေခံအုတ်မြစ်ကို ချမှတ်ခဲ့ခြင်းပင် ဖြစ်ပါသည်။

သို့ရာတွင် ၁၉၄၇၊ ဖေဖော်ဝါရီလ (၆) ရက်နေ့မှ (၁၂) ရက်နေ့အထိ ကျင်းပခဲ့သော ပင်လုံညီလာခံကြီးတွင် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ် အားလုံးအသေးစိတ် ဆွေးနွေးနိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် ပင်လုံစာချုပ်၏ အဓိကရလဒ်သည် ချင်း၊ ကချင်နှင့် ရှမ်းတို့သည် ဗမာပြည်ကြားဖြတ်အစိုးရနှင့် ပူးပေါင်း၍ လွတ်လပ်ရေးကို အတူတကွ ရယူရမည်ဆိုသော "ပူးပေါင်းရေး" စာချုပ်ပင် ဖြစ်ပါသည်။ ထိုသို့ ပူးပေါင်း၍ ပြည်ထောင်စုကြီးကို မည်သို့မည်ပုံ ထူထောင်ကြရမည်ဟူသော "ပူးပေါင်းရေးနည်း" (Method of Association) ကို ရှာဖွေဖော်ထုတ်ရန် တောင်တန်းဒေသစုံစမ်းစစ်ဆေးရေးကော်မတီ (Frontier Areas Committee of Enquary-FACE) ကို ဖွဲ့စည်း၍ တိုင်းရင်းသားလူမျိုးများလိုလားသော ပူးပေါင်းရေးစနစ်နှင့် အနာဂတ်တွင် အတူတကွ ထူထောင်ကြမည့် ပြည်ထောင်စုဖွဲ့စည်းမှုပုံသဏ္ဌာန်ကို စုံစမ်းမေးမြန်းခဲ့ပါသည်။ ထို့ကြောင့် ပင်လုံစာချုပ် (ပူးပေါင်းရေးစာချုပ်) နှင့် တောင်တန်းဒေသ စုံစမ်းစစ်ဆေးရေးကော်မတီ၏ တင်ပြချက်ကို အခြေခံ၍ တိုင်းပြုပြည်ပြုလွှတ်တော်တွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါသည်။ အမှန်စင်စစ် တိုင်းရင်းသားလူမျိုးများ လိုလားသော ပြည်ထောင်စုစနစ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အရေးအကြီးဆုံးသောအဆင့်သည် ပင်လုံညီလာခံနှင့် တောင်တန်းဒေသ စုံစမ်းစစ်ဆေးရေးကော်မတီ၏ စုံစမ်းရေးလုပ်ငန်းစဉ်များသာ မဟုတ်ကြပေ၊ တိုင်းပြုပြည်ပြုလွှတ်တော်ပင်ဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းသည့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ပင်လုံစာချုပ်၏ အနှစ်သာရများသာမက၊ တောင်တန်းဒေသစုံစမ်းစစ်ဆေးရေးကော်မတီ၏ အစီရင်ခံစာတွင် ပါရှိသောအချက်အားလုံးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် တောင်တန်းဒေသမှ တိုင်းရင်းသားခေါင်းဆောင်များက တင်ပြဆွေးနွေးရန် တာဝန်ရှိခဲ့ကြပါသည်။

သို့ရာတွင် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေး မစခင် ဇူလိုင် (၁၉) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခြင်းခံခဲ့ရ၍ တိုင်းပြည်ကြီး ပူဆွေးသောကရောက်နေခဲ့ပါသည်။ ထို့ကြောင့် ဖ.ဆ.ပ.လ ခေါင်းဆောင်များက တိုင်းရင်းသားခေါင်းဆောင်များကို တိုင်းပြည် ဝမ်းနည်းပူဆွေးသောကရောက်နေသည့် အချိန်ဖြစ်၍ တိုင်းပြုပြည်ပြုလွှတ်တော်၌ အကြီးအကျယ် အငြင်းအခုန်မလုပ်ဘဲ လွတ်လပ်ရေးကိုသာ အမြန်ဆုံး အတူတကွ ပူးပေါင်းရယူ၍ လွတ်လပ်ရေးရရှိပြီးမှ တိုင်းရင်းသား

လူမျိုးများ လိုလားသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်းဆုံးပြင်ဆင် ရေးဆွဲကြရန် မေတ္တာရပ်ခံခဲ့သည်ဟု တောင်ကြီးထွန်းမြင့်က ရေးသားခဲ့ပါသည်။ ထို့အပြင် တောင်တန်းဒေသ စုံစမ်းရေးကော်မတီအစီရင်ခံစာအရ အသစ်ရေးဆွဲပြဋ္ဌာန်းမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်ရေးရရှိနိုင်ရေးအတွက် ပြဋ္ဌာန်းသော ယာယီဖွဲ့စည်းပုံအခြေခံဥပဒေမျှသာ ဖြစ်ရမည်ဖြစ်သောကြောင့် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို အပြင်းအထန်ငြင်းခုန်ခြင်း မပြုဘဲ လက်ခံပေးခဲ့ကြပါသည်။ ဤသို့ဖြင့် တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေးတွင် တိုင်းရင်းသားခေါင်းဆောင်များက အကျေအလည်ဆွေးနွေးငြင်းခုန်ခြင်း မပြုလုပ်ဘဲ ဦးချန်ထွန်း၏မူကြမ်းကို အလွယ်တကူလက်ခံ၍ ၁၉၄၇၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် အတည်ပြုပေးခဲ့ပါသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ၁၉၄၈၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် လွတ်လပ်ရေးရယူနိုင်ခဲ့ပါသည်။

လွတ်လပ်ရေးရရှိပြီး ဆယ်နှစ်ကျော်လာသောအခါ ယခင်က ကတိရှိခဲ့သည့်အတိုင်း ယာယီပြဋ္ဌာန်းခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးသားပြဋ္ဌာန်းရန် တိုင်းရင်းသားလူမျိုးများက ပြန်လည်တောင်းဆိုခဲ့ပါသည်။ ထို့ကြောင့် ၁၉၆၁၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ရှမ်းပြည်အစိုးရက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအဆိုတရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းကို "ရှမ်းမူ" ဟု သမိုင်းတွင်ကျန်ခဲ့ပါသည်။ ရှမ်းပြည်အစိုးရမှ အဆိုပြုထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကိစ္စကို အကျေအလည် ညှိနှိုင်းဆွေးနွေးရန် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော တောင်ကြီးညီလာခံကို ၁၉၆၁၊ ဇွန်လ တွင် ကျင်းပခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ တောင်ကြီးညီလာခံကြီးက "ရှမ်းမူ"ကို လက်ခံအတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရန် အဆိုပြုခဲ့ကြပါသည်။ ဤသို့ဖြင့် ၁၉၆၂၊ ဖေဖော်ဝါရီလ (၂၆) ရက်မှ စတင်၍ သမိုင်းဝင် "ဖက်ဒရယ်နီးနှောဖလှယ်ပွဲ" (Federal Seminar) ကို ကျင်းပခဲ့ပါသည်။ သို့ရာတွင် ဖက်ဒရယ်နီးနှောဖလှယ်ပွဲကြီး အဆုံးမသတ်နိုင်ခင် ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သော ဗမာ့တပ်မတော်ကြီးက နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးများ၏ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကြိုးပမ်းမှုကြီးလည်း တခန်းရပ်သွားခဲ့ပါသည်။

×××

ရှစ်လေးလုံးအရေးတော်ပုံကြီးကာလတွင် တိုင်းရင်းသားလူမျိုးများ တစိုက်မတ်မတ် တောင်းဆိုခဲ့သော "ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများကို အပြည့်အဝ အာမခံချက်ပေးနိုင်သည့် စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ကြွေးကြော်သံသည် အသစ်တဖန် ရှင်သန်လာခဲ့ပါသည်။ ထိုကာလတွင် တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ တပ်ပေါင်းစုကြီးဖြစ်သည့် "ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်" (UNLD) က စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်ကို ဦးဆောင်မှုပေးခဲ့ပါသည်။ သို့ရာတွင် န.ဝ.တ စစ်အစိုးရ၏ မတရား ဖိနှိပ်ချုပ်ခြယ်မှုဒဏ်ကြောင့် ၁၉၉၂ ခုနှစ်တွင် UNLD ကို စစ်အစိုးရက မတရား ဖျက်သိမ်းပြီးနောက် UNLD ခေါင်းဆောင် အများအပြား နယ်စပ်သို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ဤသို့ဖြင့် UNLD (Librated Area) နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ တပ်ပေါင်းစုကြီးဖြစ်သော "အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု" (NDF) တို့ နယ်စပ်တွင် အချင်းချင်း ပူးပေါင်းကာ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းကို အားသစ်လောင်းဆောင်ရွက်နိုင်ခဲ့ကြပါသည်။

UNLD-LA နှင့် NDF တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၀၁၊ ဩဂုတ်လတွင် ကျင်းပခဲ့သော "လော်ခီးလာညီလာခံကြီး" မှ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်းလုပ်ငန်းကို စတင်နိုင်ခဲ့ပါသည်။ ထိုလော်ခီးလာညီလာခံ၏ ရည်မှန်းချက်မှာ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ထူထောင်ရာတွင် တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံချက်ပေးနိုင်သော အကောင်းဆုံးနည်းလမ်းမှာ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဌာန်းခြင်းဖြစ်သည် ဟူသော ယုံကြည်ခြင်းကို အခြေခံ၍ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းကို စတင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်ကို အထောက်အကူပြုနိုင်ရေးအတွက် SCSC ခေါ် Supporting Committee for State Constitution ကိုလည်း UNLD-LA နှင့် NDF တို့ဖြင့် ပူးတွဲဖွဲ့စည်းခဲ့ပါသည်။ SCSC ၏ ပထမဦးဆုံးသော ဥက္ကဋ္ဌသည် NDF မှ KNU ခေါင်းဆောင်ကြီး ဗိုလ်ချုပ်ရွှေဆိုင်းပင်ဖြစ်ပါသည်။ ဗိုလ်ချုပ်ရွှေဆိုင်း ကွယ်လွန်ပြီးနောက် UNLD-LA မှ Dr. Chao Tzang Yawnghwe က ဥက္ကဋ္ဌအဖြစ် ဆက်ခံခဲ့သည်။ Uncle Eugene (Dr. C T Yawnghwe) ကွယ်လွန်ပြီးနောက် NDF မှ ဗိုလ်မှူးကြီးခွန်ဥက္ကာနှင့် UNLD-LA မှ ခွန်းမားကိုဘန်းတို့က ဥက္ကဋ္ဌတာဝန်ကို အလှည့်ကျထမ်းဆောင်ခဲ့ကြပါသည်။

UNLD-LA နှင့် NDF တို့က ပူးတွဲဦးဆောင်ခဲ့သော ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကြီးကို အရှိန်အဟုန်ဖြင့် (၄) နှစ်ကျော်မျှ ဆောင်ရွက်ပြီးနောက် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်သို့ ဆက်လက်၍ ကြိုးပမ်းလာခဲ့ကြပါသည်။ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို စတင်နိုင်ရေးအတွက် ၂၀၀၄၊ မေလ (၂၃) ရက်မှ (၂၈) ရက်အထိ ကျင်းပခဲ့သော "Seminar on Democracy, Constitution and National Reconciliation" တွင် တိုင်းရင်းသားအင်အားစုများနှင့် ဒီမိုကရေစီအင်အားစုများ ပူးပေါင်း၍ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းကို ဆောင်ရွက်သင့်ကြောင်း အဆိုပြုနိုင်ခဲ့ပါသည်။ ထို Seminar တွင် မိမိအနေဖြင့် "Federalism, Decentralization and Local Autonomy: Constitution Making and State Building in the Union of Burma" ဟူသောစာတမ်းကို တင်သွင်း၍ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်ကို ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အဆိုပြုခဲ့ခြင်းဖြစ်ပါသည်။ ထို Seminar ကို Danish Burma Comittee က ရန်ပုံငွေ ထောက်ပံ့၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် ၂၀၀၅၊ ဖေဖော်ဝါရီလ (၉) ရက်နေ့မှ (၁၂) ရက်နေ့အထိ "Seminar on the Basic Principle for Future Federal Union ဟူသော နီးနှောဖလှယ်ပွဲကြီးကို ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ ပူးပေါင်း၍ ကျင်းပနိုင်ခဲ့ပါသည်။ ထိုနီးနှောဖလှယ်ပွဲကြီးတွင် "အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်မှုများ" စာတမ်းကို တင်သွင်း၍ (၄) ရက်တိုင်တိုင် ဆွေးနွေးတိုင်ပင်ပြီးနောက် "အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့် လမ်းညွှန်အခြေခံမူ (၈) ချက်" ကို ဖော်ထုတ်သဘောတူနိုင်ခဲ့ပြီး ထိုလမ်းညွှန်အခြေခံမူ (၈) ချက်ကို အခြေခံ၍ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီး ဖွဲ့စည်းထူထောင်ရန် သန္နိဋ္ဌာန်ချသည့်အနေဖြင့် အဖွဲ့အစည်း (၄၂) ဖွဲ့မှ ခေါင်းဆောင်ကိုယ်စားလှယ် (၁၀၆) ဦးတို့က သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ ထို့အပြင် ထိုလမ်းညွှန်အခြေခံမူ (၈) ချက်ကို အခြေခံ၍ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို ရေးဆွဲရန်နှင့် "ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးနှင့် ညှိနှိုင်းရေးကော်မတီ" (Federal Constitution Draffting and Coordinating Committee-FCDCC) ကိုပါ ဖွဲ့စည်းနိုင်ခဲ့ပါသည်။

FCDCC ၏ ပထမဆုံးသော ကော်မတီဥက္ကဋ္ဌမှာ KNPP မှ ဗိုလ်ချုပ်အောင်သန်းလေး က ဒုဥက္ကဋ္ဌအဖြစ် ခွန်းမားကိုဘန်းနှင့် မိဆူးပွင့်တို့က တာဝန်ယူခဲ့ကြပါသည်။ အတွင်းရေးမှူး အဖွဲ့တွင် ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဦးသိန်းဦးနှင့် ရဲဘော်မျိုးဝင်းတို့က တာဝန်ယူဆောင် ရွက်ပြီး အဖွဲ့ဝင်များအဖြစ် စောဝ်ဆိုင်ဆစ်၊ ခူးအေဘာယ်တွီဒ်၊ ဗိုလ်မှူးကြီးခွန်ဥက္ကာ၊ ဗိုလ်မှူးကြီး ထူးထူးလေး၊ မကော်ခွန်ဆာ၊ ရွှေမျိုးသန့်၊ ခွန်ထွန်းလုနှင့် ယိင်းလောင်ဝ်တို့ ပါဝင်ခဲ့ပါသည်။ ဗိုလ်ချုပ်အောင်သန်းလေး ကွယ်လွန်ပြီးနောက် ခွန်းမားကိုဘန်းက ဥက္ကဋ္ဌ တာဝန်ကို ဆက်ခံခဲ့ပါသည်။

FCDCC အနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (ပထမမူကြမ်း) ကို ၂၀၀၆၊ ဖေဖော်ဝါရီလတွင် အပြီးရေးဆွဲပြီး ဒုတိယမူကြမ်းကို ၂၀၀၈၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် အပြီးသတ်နိုင်ခဲ့ပါသည်။ FCDCC လှုပ်ရှားမှုနှင့် ပတ်သက်၍ အထင်ကရ အဖြစ်ဆုံး သမိုင်းဝင်မှတ်တိုင်တခုမှာ ၂၀၀၆၊ ဇူလိုင်လတွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံအထူးကိုယ်စားလှယ် (UN Special Envoy) Mr. Gambari နှင့် တွေ့ဆုံခဲ့ပြီး FCDCC ၏ ပထမမူကြမ်းကို ပေးအပ်ခဲ့သည်သာမက FCDCC ၏ လုပ်ငန်းစဉ်နှင့် မြန်မာနိုင်ငံတွင် ဖက်ဒရယ်ပြည်ထောင်စုစနစ် ထူထောင်ရန် မည်မျှလိုအပ် ကြောင်း တင်ပြနိုင်ခဲ့ပါသည်။ ထို့နောက်ပိုင်းတွင် Mr. Gambari နှင့် ၂၀၀၇၊ ဩဂုတ်လတွင် ဒုတိယအကြိမ်တွေ့ဆုံနိုင်ခဲ့သည်သာမက သူ၏နိုင်ငံရေးအထူးအကြံပေးပုဂ္ဂိုလ်များနှင့် လည်း တွေ့ဆုံနိုင်ခဲ့ပါသည်။ ဤသို့ဖြင့် Mr. Gambari က ၂၀၀၇၊ အောက်တိုဘာလတွင် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အစီရင်ခံစာ သူကိုယ်တိုင်တင်သွင်းပြီး မြန်မာ နိုင်ငံအတွက် "Constitution Review Commission" လိုအပ်ကြောင်း တင်ပြခဲ့ပါသည်။ ထိုအစီရင်ခံစာ၏အလိုအရ ထိုကာလတွင် န.အ.ဖ စစ်အစိုးရ၏ အမျိုးသားညီလာခံမှ ပြင် ဆင်ထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် FCDCC မှ ရေးသားတင်ပြထားသော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှစ်ခုကို ညှိနှိုင်းပေါင်းစပ်၍ မြန်မာ နိုင်ငံအတွက် အကောင်းဆုံးသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်ရေးကို ထိုကော်မရှင်က ဆောင်ရွက်သင့်ကြောင်း တင်ပြခဲ့ပါသည်။

xxx

FCDCC က (၄) နှစ်တာ ကြိုးပမ်းရေးဆွဲခဲ့သော ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးဆိုင်ရာ လှုပ်ရှားမှုမှတ်တမ်းနှင့် မူကြမ်းများကို ယခုလို "တိုင်းရင်းသား လူမျိုးရေးရာဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း" မှ ထပ်မံထုတ်ဝေခွင့်ရရှိသောကြောင့် အထူး ဝမ်းသာမိပါသည်။ သို့ရာတွင် မှတ်တမ်းဓာတ်ပုံများ အပြည့်အစုံ ဖော်ပြနိုင်ခြင်းမရှိသေး သည်ကိုမူ အထူးဝမ်းနည်းမိပါသည်။ FCDCC ၏ လှုပ်ရှားမှုသမိုင်းသည် ဒီမိုကရေစီ အင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများ ပူးပေါင်းခြင်းမှတ်တမ်းဖြစ်၍ ဓာတ်ပုံများ အပြည့်အစုံ ပါရှိနိုင်ပါက အလွန်ကောင်းမွန်မည်ဟု ခံစားမိပါသည်။ နောက်တကြိမ် ထုတ်ဝေခွင့် (ဝါ) ထပ်မံပုံနှိပ်ခွင့်ရပါက ဓာတ်ပုံများကို ပြည့်စုံနိုင်သမျှ ပြည့်စုံစေရန် မရမက ရှာဖွေတင်ပြရန် ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

FCDCC လှုပ်ရှားမှုကို အဘက်ဘက်မှ ဦးဆောင်ပေးခဲ့သော ခေါင်းဆောင်ကြီးများနှင့် မိတ်ဆွေများကိုလည်း အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။ FCDCC စတင်ထူထောင်သည့်အချိန်တွင် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ပေးခဲ့သော KNPP မှ ကွယ်လွန်သွားရှာပြီဖြစ်သည့် ဗိုလ်ချုပ်အောင်သန်းလေး၊ အန်ကယ်ဆိုင်ဆစ်နှင့် အခြား ခေါင်းဆောင်များ၊ နည်းပညာ အထောက်အကူပေးခဲ့သော နိုင်ငံတကာပညာရှင်များဖြစ်ကြ သည့် Prof. Silverstien, Janelle Saffin, Prof. David William, Susan William နှင့် အခြား မိတ်ဆွေများ၊ FCDCC လုပ်ငန်းစဉ်တခုလုံးအတွက် ရန်ပုံငွေထောက်ပံ့ခဲ့သော Danish Burma Committee မှ Anette Berentzen နှင့် Peter Mortinson တို့ကိုအထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နောက်ဆုံးအနေဖြင့် တင်ပြလိုသောအချက်သည် FCDCC မှ ကြိုးပမ်းရေးသားပြုစု ခဲ့သော အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီ များနှင့် ဒီမိုကရေစီအင်အားစုများကြား ဘုံနားလည်မှုနှင့် ဘုံရည်မှန်းချက်အုတ်မြစ်ကို အခိုင်အမာချနိုင်ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူတရပ်လုံးအနေဖြင့် နိုင်ငံရေး ရည်မှန်းချက်တရပ်အတွက် ဘုံလုပ်ငန်းစဉ်များကို အတူတကွဆောင်ရွက်နိုင်ကြောင်း သမိုင်းသက်သေထူနိုင်ခဲ့ပါသည်။ ထို့ကြောင့် ယခုနေ NCA လမ်းကြောင်းအရ ဆောင်ရွက် နေသော ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေးအဆင့်ဆင့်မှ "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်

တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွင်လည်း FCDCC ၏ အတွေ့အကြုံနှင့် အကြံပေးဆောင်ရွက်ချက်များကို လေ့လာခြင်းဖြင့် အကျိုးကျေးဇူး ရှိနိုင်မည်ဟု ယုံကြည်မိပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။

ဒေါက်တာလျန်မှုန်းဆာခေါင်း

ထုတ်ဝေသူ

(FCDCC အတွင်းရေးမှူး အဖွဲ့ဟောင်း)

၂၁၊ ဩဂုတ်လ၊ ၂၀၁၉

# အပိုင်း (၁)

## အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု
## ဖွဲ့စည်းမှုဆိုင်ရာအခြေခံမူများ ချမှတ်ရေး
## နီးနှောဖလှယ်ပွဲမှတ်တမ်း

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက် မှ (၁၂) ရက်

## မာတိကာ

ကျေးဇူးမှတ်တမ်း ၁၇
၁။ ပူးတွဲနီးနှောဖလှယ်ပွဲကျင်းပရေးကော်မတီ၏ "အနာဂတ်ဖက်ဒရယ် ၁၉
ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများချမှတ်ရေး နီးနှောဖလှယ်ပွဲ"
သို့ တင်သွင်းသော လုပ်ငန်းအစီရင်ခံစာ
၂။ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရ ၂၉
မည့် အဆိုပြုချက်လမ်းညွှန်အခြေခံမူများ (ပထမမူကြမ်း)
၃။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရ ၃၈
မည့် အဆိုပြုချက်လမ်းညွှန်အခြေခံမူများ (ဒုတိယမူကြမ်း)
၄။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရ ၄၁
မည့် အဆိုပြုချက်လမ်းညွှန်အခြေခံမူများ (နီးနှောဖလှယ်ပွဲသို့
ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း တင်သွင်းသော
လမ်းညွှန်အခြေခံမူစာတမ်း)
၅။ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ၈၇
ချမှတ်ရေးနီးနှော ဖလှယ်ပွဲသို့ (NLD-LA, WLB, ALP, PSLF) အစုအဖွဲ့များ၏
ဆွေးနွေးချက်များ။
(၅.က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၈၇
(၅.ခ) မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် (WLB) ၁၀၃
(၅.ဂ) ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ၁၀၆
(၅.ဃ) ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF) ၁၁၃
၆။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်ရေး ၁၁၇
နီးနှောဖလှယ်ပွဲတွင် အစုအဖွဲ့အသီးသီး၏ ဆွေးနွေးချက်များကို ပြန်လည်
စုစည်းတင်ပြခြင်း (၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉-၁၀) ရက်)

၇။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံရမည့် လမ်းညွှန် မှု (၈) ချက်ကို ချမှတ်ခြင်းနှင့် နီးနှောဖလှယ်ပွဲ၏ သဘောတူဆုံးဖြတ်ချက်များ။ ၁၆၄
၈။ နီးနှောဖလှယ်ပွဲ သဘောတူ လက်မှတ်ရေးထိုးခြင်း အစီအစဉ်။ (၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်) ၁၇၁
၉။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမှုများ ချမှတ်ရေး နီးနှောဖလှယ်ပွဲ ထုတ်ပြန်ကြေညာချက် ၁၇၅
၁၀။ နီးနှောဖလှယ်ပွဲမှ ရှမ်းအမျိုးသားခေါင်းဆောင်များကို နအဖစစ်အုပ်စုမှ ခေါ်ယူထိန်းသိမ်းထားသည့် လုပ်ရပ်အပေါ် သဘောထားထုတ်ပြန်ချက် ၁၇၈

## ကျေးဇူးမှတ်တမ်း

"အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲ" အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အတွက်လည်းကောင်း၊ နီးနှောဖလှယ်ပွဲ မှတ်တမ်းစာအုပ် ထုတ်ဝေနိုင်ရေး အတွက်၊ ကနဦး ကြိုးပမ်းမှုများ စတင်ဆောင်ရွက်ခဲ့ကြသည့် FCDC/ SCSC/WLB အဖွဲ့အစည်းများ၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် အဖွဲ့အစည်းအသီးသီး၊ ခေါင်းဆောင်အသီးသီး၊ မိတ်ဆွေများနှင့် NCUB ရုံးရဲဘော်များ၊ အထူးသဖြင့် ရန်ပုံငွေ ကူညီထောက်ပံ့ပေးခဲ့သည့် ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဒိန်းမတ်မြန်မာကောင်စီတို့ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း အလေးအနက် ဖော်ပြလိုပါသည်။

**ပူးတွဲကျင်းပရေးကော်မတီ**

၂၀၀၅ ခုနှစ် မတ်လ

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

## အခန်း (၁)

## ပူးတွဲနီးနှောဖလှယ်ပွဲကျင်းပရေးကော်မတီ၏
## "အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲ" သို့ ပူးတွဲနီးနှောဖလှယ်ပွဲကျင်းပရေးကော်မတီ၏ လုပ်ငန်းအစီရင်ခံစာ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (အတွင်းရေးမှူး)

နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် လေးစားအပ်ပါသော နိုင်ငံရေးပါတီ အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်ခေါင်းဆောင်များခင်ဗျား ...

ဤနီးနှောဖလှယ်ပွဲအား ခေါ်ယူကျင်းပရခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ နိုင်ငံရေး ပါတီ အဖွဲ့အစည်းများ၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ကိုယ်စားလှယ်များဖြင့် ကိုယ်စားပြု ဖွဲ့စည်းထားသော NCUB/ NCGUB/ NDF/ UNLD-LA / KNPP/ WLB တို့၏ နီးနှောဖလှယ်ပွဲကျင်းပရေးပူးတွဲကော်မတီမှ ဦးစွာရှင်းလင်းတင်ပြလိုပါသည်။ ယခု နီးနှောဖလှယ်ပွဲ ဖြစ်မြောက်ရေးအတွက် ကနဦး ကြိုးပမ်းမှုများကို FCDC/ SCSC/ WLB တို့မှ ပူးတွဲဆောင်ရွက်ခဲ့ကြသည်ကို ကိုယ်စားလှယ်များအားလုံး သိရှိပြီးဖြစ်ပါလိမ့်မည်။ ၎င်းတို့ အဆင့်ဆင့် အကောင်အထည်ဖေါ် ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းစဉ်များ အနက်မှ ယခု နီးနှောဖလှယ်ပွဲ ခေါ်ယူကျင်းပခြင်း နောက်ဆုံးအဆင့်ကိုသာလျှင် နီးနှောဖလှယ်ပွဲ ကျင်းပရေး ပူးတွဲကော်မတီမှ စည်းရုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဤနီးနှောဖလှယ် ပွဲကြီးတွင် နိုင်ငံရေးပါတီအဖွဲ့အစည်းများအားလုံး ကျယ်ကျယ်ပြန့်ပြန့်တက်ရောက်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ အားလုံးပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဒိန်းမတ်-မြန်မာကောင်စီမှတဆင့် ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ လုပ်ငန်းစဉ်အဆင့် တိုင်း၏ လိုအပ်ချက်များကို ပံ့ပိုးကူညီခဲ့သည်ကိုလည်း ရှင်းလင်းတင်ပြလိုပါသည်။

မိမိတို့ နီးနှောဖလှယ်ပွဲကျင်းပရေး ပူးတွဲကော်မတီအနေဖြင့် ဤနီးနှောဖလှယ်ပွဲ ခေါ်ယူကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ ...

(၁) နိုင်ငံရေးပါတီ အဖွဲ့အစည်းများအတွင်း တူညီသော အနာဂတ် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်နိုင်ရေး၊

(၂) နအဖ၏ အမျိုးသားညီလာခံအား နိုင်ငံရေးအရ တုံ့ပြန်နိုင်ရေး၊

(၃) ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်နှင့် ပြည်နယ်များ ဖွဲ့စည်းပုံရေးဆွဲရေးလုပ်ငန်းစဉ်တို့ ဟန်ချက်ညီစွာ ဆက်စပ်ဆောင်ရွက်နိုင် ရေးတို့ ဖြစ်ပါသည်။

ထို့အတွက် ဤနီးနှောဖလှယ်ပွဲကြီးတွင် နိုင်ငံရေးပါတီ အဖွဲ့အစည်းအားလုံးတို့မှ ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးကြပြီးလျှင် မျှော်မှန်းထားသော အနိမ့်ဆုံးရလဒ် များအနေဖြင့် ...

(၁) အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ (Basic Principles) ကို အားလုံး၏ သဘောဆန္ဒနှင့်အညီ လက်မှတ်ရေးထိုးခြင်း၊

(၂) ၎င်းအခြေခံမူများနှင့်အညီ ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ငန်းစဉ်အား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင် ရေးအတွက် လမ်းညွှန်ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊

(၃) အခြေခံမူများကို ပြည်သူလူထုနှင့် နိုင်ငံတကာသို့ ဆက်လက်တင်ပြနိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆုံးဖြတ်ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်မှန်း ထားပါသည်။

သို့ဖြစ်ပါ၍ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များ အနေဖြင့် FCDC/ SCSC/ WLB ပူးတွဲကော်မတီမှ အဆိုပြုတင်ပြမည့် အနာဂတ် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ (Basic Principles)၊ ၎င်းနှင့် စပ်လျဉ်းသည့် စာတမ်း၊ အခြား အဖွဲ့အစည်းအသီးသီးတို့မှ တင်ပြမည့်စာတမ်းများအပေါ် အပြန်အလှန် အမြင်သဘောထား များ ဖလှယ်ကြပြီး အထက်ပါမျှော်မှန်းချက်များကို ဤနီးနှောဖလှယ်ပွဲကြီးမှ ချမှတ်နိုင်လိမ့် မည်ဟုလည်း ယုံကြည်မျှော်လင့်ထားပါသည်။

ကိုယ်စားလှယ်ခေါင်းဆောင်များခင်ဗျား ...

အထက်က တင်ပြခဲ့သည့်အတိုင်း ဤနီးနှောဖလှယ်ပွဲ ခေါ်ယူကျင်းပနိုင်ရေးအတွက် ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မတီ (FCDC)၊ ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး အထောက်အကူပြုရေးအဖွဲ့ (SCSC)၊ မြန်မာနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ် (WLB) တို့ ပူးတွဲပြီး ကနဦး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ဆက်လက်အစီရင်ခံတင်ပြသွားပါမည်။

၂၀၀၄ ခုနှစ် ဩဂုတ်လအတွင်းတွင် FCDC/ SCSC/ WLB/ DBC တို့သည် ဤလုပ်ငန်းစဉ်အား အဆင့်ဆင့် ဖေါ်ဆောင်နိုင်ရေးအတွက် ပဏာမဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

ထိုပဏာမ ဆွေးနွေးမှုအပေါ်တွင် အခြေခံပြီး ပထမအကြိမ် FCDC/ SCSC/ WLB တို့၏ ပူးတွဲအစည်းအဝေးကို ၂၀၀၄ ခုနှစ် စက်တင်ဘာလ (၁၀၊ ၁၁၊ ၁၂) ရက်နေ့များတွင် ကျင်းပပြုလုပ်ကာ အနာဂတ် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ရရှိနိုင်ရေးအတွက် လုပ်ငန်းစဉ်ချမှတ်ကာ အောက်ပါအဆိုပြုချက် အခြေခံမူများ (မူကြမ်း) ကို ရေးဆွဲချမှတ်ခဲ့ကြပါသည်။

၎င်းတို့မှာ ...

**၁။ တန်းတူအခွင့်အရေး**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေး ရှိပါသည်။

**၂။ ဒီမိုကရေစီ အခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု**

ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး အမျိုးသမီးအခွင့်အရေး အပါအဝင် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

**၃။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။

## ၄။ လူနည်းစုအခွင့်အရေး

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

## ၅။ ဖက်ဒရယ် အခြေခံမူများ

ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နစ်ရပ်ထားရှိရေးအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

## ၆။ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ပူးပေါင်းပါဝင်လာခြင်း

တိုင်းရင်းသားလူမျိုးတိုင်း၏ လွတ်လပ်သော သဘောဆန္ဒအရသာ ပြည်ထောင်စု အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်နိုင်ခွင့် ရှိစေရမည်။

## ၇။ ခွဲထွက်ပိုင်ခွင့် အခွင့်အရေး

တိုင်းရင်းသားလူမျိုးတိုင်းသည် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပြည်ထောင်စု အဖွဲ့ဝင်အဖြစ်မှ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့် ရှိစေရမည်။

ထိုအခြေခံမူများ Basic Principles (မူကြမ်း) ကို FCDC/ SCSC/ WLB တို့မှ သက်ဆိုင်ရာ တပ်ပေါင်းစုများ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းအားလုံးထံသို့ တင်ပြပြီး အကြံပြုချက်များ၊ လမ်းညွှန်ချက်များ ခံယူကာ ပြန်လည်ဖြည့်စွက် ရေးဆွဲနိုင်ရေးအတွက် ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၂၂၊ ၂၃) ရက်နေ့များတွင် ဒုတိယအကြိမ် ပူးတွဲအစည်းအဝေးကို ပြန်လည်ကျင်းပပြုလုပ်ကာ အကြံပြုလမ်းညွှန်ချက်များနှင့်အညီ အဆိုပြုချက်အခြေခံမူများ (မူကြမ်း) ကို အောက်ပါအတိုင်း ပြင်ဆင်ရေးဆွဲခဲ့ပါသည်။

၁၉၄၇ ကာလများအတွင်း ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့ကြသည့် ပြည်ထောင်စု ဖခင်ကြီးများ၏ ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာ အောက်ပါသဘောထားများကို အနာဂတ် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာလမ်းညွှန်သဘောထားများအဖြစ် မိမိတို့မှ အလေးအနက် ခံယူပါသည်။

## ၁။ တန်းတူအခွင့်အရေး

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူ ရည်တူ အခွင့်အရေး ရှိရမည်။

## ၂။ ဒီမိုကရေစီ အခွင့်အရေး၊ အခြေခံ လူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး အမျိုးသမီးအခွင့်အရေး အပါအဝင် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

## ၃။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး

တိုင်းရင်းသား လူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။

## ၄။ လူနည်းစုအခွင့်အရေး

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သောအကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

## ၅။ ဖက်ဒရယ် အခြေခံမူများ

လွှတ်တော်နှစ်ရပ် ထားရှိရေးအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

## ၆။ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ပူးပေါင်းပါဝင်လာခြင်း

တိုင်းရင်းသား လူမျိုးတိုင်း၏ လွတ်လပ်သော သဘောဆန္ဒအရသာ ပြည်ထောင်စုအဖွဲ့ဝင်အဖြစ် ပူးပေါင်း ပါဝင်နိုင်ခွင့် ရှိစေရမည်။

## ၇။ ခွဲထွက်ပိုင်ခွင့် အခွင့်အရေး

တိုင်းရင်းသားလူမျိုးတိုင်းသည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင်အဖြစ်မှ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့် ရှိစေရမည်။

အထက်ပါ ပြည်ထောင်စုဖခင်ကြီးများ၏ ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ လမ်းညွှန်သဘောထားများအပေါ်တွင် အခြေခံပြီး မိမိတို့ရရှိခဲ့သော လမ်းညွှန်အကြံပြုချက်များ၊ လက်ရှိ ပြည်ထောင်စု၏ ပကတိ တည်ရှိနေသော စုစည်းမှုနှင့် လက်ရှိနိုင်ငံရေး အခြေအနေများနှင့်အညီ အနာဂတ် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အဆိုပြုချက် အခြေခံမူများ (Basic Principles) (မူကြမ်း) အဖြစ် အောက်ပါအတိုင်း ပြန်လည်ပြီး ပြင်ဆင်သွားမည်။

## ၁။ တန်းတူအခွင့်အရေး

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေး ရှိရမည်။

## ၂။ နိုင်ငံတော် အချုပ်အခြာ အာဏာ

နိုင်ငံတော်၏ အချုပ်အခြာ အာဏာဟူသမျှတို့သည် ပြည်သူလူထုတို့ထံမှ ဆင်းသက်စေရမည်။

## ၃။ ဒီမိုကရေစီ အခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး အမျိုးသမီးအခွင့်အရေး အပါအဝင် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

## ၄။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး

တိုင်းရင်းသား လူမျိုးတိုင်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။

## ၅။ လူနည်းစုအခွင့်အရေး

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

## ၆။ ဖက်ဒရယ်အခြေခံမူများ

ပြည်ထောင်စု လွှတ်တော်တွင် လွှတ်တော်နှစ်ရပ် ထားရှိရေးအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

ထိုအခြေခံမူများ Basic Principles (မူကြမ်း) ကိုလည်း FCDC/ SCSC/ WLB တို့မှ သက်ဆိုင်ရာ တပ်ပေါင်းစုများ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်း အားလုံးထံသို့ ထပ်မံတင်ပြပြီး အကြံပြုချက်များ၊ လမ်းညွှန်ချက်များ ခံယူကာ ပြန်လည်ဖြည့်စွက်ရေးဆွဲနိုင်ရေးအတွက် ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (၂၁၊ ၂၂) ရက်နေ့များတွင် တတိယအကြိမ် ပူးတွဲအစည်းအဝေးကို

ပြန်လည်ကျင်းပကာ အကြံပြုလမ်းညွှန်ချက်များနှင့်အညီ အဆိုပြုချ
(မူကြမ်း) ကို အောက်ပါအတိုင်း ပြင်ဆင်ရေးဆွဲခဲ့ပါသည်။

၁၉၄၇ ကာလများအတွင်း ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့ကြသည့် ပြည်ထောင်စု ဖခင်ကြီးများ၏ ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အောက်ပါသဘောထားများကို အနာဂတ် ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာ လမ်းညွှန်သဘောထားများအဖြစ် မိမိတို့မှ အလေးအနက် ခံယူပါသည်။

**၁။ နိုင်ငံတော် အချုပ်အခြာ အာဏာ**

နိုင်ငံတော်၏ အချုပ်အခြာ အာဏာဟူမျှတို့သည် ပြည်သူလူထုတို့ထံမှ ဆင်းသက် စေရမည်။

**၂။ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ပူးပေါင်းပါဝင်လာခြင်း**

တိုင်းရင်းသား လူမျိုးတိုင်း၏ လွတ်လပ်သော သဘောဆန္ဒအရသာ ပြည်ထောင်စု အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်နိုင်ခွင့် ရှိစေရမည်။

**၃။ တန်းတူအခွင့်အရေး**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူ ရည်တူ အခွင့်အရေး ရှိရမည်။

**၄။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး**

တိုင်းရင်းသား လူမျိုးတိုင်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့်အဝ ရှိစေရမည်။

**၅။ ဖက်ဒရယ်အခြေခံမူများ**

လွှတ်တော်နှစ်ရပ် ထားရှိရေးအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

## ၆။ လူနည်းစုအခွင့်အရေး

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

## ၇။ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံ လူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု

လိင်ကွဲပြားမှုကိုအခြေခံသော ခွဲခြားဆက်ဆံမှုများမရှိစေသည့် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

## ၈။ Secular State

ဘာသာရေးကို အခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်။

## ၉။ ပါတီစုံ ဒီမိုကရေစီစနစ်

အနာဂတ် ဒီမိုကရေစီ၏ ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်။

## ၁၀။ ခွဲထွက်ပိုင်ခွင့် အခွင့်အရေး

တိုင်းရင်းသား လူမျိုးတိုင်းသည် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင်အဖြစ်မှ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိစေရမည်။

(FCDC/ SCSC/ WLB) တို့အနေဖြင့် ပြည်ထောင်စုဖခင်ကြီးများ၏ ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာ လမ်းညွှန်သဘောထားများအပေါ်တွင် အခြေခံပြီး သက်ဆိုင်ရာနိုင်ငံရေးပါတီအဖွဲ့အစည်းများထံသို့ တင်ပြခဲ့ကြရာတွင် ရရှိခဲ့သော အကြံပြုချက်များ၊ လက်ရှိ ပြည်ထောင်စု၏ ပကာတိတည်ရှိနေသော စုစည်းမှုနှင့် လက်ရှိနိုင်ငံရေး အခြေအနေများနှင့်အညီ အနာဂတ် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အဆိုပြုချက်အခြေခံမူများ (Basic Principles) (မူကြမ်း) အဖြစ် အောက်ပါအတိုင်း ပြန်လည်ပြင်ဆင်ဖြည့်စွက်သွားမည်။

**၁။ နိုင်ငံတော် အချုပ်အခြာ အာဏာ**

နိုင်ငံတော်၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုတို့ထံမှ ဆင်းသက်စေရမည်။

**၂။ တန်းတူအခွင့်အရေး**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေးရှိရမည်။

**၃။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးအပြည့်အဝ ရှိစေရမည်။

**၄။ ဖက်ဒရယ်အခြေခံမူများ**

လွှတ်တော်နှစ်ရပ်ထားရှိရေးအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

**၅။ လူနည်းစုအခွင့်အရေး**

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

**၆။ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံ လူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု**

လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံမှုများ မရှိစေသည့် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်ရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

**၇။ Secular State**

ဘာသာရေးကို အခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်။

**၈။ ပါတီစုံ ဒီမိုကရေစီစနစ်**

အနာဂတ် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်။

ထို့အပြင် ၎င်းအစည်းအဝေးကို အခြေခံမှုများ (Basic Principles) ဆိုင်ရာ အဆိုပြုချက် စာတမ်းအား ပြုစုရေးဆွဲခဲ့ပြီး အနာဂတ် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမှုများ ချမှတ်ရေး နီးနှောဖလှယ်ပွဲ ခေါ်ယူကျင်းပရေးအတွက် ကျင်းပရေးကော်မတီ ဖွဲ့စည်းတာဝန်ပေး အပ်သွားနိုင်ရေးကို အဆိုပြု တင်ပြခဲ့ကာ နီးနှောဖလှယ်ကျင်းပရေး ပူးတွဲကော်မတီအား အောက်ပါအတိုင်း အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဒေါ်စန်းစန်း | ဥက္ကဋ္ဌ | |
| ၂။ | ဦးသိန်းဦး | အဖွဲ့ဝင် | NCUB |
| ၃။ | ခွန်ဥက္ကာ | ။ | NDF |
| ၄။ | ခွန်းမားကိုဘန်း | ။ | NCGUB |
| ၅။ | ဒေါက်တာစန်းအောင် | ။ | NCGUB |
| ၆။ | ခူးရီမွန်ထူး | ။ | KNPP |
| ၇။ | နန်းဆိုင်နောင်း | ။ | WLB |
| ၈။ | အီနန်း | ။ | WLB |
| ၉။ | ဆလိုင်းလျှန်းမှုန်းဆာခေါင်း | အတွင်းရေးမှူး | UNLD-LA |
| ၁၀။ | ဦးမျိုးဝင်း | အတွင်းရေးမှူး | NCUB |

**ပူးတွဲနီးနှောဖလှယ်ပွဲကျင်းပရေးကော်မတီ**

NCUB/ NDF/ UNLD-LA/ NCGUB/ KNPP/ WLB

# အခန်း (၂)

## အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အဆိုပြုချက်လမ်းညွှန်အခြေခံမူများ (ပထမမူကြမ်း)

၁၉၄၇ ခုနှစ်တွင် ပင်လုံညီလာခံကြီး၌ တိုင်းရင်းသား ခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားသော သဘောတူညီချက်ဖြင့် လူမျိုးပေါင်းစုံရောနှောနေထိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံကို ထူထောင်နိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် ဗြိတိသျှကိုလိုနီ အစိုးရထံမှ လွတ်လပ်ရေး ရရှိခဲ့ပါသည်။

သို့ရာတွင် လွတ်လပ်ရေးရရှိသည့် အချိန်မှစ၍ ယခုတိုင် ကျွန်ုပ်တို့တိုင်းပြည်တွင် အနှစ်ငါးဆယ်ကျော် ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ မဆလ တပါတီ အာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်များအောက်တွင် တိုင်းရင်းသားပြည်သူလူထု ကြီးတရပ်လုံးသည် နိုင်ငံရေးအခွင့်အရေးများ၊ လူ့အခွင့်အရေးများ ဆုံးရှုံးခြင်း၊ ဒီမို ကရေစီဆိတ်သုဉ်းခြင်းနှင့် စီးပွားရေး ချွတ်ခြုံကျခြင်း စသော ဒုက္ခအဖုံဖုံကို အလူးအလဲ ခံစားနေရပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ တိုင်းပြည်ကို လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှင့် တိုင်းရင်းသားခေါင်းဆောင်များ မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ်ဖြင့် ပြန်လည် ထူထောင်ရန် အထူးလိုအပ်နေပါသည်။ သို့မှသာ တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေး တန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ရှိမည့် ဒီမိုကရက်တစ် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်သစ်ကို ထူထောင်နိုင်မည်ဖြစ်ပါသည်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံ ချက်ပေးနိုင်မည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ် ထူထောင်ရာ၌

အခြေခံရမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ လမ်းညွှန်မှုများ (Basic Principles for a Future Federal Constitution) ကို စူးစမ်းရှာဖွေဖော်ထုတ်သွားရန် အထူးလိုအပ်နေပါသည်။ ထိုသို့ စူးစမ်းရှာဖွေရာ၌ သမိုင်းတွင် အထင်အရှားရှိခဲ့သော သမိုင်းဝင်စာချုပ်စာတမ်းများ နှင့် နိုင်ငံရေးအမြင်သဘောထားများမှ ထင်ရှားသော အချက်အလက်များကို စုဆောင်း တင်ပြခြင်းသာ ဖြစ်ပါသည်။

ထိုသို့တင်ပြရာ၌လည်း အပိုင်းသုံးပိုင်းခွဲ၍ တင်သွားမည်ဖြစ်ပါသည်။ ပထမအပိုင်း မှာ လွတ်လပ်ရေး ကြိုးပမ်းမှုကာလအတွင်း ပြည်ထောင်စုဖခင်ကြီးများဖြစ်သော ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ တိုင်းရင်းသား ခေါင်းဆောင်ကြီးများ၏ နိုင်ငံရေးအမြင် သဘောထား များ၊ သဘောတူညီချက်များကို ထင်ဟပ်စေမည့် ပြည်ထောင်စုစနစ်၏ အခြေခံလမ်းညွှန်မှု များဖြစ်ပါသည်။ ဒုတိယအပိုင်းတွင် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ် ကာလအတွင်း ပြည်ထောင်စု ဖခင်ကြီးများ၏ မျှော်မှန်းချက်များနှင့်အညီ စစ်မှန်သော ပြည်ထောင်စုမူဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများကို တင်ပြသွားမည်ဖြစ်ပါသည်။ တတိယအ ပိုင်းတွင် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးနောက်ပိုင်း ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများ၊ တပ်ပေါင်းစုများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အား စုများ၏ ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာ နိုင်ငံရေးအမြင်သဘောထားများ၊ သဘောတူညီ ချက်များကို တင်ပြသွားမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ တင်ပြချက်များအပေါ် အခြေခံ၍ အနာဂတ် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကို ပြန်လည်ဖွဲ့စည်းရေးအတွက် အောက်ပါ အခြေခံလမ်းညွှန် (မူကြမ်း) (၇) ချက်ကို FCDC/ SCSC/ WLB တို့မှ အဆိုပြုတင်ပြအပ် ပါသည်။

၁။ တန်းတူအခွင့်အရေး

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူ ရည်တူအခွင့်အရေး ရှိရမည်။

၂။ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံ လူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး အမျိုးသမီးအခွင့်အရေး အပါအဝင် အခြေခံ လူ့အခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

၃။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး

တိုင်းရင်းသား လူမျိုးတိုင်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။

၄။ လူနည်းစုအခွင့်အရေး

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

၅။ ဖက်ဒရယ်အခြေခံမူများ

ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ထားရှိရေးအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

၆။ လွတ်လပ်သော သဘောဆန္ဒနှင့်အညီပူးပေါင်းပါဝင်လာခြင်း

တိုင်းရင်းသား လူမျိုးတိုင်း၏ လွတ်လပ်သော သဘောဆန္ဒအရသာ ပြည်ထောင်စု အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်နိုင်ခွင့် ရှိစေရမည်။

၇။ ခွဲထွက်ပိုင်ခွင့် အခွင့်အရေး

တိုင်းရင်းသားလူမျိုးတိုင်းသည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင် အဖြစ်မှ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့် ရှိစေရမည်။

အခြေခံမူများ (မူကြမ်း) ရေးဆွဲနိုင်ရေးအတွက် အခြေခံသင့်သည့် စာချုပ်စာတမ်းများ၊ အမြင်သဘောထားများ

- ပင်လုံစာချုပ်နှင့် ပင်လုံညီလာခံမှ သဘောတူညီချက်များ
- တောင်တန်းဒေသဆိုင်ရာ လေ့လာရေးအဖွဲ့၏ အစီရင်ခံစာ
- ၁၉၄၇ ခုနှစ် မေလ (၁၇) ရက်နေ့တွင် ပြုလုပ်သော ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း၏ တင်ပြချက်များ
- ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှု (၇) ချက်

- ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ
- ၁၉၆၁ တောင်ကြီးညီလာခံ သဘောတူညီချက်
- ၁၉၉၀ NLD/ UNLD ဗိုလ်အောင်ကျော်လမ်း ကြေညာချက်
- ၁၉၉၀ UNLD ၏ အခြေခံ လမ်းညွှန်မှု (၇) ချက်
- မာနယ်ပလောစာချုပ်
- NLD ၏ တိုင်းရင်းသားလူမျိုးများအရေးနှင့်ပတ်သက်၍ ထားရှိသည့်သဘောထားများ
- မယ်သရောထ သဘောတူညီချက်
- သုမွဲကလိုး သဘောတူညီချက်
- NCUB ၏ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ သဘောထားများနှင့် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမမူကြမ်း
- CRPP ၏ (၅၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသား ခေါင်းဆောင်များ၏ ပြည်ထောင်စု သဘောတရားများ စာအုပ်
- CRPP ၏ မြန်မာနိုင်ငံ လူမျိုးစုပြဿနာနှင့် အနာဂတ် ပြည်ထောင်စုအရေး
- ENSCC Policy Paper (New Panglong Initiative)
- WLB Constitution

၁။ တန်းတူအခွင့်အရေး

လွတ်လပ်ရေးမတိုင်မီသဘောထားများ

- ၁၉၄၅ ခုနှစ် ဩဂုတ်လ (၁၉) ရက်နေ့ နေသူရိန်အစည်းအဝေး ကြေညာချက်
- ၁၉၄၅ နိုဝင်ဘာ (၁၈) ရက်နေ့ ရွှေတိဂုံ အလယ်ပစ္စယံ၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ဖဆပလ ညီလာခံ၏ အဆိုအမှတ် (၆)
- ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက် ရှမ်း၊ ကချင်၊ ချင်း၊ သဘောတူညီချက်
- ပင်လုံစာချုပ်နှင့် ပင်လုံညီလာခံမှ သဘောတူညီချက်များ

- တောင်တန်းဒေသဆိုင်ရာ စုံစမ်းရေးအဖွဲ့ အစီရင်ခံစာ
- ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှု (၇) ချက်

၁၉၈၈ ကာလနောက်ပိုင်း သဘောထားများ

- ကြေညာချက်အမှတ် (၉) (၁၂၊ ၂၊ ၁၉၈၉)
- UNLD အခြေခံမူ (၇) ချက်မှ အမှတ် (၃)
- NLD/ UNLD တို့၏ ဗိုလ်အောင်ကျော်လမ်း ကြေညာချက် အမှတ် (၁) အပိုဒ် (၄) (၂၉၊ ၈၊ ၁၉၉၀)
- မာနယ်ပလောစာချုပ် (၃၁၊ ၇၊ ၉၂)
- အပစ်အခတ် ရပ်စဲထားသော အဖွဲ့အစည်းများမှ ပေးပို့သော ပြည်ထောင်စု နေ့သဝဏ်လွှာ (၁၂၊ ၂၊ ၂၀၀၂)
- မယ်သရောထာ သဘောတူညီချက် အပိုဒ် (၁) (၁၄၊ ၁၊ ၁၉၉၇)
- CRPP ၏ မြန်မာနိုင်ငံလူမျိုးစုပြဿနာနှင့် အနာဂတ်ပြည်ထောင်စု တည်ဆောက်ရေးစာတမ်းပါ အချက် (၄)

၂။ (ဒီမိုကရေစီအခွင့်အရေး၊ အခြေခံ လူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု)

လွတ်လပ်ရေးမတိုင်မီသဘောထားများ

- ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသော ကရင်အမျိုးသား ကွန်ဖရင့်သို့ ပေးပို့သော ဗိုလ်ချုပ်အောင်ဆန်း၏ သဝဏ်လွှာ
- ပင်လုံစာချုပ် အချက် (၇)
- ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှု (၇) ချက် အမှတ် (၄)
- ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ (၁၃)

၁၉၈၈ ကာလနောက်ပိုင်း သဘောထားများ

- NLD/ UNLD တို့၏ ဗိုလ်အောင်ကျော်လမ်း ကြေညာချက် အမှတ် (၁) အပိုဒ် (၄) (၂၉၊ ၈၊ ၁၉၉၀)

- UNLD ၏ အခြေခံမူ (၇) ချက် အမှတ် (၂)
- NCUB ၏ နိုင်ငံရေးဦးတည်ချက် အမှတ် (၂)
- WLB ၏ ဒုတိယအကြိမ်ညီလာခံ ထုတ်ပြန်ကြေညာချက်
- CRPP ၏ မြန်မာနိုင်ငံ လူမျိုးစုပြဿနာနှင့် အနာဂတ်ပြည်ထောင်စု တည်ဆောက်ရေးစာတမ်းပါ အချက် (၁)

၃။ လူနည်းစုအခွင့်အရေး

လွတ်လပ်ရေးမတိုင်မီသဘောထားများ

- ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုပြုချက် (၁၄) ချက်အတွင်းမှ အချက် (၇)
- ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှု (၇) ချက် အမှတ် (၅)

၁၉၈၈ ကာလနောက်ပိုင်း သဘောထားများ

- ၁၉၉၀ ခုနှစ် UNLD တတိယအကြိမ်ညီလာခံ၏ စစ်မှန်သော ပြည်ထောင်စုမူ နံပါတ် (၉)
- NCUB Federal Constitution ပထမမူကြမ်း
- NLD ကြေညာချက် အမှတ် (၉) (၁၂၊ ၂၊ ၁၉၈၉)
- CRPP ၏ မြန်မာနိုင်ငံ လူမျိုးစုပြဿနာနှင့် အနာဂတ်ပြည်ထောင်စု တည်ဆောက်ရေးစာတမ်းပါ အချက် (၅)

၄။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး

လွတ်လပ်ရေးမတိုင်မီသဘောထားများ

- ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ နေသူရိန်အစည်းအဝေး ကြေညာချက်
- ၁၉၄၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်နေ့ ရွှေတိဂုံ အလယ်ပစ္စယံ၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ဖဆပလညီလာခံ၏ အဆိုအမှတ် (၆)

- ပင်လုံစာချုပ်
- ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှု (၇) ချက် အချက် (၂)
- ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

၁၉၈၈ ကာလ နောက်ပိုင်း သဘောထားများ

- NLD ၏ ဖွဲ့စည်းပုံစည်းမျဉ်း (ယာယီ)
- NLD/ UNLD ဗိုလ်အောင်ကျော်လမ်း ကြေညာချက် ၄ (ဂ)
- ၁၂၊ ၂၊ ၈၉ NLD ၏ ကြေညာချက် အမှန် (၉)
- မာနယ်ပလောစာချုပ် အပိုဒ် (၅)
- မယ်သရောထာ သဘောတူညီချက် အပိုဒ် (၄)
- NCUB ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပထမမူကြမ်း
- ENSCC လော်ခီလာ ထုတ်ပြန်ကြေညာချက် (၃၀၊ ၈၊ ၂၀၀၁)
- CRPP ၏ မြန်မာနိုင်ငံလူမျိုးစုပြဿနာနှင့် အနာဂတ်ပြည်ထောင်စုတည်ဆောက်ရေးစာတမ်းပါ အချက် (၂)

၅။ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ပူးပေါင်းပါဝင်လာခြင်း

လွတ်လပ်ရေးခွင့်မတိုင်မီ သဘောထားများ

- ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ နေသူရိန်အစည်းအဝေး ကြေညာချက်
- ပင်လုံစာချုပ်နိဒါန်း
- ၁၉၄၇ ခုနှစ် ဇွန်လ (၁၀) ရက်နေ့ ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်ပြချက်

၁၉၈၈ ကာလနောက်ပိုင်း သဘောထားများ

- ENSCC Policy Paper (New Panglong Intiative) ပင်လုံစိတ်ဓါတ်ကို အခြေခံသော ပြည်ထောင်စု ပြန်လည်တည်ဆောက်ရေးစီမံချက်

၆။ ဖက်ဒရယ်အခြေခံမူများ

လွတ်လပ်ရေးမတိုင်မီသဘောထားများ

- ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ နေသူရိန်အစည်းအဝေး ကြေညာချက်
- ၁၉၄၅ နိုဝင်ဘာ ၁၈ ရက်နေ့ ရွှေတိဂုံ အလယ်ပစ္စယံ၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ဖဆပလညီလာခံကြီး၏ အဆိုအမှတ် (၆)
- ပင်လုံညီလာခံမှ ချင်း၊ ကချင်၊ ရှမ်းတို့၏ သဘောတူညီချက်
- ပင်လုံညီလာခံ၏ သဘောတူညီချက်များ
- တောင်တန်းဒေသဆိုင်ရာ စုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာ
- ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုပြုချက် (၁၄) ချက်
- ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်ပြသည့် လမ်းညွှန်မှု (၇) ချက်
- ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

၁၉၈၈ ကာလနောက်ပိုင်း သဘောထားများ

- NLD/ UNLD ဗိုလ်အောင်ကျော်လမ်း ကြေညာချက် ၄ (ခ)
- UNLD ၏ အနာဂတ် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေ လမ်းညွှန်မှု (၇) ချက်၊ (၂၇၊ ၆၊ ၁၉၉၀)
- NLD ၏ တိုင်းရင်းသား လူမျိုးများအရေးနှင့်ပတ်သက်သည့် သဘောထားများ
- မာနယ်ပလောစာချုပ် အပိုဒ် (၅)
- မယ်သရောထာ သဘောတူညီချက် (၁)
- NCUB ၏ နိုင်ငံရေး ဦးတည်ချက် (၄)
- NCUB ၏ ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပထမမူကြမ်း

- ဒေါ်အောင်ဆန်းစုကြည်၏ အနှစ် (၅၀) ပြည့် ပြည်ထောင်စုနေ့မိန့်ခွန်း (၁၂၊ ၂၊ ၉၇)
- ၁၉၉၉ စက်တင်ဘာလ ၁၆ ရက် အနာဂတ် ပြည်ထောင်စုအပေါ် ထားရှိသည့် သဘောထား (၅) ရပ်
- CRPP ၏ မြန်မာနိုင်ငံ လူမျိုးစုပြဿနာနှင့် အနာဂတ်ပြည်ထောင်စုအရေး

၇။ ခွဲထွက်ပိုင်ခွင့် အခွင့်အရေး

လွတ်လပ်ရေးမတိုင်မီသဘောထားများ

- ၁၉၄၅ နိုဝင်ဘာ ၁၈ ရက်နေ့ ရွှေတိဂုံ အလယ်ပစ္စယံ၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ဖဆပလညီလာခံကြီး၏ အဆိုအမှတ် (၆)
- ပင်လုံညီလာခံမှ ချင်း၊ ကချင်၊ ရှမ်းတို့၏ သဘောတူညီချက်
- တောင်တန်းဒေသဆိုင်ရာ စုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာ
- ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြုပြည်ပြုလွှတ်တော်သို့ တင်ပြချက်
- ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၁၀ ပုဒ်မ ၂၀၁၊ ၂၀၂

## အခန်း (၃)

## အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့် အဆိုပြုချက်လမ်းညွှန်အခြေခံမူများ (ဒုတိယမူကြမ်း)

၁၉၄၇ ခုနှစ်တွင် ပင်လုံညီလာခံကြီး၌ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားသော သဘောတူညီချက်ဖြင့် လူမျိုးပေါင်းစုံ ရောနှောနေထိုင် သော ပြည်ထောင်စုမြန်မာနိုင်ငံကို ထူထောင်နိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် ဗြိတိသျှကိုလိုနီအစိုးရထံမှ လွတ်လပ်ရေးရရှိခဲ့ပါသည်။

သို့ရာတွင် လွတ်လပ်ရေးရရှိသည့် အချိန်မှစ၍ ယခုတိုင် ကျွန်ုပ်တို့တိုင်းပြည်တွင် အနှစ်ငါးဆယ်ကျော် ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ မဆလ တပါတီ အာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်များအောက်တွင် တိုင်းရင်းသား ပြည်သူလူထု ကြီးတရပ်လုံးသည် နိုင်ငံရေးအခွင့်အရေးများ၊ လူ့အခွင့်အရေးများ ဆုံးရှုံးခြင်း၊ ဒီမို ကရေစီ ဆိတ်သုဉ်းခြင်းနှင့် စီးပွားရေး ချွတ်ခြုံကျခြင်း စသော ဒုက္ခအဖုံဖုံကို အလူးအလဲခံစား နေရပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့၏ တိုင်းပြည်ကို လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း နှင့် တိုင်းရင်းသားခေါင်းဆောင်များ မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ်ဖြင့် ပြန်လည် ထူထောင်ရန် အထူးလိုအပ်နေပါသည်။ သို့မှသာ တိုင်းရင်းသားလူမျိုးအားလုံး နိုင်ငံရေး တန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ရှိမည့် ဒီမိုကရက်တစ် ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံတော်သစ်ကို ထူထောင်နိုင်မည်ဖြစ်ပါသည်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံ ချက်ပေးနိုင်မည့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ် ထူထောင်ရာ၌ အခြေခံရမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ လမ်းညွှန်မူများ (Basic Principles for A

Future Federal Constitution) ကို စူးစမ်းရှာဖွေ ဖော်ထုတ်သွားရန် အထူးလိုအပ်နေပါသည်။ ထိုသို့ စူးစမ်းရှာဖွေရာ၌ သမိုင်းတွင် အထင်အရှားရှိခဲ့သော သမိုင်းဝင်စာချုပ်စာတမ်းများနှင့် နိုင်ငံရေးအမြင်သဘောထားများမှ ထင်ရှားသော အချက်အလက်များကို စုဆောင်းတင်ပြခြင်းသာ ဖြစ်ပါသည်။

ထိုသို့ တင်ပြရာ၌လည်း အပိုင်းသုံးပိုင်းခွဲ၍ တင်သွားမည်ဖြစ်ပါသည်။ ပထမ အပိုင်းမှာ လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း ပြည်ထောင်စုဖခင်ကြီးများဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ နိုင်ငံရေးအမြင် သဘောထားများ၊ သဘောတူညီချက်များကို ထင်ဟပ်စေမည့် ပြည်ထောင်စုစနစ်၏ အခြေခံလမ်းညွှန်မှုများဖြစ်ပါသည်။ ဒုတိယအပိုင်းတွင် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ် ကာလအတွင်း ပြည်ထောင်စုဖခင်ကြီးများ၏ မျှော်မှန်းချက်များနှင့်အညီ စစ်မှန်သော ပြည်ထောင်စုမူဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများကို တင်ပြသွားမည်ဖြစ်ပါသည်။ တတိယပိုင်းတွင် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီး နောက်ပိုင်း ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ တပ်ပေါင်းစုများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာ နိုင်ငံရေး အမြင်သဘောထားများ၊ သဘောတူညီချက်များကို တင်ပြသွားမည် ဖြစ်ပါသည်။

အထက်ဖော်ပြပါ တင်ပြချက်များအပေါ် အခြေခံ၍ အနာဂတ် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်သစ်ကို ပြန်လည်ဖွဲ့စည်းရေးအတွက် အောက်ပါ ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ လမ်းညွှန်သဘောထားများနှင့် အခြေခံလမ်းညွှန်မှု (မူကြမ်း) (၈) ချက်ကို FCDC/ SCSC/ WLB တို့မှ အဆိုပြုတင်ပြအပ်ပါသည်။

၁၉၄၇ ကာလများအတွင်း ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့ကြသည့် ပြည်ထောင်စုဖခင်ကြီးများ၏ ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အောက်ပါသဘောထားများကို အနာဂတ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ လမ်းညွှန်သဘောထားများအဖြစ် မိမိတို့မှ အလေးအနက်ခံယူပါသည်။

၁။ နိုင်ငံတော် အချုပ်အခြာအာဏာ

နိုင်ငံတော်၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုတို့ထံမှ ဆင်းသက်စေရမည်။

၂။ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ပူးပေါင်းပါဝင်လာခြင်း

တိုင်းရင်းသား လူမျိုးတိုင်း၏ လွတ်လပ်သော သဘောဆန္ဒအရသာ ပြည်ထောင်စု အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်နိုင်ခွင့် ရှိစေရမည်။

၃။ တန်းတူအခွင့်အရေး

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူ ရည်တူ အခွင့်အရေးရှိရမည်။

၄။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့်အဝ ရှိစေရမည်။

၅။ ဖက်ဒရယ်အခြေခံမူများ

လွှတ်တော်နှစ်ရပ် ထားရှိရေးအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

## အခန်း (၄)

# အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရ မည့် အဆိုပြုချက်လမ်းညွှန်အခြေခံမူများ (ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း တင်သွင်းသော လမ်းညွှန်အခြေခံမူစာတမ်း)

**နိဒါန်း**

ပြည်ထောင်စုမြန်မာနိုင်ငံသည် ၁၉၄၇ ဖေဖော်ဝါရီလ (၁၂) ရက်တွင် ချုပ်ဆိုခဲ့သော "ပင်လုံစာချုပ်" သဘောတူညီချက်အရ ဖွဲ့စည်းထူထောင်ခဲ့သည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်ဖြစ်သည်။ ပင်လုံစာချုပ်၏အနှစ်သာရမှာ ကိုလိုနီခေတ် မတိုင်ခင်က သီးခြားလွတ်လပ်သော တိုင်းရင်းသားလူမျိုးများ၏ ပြည်ထောင်များကို တန်းတူ ရည်တူပူးပေါင်း၍ ပြည်ထောင်စုနိုင်ငံသစ်ကို အတူတကွ ထူထောင်ကြရမည် ဟူသော အချက်ပင်ဖြစ်သည်။ ထိုသဘောတူညီချက်ကို အခြေခံပြီး အသစ်ဖွဲ့စည်းထူထောင်မည့် ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ၁၉၄၇ စက်တင်ဘာလ (၂၄) ရက်တွင် တိုင်းပြုပြည်ပြုလွှတ်တော်၌ ရေးဆွဲပြဌာန်းနိုင်ခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာ နိုင်ငံကို လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သောနိုင်ငံအဖြစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် "လွတ်လပ်ရေး"ကို ကမ္ဘာသိကြေညာနိုင်ခဲ့သည်။

သို့ရာတွင် လွတ်လပ်ရေးရရှိသည့် အချိန်မှစပြီး ယနေ့တိုင် ပြည်ထောင်စုမြန်မာနိုင်ငံ တွင် အနှစ်ငါးဆယ်ကျော် ပြည်တွင်းစစ်နှင့်ရင်ဆိုင်နေရသည်။ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့် ဆုံးရှုံးခြင်း၊ ပြည်သူလူထုတရပ်လုံး၏ အခြေခံလူ့အခွင့်အရေးများ

ချိုးဖောက်ခံနေရခြင်းနှင့် ဒီမိုကရေစီအခွင့်အရေးများ ဆိတ်သုဉ်းခြင်းများသာမက တိုင်းပြည်၏စီးပွားရေး ယိုယွင်းကျဆင်းခြင်းကြောင့် တတိုင်းတပြည်လုံး အနေဆင်းရဲ၊ အစားဆင်းရဲခြင်း စသော လူမှုဒုက္ခအမျိုးမျိုးကို မဆလတပါတီ အာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်များအောက်တွင် အလူးအလဲခံစားနေရသည်။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ "ပင်လုံ"တွင် မျှော်မှန်းခဲ့သည့်အတိုင်း ပင်လုံစိတ်ဓါတ်ကို အခြေခံသော "စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုစနစ်" ဖြင့် ပြန်လည်ဖွဲ့စည်းထူထောင်ရန် လိုအပ်နေသည်။ သို့မှသာ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်ပြီး၊ ဒီမိုကရေစီကျင့်စဉ်တရားများ ထွန်းကား၍ လူ့အခွင့်အရေးအပြည့်အဝရှိသော "ပြည်ထောင်စုနိုင်ငံသစ်" ကို တည်ဆောက်နိုင်မည် ဖြစ်သည်။

ယင်းသို့ ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အာမခံချက်ပေးနိုင်မည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာတွင် အခြေခံရမည့် "လမ်းညွှန်အခြေခံမှုများ" ကို ဤစာတမ်းတွင် တင်ပြသွားမည်ဖြစ်သည်။ ထိုသို့တင်ပြရာတွင် အပိုင်းလေးပိုင်းခွဲပြီး တင်ပြသွားမည်။ ပထမပိုင်းတွင် လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် လွတ်လပ်ရေးဖခင်ကြီးများ၏ အတွေးအခေါ်များကို ထင်ဟပ်ပေါ်လွင်စေသည့် "ပြည်ထောင်စုဖခင်ကြီးများ မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ်၏ အခြေခံလမ်းညွှန်မှုများ"ကို တင်ပြသွားမည်။ ဒုတိယပိုင်းတွင် ပြည်ထောင်စုဖခင်ကြီးများ မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ်ကို ထူထောင်နိုင်ခြင်းမရှိသောကြောင့် ၁၉၄၈ မှ ၁၉၈၈ အကြား နှစ်ပေါင်း (၄၀) အတွင်း ဖက်ဒရယ် ပြည်ထောင်စု ပြန်လည်တည်ဆောက်ရေးအတွက် ကြိုးပမ်းမှုများကို တင်ပြသွားမည်။ တတိယပိုင်းတွင် ၁၉၈၈ ခုနှစ် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံအုံကြွပေါက်ကွဲပြီးနောက် ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ဆက်လက်ကြိုးပမ်းချက်များကို တင်ပြသွားမည်။ နောက်ဆုံးစတုတ္ထပိုင်းတွင် မိမိတို့ အားလုံးလိုလားတောင့်တနေသော စစ်မှန်သည့်ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ရေးအတွက် အခြေခံရမည့် "လမ်းညွှန်အခြေခံမှု" များကို တင်ပြသွားမည်ဖြစ်သည်။

## ပထမပိုင်း

## ပြည်ထောင်စု စတင်ဖွဲ့စည်းစဉ်က အခြေခံသော ပြည်ထောင်စုစနစ်၊ လမ်းညွှန်အခြေခံမူများ

ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက ပြည်ထောင်စုနိုင်ငံသစ်တခုကို အတူတကွ ထူထောင်ရန် သဘောတူစာချုပ်ချုပ်ခဲ့စဉ်တွင် အခြေခံသော "ပြည်ထောင်စုမူ"များကို ဆန်းစစ်ပါက အခြေခံအားဖြင့် အချက်ကြီး (၁၀) ချက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ယင်းတို့မှာ-

(၁) **လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သောနိုင်ငံ** (Sovereign State)

လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သောနိုင်ငံကို ထူထောင်ရမည်ဖြစ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်လာစေရမည်။

(၂) **လွတ်လပ်သောဆန္ဒသဘောနှင့်အညီ ပူးပေါင်းပါဝင်ခြင်း** (Voluntary Association)

တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များအဖြစ် ပါဝင်ခွင့်ရှိစေရမည်။

(၃) **တန်းတူရေး** (Equality)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူအခွင့်အရေး ရှိစေရမည်။

(၄) **ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်** (Self-determination)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည်။

(၅) **ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှု** (Federal Principles))

ပြည်ထောင်စုလွှတ်တော်တွင် အာဏာတူလွှတ်တော်နှစ်ရပ်ထားရှိရေး အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသောပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(၆) **လူနည်းစုများ၏အခွင့်အရေးများကို ကာကွယ်ခြင်း** (Minority Rights)

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

(၇) **ဒီမိုကရေစီနှင့် အခြေခံအခွင့်အရေးများ** (Democracy and Fundamental Rights)

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သော နိုင်ငံသားတိုင်းသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ လိင်ခွဲခြားမှုမရှိစေဘဲ ဒီမိုကရေစီအခွင့်အရေးများကို အပြည့်အဝ ခံစားပိုင်ခွင့်ရှိစေရမည်။

(၈) **ပါတီစုံဒီမိုကရေစီစနစ်** (Multi-party Democracy System)

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

(၉) **ဘာသာရေးကို အခြေမခံသော နိုင်ငံ** (Secular State)

နိုင်ငံရေးနှင့်ဘာသာရေး ရောစပ်ခြင်း မရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသော နိုင်ငံဖြစ်စေရမည်။

(၁၀) **ခွဲထွက်ခွင့်** (Secession Rights)

တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင်အဖြစ်မှ ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်ရှိစေရမည် ဟူသော အချက်များဖြစ်ကြောင်း တွေ့ရှိနိုင်သည်။

ဤလမ်းညွှန်အခြေခံမှုများ၏ အနှစ်သာရသည် - ပင်လုံစာချုပ်အရ အသစ်ဖွဲ့စည်းထူထောင်မည့် နိုင်ငံသစ်သည် အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုဖြစ်ရမည်ဖြစ်ပြီး၊

ၵ်င်းပြည်ထောင်စုထဲတွင် အဖွဲ့ဝင်အဖြစ်ပါလိုသော ပြည်ထောင်များ (ဝါ) အမျိုးသားပြည်နယ်များသည် မိမိတို့၏ လွတ်လပ်သော ဆန္ဒသဘောနှင့်အညီ ပြည်ထောင်စုထဲသို့ ပူးပေါင်းပါဝင်လာကြရမည်ဖြစ်သည်။ ထိုသို့ မိမိတို့ဆန္ဒသဘောထားနှင့်အညီ ပါဝင်ပူးပေါင်းကြသော ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များသည် နိုင်ငံရေးအရသော်လည်းကောင်း၊ လူမျိုးရေးအရသော်လည်းကောင်း၊ တန်းတူရည်တူအခွင့်အရေးများ ရရှိထားကြရမည့်အပြင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အာဏာများလည်း အပြည့်အဝရရှိထားကြရမည်ဖြစ်သည်။ ထိုသို့ တန်းတူရည်တူရှိပြီး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အာဏာလည်း အပြည့်အဝရှိသော ပြည်ထောင် (ဝါ) အမျိုးသားပြည်နယ်များဖြင့် နိုင်ငံတော်တခုကို အတူတကွ ထူထောင်ရန်အတွက် တခုတည်းသောနည်းလမ်းမှာ "ပြည်ထောင်စုစနစ်"သာလျှင် ဖြစ်သည်။

ထို့အပြင် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးကို အပြည့်အဝကာကွယ်ပြဋ္ဌာန်းပေးရမည့်အပြင် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားတိုင်းတို့၏အခွင့်အရေးများကိုလည်း နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရမည်။ နိုင်ငံတော်အုပ်ချုပ်ရေး (ဝါ) အစိုးရဖွဲ့စည်းရေးစနစ်တွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်ဖြစ်ပြီး ဘာသာရေးကို နိုင်ငံရေးတွင် ရောစပ်ထားခြင်းမရှိစေဘဲ "ဘာသာရေးကိုအခြေမခံသော နိုင်ငံ" (Secular State) ကို ထူထောင်ရမည် ဖြစ်သည်။

နိုင်ငံတော်သည် အထက်ပါလမ်းညွှန်အခြေခံမူများမှ သွေဖည်သွားသည်ဟု ယူဆခဲ့သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရက အထက်ပါလမ်းညွှန်အခြေခံမူများကို လိုက်နာစောင့်ရှောက်ခြင်းမရှိဘဲ ပြည်နယ် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ချိုးဖောက်လာပါကသော်လည်းကောင်း၊ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များသည် ပြည်ထောင်စုထဲမှ လွတ်လပ်စွာ မိမိတို့ဆန္ဒသဘောနှင့်အညီ "ခွဲထွက်ပိုင်ခွင့်" ရှိစေရမည်ဟူသော အချက်များပင်ဖြစ်သည်။

ထိုအနှစ်သာရ ပိုမိုပေါ်လွင်စေရန် အခြေခံလမ်းညွှန် (၁၈) ချက်ကို သမိုင်းအထောက်အထားများဖြင့် အောက်ပါအတိုင်း ဆက်လက်ရှင်းလင်းတင်ပြသွားမည်။

## (၁) လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံ (Sovereign State)

တိုင်းရင်းသားလူမျိုးပေါင်းစုံ တန်းတူရည်တူ ပူးပေါင်းပြီး ဖွဲ့စည်းထားသော "ပြည်ထောင်စုနိုင်ငံတော်သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သောနိုင်ငံဖြစ်စေရမည်"ဖြစ်ပြီး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည့် ပြည်ထောင်စုနိုင်ငံတော်သစ်ကို ထူထောင်ရမည်။ ဆိုလိုရင်းမှာ -

(က) ပြည်ထောင်စုနိုင်ငံသစ်ကို အတူတကွထူထောင်ရန် "ပင်လုံစာချုပ်"ကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသားလူမျိုးများသည် သီးခြားစီဖြင့် လွတ်လပ်ရေးရယူ၍ သီးခြားစီဖြင့် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်သော အမျိုးသားနိုင်ငံများကို ထူထောင်ခြင်း မပြုဘဲ၊ မိမိတို့ပိုင်ဆိုင်ထားသော အချုပ်အခြာအာဏာများကို စုပေါင်း၍ "ပြည်ထောင်စုနိုင်ငံတော်"ကို အတူတကွထူထောင်ကြရမည်ဟူသောအချက်ပင် ဖြစ်သည်။

(ခ) ထိုအချုပ်အခြာအာဏာသည် လူမျိုးတမျိုးထံမှသော်လည်းကောင်း၊ အမျိုးသားပြည်နယ်တခုတည်းထံမှသော်လည်းကောင်း ဆင်းသက်ခြင်းမရှိစေဘဲ၊ ပြည်ထောင်စုတခုလုံးအတွင်းရှိ တိုင်းရင်းသားပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်ထောင်စုတဝှမ်းလုံးရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ပြည်သူလူထုတရပ်လုံးထံမှ ဆင်းသက်လာသည်ဖြစ်သောကြောင့် ဤပြည်ထောင်စုသည် လူမျိုးတမျိုး၊ အမျိုးသားပြည်နယ်တခုတည်းက ပိုင်ဆိုင်ထားသော ပြည်ထောင်စု မဟုတ်ဘဲ၊ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များအားလုံး၊ ပြည်ထောင်စုအတွင်းရှိ လူမျိုးများအားလုံးနှင့် ပြည်သူလူထုတရပ်လုံးက စုပေါင်းပိုင်ဆိုင်ထားသော "ပြည်ထောင်စု" ဖြစ်သည်။

(ဂ) "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်" ဟူသော အခြေခံမူ၏ တတိယရည်ရွယ်ချက်မှာ ဤပြည်ထောင်စုတွင် မဟာလူမျိုးကြီးဝါဒနှင့် အမျိုးမျိုးသော အာဏာရှင်စနစ်များ ပေါ်ထွန်းမလာစေရေးအတွက် နိုင်ငံတော်၏အချုပ်အခြာကို စုပေါင်းပိုင်ဆိုင်ထားသောတိုင်းရင်းသား ပြည်သူလူထုတရပ်လုံးက စုပေါင်း၍ အကာအကွယ်ယူရန် လိုအပ်သည်ဟူသောရည်ရွယ်ချက်ပင် ဖြစ်သည်။

အကယ်၍ နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်ဟူသော (Popular Sovereignty) ကို လက်မခံဘဲ၊ ပြင်သစ်တော်လှန်ရေးအပြီး ၁၇၉၁ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ပြင်သစ်ဖွဲ့စည်းပုံအခြေခံဥပဒေအစဉ်အလာအရ ဖြစ်ပေါ်ကျင့်သုံးလာခဲ့သည့် "နိုင်ငံတော် အချုပ်အခြာအာဏာသည် တိုင်းပြည်တွင်ရှိသည်" (Sovereignty belongs to the nation) ဟူသော အတွေးအခေါ်ကို လက်ခံခဲ့မိပါက၊ ထိုတိုင်းပြည်ရှိ အကြီးဆုံးလူမျိုးများထံတွင် နိုင်ငံတော် အချုပ်အခြာအာဏာရှိသည်ဟု ယုံကြည်မှုလွဲမှားနိုင်ရုံသာမက ထိုလူမျိုးအတွင်း မဟာလူမျိုးကြီးဝါဒ ထွန်းကားအောင် ဖွဲ့စည်းပုံအခြေခံဥပဒေက တွန်းပို့ပေးနိုင်သည်။ ဥပမာ - ပြည်ထောင်စုမြန်မာနိုင်ငံသည် အမည်နာမအားဖြင့် "မြန်မာ" ဟု တိုင်းပြည်အတွင်းရှိ လူဦးရေအများဆုံးသောမြန်မာလူမျိုးများကိုအခြေခံ၍ မှည့်ခေါ်ထားသောကြောင့်၊ အကယ်၍ "နိုင်ငံတော်အချုပ်အခြာအာဏာသည် တိုင်းပြည်တွင်ရှိသည်" ဟု ခံယူမိပါက ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် မြန်မာ (ဝါ) ဗမာလူမျိုးများထံတွင်ရှိနေသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်သည်။ ထိုအရာကို ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသော "ပြည်ထောင်စုဖခင်ကြီး" များက မလိုလားခဲ့ကြပေ။

ထို့ပြင် ဗြိတိန်နိုင်ငံတွင် ကျင့်သုံးခဲ့သည့် အစဉ်အလာအတိုင်း "နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံ၏ ပါလီမန် (ဝါ) လွှတ်တော်တွင် ရှိနေစေရမည်" (Sovereignty reside in Paliament) ဟူသော အယူအဆကို လက်ခံကျင့်သုံးမိပါက ပြည်ထောင်စုလွှတ်တော်ကို ထိန်းချုပ်ထားနိုင်သည့် လူဦးရေပိုများသော မြန်မာ (ဝါ) ဗမာလူမျိုးများလက်ထဲတွင် နိုင်ငံတော်အချုပ်အခြာအာဏာကို သွယ်ဝိုက်သောနည်းလမ်းဖြင့် အပ်နှင်းထားရာကျနေမည်။ ယင်းသည်လည်း လူမျိုးပေါင်းစုံရောနှောနေထိုင်သော တိုင်းပြည်တွင် လက်ခံ၍ မရသော၊ လက်မခံနိုင်သော အယူအဆဟောင်း ဖြစ်နေသည်။

နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည် ဟူသော အခြေခံမူလကို လက်ခံထားခြင်းကြောင့် နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ လူမျိုးတမျိုးကသော်လည်းကောင်း၊ လူအုပ်စုတစုကသော်လည်းကောင်း၊ နိုင်ငံရေးပါတီတခုကသော်လည်းကောင်း၊ ပုဂ္ဂိုလ်တဦးတယောက်ကသော်လည်းကောင်း နိုင်ငံတော်အာဏာကို အလွဲသုံးစားမပြုလုပ်နိုင်အောင် ထိန်းချုပ်ထားသည်။ ပြည်သူ လူထုသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပိုင်ဆိုင်သူများဖြစ်သောကြောင့် ပြည်သူလူထုက အစိုးရထံတွင် အပ်နှင်းခြင်းမရှိသောအာဏာများဖြစ်သည့် (Initiative and Referendum Power)

များ ရှိနေသောကြောင့် တိုင်းပြည်တွင် အာဏာအလွဲသုံးစားမှု မရှိစေရေး၊ အာဏာရှင်စနစ် မထွန်းကားနိုင်ရေး၊ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသောအမျိုးသားဝါဒ မပေါ်ထွန်း နိုင်ရေးအတွက် ဟန့်တားကာကွယ်နိုင်မည် ဖြစ်သည်။

## (၂) လွတ်လပ်သောဆန္ဒသဘောနှင့်အညီ ပူးပေါင်းပါဝင်ခြင်း

**(Voluntary Association)**

ပြည်ထောင်စုမြန်မာနိုင်ငံကို စတင်ဖွဲ့စည်းစဉ်က ကျင့်သုံးခဲ့သော "လမ်းညွှန်အခြေခံ မှု" များအနက် အရေးအကြီးဆုံးသော အခြေခံမှုတခုမှာ - Voluntary Association ဟု ခေါ် သည့် "တိုင်းရင်းသားလူမျိုးအသီးသီးက မိမိတို့၏လွတ်လပ်သော ဆန္ဒသဘောထားနှင့် အညီ အသစ်ဖွဲ့စည်းထူထောင်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ၏အဖွဲ့ဝင် ပြည်ထောင်များ အဖြစ် ပါဝင်စေရမည်" ဟူသောအချက်ဖြစ်သည်။ ယင်းအချက်သည် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် မရှိမဖြစ်အခြေခံရမည့် "မှု"တခုဖြစ်သော "အတူတကွ ပူးပေါင်းပါဝင် လာခြင်း" (Coming together) ဟူသော အခြေခံမှု၏ပင်မအုတ်မြစ်ဖြစ်သည်။

ပြည်ထောင်စုစနစ်သည် လွတ်လပ်သော ပြည်ထောင်များ (ဝါ) လွတ်လပ်၍ အချုပ် အခြာအာဏာပိုင်သော၊ သီးခြားထူထောင်ခွင့်ရှိသော ပြည်ထောင်များကိုစုပေါင်းပြီး ဖွဲ့စည်း သည့် "ပြည်ထောင်များကို ပေါင်းစည်းထားသည့် ပြည်ထောင်စု" စနစ်ပင် ဖြစ်သည်။ ထို့ ကြောင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသောလူမျိုးများနှင့် ပြည်ထောင်များကို လေ့လာဆန်းစစ်ပါက ကိုလိုနီခေတ်မတိုင်ခင်က သီးခြားလွတ်လပ်သော လူမျိုးများ၊ တိုင်းပြည် များ၊ ပြည်ထောင်များဖြစ်ကြောင်းကို တွေ့ရှိရမည်ဖြစ်သည်။ ဗြိတိသျှကိုလိုနီအစိုးရကလည်း ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများကို တိုင်းပြည်တခု၊ လူမျိုး တမျိုးအဖြစ် တကြိမ်တခါတည်း အတူတကွ သိမ်းပိုက်ခဲ့ခြင်းမဟုတ်ပေ။ သီးခြားလူမျိုး၊ သီးခြားတိုင်းပြည်အဖြစ် သီးခြားအချိန်များတွင် သီးခြားစီသိမ်းပိုက်ခဲ့ခြင်းသာဖြစ်သည်။ ဥပမာ - ဗမာ (ဝါ) မြန်မာမင်းတို့၏ နောက်ဆုံး နေပြည်တော် မန္တလေးကို တတိယအင်္ဂလိပ် မြန်မာစစ်ပွဲအပြီး ၁၈၈၅ ခုနှစ်တွင် သိမ်းပိုက်ခဲ့သည်။ ချင်းလူမျိုးများကိုမူ သီပေါမင်းပါ တော်မူပြီးနောက် နောင် (၁၀) နှစ်ကြာသောအခါမှသာ ၁၈၉၆ ခုနှစ်တွင် သိမ်းပိုက်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ကိုလိုနီခေတ်တလျှောက်လုံးတွင် ထိုလူမျိုးများကို သီးခြားဖွဲ့စည်းပုံ အခြေခံဥပဒေများဖြင့် သီးခြားစီအုပ်ချုပ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှအစိုးရ (အထူးသဖြင့် လေဘာပါတီ) က ၎င်း၏ ကိုလိုနီနယ်မြေများကို လွတ်လပ်ရေးပေးရန် စဉ်းစားလာသောအခါ ကိုလိုနီမတိုင်ခင်က သီးခြားလွတ်လပ်သော လူမျိုးများနှင့် ကိုလိုနီခေတ်တလျှောက်လုံး သီးခြားဖွဲ့စည်း အုပ်ချုပ်ပုံများဖြင့် အုပ်ချုပ်လာခဲ့သော လူမျိုးများကို သီးခြားစီဖြင့် လွတ်လပ်ရေးပေးရန် သမိုင်းက တောင်းဆိုလာခဲ့သည်။ သို့ရာတွင် ထိုလူမျိုးများနှင့် ပြည်ထောင်များ သီးခြားစီဖြင့် လွတ်လပ်ရေး မယူဘဲ၊ အတူတကွပူးပေါင်းပြီး ပြည်ထောင်စုနိုင်ငံသစ်ကို ထူထောင်ရန်အတွက် လွတ်လပ်ရေးကိုပါ အတူတကွရယူရန် "ပင်လုံညီလာခံ" တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ကြောင့် ပင်လုံစာချုပ်၏ နိဒါန်းတွင်-

> "Believing that freedom will be more speedily achieved by the Shans, the Kachins and the Chins by their immediate co-operation with the Interim Burmese Government"

ဟုရေးသားခဲ့သည်။

ပင်လုံစာချုပ်၏ အနှစ်သာရကို သေချာစွာလေ့လာဆန်းစစ်ကြည့်ပါက ၁၈၉၅ တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော "ကချင်တောင်တန်းဒေသဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ" (1895 Kachin Hills Regulation) ဖြင့် အုပ်ချုပ်ခဲ့သော ကချင်ပြည်ထောင်၊ ၁၈၉၆ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော "ချင်းတောင်တန်း ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ" (1896 Chin Hills Regulation) ဖြင့် အုပ်ချုပ်ခဲ့သော ချင်းပြည်ထောင်၊ ၁၉၂၂ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် "ဖက်ဒရယ်ရှမ်းပြည် ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ" (1922 Federated Shan State Act) ဖြင့် အုပ်ချုပ်ခဲ့သောပြည်ထောင်စုရှမ်းပြည်၊ ၁၉၃၅ တွင် ရေးဆွဲပြဋ္ဌာန်းပြီး ၁၉၃၇ တွင် စတင်ကျင့်သုံးသည့် "ဗမာပြည်အက်ဥပဒေ" (1935 Burma Act) ဖြင့် အုပ်ချုပ်ခဲ့သည့် ဗမာပြည်ထောင် (Burma proper or Ministerial Burma) တို့ ပါဝင်ကြောင်းတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံကို စတင်ဖွဲ့စည်းခဲ့စဉ်က သီးခြားလွတ်လပ်ပြီး သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် အုပ်ချုပ်ခဲ့သော "ပြည်ထောင်စု (၄) ပြည်ထောင်" ဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်းတွေ့ရမည်။ ပင်လုံစာချုပ်ချုပ်ဆိုပြီးကာလကျ တော့မှ ဗြိတိသျှအစိုးရနှင့် မင်းတုန်းမင်းတို့၏ ၁၈၇၅ ခုနှစ် သဘောတူညီချက်ဖြင့် လွတ်လပ်သောပြည်ထောင်အဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသော ကရင်နီ (ဝါ) ကယားပြည်ထောင်သည်လည်း နောက်ပိုင်းတွင် ပြည်ထောင်စုအဖွဲ့ဝင်ဖြစ်လာခဲ့သည်။

ထို့ကြောင့် ပင်လုံစာချုပ်သည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ (ဝါ) မြန်မာ တိုင်းရင်းသားလူမျိုး များက ချင်း၊ ကချင်နှင့် ရှမ်းလူမျိုးများကို စစ်ရေးဖြင့် တိုက်ခိုက်သိမ်းယူပြီး လက်နက်ချအညံ့ခံစေသော အနိုင်အရှုံးစာချုပ်လည်း မဟုတ်ခဲ့ပေ။ ပြည်ထောင် (၄) ပြည်ထောင် တန်းတူရည်တူပူးပေါင်းပြီး ပြည်ထောင်စုနိုင်ငံသစ်တခုကို အတူတကွ ထူထောင်ရန် ချုပ်ဆိုခဲ့သောစာချုပ်သာဖြစ်သည်။ ထို့ကြောင့် ပင်လုံစာချုပ်က မီးမောင်းထိုးပြထားသောအချက်မှာ - ပြည်ထောင်စုအဖွဲ့ဝင် ပြည်ထောင်များ (ဝါ) အမျိုးသားပြည်နယ်များသည် မိမိတို့၏ လွတ်လပ်သောဆန္ဒသဘောထားနှင့်အညီ အသစ်ဖွဲ့စည်းထူထောင်မည့် "ပြည်ထောင်စု မြန်မာနိုင်ငံ၏အဖွဲ့ဝင် ပြည်ထောင်များ" အဖြစ်ပါဝင်စေရမည် ... ဟူသော အချက်ပင်ဖြစ်သည်။

ထိုအချက်ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က တိုင်းပြုပြည်ပြုလွှတ်တော်တွင် အောက်ပါအတိုင်း ရှင်းရှင်းလင်းလင်း တင်ပြခဲ့သည်။

> "အဲသည်တော့ ဒီကိစ္စနှင့်ပတ်သက်လို့ ကျွန်တော် တည့်တည့်လင်းလင်း ရှင်းချင်တာကတော့ ဗမာပြည်ထောင်စုလို့ ခေါ်တွင်ဖို့ဆိုပြီးတော့ ဒီအဆိုထဲမှာ တင်ပြထားပေမည့် ဒီပြည်ထောင်စုနိုင်ငံထဲမှာ ဘယ်နယ်တွေပါလို့ ဘယ်နယ်တွေပါရမည်လို့ သတ်မှတ်ထားခြင်း မရှိသေးပါဘူး။ ဒီတော့ တောင်တန်းဒေသကနေပြီးတော့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တွေဟာ ဘာမှဒီကိစ္စနှင့် ပတ်သက်ပြီး စိုးရိမ်စရာ အလျှင်းမရှိပါဘူး။ ဒီပြည်ထောင်စုနိုင်ငံထဲမှာ ကိုယ်ပါချင်မှ၊ ကိုယ့်နယ်ဆိုင်ရာမှာနေပြီးတော့ ပါချင်မှပါနိုင်တာပဲ။ ဒီတိုင်းပြည်ပြုလွှတ်တော် မဖွဲ့စည်းမီအခါမှာ တိုင်းပြည်ပြုဖွဲ့စည်းရန်အလို့ငှာ ကျွန်တော်တို့ သဘောတူညီချက်တွေ စာချုပ်အမျိုးမျိုးချုပ်တဲ့အခါတုန်းက တောင်တန်းဒေသက ကိုယ်စားလှယ်များနှင့် ကျွန်တော်တို့ချုပ်ဆိုတဲ့စာချုပ်အရဆိုလို့ရှိလျှင်ဖြစ်စေ၊ နောက်ပြီးတော့ တောင်တန်းဒေသဆိုင်ရာစုံစမ်းရေးအဖွဲ့ အစီရင်ခံစာမှ ထောက်ခံချက်များကို ကျွန်တော်တို့ လက်ခံလာခဲ့သည့်အတိုင်းဖြစ်စေ၊ အဲဒီလို လက်ခံထားတဲ့ ဒီစာသဘောတွင်မကဘဲ Not only the letter of agreement ဒီစာသဘောကို ကျွန်တော်တို့ သဘောတူညီလာခဲ့သည်တင်မကဘဲ ကျွန်တော်တို့အဖို့မှာ ဆိုလို့ရှိရင် The spirit of agreement သဘောတူညီလာခဲ့တဲ့ တကယ့်အရင်းခံသဘောတရားကို လက်ခံပြီးတော့၊ ဒီအတိုင်းပဲ ဒီတိုင်းပြည်ပြုလွှတ်တော်

မှာ လုပ်မှာပါပဲဆိုတာ တောင်တန်းနယ်ဆိုင်ရာ ကိုယ်စားလှယ်များ တည့်တည့် လင်းလင်း နားလည်စေချင်ပါတယ်။ ကျွန်တော်တို့ပေးပြီးသားကတိ၊ နားလည်ပြီးသားသဘောတူညီချက်တွေကို နယ်ချဲ့သမားလို ကျွန်တော်တို့ ဖောက်ဖျက်ခြင်း မလုပ်ပါဘူး။ အဲဒီလို ပေးပြီးသားကတိနှင့် နားလည်ပြီးသား သဘောတူညီချက်တွေကို ဖောက်ဖျက်မည်လားလို့ သံသယရှိတဲ့လူတွေဟာ ဥက္ကဋ္ဌမင်းခွင့်ပြုချက်အရ ပြောရလျှင် ကျွန်တော်တို့ရဲ့ Sense of honor, Sense of self-respect, Sense of pride တို့ကို စော်ကားတယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပေးပြီးသားကတိ၊ နားလည်ပြီးသား သဘောတူညီချက်တို့ကို တောင်တန်းနယ်က ကိုယ်စားလှယ်တွေဟာ တိုင်းပြည်ပြုလွှတ်တော်ထဲ ရောက်လာတဲ့အခါ သေသေချာချာနားလည်စေချင်တာက ဘယ်နည်းနဲ့မျှ ကျွန်တော်တို့ ဗမာလူမျိုးစုဖြစ်တဲ့လူတွေဟာ ခင်ဗျားတို့ကို အတင်းအားဖြင့် ကျွန်တော်တို့ ပြည်ထောင်စုထဲမှာ မသွင်းပါဘူး။ သဘောမတူဘဲမနေနိုင်တဲ့ အခြေအနေမျိုးကို လက်တလုံးခြားလိမ်တဲ့နည်းနဲ့လည်း ကျွန်တော်တို့မလုပ်ပါဘူးဆိုတာကို အတိအလင်း နားလည်စေချင်ပါတယ်။"

ဗိုလ်ချုပ်အောင်ဆန်းက ဆက်လက်ပြောကြားရာ၌ -

"အဲဒီတော့ တောင်တန်းနယ်ဆိုင်ရာကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့စေတနာဟာ အင်မတန်ရှင်းရှင်းထားပါတယ်။ ကျွန်တော်တို့ အဆိုတင်သွင်းပြီးတဲ့နောက် ဆက်လက်ပြီးတော့ကာ ပြည်ထောင်စု ဖွဲ့စည်းတဲ့နေရာမှာ ပြည်ထောင်စုထဲပါချင်တဲ့ပြည်နယ်တွေဟာ ဘယ်လိုအချက်အလက်တွေ၊ ဘယ်လိုအခွင့်အရေးတွေ၊ ဘယ်လိုအခြေခံတွေ အဲဒီလိုအချက်အလက်တွေအရ စုပေါင်းသင့်တယ်ဆိုတဲ့ကိစ္စတွေ ဆွေးနွေးတဲ့အခါမှ ကျွန်တော်တင်သွင်းတဲ့အဆိုတွေ၊ ကျွန်တော်တို့တင်သွင်းတဲ့ အကြံဉာဏ်တွေ၊ ဒါတွေကို သဘောမကျလို့ရှိရင် သဘောမကျတဲ့အတိုင်း တောင်တန်းနယ်ဘက်ဆိုင်ရာကိုယ်စားလှယ်တွေဟာ သဘောရှိ ဗမာပြည်နှင့် မပေါင်းဘဲ နေချင်နေနိုင်တယ်။ ဒါ ကျွန်တော် ယနေ့ ဒီတိုင်းပြည်ပြုလွှတ်တော်ထဲမှာ ဒီစကားကိုပြောခြင်းပဲ။ ကျွန်တော်တို့စေတနာကို ဘယ်လောက်ထိအောင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားထားတယ်ဆိုတာကို သိစေချင်လို့ ပြောဆိုခြင်းဖြစ်ပါတယ်။ နောက်

ပြီးတော့ တချက်၊ ဒီလိုခင်ဗျားတို့ သဘောမတူလို့ရှိရင် မပါချင်နေလို့ ပြောတဲ့နေရာမှာလည်း နယ်ချဲ့သမားတွေလို တဘက်ကနေပြီးတော့ကာ မပါချင်နေပါကွာ ဆိုပြီးတော့၊ မပါဘူးလို့ ထင်တဲ့အခါကျတော့ တဘက်က ဝင်ပြီးတော့ မရှုပ်ဘူး။"

"အဲဒီတော့ ဒီလို ကျွန်တော်တို့ ဒီနားလည်ထားတဲ့အတိုင်း ကျွန်တော်တို့နှင့် အတူတူပါပြီး မလုပ်ချင်ဘူးဆိုလျှင် ကျွန်တော်တို့ အတင်းမတိုက်တွန်းပါဘူး။ အဲဒီလို မပါပါအောင်ဆိုပြီးတော့ကာ ဒါကတော့ ဗမာစကားမဟုတ်ဘူး ထင်တယ်။ ကျွန်တော် နားလည်သလောက်တော့ ကရင်စကားပဲ လို့ ထင်တယ်။ အတင်းနသားပါးယားလုပ်တဲ့နည်းမျိုးလည်း ကျွန်တော်တို့ မလုပ်ပါဘူး။ အဲဒါကို တည့်တည့်လင်းလင်း တောင်တန်းနယ်ဘက်က ကျွန်တော့်မိတ်ဆွေများကို ကျွန်တော် နားလည်စေချင်ပါတယ်။"

ထို့အပြင် "Voluntary Association" နှင့် ပတ်သက်၍ -

"အဲဒီတော့ ပြည်ထောင်စုနိုင်ငံတော်မှာ ဘယ်နယ်တွေ ပါရမည်ဆိုတာ ကျွန်တော်တို့ ဒီအထဲမှာ ထည့်ထားတာလည်း မရှိသေးပါဘူး။ ပါချင်တဲ့လူတွေပါကြပါ" ဟူ၍ ရှင်းရှင်းနှင့်ဘွင်းဘွင်းကြီး ပြောကြားခဲ့ပါသည်။

ထို့ကြောင့် ပြည်ထောင်စုကို စတင်ဖွဲ့စည်းခဲ့စဉ်က အခြေခံသော အခြေခံလမ်းညွှန်မှုများအနက် "Voluntary Association" သည် အလွန်အရေးကြီးသော လမ်းညွှန်အခြေခံမှု ဖြစ်ကြောင်း ဗြိတိသျှကိုလိုနီခေတ်မတိုင်မီ သမိုင်းကြောင်းများသာမက ပင်လုံစာချုပ်နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်ပြုလွှတ်တော်တွင် မြွက်ဆိုသွားခဲ့သည့် မိန့်ခွန်းများက အခိုင်အမာ ထုတ်ပြသက်သေထူနေသည်။

**(၃) တန်းတူရေး (Equality)**

ကိုလိုနီဘဝမှ လွတ်မြောက်ရန် စိုင်းပြင်းနေခဲ့ကြသော ချင်း၊ ကချင်နှင့် ရှမ်း စသော တိုင်းရင်းသားလူမျိုးများက လွတ်လပ်ရေးရယူပြီး မိမိတို့သီးခြားစီဖြင့် အမျိုးသားနိုင်ငံကို ထူထောင်ကြမည်လော။ သို့တည်းမဟုတ် ဗြိတိသျှကိုလိုနီအဖြစ် ဆက်လက်နေထိုင်သွားကြမည်လော။ သို့တည်းမဟုတ် ဗမာလူမျိုးများနှင့် ပူးပေါင်းပြီး လွတ်လပ်ရေးကို အတူတကွ

ရယူပြီး ပြည်ထောင်စုနိုင်ငံသစ်ကို အတူတကွထူထောင်မည်လော ... ဟု အဆုံးအဖြတ်ပေးရန် လိုအပ်ခဲ့ပါသည်။ ပင်လုံညီလာခံတွင် တိုင်ပင်နှီးနှောနေကြသော ချင်း၊ ကချင်နှင့် ရှမ်းခေါင်းဆောင်များသည် အချင်းအချင်း အကြိတ်အနယ် ဆွေးနွေး၍ သဘောတူသော အချက်မှာ - အကယ်၍ ဗမာလူမျိုးများနှင့် လွတ်လပ်ရေး အတူရယူပါက "ဗမာလူမျိုးများ ရရှိခံစားသော အခွင့်အရေးကို မိမိတို့လည်း တန်းတူခံစားခွင့်ရစေရမည်"ဟူသောအချက်ပင်ဖြစ်သည်။ ယင်းအချက်ကို ပင်လုံညီလာခံသို့ တက်ရောက်လာကြသော ချင်း၊ ကချင်နှင့် ရှမ်းခေါင်းဆောင်များက ၁၉၄၇ ခု ဖေဖော်ဝါရီလ (၇) ရက်နေ့ သဘောတူညီချက်တွင် "ဒီမိုကရေစီအရ ဗမာများနှင့် တန်းတူအခွင့်အရေးပေးရန်" ဟု အတိအလင်းဖော်ပြခဲ့သည်။ ထိုအချက်များကို ပင်လုံစာချုပ်တွင် အတိအလင်းဖော်ပြခဲ့ပြီး Rees Williams ဦးဆောင်သော "တောင်တန်းဒေသ စုံစမ်းရေးကော်မရှင်" (FACE) ၏ အစီရင်ခံစာတွင်လည်း အတိအလင်း ဖော်ပြခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အခြားသောဗမာခေါင်းဆောင်များကလည်း တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုထဲတွင် ပူးပေါင်းပါဝင်ရန် စည်းရုံးခဲ့ရာ၌ - "ဗမာလူမျိုးများ ခံစားရရှိသော အခွင့်အရေးအားလုံးကို တိုင်းရင်းသားလူမျိုးများကိုလည်း ခံစားခွင့်ရရှိစေရမည်" ဟု ... ကတိပြုပြောကြားခဲ့သည်။ ယင်းအချက်များကို ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများတွင် ထပ်ခါတလဲလဲ တင်ပြခဲ့ကြောင်း တွေ့ရှိနိုင်သည်။

နိုင်ငံရေးအရ တန်းတူမှုဟုဆိုရာ၌ မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေး မပေးရေးနှင့် မည်သည့်လူမျိုးများ၏ အခွင့်အရေးကိုမျှ ပိတ်ပင်တားမြစ်ခြင်းမရှိစေရေး ဟူသော အချက်သည် အခရာပင်ဖြစ်သည်။ ထို့ကြောင့် "နိုင်ငံရေးအရ တန်းတူခွင့်" (Political Equality) နှင့် "လူမျိုးရေးအရတန်းတူခွင့်" (Ethnic Equality) များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် - လူတဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလအခွင့်အရေး (Individual Rights) ထက် လူမျိုးအလိုက်ခံစားခွင့်ရှိသည့် စုပေါင်းအခွင့်အရေး (Collective Rights) ကို ညွှန်းဆိုနေကြောင်း တွေ့ရမည်ဖြစ်သည်။

လူမျိုးတိုင်း နိုင်ငံရေးတန်းတူခွင့် ရှိစေရမည်ဟု ဆိုရာတွင် ထိုလူမျိုးများသည် နိုင်ငံရေးအာဏာ ပိုင်ဆိုင်မှုသာမက ထိုနိုင်ငံရေးအာဏာများကို ဥပဒေအရ ကျင့်သုံးရာတွင်လည်း တန်းတူအခွင့်အရေး ရှိစေရမည်ဟုဆိုလိုခြင်းပင်ဖြစ်သည်။ နိုင်ငံရေးအာဏာဟုဆိုရာ၌

လည်း ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ဆိုလို သည်။ ထို့ကြောင့် လူမျိုးတိုင်း နိုင်ငံရေးအရ အခွင့်အရေးတန်းတူရည်တူ ရှိစေရမည် ဟုဆိုရာ၌ - ထိုလူမျိုးများထံတွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရား စီရင်ရေးအာဏာများ အပြည့်အဝရှိစေရမည်ဟု ဆိုလိုခြင်းပင်ဖြစ်သည်။ ထိုနိုင်ငံရေး အာဏာများကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် နိုင်ငံရေးအဆောက်အဦများ (Political Institutions) ကိုလည်း လွတ်လပ်စွာ ထူထောင်ပိုင်ခွင့်ရှိစေရမည်။ ထို့ကြောင့် ဥပဒေပြုရေးအာဏာကို လွတ်လပ်စွာကျင့်သုံးနိုင်မည့် ပြည်နယ်ဥပဒေပြုလွှတ်တော်များ ကို ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်တိုင်းတွင်ထားရှိစေရမည်ဖြစ်သည်။ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များအတွက် အုပ်ချုပ်ရေးယန္တရားများကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်အစိုးရများကိုလည်း ဖွဲ့စည်းရမည်။ ထိုအမျိုးသားပြည်နယ်များတွင် လွတ်လပ်စွာ တရားစီရင်နိုင်ရေးအတွက် တရားရုံးများ ကိုလည်း လွတ်လပ်စွာ ထူထောင်ခွင့်ရှိစေရမည်။ ထို့သို့ ပြည်နယ်ဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းထားသော တရားဥပဒေနှင့်အညီအုပ်ချုပ်ပြီး တရားစီရင်နိုင်ရန်အတွက် အုပ်ချုပ်ရေး ယန္တရားနှင့် တရားစီရင်ရေးအာဏာများကိုလည်း အပြည့်အဝအပ်နှင်းထားရန် လိုအပ် သည်။ ထိုကဲ့သို့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ အပြည့်အဝ ရှိသောလူမျိုးများသာလျှင် နိုင်ငံရေးအရ တန်းတူရည်တူရှိသော လူမျိုးများ (ဝါ) ပြည်ထောင် များ (ဝါ) အမျိုးသားပြည်နယ်များ ဟုခေါ် ဆိုနိုင်မည် ဖြစ်သည်။ ဥပမာ - လူမျိုးတမျိုးထံတွင် ၎င်းနိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို အပ်နှင်းပြီး၊ အခြားလူမျိုးတွင် အုပ်ချုပ်ရေး အာဏာ တခုတည်းကိုသာ အပ်နှင်းမည်ဆိုပါက - ထိုလူမျိုး (၂) မျိုး တန်းတူဖြစ်သည်ဟု ခေါ် ဆိုနိုင် မည် မဟုတ်ပေ။

ထို့ကြောင့် နိုင်ငံရေးတန်းတူရေးဟုဆိုရာ၌ - ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသား ပြည်နယ်အားလုံးကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ များကို အပ်နှင်းစေရမည့်အပြင် ၎င်းအာဏာ (၃) ရပ်စလုံးကို လွတ်လပ်စွာ ကျင့်သုံးအကောင် အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေးအဆောက်အဦများဖြစ်သည့် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည့် ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးများကို လွတ်လပ် စွာ ဖွဲ့စည်းထူထောင်ခွင့်ပေးထားရမည်ဖြစ်သည်။ သို့မှသာ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသား ပြည်နယ်များအားလုံး နိုင်ငံရေးအရ တန်းတူအခွင့်အရေးရရှိသည်ဟု ခေါ် ဆိုနိုင်မည်ဖြစ်

သည်။ ထို့အပြင် ၎င်းအာဏာ (၃) ရပ်စလုံးကို ဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရေးအတွက် "ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ" များကိုလည်း သီးခြားလွတ်လပ်စွာဖြင့် အမျိုးသားပြည်နယ်တိုင်းတွင် ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ရှိစေရမည် ဖြစ်သည်။

ပြည်ထောင်စုစနစ်တွင် နိုင်ငံရေးတန်းတူခွင့်ကို နည်းနှစ်နည်းဖြင့် လက်တွေ့အကောင်အထည်ဖော်လေ့ရှိသည်။ ပထမနည်းမှာ - နိုင်ငံရေးအရ တန်းတူအခွင့်အရေးရှိသော အမျိုးသားပြည်နယ်များ ဖွဲ့စည်းခြင်း ဖြစ်သည်။ ဒုတိယနည်းမှာ - နိုင်ငံရေးအရ တန်းတူသော အမျိုးသားပြည်နယ်များစုပေါင်းပြီး ပြည်ထောင်စု အစိုးရကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်၏အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) တွင် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များက ဦးရေတူသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ခြင်းပင် ဖြစ်သည်။ ဤသို့ဖြင့် အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းသော ပြည်ထောင်စုစနစ်ကို ဖော်ဆောင်လေ့ရှိသည်။

**(၄) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)**

နိုင်ငံရေးတန်းတူခွင့်နှင့် သဘောတရားချင်းအတူတူ နီးစပ်ပြီး ထပ်တူအရေးကြီးသော ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြားလမ်းညွှန်မှုတရပ်မှာ "အမျိုးသားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (National Self-determination) ဖြစ်သည်။ အမျိုးသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် လူမျိုးအလိုက်ရရှိခံစားရမည့် (Collective Rights) ထဲတွင် အရေးကြီးဆုံးနှင့် အထွတ်အထိပ်ထားရမည့် အခွင့်အရေးဖြစ်သည်။ အကြောင်းမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် နိုင်ငံရေးနယ်ပယ်တွင်သာမက စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များကိုပါ လွှမ်းခြုံထားသောကြောင့် ဖြစ်သည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဟူသော နိုင်ငံရေးအတွေးအခေါ်သည် ပြင်သစ်တော်လှန်ရေးနောက်ပိုင်းတွင် ဆန်းသစ်လာသော နိုင်ငံရေးအခွင့်အရေးတရပ် ဖြစ်သည်။ ယင်းအတွေးအခေါ်အရ လူမျိုးတိုင်းတွင် မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဖန်တီးပိုင်ခွင့်ရှိစေရမည်။ မိမိတို့၏ကံကြမ္မာကို လွတ်လပ်စွာ ဖန်တီးခွင့်ရှိသောလူမျိုးများသည် မိမိတို့တိုင်းပြည်ကို မိမိတို့ဆန္ဒအတိုင်း လွတ်လပ်စွာ ထူထောင်ပိုင်ခွင့်ရှိစေရမည်ဖြစ်သည်။ ထို့ကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို "လွတ်လပ်၍ အချုပ်အခြာအာဏာ ပိုင်ဆိုင်သော အမျိုးသားနိုင်ငံကို ထူထောင်ခြင်း" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူ

သော အတွေးအခေါ် သည် ပြင်သစ်တော်လှန်ရေးအပြီး နောက်ပိုင်းကာလများတွင် ပေါက်ဖွားခဲ့သည့် ဥရောပတိုက်အတွင်းရှိ အမျိုးသားနိုင်ငံများထူထောင်ရာတွင် အဓိကအကျဆုံး နိုင်ငံရေးအတွေးအခေါ် တရပ်ဖြစ်ခဲ့သည်။

ပထမကမ္ဘာစစ်အပြီးတွင် နိုင်ငံပေါင်းချုပ်အသင်းကြီး (League of Nations) ကို ထူထောင်သောအခါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသော အတွေးအခေါ် ပြန်လည်ပြီးတခေတ်ဆန်းလာခဲ့သည်။ ထိုအချိန်တွင်မူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသော အတွေးအခေါ် သည် အမျိုးသားနိုင်ငံအသစ်များ ထူထောင်ရေးသာမက ကိုလိုနီဘဝတွင် ကျွန်ခံနေရသောလူမျိုးများ ကိုလိုနီဘဝမှ လွတ်လပ်ရေးရယူပြီး မိမိတို့အမျိုးသားနိုင်ငံများကို ပြန်လည် ထူထောင်ကြရမည် ... ဟူသော နိုင်ငံရေးမောင်းနှင်အားတခုဖြစ်ခဲ့သည်။ ထို့ကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ကိုလိုနီဘဝမှ ရုန်းထွက်ပြီး လွတ်လပ်သော အမျိုးသားနိုင်ငံများကို ပြန်လည်ထူထောင်ခဲ့ကြသည့် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကမှ လွတ်လပ်စတိုင်းပြည်များအတွက် အသက်သွေးကြောသဖွယ် အရေးကြီးသော နိုင်ငံရေးမောင်းနှင်အားတခု ဖြစ်ခဲ့သည်။

သို့ရာတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌သော်လည်းကောင်း၊ လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရာ၌သော်လည်းကောင်း၊ ပြင်သစ်တော်လှန်ရေးအစဦးအလာအရ ဖြစ်ပေါ် လာခဲ့သော လူမျိုးတမျိုး၊ နိုင်ငံတခုဆိုသည့်အခြေခံမူတွင် ဖွဲ့စည်းထူထောင်လျက်ရှိသည့် "အမျိုးသားနိုင်ငံ"ဟူသော "တပြည်ထောင်စနစ်"တွင် ကျင့်သုံးပုံကျင့်သုံးနည်းနှင့် အမေရိကန်တော်လှန်ရေးအစဦးအလာအရ ဖြစ်ပေါ်ခဲ့သော လူမျိုးပေါင်းစုံရောနှောပြီး ပြည်ထောင်များကို စုပေါင်းထားသည့် "ပြည်ထောင်စုစနစ်" တွင် ကျင့်သုံးပုံကျင့်သုံးနည်းတို့မှာ အဓိပ္ပာယ်ချင်း မတူကြပေ။ တနည်းအားဖြင့်ဆိုပါက လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်ရှိသောလူမျိုးများနှင့်ပြည်ထောင်များ ပူးပေါင်းပြီး ပြည်ထောင်စုနိုင်ငံတခုကို အတူတကွ ထူထောင်လာကြသောအခါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟူသော အဓိပ္ပာယ်သည် "အမျိုးသားနိုင်ငံ ထူထောင်ခြင်း" ဖြင့် အဆုံးသတ်၍ မရတော့ပေ။

၁၇၇၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုကို ထူထောင်ခဲ့သည်။ ၁၇၈၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် အသစ်တဖန် မွမ်းမံပြင်ဆင်ပြဋ္ဌာန်းသောအခါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ၎င်း၏လိုရင်းအနှစ်ချုပ်ဖြစ်သော အချုပ်အခြာအာဏာ၏ အဓိပ္ပာယ်ကို တနည်းတဖုံဖြင့် ဖွင့်ဆိုလာခဲ့သည်။ အမေရိကန်ပြည်ထောင်စု

သည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်ရှိသော ယခင် ဗြိတိသျှကိုလိုနီနယ် (၁၃) နယ်ဖြင့် ပူးပေါင်းဖွဲ့စည်းထူထောင်ခဲ့သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ အဆိုပါ ကိုလိုနီနယ် (၁၃) နယ်တို့သည် ဗြိတိသျှအစိုးရထံမှ လွတ်လပ်ရေးရယူပြီး သီးခြားစီဖြင့် မိမိတို့၏အမျိုးသားနိုင်ငံကို ထူထောင်ခွင့်ရှိသော်လည်း ထိုသို့သီးခြားစီဖြင့် လွတ်လပ်သော အမျိုးသားနိုင်ငံများ ထူထောင်ခြင်းမပြုဘဲ ပူးပေါင်းပြီး ပြည်ထောင်စုနိုင်ငံတခုကို အတူတကွထူထောင်ရန် သဘောတူခဲ့သည်။ ထို့ကြောင့် ၎င်းကိုလိုနီနယ်များသည် မိမိတို့၏အချုပ်အခြာအာဏာကို သီးခြားစီမကျင့်သုံးဘဲ အတူတကွ ပူးပေါင်းပြီး ကျင့်သုံးရန် သဘောတူခဲ့သည်။ တနည်းအားဖြင့်ဆိုပါက မိမိတို့ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အတိုင်းအတာတခုအထိ စွန့်လွှတ်ပြီး အခြားတဘက်တွင်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အတိုင်းအတာတခုအထိ ဆက်လက်ဆုပ်ကိုင်ထားသော စနစ်ဖြစ်သည်။ ၎င်းတို့ စွန့်လွှတ်လိုက်သော (ဝါ) အများနှင့် ပူးပေါင်းကျင့်သုံးရန် စွန့်လွှတ်သွားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သော "သီးခြားနိုင်ငံ" ဟူသည့် အချုပ်အခြာအာဏာ (Sovereign Power) ဖြစ်သည်။ အခြားတဘက်တွင် မိမိတို့လက်ထဲတွင် ဆုပ်ကိုင်ထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မှာ - နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုသည့် နယ်ပယ်များတွင် လွတ်လပ်စွာ အုပ်ချုပ်စီမံခန့်ခွဲခွင့်နှင့် လုပ်ပိုင်ခွင့်အာဏာများပင် ဖြစ်သည်။

ထို့ကြောင့် အမေရိကန်တော်လှန်ရေးနောက်ပိုင်းတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သော အမျိုးသားနိုင်ငံများ ထူထောင်ခြင်းဖြင့် အဆုံးမသတ်စေဘဲ၊ ပြည်ထောင်စုနှင့် ၎င်းပြည်ထောင်စု၏အဖွဲ့ဝင် အမျိုးသားပြည်နယ်များအကြား အာဏာခွဲဝေခြင်းကိုပါ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ အနှစ်သာရတခုအဖြစ် အလေးအနက်ထား၍ ထည့်သွင်းစဉ်းစားလာခဲ့သည်။ ယင်းကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို နှစ်မျိုးနှစ်စားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုလာခဲ့ခြင်းဖြစ်သည်။ ပထမတမျိုးမှာ "အမျိုးသားနိုင်ငံများက လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော အမျိုးသားနိုင်ငံများ ထူထောင်ခွင့်ဆိုသည့် အချုပ်အခြာအာဏာ (Sovereign Power) ရှိသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်"ဖြစ်သည်။ အခြားဒုတိယအမျိုးအစားမှာ "ပြည်ထောင်စုတခုအတွင်းရှိ အမျိုးသားပြည်နယ်များကို အပ်နှင်းထားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာနယ်ပယ်များတွင် မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဖန်တီးခွင့်ရှိသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" ဖြစ်သည်။

အမေရိကန်တော်လှန်ရေးအစဉ်အလာအရ ပြည်ထောင်စုစနစ်တွင် ကျင့်သုံးသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) ကို နိုင်ငံရေးသိပ္ပံပညာရှင်များက အကြမ်းအား ဖြင့် နှစ်မျိုးနှစ်စားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုလာကြသည်။ ပထမတမျိုးမှာ "External Self-determination" ဟုခေါ်ပြီး အခြားတမျိုးမှာ "Internal Self-determination" ဟု ခေါ်တွင်စေသည်။ External Self-determination သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သော အမျိုးသားနိုင်ငံများ ထူထောင်ခွင့်အပါအဝင်ဖြစ်သည့် အချုပ်အခြာအာဏာပိုင်ဆိုင်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဆိုလိုသည်။ Internal Self-determination မှာမူ အချုပ်အခြာအာဏာ ကို ပြည်ထောင်စုထံတွင် အပ်နှံပြီးမှ အမျိုးသားပြည်နယ်များတွင် ကျင့်သုံးခွင့်ရှိသော နိုင်ငံရေးအာဏာများ၊ စီးပွားရေးလုပ်ပိုင်ခွင့်များ၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာအခွင့် အရေးများကို အာမခံချက်ပေးသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဆိုလိုသည်။ တနည်းအားဖြင့် Internal Self-determination သည် "လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သောနိုင်ငံ ထူထောင်ခြင်း"မှအပဖြစ်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အားလုံးကို ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် "ပြည်ထောင်စုတခုအတွင်းရှိ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ် များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးရမည်"ဟုဆိုရာ၌ အဓိကဆိုလိုရင်းမှာ ၎င်းအမျိုးသား ပြည်နယ်များကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအာဏာများကို အပြည့်အဝ အပ်နှင်းထားရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အမျိုးသားပြည် နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို အပ်နှင်းထားရမည့်အပြင် လူမျိုးတိုင်းတွင် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးနှင့် စီးပွားရှာဖွေ နိုင်သော အခွင့်အရေးများကို အပြည့်အဝအာမခံချက်ပေးရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံရေးအာဏာများကို တရားနည်းလမ်းနှင့်အညီ ကျင့်သုံးဆောင်ရွက် အကောင်အထည် ဖော်နိုင်ရန်အတွက် နိုင်ငံရေးအဆောက်အဦများ (Political Institution) များကိုလည်း လွတ်လပ်စွာ ဖန်တီးထူထောင်ခွင့်ပေးရမည် ဖြစ်သည်။ ထို့ကြောင့် စစ်မှန်သောပြည်ထောင် စုစနစ်တွင် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို နိုင်ငံရေးအာဏာ တန်းတူပေး သည့်အပြင် ထိုအမျိုးသားပြည်နယ်များက မိမိတို့၏ အမျိုးသားကံကြမ္မာကို လွတ်လပ်စွာ ပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်း ခွင့်၊ ပြည်နယ်လွှတ်တော်များကို လွတ်လပ်စွာ ထူထောင်ခွင့်၊ ပြည်နယ်လွှတ်တော်ကိုယ် စားလှယ်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ပိုင်ခွင့်၊ ပြည်နယ်တရား

ရုံးများ ဖွင့်လှစ်ပြီး ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး (The rule of law) ရှိစေရန် တရားစီရင်ခြင်းများကို လွတ်လပ်စွာ လုပ်ဆောင်နိုင်စေရမည်ဖြစ်သည်။ ထို့အပြင် ပြည်နယ်အတွင်း အုပ်ချုပ်ရေးယန္တရားများ ဥပဒေနှင့်အညီ ချောမွေ့စွာ လည်ပတ်နိုင်ရန် ပြည်နယ်အစိုးရနှင့် ဒေသန္တရအုပ်ချုပ်ရေးကောင်စီများကိုလည်း အဆင့်ဆင့် ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်နိုင်စေရမည် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော တိုင်းရင်းသားလူမျိုး ခေါင်းဆောင်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အလေးအနက်ထားပြီး ပြည်ထောင်စု၏ အခြေခံလမ်းညွှန်မှုထဲတွင် ချမှတ်ပြဋ္ဌာန်းခဲ့သည်။ ပြည်ထောင်စုနိုင်ငံသစ်တခုကို အတူတကွ ထူထောင်ရန် အချုပ်အခြာအာဏာကို "ပြည်ထောင်စုထံ အပ်နှင်းရမည်" ဟု သဘောတူခဲ့သော်လည်း အခြားတဖက်တွင် ၎င်းတို့၏ အမျိုးသားပြည်နယ်များအတွင်း လွတ်လပ်စွာ စီမံအုပ်ချုပ်ပိုင်ခွင့်ရှိစေရမည်ဟူသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို စွဲမြဲစွာ ဆုပ်ကိုင်ထားခဲ့သည်။ ဤသို့အားဖြင့် အချုပ်အခြာအာဏာ (Sovereign Power) နှင့် သက်ဆိုင်သောပြဋ္ဌာန်းခွင့်ကို ပြည်ထောင်စုထံ လွှဲအပ်ထားပြီး အမျိုးသားပြည်နယ်များကို လွတ်လပ်စွာ စီမံအုပ်ချုပ်ပိုင်ခွင့်ဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (ဝါ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို မိမိတို့ဘာသာ လွတ်လပ်စွာ ကျင့်သုံးရန် သဘောတူခဲ့သည်။

**(၅) ဖက်ဒရယ်ပြည်ထောင်စုမူ (Federal Principles)**

ပြည်ထောင်စုကို စတင်ဖွဲ့စည်းစဉ်က အခြေခံသော အထက်ဖော်ပြပါ လမ်းညွှန်မှု (၄) ရပ်ကို စုပေါင်းလွှမ်းခြုံပြီး အကောင်အထည်ဖော်ဆောင်ပေးသော အခြားလမ်းညွှန်မှုတရပ်မှာ"Federal Principles" ဟုခေါ် သည့် "ဖက်ဒရယ်ပြည်ထောင်စုမူ" ဖြစ်သည်။ ထိုအခြေခံမူသည် ပြည်ထောင်စုဖွဲ့စည်းခဲ့စဉ်က အရေးအကြီးဆုံးသော ပြည်ထောင်စုလမ်းညွှန်မှုတရပ်ဖြစ်သည်ဟုဆိုပါက မှားမည်မထင်ပေ။ အကြောင်းမှာ "ပြည်ထောင်စု အဖွဲ့ဝင် အမျိုးသားပြည်နယ်များ မိမိတို့ဆန္ဒသဘောထားနှင့်အညီ ပြည်ထောင်စုအဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ခြင်း" (Voluntary Association)၊ "တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရသော်လည်းကောင်း၊ လူမျိုးရေးအရသော်လည်းကောင်း တန်းတူရည်တူ အခွင့်အရေးပေးထားခြင်း" (Equality)၊ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" (Self-determination) တို့ကို ပြည်ထောင်စုစနစ်မှအပ အခြားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းအကောင်အထည်ဖော်၍ မရသောကြောင့်

ဖြစ်သည်။ ဆိုလိုသည်မှာ - Voluntary Association, Equality, Self-determination တို့ကို "တပြည်ထောင်စနစ်" ဖြင့် ပြဋ္ဌာန်းအကောင်အထည်ဖော်၍ မရနိုင်ပေ။ "ပြည်ထောင်စုစနစ်" ဖြင့်သာ ပြဋ္ဌာန်းအကောင်အထည်ဖော်မှ ရနိုင်သည်။

အမှန်စင်စစ် ပြည်ထောင်စုစတင်ဖွဲ့စည်းရသည့် အခြေခံ၏ စတုတ္ထမူဖြစ်သော ဖက်ဒရယ်ပြည်ထောင်စု မူ (Federal Principles) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုက်ရိုက်သက်ဆိုင်သောအခြေခံမူဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောနေထိုင်သော နိုင်ငံသစ်ကို ထူထောင်သောအခါ တပြည်ထောင်စနစ်ဖြင့် ထူထောင်မည်လော... သို့တည်းမဟုတ် ပြည်ထောင်စုစနစ်ဖြင့် ထူထောင်မည်လော... ဟူသော မေးခွန်းနှင့်သက်ဆိုင်နေသည်။ ထိုမေးခွန်းကို ပထမဦးဆုံးမေးမြန်းပြီး မိမိကိုယ်တိုင် အဖြေမှန်ကိုပေးခဲ့သူမှာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်သည်။ သူက-

> When we build our new Burma, shall we build it as a Union or as a Unitary State? In my opinion it will not be feasible to set up a Unitary State. We must set up a Union with properly regulated provisions to safeguard the rights of the national minorities.

ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်းက အသစ်ဖွဲ့စည်းမည့် နိုင်ငံသစ်ကို "ပြည်ထောင်စုစနစ်" ဖြင့် ဖွဲ့စည်းနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တရပ်ကို ၁၉၄၇ ခုနှစ် မေလတွင် ကျင်းပခဲ့သော ဖဆပလ ပြင်ဆင်မှုပဏာမ ညီလာခံတွင်တင်သွင်းခဲ့ပြီး ညီလာခံအတည်ပြုချက်ကို ရယူနိုင်ခဲ့သည်။ ထိုမှတဆင့် တိုင်းပြုပြည်ပြု လွှတ်တော်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်လမ်းညွှန်အခြေခံမူ (၇) ချက်ကိုလည်း တင်သွင်းအတည်ပြုချက်ကို ရယူနိုင်ခဲ့သည်။

၁၉၄၇ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းကို ပါရဂူဘွဲ့အတွက် ကျမ်းတစောင်ရေးသားခဲ့သော ဒေါက်တာမောင်မောင်၏အဆိုအရ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးများ၏ခေါင်းဆောင်များ ရည်ရွယ်ထားသော ပြည်ထောင်စုစနစ်မှာ - ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ပေးအပ်စေခြင်းငှာ၊ ထိုအမျိုးသားပြည်နယ်များအတွက် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ သီးခြားစီဖြင့် ရေးဆွဲပြဋ္ဌာန်းရမည့်အပြင် ပြည်နယ်ဥပဒေပြုအာဏာ၊ ပြည်နယ်

အုပ်ချုပ်ရေးအာဏာနှင့် ပြည်နယ်တရားစီရင်ရေးအာဏာတို့ကို စီမံခန့်ခွဲမည့် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်တို့ကို သီးခြားဖွဲ့စည်းပြီး တာဝန်ပေးအပ်ရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ရေးသားခဲ့သည်။

> The original idea was that the Union States, should have their own separate constitutions, their own organs of state, viz Parliament, Government and Judiciary.

ထို့အပြင် အမျိုးသားပြည်နယ် (ဝါ) ပြည်ထောင်များ တန်းတူရည်တူ ပူးပေါင်းပြီး ပြည်ထောင်စုနိုင်ငံသစ်တခုကို အတူတကွ ထူထောင်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော် (၂) ရပ် ထားရှိရမည်ဖြစ်ပြီး အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) တွင် ပြည်နယ် ကြီးသည်၊ သေးသည်မဟူ ဦးရေတူညီသော လွှတ်တော်ကိုယ်စားလှယ်များကို အညီအမျှစေလွှတ်ကြရမည်ဖြစ်သည်။ ယင်းအချက်ကို သမိုင်းပညာရှင် Joesef Silverstein က အောက်ပါအတိုင်း ရေးသားခဲ့သည်။

> At the Panglong Conference in 1947, the Chin, Kachin, Shan and other non-Burman nationalities were promised the right to exercise political authority of [administrative, judiciary, and legislative powers in their own autonomous national states] and to preserve and protect their language, culture, and religion in exchange for voluntarily joining the Burman in forming a political union and giving their loyalty to a new state.

ထို့ကြောင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ် (ဝါ) ပြည်ထောင်စု "မူ" ကို သေချာစွာ လေ့လာဆန်းစစ်သောအခါ အဓိကအချက်ကြီး (၂) ချက် ပါဝင်ကြောင်း တွေ့ရမည် ဖြစ်သည်။

ပထမအချက်မှာ - ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အာဏာအပြည့်အဝရှိသော အမျိုးသားပြည်နယ်များကို အခြေခံ၍ ဖွဲ့စည်းရေးပင်ဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အမျိုးသားပြည်နယ်များ ဟု ဆိုရာ၌ ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များအားလုံး

ကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများ အပြည့်အဝအပ်နှင်းထားရမည်ဖြစ်ပြီး ထိုနိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို လွတ်လပ်စွာ အကောင်အထည်ဖော်ကျင့်သုံးနိုင်ရန်အတွက် ပြည်နယ်ဥပဒေပြုလွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးများကို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထူထောင်ခွင့်ရှိစေရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဒုတိယအချက်မှာ - ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်း၍ ပြည်ထောင်စုကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်တွင် အာဏာတူလွှတ်တော် (၂) ရပ် ထားရှိရမည်။ အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) တွင် အမျိုးသားပြည်နယ်များမှ ဦးရေတူညီသောကိုယ်စားလှယ်များကို စေလွှတ်ကြရမည်ဖြစ်သည်။ သို့မှသာ အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းပြီး ဖွဲ့စည်းထားသော ပြည်ထောင်စုဆိုသည့် တန်းတူရေးအနှစ်သာရကို အပြည့်အဝအကောင်အထည် ဖော်နိုင်မည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုပါက ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုး ခေါင်းဆောင်များ ပင်လုံတွင် မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ်မှာ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule) နှင့် ထိုအမျိုးသားပြည်နယ်များ ပူးပေါင်းဖွဲ့စည်းသည့် ပြည်ထောင်ကို စုပေါင်းအုပ်ချုပ်သည် (Shared-rule) တို့ကို ပေါင်းစပ်ထားသည့်စနစ်ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုမူ၏ ပထမအချက်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် အမျိုးသားပြည်နယ်များ ဖွဲ့စည်းအုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး ဒုတိယအချက်မှာ အမျိုးသားပြည်နယ်များနှင့် ပြည်ထောင်စုဆက်ဆံရေးနှင့် အာဏာခွဲဝေရေး (State-Federal Relations, and Division of Powers between State and Federal Governments) ကို ရည်ညွှန်းထားခြင်းဖြစ်သည်။

**(၆) လူနည်းစုများ၏ အခွင့်အရေးကို အကာအကွယ်ပေးခြင်း**

**(Minority Rights)**

ပြည်ထောင်စုစနစ်ဖြင့် နိုင်ငံတခုကို ထူထောင်ရာတွင် အခြေခံရမည့်အချက်မှာ ပြည်ထောင်များ (ဝါ) အမျိုးသားပြည်နယ်များဖြစ်သည်။ တနည်းအားဖြင့်ဆိုပါက ပြည်

ထောင်များကို စုစည်းပေါင်းစပ်ပြီး ဖွဲ့စည်းထားသည့် ပြည်ထောင်စုစနစ်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုကို စတင်ဖွဲ့စည်းစဉ်က ကိုလိုနီခေတ်တွင် ဖွဲ့စည်းပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေများအရ ဖွဲ့စည်းခဲ့သော ပြည်ထောင်များနှင့် ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေ အရ ပြည်ထောင်စုအဖွဲ့ဝင်ဖြစ်လာသော ကရင်နီပြည်ကို မဏ္ဍိုင်ပြု၍ ပြည်ထောင်စုမြန်မာ နိုင်ငံကို စတင်ထူထောင်ခဲ့ကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။

ထိုပြည်ထောင်များကို ပြန်လည်ဆန်းစစ်ကြည့်ပါက မည်သည့်ပြည်ထောင်မျှ လူမျိုး တမျိုးတည်းဖြင့် ထူထောင်ခဲ့သော ပြည်ထောင်များမဟုတ်ခဲ့ပေ။ ဥပမာ 1935 Burma Act အရဖွဲ့စည်းခဲ့သည့် Buma Proper or Ministerial Burma တွင် ဗမာလူမျိုးများသာမက ကရင်၊ မွန်နှင့် ရခိုင်လူမျိုးများ ပါဝင်အကျုံးဝင်စေခဲ့သည်။ ၁၈၉၆ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော Chin Hills Regulation သည်လည်း ချင်းလူမျိုးများသာမက ယနေ့ အိန္ဒိယနှင့် မြန်မာနိုင်ငံတွင် ပြန့်ကျဲစွာနေထိုင်ကြသော နာဂလူမျိုး၊ ယနေ့ အိန္ဒိယနိုင်ငံ၊ မဏိပူပြည်နယ်မှ လူမျိုးများနှင့် မေဃလိုင်းပြည်နယ် (Shillong မြို့ ၏ မြူနီစီပယ်မှအပ) တခုလုံးရှိ လူမျိုးများကိုလည်း အကျုံး ဝင်စေခဲ့သည်။ ထို့ပြင် ပြည်ထောင်စု ရှမ်းပြည် (Federated Shan State) ကို ကြည့်ပါကလည်း ရှမ်းလူမျိုးများ သာမက ပအိုဝ်း၊ ပလောင်၊ ဝ၊ လားဟူ စသော လူမျိုးပေါင်းစုံ ရှမ်းပြည်တွင် ရောနှောနေထိုင်ကြောင်းကို တွေ့ရမည် ဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုနိုင်ငံတခုကို ထူထောင်ရာတွင် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်တခုအတွင်းရှိ လူမျိုးစုများနှင့် လူနည်းစုများ၏အရေးကို အထူးတလည် စဉ်းစားရန် လိုအပ်သည်။ ထိုလူနည်းစုများ၏အခွင့်အရေးကို နည်းမျိုးစုံဖြင့် တရားဥပဒေနှင့် အညီ ကာကွယ်ပြဋ္ဌာန်းပေးရန် အထူးလိုအပ်သည်။

ဗိုလ်ချုပ်အောင်ဆန်း အဆိုပြုချက်အရ ၎င်းပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည် နယ်များအတွင်းရှိ လူနည်းစုများ၏အခွင့်အရေးများကို ထိထိရောက်ရောက် ကာကွယ်ပေး နိုင်ရေးအတွက် ၎င်းလူနည်းစုများ နေထိုင်ရာဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများ (Autonomous Regions)၊ အမျိုးသားနယ်မြေများ (National Areas) သတ်မှတ်ပေးရမည်ဟု ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ရေးဆွဲပြီး ၁၉၄၇ မေလတွင် ကျင်းပခဲ့သော ဖဆပလညီလာခံ တွင် တင်သွင်းအတည်ပြုချက်ရယူခဲ့သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) တွင် အတိ အလင်းထည့်သွင်းပြဋ္ဌာန်းခဲ့သည်။

## (၇) ဒီမိုကရေစီအခွင့်အရေးနှင့် အခြားအခွင့်အရေးများ

(Democracy and Fundamental Rights)

ပြည်ထောင်စုစတင်ဖွဲ့စည်းစဉ်က အခြေခံခဲ့သော အခြားလမ်းညွှန်မှုတရပ်မှာ လူမျိုးမရွေး၊ ဘာသာ မရွေး၊ ကျား/မ မရွေး၊ ဆင်းရဲချမ်းသာမရွေး ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး၏ ဒီမိုကရေစီအခွင့် အရေးများနှင့် အခြေခံလူ့အခွင့်အရေးများကို အပြည့်အဝခံစားနိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းကာကွယ်ပေးရမည် ဟူသောအချက်ဖြစ်သည်။

ဒီမိုကရေစီအခွင့်အရေးဟုဆိုရာ၌ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နှင့် လွတ်လပ်စွာ အသင်းအပင်းများ စည်းရုံးဖွဲ့စည်းခွင့်များ အပါအဝင် လွတ်လပ်စွာ ပညာရပ်မှီးပိုင်ခွင့်၊ စီးပွားဥစ္စာရှာမှီးပိုင်ခွင့်၊ အရွယ်ရောက်သူတိုင်း လွတ်လပ်စွာဆန္ဒမဲပေးပိုင်ခွင့်၊ အရွေးခံပိုင်ခွင့်စသော တသီးပုဂ္ဂလအခွင့်အရေး (Individual Rights) များပါဝင်သည်။

ထို့ပြင် ပြည်ထောင်စုအတွင်းရှိ နိုင်ငံသားအားလုံး ဇာတိမရွေး၊ ကိုးကွယ်ယုံကြည်ရာဘာသာမရွေး၊ ယောကျ်ား မိန်းမ မရွေး၊ လူမျိုးမရွေး တရားဥပဒေအရာတွင် တန်းတူညီမျှမှု ရှိစေရမည်ဖြစ်သည်။ ယင်းသည် လူသားတဦးချင်းစီအလိုက် ခံစားခွင့်ရှိသည့် တန်းတူညီမျှမှုအခွင့်အရေးဖြစ်သည်။

## (၈) ပါတီစုံဒီမိုကရေစီစနစ်

(Multi-Party Democracy System)

ပြည်ထောင်စုကို စတင်ဖွဲ့စည်းစဉ်က အခြေခံသောလမ်းညွှန်အခြေခံမှုများအနက် ပါတီစုံဒီမိုကရေစီစနစ်သည် အလွန်အရေးကြီးသော အခြေခံမှုတရပ်ဖြစ်သည်။ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် အမျိုးသားခေါင်းဆောင်အသီးသီးက ထိုအချက်ကို ကောင်းစွာနားလည်သဘောပေါက်လက်ခံခဲ့ကြသည်။ သို့သော် အချို့သောခေါင်းဆောင်များက ပါတီစုံဒီမိုကရေစီစနစ်ကို နားလည်သဘောပေါက်မှုအားနည်းခဲ့သည်။

ထိုစဉ်အခါက ဗမာနိုင်ငံရေးခေါင်းဆောင်အများစုသည် လက်ဝဲဝါဒလွှမ်းမိုးမှုကို အနည်းနှင့်အများ ခံခဲ့ရသည်။ ထို့ကြောင့် ကွန်မြူနစ်ပါတီနှင့် အခြားသောဆိုရှယ်လစ်ပါတီများရှိ အစွန်းရောက်လက်ဝဲဝါဒီများသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကြိုက်နှစ်သက်ခြင်းမရှိပေ။ အခြားအစွန်းတဘက်တွင်လည်း ဖက်ဆစ်ဂျပန် နှင့် နာဇီဂျာမဏီအာဏာရှင်စနစ်ကို သဘောကျခဲ့သော လက်ယာစွန်းဝါဒီများလည်း ရှိခဲ့သည်။

ထို့ပြင် ချင်း၊ ကချင်၊ ရှမ်းနှင့် အခြားသော တိုင်းရင်းသားလူမျိုးများသည် ရှမ်းပြည်တွင် စော်ဘွားစနစ်၊ ကရင်နှင့် ကရင်နီပြည်များတွင် စော်ကဲနှင့် စောဖျာစနစ်၊ ကချင်ပြည်တွင် ဒူဝါစနစ်နှင့် ချင်းပြည်တွင် ရမ်အုပ် အုပ်ချုပ်ရေးစနစ်စသည့် ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်များကို ကျင့်သုံးနေဆဲဖြစ်သဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို သဘောပေါက်နားလည်သူနည်းပါးသေးသည်။

သို့ရာတွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားမှုကြောင့် ဒီမိုကရေစီအခွင့်အရေးများကို အသစ်ဖွဲ့စည်းထူထောင်မည့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းနိုင်ခဲ့ပြီး ပါတီစုံစနစ်ကိုလည်း လွတ်လပ်စွာ ကျင့်သုံးနိုင်ခဲ့ခြင်း ဖြစ်သည်။ သို့သော် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို (၁၂) နှစ်မျှသာ ကျင့်သုံးနိုင်ခဲ့ပြီး - လက်ဝဲလက်ယာအစွန်းရောက်နိုင်ငံရေးသမားများနှင့် မဟာလူမျိုးကြီးဝါဒကိုကိုင်စွဲကာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ပိတ်ပင်ခဲ့သော ဗိုလ်ချုပ်နေဝင်းနှင့်အပေါင်းအပါ စစ်ဝါဒီများက ပါတီစုံဒီမိုကရေစီစနစ်ကို ဖျက်သိမ်းခဲ့သည်။ တပါတီအာဏာရှင်စနစ်နှင့် စစ်အာဏာရှင်စနစ်များကို ထူထောင်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းပြည်တွင် ဒီမိုကရေစီအခွင့်အရေးများ ဆုံးရှုံးခြင်း၊ လူ့အခွင့်အရေးများ ချိုးဖောက်ခြင်းနှင့် အနှစ်ငါးဆယ်ကျော် ပြည်တွင်းစစ်အပါအဝင် အမျိုးမျိုးသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာပေါင်းစုံကို ယနေ့တိုင် ခါးသီးစွာ ခံစားနေရခြင်းဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံလမ်းညွှန်မှုအဖြစ် ကျင့်သုံးရာတွင် အဓိကအချက် (၂) ချက် ပါဝင်သည်။ ပထမအချက်မှာ "ဒီမိုကရေစီအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေက အာမခံချက်ပေးရမည်" ဟူသောအချက်ဖြစ်သည်။ ဒီမိုကရေစီအခွင့်အရေးဟုဆိုရာ၌လည်း လွတ်လပ်စွာ ရေးသားပြောဆိုခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်၊ လွတ်လပ်စွာ ဆန္ဒမဲပေးပိုင်ခွင့်၊

အရွေးခံပိုင်ခွင့်၊ လွတ်လပ်စွာ ပညာရှာမှီးပိုင်ခွင့်နှင့် အသက်မွေးဝမ်းကျောင်း ပိုင်ခွင့်စသော တသီးပုဂ္ဂလအခွင့်အရေးများပါဝင်သည်။

ဒုတိယအချက်မှာ "ဖွဲ့စည်းထူထောင်မည့် နိုင်ငံသစ်တွင် ကျင့်သုံးမည့် နိုင်ငံရေးစနစ်သည် ပါတီစုံစနစ်"ဖြစ်သည်ဟူသောအချက်ဖြစ်သည်။ ပါတီစုံစနစ်သည် ဒီမိုကရေစီစနစ်အောက်တွင်သာ ထွန်းကားနိုင်သောကြောင့် ပါတီစုံစနစ်နှင့် ဒီမိုကရေစီစနစ်ကို ခွဲခြားပိုင်းဖြတ်ခြင်းမပြုဘဲ ပူးတွဲပြီးကျင့်သုံးခြင်းဖြစ်သည်။ ထိုအခြေခံလမ်းညွှန်မှု၏ ဆိုလိုရင်းသည် - ပြည်ထောင်စုမြန်မာနိုင်ငံကို လူတစု၊ ဝါဒတခု၊ အဖွဲ့အစည်းတရပ် (ဝါ) ပါတီတခု၊ လူမျိုးတမျိုးတည်းသာ အစဉ်အမြဲ အုပ်ချုပ်မင်းလုပ်လွှမ်းမိုးခြင်း မရှိစေရပေ။ လူမျိုးပေါင်းစုံ၊ ပါတီပေါင်းစုံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက်သော်လည်းကောင်း၊ အများအကျိုးကိုရည်စူးပြီး တိုင်းပြည်ကို တရားဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ စီမံအုပ်ချုပ်နိုင်ရန်အတွက်သော်လည်းကောင်း ပါတီပေါင်းစုံမှ တရားမျှတပြီး လွတ်လပ်သော ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကာ ပြည်သူလူထုဆန္ဒနှင့်အညီ သတ်မှတ်ထားသော သက်တမ်းကာလအတွင်း အလှည့်ကျစီမံအုပ်ချုပ်ခွင့် ရှိစေရမည်ဟူသော နိုင်ငံရေး သဘောတရားဖြစ်သည်။

## (၉) ဘာသာရေးကို အခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်

**(Secular State)**

ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုနိုင်ငံတော်သစ်တခုကို အတူတကွထူထောင်ရန် သဘောတူညီခဲ့ကြသော တိုင်းရင်းသားလူမျိုးများကို လေ့လာကြည့်ပါက လူမျိုးပေါင်းစုံ၊ ဘာသာစကား ပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံနှင့် ကိုးကွယ်ယုံကြည်မှုဘာသာရေးပေါင်းစုံမှလာကြသည်ကို တွေ့ရမည်။ ထို့ကြောင့် ထိုကဲ့သို့ လူမျိုးပေါင်းစုံ၊ ကိုးကွယ်မှုဘာသာပေါင်းစုံ ရောနှောနေထိုင်သော တိုင်းပြည်တွင် မည်သည့်ဘာသာကိုမျှ နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းရန် မသင့်ပေ။ ထိုနည်းတူ ဘာသာရေးကိုအခြေခံသော နိုင်ငံရေးစနစ်ကိုလည်း လုံးဝမတည်ဆောက်၊ မကျင့်သုံးသင့်ပေ။

သို့သော် လွတ်လပ်ရေးအကြိုကာလတွင် လွတ်လပ်ရေးရရှိသောအခါ ဗုဒ္ဓဘာသာကို နိုင်ငံတော်၏ကိုးကွယ်ရာဘာသာအဖြစ် ပြဋ္ဌာန်းသင့်ကြောင်း အဆိုပြုချက်များပေါ်ခဲ့သည်။ ဥပမာ - ဒီးဒုတ်ဦးဘချို က "ဗုဒ္ဓဘာသာကို နိုင်ငံတော်၏ ကိုးကွယ်ရာဘာသာအဖြစ် မပြဋ္ဌာန်းနိုင်ပါက လွတ်လပ်ရေးသည် အနှစ်သာရ ကင်းမဲ့သော အတုအယောင်လွတ်လပ်ရေးမျှသာ

ဖြစ်သွားမည်" ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ သို့ရာတွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ထိုအဆိုကို လုံးဝပယ်ချခဲ့သည့်အပြင် ဘာသာရေးနှင့် နိုင်ငံရေးကို မရောထွေးသင့်ကြောင်း အောက်ပါအတိုင်း ပြောကြားခဲ့သည်။

> Religion is matter of individual conscience, while politics is social science. We must see to it that the individual enjoys his rights, including the right to freedom of religious belief and worship. We must draw clear lines beetween politics and religion because the two are not the same thing. If we mix religion with politics, then we offend the spirit of religion itself.

ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးဆွဲပြီး ၁၉၄၇ မေလတွင် ကျင်းပခဲ့သော ဖဆပလညီလာခံ၌ တင်သွင်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းဖော်ပြခဲ့သည်။

14 (1). The abuse of the church or of religion for political purposes is forbidden

14 (2). The state shall observe neutrality in religious matters.

14 (3). Religious communities whose teaching is not contray to the Constitution are free in practice and exercise of their religion and religious ceremonies and are also free to have schools for the education of priests: but schools shall, however, be under the general supervision of the State.

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက် ၁၉၄၇ စက်တင်ဘာလ (၂၄) ရက်တွင် ပြဋ္ဌာန်းအတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၁)။ (၁) တွင် "ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်၏ နိုင်ငံသားအများဆုံးကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့်ဘာသာကြီးဖြစ်သည်ဟု ပြည်ထောင်စုနိုင်ငံတော်က အသိအမှတ်ပြုသည်" ဟု ဗိုလ်ချုပ်အောင်ဆန်း၏ မူရင်းပုဒ်မကို ပြောင်းလဲခဲ့သည်။ ယင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဘာသာရေးကို အခြေခံသော နိုင်ငံရေးပဋိပက္ခများ ဖြစ်ပေါ်လာစေရန် လမ်းကြောင်းဖွင့်ပေးခဲ့သော မှားယွင်းမှုကြီးဖြစ်သည်။ တနည်းအားဖြင့် မူလလမ်းညွှန်အခြေခံမူမှ သွေဖည်သွားခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော ဘာသာရေးကို အခြေခံသည့် နိုင်ငံရေးပြဿနာတခု ဖြစ်လာခဲ့သည်။

## (၁၀)ခွဲထွက်ခွင့်

**(Right to Secession)**

ပြည်ထောင်စု စတင်ဖွဲ့စည်းစဉ်က ချမှတ်ခဲ့သော အခြေခံလမ်းညွှန်များကို ပြန်လည်သုံးသပ်ကြည့်ပါက လမ်းညွှန်မှု (၁) မှ (၉) အထိသည် နိုင်ငံတော်ဖွဲ့စည်းမှုပုံသဏ္ဌာန် (Form of State) နှင့် နိုင်ငံတော်အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန် (Form of Government) နှင့် နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးများကို အာမခံချက် ပေးနိုင်ရန်အတွက် အခြေခံရမည့် အခြေခံလမ်းညွှန်မှုများဖြစ်သည်။ ထိုလမ်းညွှန်မှု (၉) ရပ်တွင် ပါဝင်သည့် - နိုင်ငံတော် ဖွဲ့စည်းမှုပုံသဏ္ဌာန်နှင့် အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်များကို ပြန်လည်ချုပ်ကိုင်ပဲ့ထိန်းပေးသော လမ်းညွှန်မှုအားလုံး၏ အခေါင်အချုပ်တရပ်မှာ "ပြည်ထောင်စုထံမှ မိမိတို့ဆန္ဒအတိုင်း ခွဲထွက်လိုက ခွဲထွက်ခွင့်ရှိစေရမည်" ဟူသော "ခွဲထွက်ခွင့်" ပင်ဖြစ်သည်။

ခွဲထွက်ခွင့် (Right to Secession) ၏ အနှစ်သာရကို ပြန်လည်ဆန်းစစ်ပါက အောက်ပါအချက်များကို တွေ့ရမည်။ ယင်းတို့မှာ အသစ်ဖွဲ့စည်းထူထောင်မည့် နိုင်ငံတော်သည် ပြည်ထောင်စုစနစ်ဖြစ်ရမည်။ ထိုပြည်ထောင်စု၏ အဖွဲ့ဝင်အမျိုးသားပြည်နယ်များသည် ပြည်ထောင်စုအဖွဲ့ဝင်အဖြစ် မိမိတို့၏လွတ်လပ်သော ဆန္ဒသဘောထားနှင့်အညီ လွတ်လပ်စွာ ဆုံးဖြတ်ပြီး ပြည်ထောင်စုအဖွဲ့ဝင်အဖြစ်ပါဝင်စေရမည်။ ထိုသို့ အဖွဲ့ဝင်ပြည်နယ်အဖြစ် ပါဝင်လာသော အမျိုးသားပြည်နယ်များသည် နိုင်ငံရေးအရသော်လည်းကောင်း၊ လူမျိုးရေးအရသော်လည်းကောင်း တန်းတူရည်တူအခွင့်အရေး ရှိစေရမည်။ ထို့အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် မိမိတို့ကံကြမ္မာကို လွတ်လပ်စွာ ပြဋ္ဌာန်းနိုင်ရန်အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိစေရမည်။ ဆိုလိုသည်မှာ - ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို အပြည့်အဝ အပ်နှင်းပေးထားရမည်။ ၎င်းအပြင် အမျိုးသားပြည်နယ်များ တန်းတူရည်တူ ပူးပေါင်းပြီး ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းသောအခါ အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) တွင် အမျိုးသားပြည်နယ်များမှ ဦးရေတူညီသော လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ရမည်။ သို့မှသာ "တန်းတူ၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော အမျိုးသား ပြည်နယ်များဖြင့် ပူးပေါင်းဖွဲ့စည်းသည့် ပြည်ထောင်စုစနစ်" ဟူသော အနှစ်သာရက ပေါ်လွင်ထင်ရှားမည်ဖြစ်သည်။

ထို့ပြင် အမျိုးသားပြည်နယ်များအတွင်းရှိ လူနည်းစုများ၏ အခွင့်အရေးများကို အာမခံချက်ပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရမည်။ နိုင်ငံသားအားလုံး၏မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော အခြေခံလူ့အခွင့်အရေးများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အပြည့်အဝ ကာကွယ်ပြဋ္ဌာန်းပေးရမည်။ ဒီမိုကရေစီကျင့်စဉ်တရားများကို အပြည့်အဝအကောင်အထည်ဖော် ကျင့်သုံးနိုင်ရန်အတွက် ပါတီစုံဒီမိုကရေစီစနစ်ကို ဤနိုင်ငံတွင် ကျင့်သုံးရမည်။ နိုင်ငံရေးနှင့် ဘာသာရေးရောစပ်ခြင်း အလျှင်းမရှိစေရ။ ထို့ကြောင့် ဤနိုင်ငံသည် ဘာသာရေးကို အခြေမခံသော (Secular State) ဖြစ်စေရမည်။ ထို့ပြင် ပြည်ထောင်စုအတွင်း မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒများ မပေါ်ပေါက်နိုင်ရေးအတွက် နိုင်ငံတော်ဖွဲ့စည်းမှုပုံသဏ္ဌာန် (Form of State) သာမက၊ အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန် (Form of Government) ကိုပါ ဥပဒေနှင့်အညီ ပြဋ္ဌာန်းစေရမည်။

ထိုသို့နိုင်ငံတော်ဖွဲ့စည်းမှုပုံသဏ္ဌာန်နှင့် အစိုးရဖွဲ့စည်းမှုပုံသဏ္ဌာန်တွင် မိမိတို့ သဘောတူညီချက်အတိုင်း ကျင့်သုံးခြင်းမရှိပါကသော်လည်းကောင်း၊ အထက်ပါလမ်းညွှန်မှုများမှ သွေဖည်သွားသည်ဟု ယူဆပါကသော်လည်းကောင်း ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များသည် ပြည်ထောင်စုထဲမှ လွတ်လပ်စွာ ခွဲထွက်နိုင်သည် ... ဟု ၁၉၄၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၀)၊ ပုဒ်မ (၂၀၁) နှင့် (၂၀၂) များတွင် အတိအလင်းပြဋ္ဌာန်းခဲ့သည်။

အထက်ဖော်ပြပါ လမ်းညွှန်အခြေခံမှု (၁၀) ချက်သည် ပြည်ထောင်စု စတင်ဖွဲ့စည်းစဉ်က အခြေခံခဲ့ သော ပြည်ထောင်စု၏ အသက်သွေးကြောများဖြစ်သည်။ ထိုလမ်းညွှန်အခြေခံမှုများသာ မရှိခဲ့လျှင် ပြည်ထောင်စုကို မည်သည့်နည်းနှင့်မျှ ထူထောင်နိုင်ခဲ့ကြမည် မဟုတ်ပေ။ ထို့ကြောင့် ယင်းလမ်းညွှန် အခြေခံမှုများသည် ပြည်ထောင်စုပြန်လည်တည်ဆောက်ရေးအတွက် အနည်းနှင့်အများ အထောက်အကူပြုလိမ့်မည် ဟု မျှော်လင့်ယုံကြည်သည်။

## ဒုတိယပိုင်း

## လွတ်လပ်ရေးရပြီးနောက်ပိုင်း စစ်မှန်သော ပြည်ထောင်စုစနစ် ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းမှုများ

ပြည်ထောင်စုမြန်မာနိုင်ငံကို ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေး စသည့် အခြေခံမှုများတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သို့သော် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက်ပိုင်းတွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပင်လုံစိတ်ဓါတ်မှ သွေဖည်ပြီး အထက်တွင် ဖော်ပြခဲ့သော ပြည်ထောင်စု၏အခြေခံလမ်းညွှန်မှုများ တခုချင်းကို သစ္စာဖောက်သွားခဲ့သည်။ ထို့ကြောင့် တိုင်းပြည်တွင် အနှစ်ငါးဆယ်ကျော် ပြည်တွင်းစစ်နှင့် ရင်ဆိုင်နေရပြီး ဒီမိုကရေစီ ဆိတ်သုဉ်းခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို နေ့စဉ်နှင့်အမျှ တိုင်းရင်းသား ပြည်သူလူထုတရပ်လုံးက ခါးစည်းခံစားနေရသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုး ခေါင်းဆောင်များ ပင်လုံတွင်မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ်မျိုးကို ပြန်လည်တည်ဆောက်နိုင်ရန် ယနေ့အထိ မိမိတို့ရုန်းကန်တိုက်ပွဲဝင်နေရခြင်း ဖြစ်သည်။

လွတ်လပ်ရေးရပြီး ၁၉၄၈ မှ ၁၉၈၈ အကြား စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု စနစ်ဖြင့် နိုင်ငံကို ပြန်လည်ဖွဲ့စည်းတည်ထောင်ရန် မည်သို့မည်ပုံကြိုးပမ်းခဲ့ကြောင်း မဖော်ပြမီ - ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုစနစ်မှ မည်သို့မည်ပုံလမ်းလွဲခဲ့ကြောင်း ကို ပထမဦးစွာ ဖော်ပြလိုသည်။ ပြည်ထောင်စုစနစ်၏ အခြေခံလမ်းညွှန်မှုများမှ လမ်းလွဲ စေခဲ့သော ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အဓိကအားနည်းချက် (၃) ချက်ရှိခဲ့သည်။

ပထမအားနည်းချက်မှာ - "ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များကို ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာများ အပြည့်အဝ အပ်နှင်းခြင်းမရှိ"သောအချက် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုအရ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များသည် မိမိတို့၏ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရ၊ ပြည်နယ်တရားရုံးများကို ထူထောင်ခွင့် ရှိစေရမည်။ ၎င်းအပြင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာများကို လွတ်လပ်စွာ ကျင့်သုံးပြဋ္ဌာန်းခွင့်ရရှိရန်အတွက် အမျိုးသားပြည်နယ်

အသီးသီးတွင် မိမိတို့၏ အမျိုးသားပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို သီးခြားလွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိစေရမည်။ သို့ရာတွင် ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နိုင်ငံရေးအာဏာများ အပ်နှင်းခြင်း မပြုခဲ့ပေ။ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကိုလည်း သီးခြားလွတ်လပ်စွာ ရေးသားပြဋ္ဌာန်းခြင်းမပြုဘဲ ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ၏ အစိတ်အပိုင်းအဖြစ် တင်းကျပ်စွာ ပူးတွဲပြဋ္ဌာန်းခဲ့သည်။ ဤသို့ဖြင့် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များသည် မိမိကံကြမ္မာကို လွတ်လပ်စွာ ပြဋ္ဌာန်းခွင့်မဆိုထားဘိ၊ မိမိတို့၏အမျိုးသားပြည်နယ်ရေးရာများကိုပင် လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့် ဆုံးရှုံးခဲ့သည်။

ဒုတိယအားနည်းချက်မှာ "ပြည်ထောင်စုလွှတ်တော်ထဲမှ လူမျိုးစုလွှတ်တော်ခေါ် အထက်လွှတ်တော်တွင် အမျိုးသားပြည်နယ်များက ဦးရေတူညီသော လွှတ်တော်ကိုယ်စားလှယ်များကို အညီအမျှစေလွှတ်ရမည်"ဖြစ်သော်လည်း အောက်လွှတ်တော်ကဲ့သို့ လူဦးရေအချိုးအစားကို အခြေခံပြီး ရွေးချယ်စေလွှတ်ခဲ့သောကြောင့် တန်းတူရေး ဟူသော အနှစ်သာရ ကင်းမဲ့ခဲ့သည်။ လူဦးရေပိုများသော ဗမာ (ဝါ) မြန်မာလူမျိုးများက အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တွင် နိုင်ငံရေးအရ လွှမ်းမိုးထိန်းချုပ်ခဲ့သည်။ ဤသို့ဖြင့် ပြည်ထောင်စုတခုလုံး၏ နိုင်ငံအာဏာရပ်များစုစည်းရာ ဗဟိုဖြစ်သော ပြည်ထောင်စုလွှတ်တော်ကို လူမျိုးတမျိုး၏ လက်ထဲသို့ ထိုးအပ်သကဲ့သို့ ဖြစ်ခဲ့သည်။

ထို့ထက်ပိုမိုဆိုးဝါးသော တတိယအားနည်းချက်မှာ "ပြည်ထောင်စုစနစ်အရ အမျိုးသားပြည်နယ်များက ပြည်နယ်အစိုးရကို လွတ်လပ်စွာဖွဲ့စည်းပြီး ပြည်ထောင်စုအစိုးရကို ပူးပေါင်းဖွဲ့စည်းရမည်ဖြစ်သော်လည်း ဗမာ (ဝါ) မြန်မာလူမျိုးများအတွက် အမျိုးသားပြည်နယ်တခုအဖြစ် သီးခြားဖွဲ့စည်းခြင်းမပြုဘဲ ပြည်ထောင်စုအစိုးရ၏အာဏာတခုလုံးကို ထိုလူမျိုးများအားလုံးဝဥဿုံထိန်းချုပ်ခွင့်ပေးထားခဲ့ခြင်း" ဖြစ်သည်။

၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အထက်ပါအချက် (၃) ချက်ကြောင့် ပြည်ထောင်စုစနစ်မှ လမ်းလွဲခဲ့သည်။ ထိုအချက်များကို ပြင်ဆင်ပြီး ပြည်ထောင်စုစနစ်ကို စစ်မှန်သော ဖက်ဒရယ်စနစ်ဖြင့် ပြန်လည်ဖွဲ့စည်းပြဋ္ဌာန်းရန် ၁၉၆၁ ခုနှစ် ဇွန်လတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ တက်ရောက်သော တောင်ကြီးညီလာခံကို ခေါ်ယူကျင်းပခဲ့သည်။ ၁၉၆၁ တောင်ကြီးညီလာခံ၏ ရည်ရွယ်ချက်များမှာ -

(၁) ပြည်ထောင်စုမြန်မာနိုင်ငံကို ပင်လုံညီလာခံတွင် မျှော်မှန်းခဲ့သည့်အတိုင်း စစ်မှန်သော ပြည်ထောင်စု စနစ်ဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန်၊

(၂) ပြည်ထောင်စုအဖွဲ့ဝင်အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ အပ်နှင်းရန်၊ ဆိုလိုသည်မှာ အမျိုးသားပြည်နယ်များအား ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို အပြည့်အဝအပ်နှင်းရန်၊

(၃) တိုင်းရင်းသားလူမျိုးများကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးအပ်သည့်အနေဖြင့် ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းထူထောင်ခဲ့သော အမျိုးသားပြည်နယ်များအပြင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်များကို တိုးချဲ့ဖွဲ့စည်းသွားရန်၊

(၄) ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းခွင့်ရရှိရေး၊

(၅) တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူပူးပေါင်းပြီး ပြည်ထောင်စုကို အတူတကွ ထူထောင်ခြင်းဖြစ်ကြောင်းကို သက်သေပြသည့်အနေဖြင့် - "ဗမာတိုင်းရင်းသားလူမျိုးများအတွက် သီးခြားအမျိုးသား ပြည်နယ်ဖွဲ့စည်းသွားစေရန်၊ ထို့အပြင် ဗမာတိုင်းရင်းသားလူမျိုးများက ပြည်ထောင်စုအစိုးရကို လက်ဝါးကြီးအုပ်စိုးမှု ရပ်တန်းက ရပ်ဆိုင်းသွားစေရန်အတွက် ပြည်ထောင်စုအာဏာနှင့် ဗမာပြည်နယ်၏လုပ်ပိုင်ခွင့်အာဏာများကို ဥပဒေနှင့်အညီ ပိုင်းခြားထားရန်" ဟူသောအချက်များ ပါဝင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် ပြန်လည်ဖွဲ့စည်းရေးကိစ္စကို တိုင်းရင်းသားလူမျိုးပေါင်းစုံ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် "ပြည်နယ်များညီညွတ်ရေးအဖွဲ့"ကို တောင်ကြီးညီလာခံတွင် ဖွဲ့စည်းခဲ့သည်။ ၎င်းပြည်နယ်များညီညွတ်ရေးအဖွဲ့က "ပြည်ထောင်စုစစ်စစ်မူ" ကို နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုထံသို့ ၁၉၆၂ ခု ဖေဖော်ဝါရီလ (၂၄) ရက်တွင် တရားဝင်တင်သွင်းခဲ့သည်။ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့က တင်သွင်းသော ပြည်ထောင်စုစစ်စစ်မူအရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို အောက်ပါအတိုင်း ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းရန် တင်ပြခဲ့သည်။ ယင်းတို့မှာ -

(၁) ပြည်မကို ပြည်နယ်တနယ်အဖြစ် ဖွဲ့စည်းရေး၊

(၂) လွှတ်တော် (၂) ရပ် အာဏာတူပေးရေး၊

(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်း၊ ပြည်နယ်တိုင်းက တူညီသော ကိုယ်စားလှယ် စေလွှတ်ရေး၊

(၄) ပြည်နယ်များက မိမိဆန္ဒအလျောက် လွှဲအပ်သောအာဏာများကို ပြည်ထောင်စု ဗဟို အစိုးရသို့ကန့်သတ်၍ ကျန်အာဏာများကို ပြည်နယ်များတွင် ထားရှိရေးဟူသော အချက်များ ဖြစ်သည်။

သို့ရာတွင် တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေးပေး ရေးကို မလိုလား မရှုဆိတ်နိုင်ခဲ့သော မဟာလူမျိုးကြီးဝါဒီ ဗိုလ်ချုပ်နေဝင်းနှင့် ၎င်း၏အပေါင်း အပါများက ပြည်နယ်များညီညွတ်ရေးအဖွဲ့က တင်သွင်းသော "ပြည်ထောင်စုစစ်စစ်မူ" သည် ပြည်ထောင်စုဖြိုခွဲရေးလမ်းစဉ်ဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် ၁၉၆၂ ခု မတ်လ (၂) ရက်တွင် နိုင်ငံတော်အာဏာကို စစ်တပ်မှသိမ်းယူခဲ့သည်။

ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော ဗမာ့တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းယူ ပြီးနောက် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းခဲ့သည်။ တော်လှန်ရေးကောင်စီက ဝန်ကြီးချုပ် ဟောင်းဦးနု ဦးဆောင်သော "ပြည်တွင်းညီညွတ်ရေးအဖွဲ့" ကို ၁၉၆၈ တွင် ဖွဲ့စည်းစေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်တဖန်ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အကြံဉာဏ်များကို တိုင်းသူ ပြည်သားများထံ တောင်းခံခဲ့သည်။ ထို့ကြောင့် ချင်း၊ ကချင်နှင့် ရှမ်းခေါင်းဆောင်များက "ဖက်ဒရယ်စနစ်" ဖြင့် နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း တင်ပြ ခဲ့သည်။ သို့သော် ဗိုလ်ချုပ်နေဝင်းနှင့် တော်လှန်ရေးကောင်စီဝင်များသည် ဖက်ဒရယ်စနစ် ဖြင့် ပြည်ထောင်စုပြန်လည်ဖွဲ့စည်းရေးကို လက်မခံသည့်အပြင် ဖက်ဒရယ်စနစ်ဖြင့် နိုင်ငံ ပြန်လည်ဖွဲ့စည်းရေးအဆိုကို တင်သွင်းခဲ့သော ချင်းခေါင်းဆောင် (၈၀) ကျော်နှင့် ကချင်နှင့် ရှမ်းခေါင်းဆောင်များကိုပါ ဖမ်းဆီးပြီး နှစ်ရှည်ထောင်ဒဏ်ချခဲ့သည်။

တော်လှန်ရေးကောင်စီအာဏာသိမ်းပြီးနောက် သခင်ချစ်နှင့် သခင်ဖင်တို့ ခေါင်းဆောင် သော ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) က နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ပြန်လည် ဖွဲ့စည်းနိုင်ရေးအတွက် "တိုင်းရင်းသားလူမျိုးများ မိမိတို့ဆန္ဒအရ ပူးပေါင်းလိုက ပူးပေါင်း ခွင့်နှင့် မိမိဆန္ဒအရ ခွဲထွက်လိုက ခွဲထွက်ခွင့်အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိ သော အမျိုးသားပြည်နယ်များကို အခြေခံပြီး ပြည်ထောင်စုကို ဖွဲ့စည်းသင့်ကြောင်း" ထုတ်ပြန် ကြေညာခဲ့သည်။

၁၉၇၅ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများက ပြည်ထောင်စုအား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော အမျိုးသားပြည်နယ်များကို အခြေခံ၍ ပြန်လည်ဖွဲ့စည်းနိုင်ရေးဟူသော ရည်ရွယ်ချက်ဖြင့် "ပြည်နယ်ပေါင်းစုံ ဖက်ဒရယ်ပြည်ထောင်စု အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (ပမဒတ)" ကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ပမဒတကို အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) (NDF) အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့သော်လည်း မူလရည်မှန်းချက်များကို မူလနဂိုအတိုင်း ဆုပ်ကိုင်ထားခဲ့သည်။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ နိုင်ငံရေးဦးတည်ချက်သည် "ဗမာလူမျိုးအပါအဝင် ရှမ်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ ရခိုင်၊ မွန်၊ ချင်း၊ ပအိုဝ်း၊ ပလောင်၊ ဝ၊ လားဟူ စသော တိုင်းရင်းသားလူမျိုးအားလုံး၏ လွတ်လပ်မှု (Freedom) ရရှိရေး၊ တန်းတူရေးဘဝ ဖြစ်ပေါ် တိုးတက်ရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး"ဖြစ်ကြောင်း အတိအလင်းကြေညာခဲ့သည်။

## တတိယပိုင်း

### ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံနောက်ပိုင်း ဆက်လက်ကြိုးပမ်းမှုများ

လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစာချုပ်တွင် မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်ခြင်း မရှိသေးသောကြောင့် ယနေ့တိုင် ကျွန်ုပ်တို့တိုင်းပြည်တွင် ဒီမိုကရေစီစနစ်ဆိတ်သုဉ်းခဲ့ရသည်။ အနှစ်ငါးဆယ်ကျော် ပြည်တွင်းစစ်ကိုလည်း ရင်ဆိုင်နေခဲ့ရသည်။ စစ်အာဏာရှင်စနစ်အောက်တွင် တိုင်းပြည်သည် "ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်ဘဝ" ဖြင့် ဒုက္ခပင်လယ်ဝေလျက်ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများစာရင်းတွင် သွတ်သွင်းခြင်း ခံနေရသည်။ ထိုနိုင်ငံရေးပြဿနာကြီးသည် ၁၉၈၈ တွင် ရှစ်လေးလုံးအရေးတော်ပုံနှင့်အတူ ပေါက်ကွဲခဲ့သည်။ ထို့ကြောင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကို "ဒုတိယအကြိမ် လွတ်လပ်ရေးတိုက်ပွဲ" ဟု ကင်ပွန်းတပ်ခြင်း ဖြစ်သည်။ အမှန်စင်စစ် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပထမအကြိမ်လွတ်လပ်ရေးတိုက်ပွဲကာလတွင် မျှော်မှန်းခဲ့သော ပြည်ထောင်စုပန်းတိုင် မရောက်ရှိနိုင်သေးသောကြောင့် ယခုကဲ့သို့ ဒုတိယအကြိမ်လွတ်လပ်ရေးတိုက်ပွဲ ပြန်လည်ဆင်နွှဲနေရခြင်းဖြစ်သည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံတွင် မျှော်မှန်းခဲ့သော ပြည်ထောင်စုစနစ်ကို ဒုတိယအကြိမ် လွတ်လပ်ရေးတိုက်ပွဲတွင် ပြန်လည်တည်ဆောက်နိုင်ရန် အတူတကွ ကြိုးပမ်းသွားမည်ဟု လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ နိုင်ငံရေးတပ်ပေါင်းစုဖြစ်သော "ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့" (UNLD) တို့က ၁၉၉၀ ခုနှစ် ဩဂုတ်လ (၂၉) ရက်တွင် သဘောတူလက်မှတ်ရေးထိုးပြီး "ဗိုလ်အောင်ကျော်လမ်းကြေညာချက်"ကိုထုတ်ပြန်ခဲ့သည်။ ထိုသဘောတူကြေညာချက် ၄ (ဂ) တွင်-

"တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးတန်းတူညီမျှမှု၊ နိုင်ငံရေးတန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည့်အပြင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အာမခံချက်ရှိသော ပြည်ထောင်စုကို တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာ ထူထောင်ရန် လိုအပ်ကြောင်း ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) တို့ တညီတညွတ်တည်း သဘောတူကြသည်။" ဟု ဖော်ပြခဲ့သည်။

ပြည်တွင်းရှိ နိုင်ငံရေးပါတီများက ဗိုလ်အောင်ကျော်လမ်းကြေညာချက်ကို ထုတ်ပြန်ကြေညာနိုင်ခဲ့သကဲ့သို့ လွတ်မြောက်နယ်မြေသို့ ရောက်ရှိလာသော ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)၊ အမျိုးသားမဟာမိတ်တပ်ပေါင်းစု (DAB)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (NLD-LA) နှင့် တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ တပ်ပေါင်းစုဖြစ်သော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တို့ကလည်း ၁၉၉၂ ခုနှစ် ဇူလိုင် (၃၁) ရက်တွင် "မာနယ်ပလောသဘောတူစာချုပ်" ကို လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ မာနယ်ပလောသဘောတူညီချက်အရ - အနာဂတ် ပြည်ထောင်စု မြန်မာနိုင်ငံကို စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း စာချုပ်၏အပိုဒ်အမှတ် (၅) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

(၅) တိုင်းရင်းသားလူမျိုးအားလုံး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးအပြည့်အဝရှိသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားမည်။ ထိုသို့တည်ဆောက်ရာတွင် -

(က) ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် ပြည်နယ်များဖြင့် စုပေါင်း ဖွဲ့စည်းထားသည့် အမျိုးသားပြည်နယ် ပေါင်းစုပြည်ထောင်စုဖြစ်ရေး၊

(ခ) ပြည်နယ်များမှ ပြည်ထောင်စုသို့ လွှဲအပ်ထားသော အာဏာများမှ အပ ကျန်သောအာဏာများကို ပြည်နယ်များတွင် ထားရှိ၍ ပြည်နယ် အသီးသီးတွင်လည်း ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ ကျင့်သုံးပိုင်ခွင့်ရှိရေး၊

(ဂ) ပြည်ထောင်စုအမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် (၂) ရပ်ထားရှိရေး၊

(ဃ) ပြည်ထောင်စုနှင့် ပြည်နယ်များ၏ တပ်မတော်များကို လူမျိုးပေါင်းစုံ ပြည်သူလူထု၏ ကွပ်ကဲမှုအာဏာအောက်တွင် တည်ရှိရေး။

(င) ပြည်ထောင်စု၏ အချုပ်အခြာအာဏာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာ (၃) ရပ်ကို အပြန် အလှန်ထိန်းညှိစနစ်ဖြင့် ဖွဲ့စည်းထားရှိပြီး လွတ်လပ်သည့် တရား စီရင်မှုစနစ်ကို ကျင့်သုံးရေး၊

(စ) မဟာလူမျိုးကြီးဝါဒနှင့် ဖက်ဆစ်အာဏာရှင်စနစ် ပြန်လည်ပေါ်ပေါက် မလာနိုင်ရေး စသည့်အချက်များကို ပြည်ထောင်စုဖွဲ့စည်းရေးတွင် ကျင့်သုံးသွားမည် - ဟူ၍ ဖြစ်သည်။

ထို့ပြင် ၁၉၉၇ ခု ဇန်နဝါရီလတွင်ကျင်းပခဲ့သော ပထမအကြိမ် တိုင်းရင်းသားလူမျိုး များနီးနှောဖလှယ်ပွဲတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ နိုင်ငံရေးရည်မှန်းချက်အဖြစ် "မယ်သရောထာ"သဘောတူညီချက်ကို အောက်ပါအတိုင်းထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းတို့မှာ -

(က) စစ်အာဏာရှင်စနစ်ဖျက်သိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရန်၊

(ခ) ဒီမိုကရေစီစနစ် ကျင့်သုံးရန်၊

(ဂ) လူမျိုးတိုင်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးကျင့်သုံးရန်၊

(ဃ) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် - ဟူသော အချက်များ ဖြစ်သည်။

အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံရမည့် "လမ်းညွှန်မှု" ကိုပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ကလည်း အလားတူ ထုတ်ပြန်ခဲ့သည်။ UNLD သည် ၁၉၉၀ ခုနှစ် ဇွန်လ (၂၇) ရက်မှ ဇူလိုင်လ (၂) ရက်တွင် ကျင်းပခဲ့သော ညီလာခံတွင် အနာဂတ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲသောအခါ အခြေခံရမည့်လမ်းညွှန်မှု (၇) ရပ်ကို အတိအကျ ချမှတ်ခဲ့သည်။ ယင်းလမ်းညွှန်မှု (၇) ရပ်ကို ၂၀၀၁ ခု ဇန်နဝါရီလ ထိုင်း-မြန်မာနယ်စပ် တနေရာတွင် ကျင်းပခဲ့သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (UNLD-LA) ၏ ပထမညီလာခံတွင် ထပ်မံအတည်ပြုခဲ့သည်။ ထိုနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် လမ်းညွှန်မှု (၇) ရပ်မှာ -

(၁) စစ်မှန်သော ပြည်ထောင်စုစနစ်ပေါ်တွင် အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ရမည်။

(၂) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အပြည့်အဝ ပြဌာန်းကာကွယ်ရမည်။

(၃) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများကို နိုင်ငံရေးအရ တန်းတူရည်တူ အခွင့်အရေး ရရှိစေရမည်။

(၄) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို ဖွဲ့စည်းသောအခါ ပထဝီအနေအထားပေါ် အခြေခံ၍ ဖွဲ့စည်းခြင်း မဖြစ်စေရ၊ လူမျိုးကို အခြေခံသော အမျိုးသားပြည်နယ်များသာ ဖြစ်ရမည်။ လက်ရှိနိုင်ငံရေး အခြေအနေအရ ရှိရင်းစွဲ ပြည်နယ် (၇) ပြည်နယ်နှင့် ဗမာပြည်မကို ပြည်နယ်တခုအဖြစ် ဖွဲ့စည်းစေပြီး အမျိုးသားပြည်နယ် (၈) ပြည်နယ်ကိုအခြေခံသော ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

(၅) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပြည်နယ်များကို ကိုယ်ပိုင်ပြဌာန်းခွင့် နိုင်ငံရေးအာဏာ အပြည့်အဝအပ်နှင်းထားရမည်။ ဆိုလိုသည်မှာ ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို အပ်နှင်းထားရမည်။ ထို့ပြင် တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရန် ပြည်

ထောင်စုအစိုးရကို လွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများမှအပ ကြွင်းကျန်သော လုပ်ပိုင်ခွင့်အာဏာများ (Residual Power) ကို ပြည်နယ်များထံတွင် အပ်နှင်းထားရမည်။

(၆) အမျိုးသားပြည်နယ်များ တန်းတူရည်တူပူးပေါင်း၍ ပြည်ထောင်စုကို ဖွဲ့စည်းရမည်။ ထို့ကြောင့် တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် နိုင်ငံတော်ကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါး ထုတ်လုပ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် အခြားယာယီလွှဲအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို ပြည်ထောင်စုထံ အပ်နှင်းထားရမည်။

(၇) ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် (၂) ရပ်ထားရှိရမည်။ လူမျိုးစုလွှတ်တော်တွင် အမျိုးသားပြည်နယ်များမှ လွှတ်တော်ကိုယ်စားလှယ်ဦးရေအညီအမျှ စေလွှတ်ကြရမည်။ သို့မှသာ ပြည်နယ်များ တန်းတူရည်တူပူးပေါင်းသည့် ပြည်ထောင်စုဆိုသည့် အနှစ်သာရပေါ်လွင်မည်။ ပြည်သူ့လွှတ်တော်တွင် လူဦးရေအချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များကို စေလွှတ်ကြရမည်။

## စတုတ္ထပိုင်း

## အနာဂတ်အတွက် တင်ပြချက်

## အနာဂတ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံရမည့် လမ်းညွှန်အခြေခံမူများ

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် ကောင်းတူ ဆိုးဖက်ဘဝဖြင့် အနှစ်ငါးဆယ်ကျော်အတူတကွ နေထိုင်လာခဲ့သည်။ ထိုဆယ်စုနှစ်ငါးစုကျော်အတွင်း ပြည်တွင်းစစ်ကိုလည်း အတူတကွခံစားခဲ့ရသည်။ တပါတီအာဏာရှင်စနစ်၏ ခါးသီးသောဖိနှိပ်ချုပ်ချယ်မှု အမျိုးမျိုးကိုလည်း အတူတကွ ခံစားခဲ့ရသည်။ စစ်အာဏာရှင်စနစ်၏ ရက်စက်ကြမ်းကြုတ်သော နှိပ်စက်ခံဘဝကိုလည်း မရှုမလှ ခံစားခဲ့

ရသည်။ ထို့အတူ အနာဂတ်အတွက်လည်း မျှော်လင့်ချက်ရောင်ခြည်ကို အတူတကွ မျှော်လင့်စောင့်စားနေသည့် ဘဝတူလူမျိုးများဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာဖြင့် အတူယှဉ်တွဲနေထိုင်ကာ ငြိမ်းချမ်းသောဘဝကို အတူတကွ ဖန်တီးနိုင်ရေးအတွက် ကျွန်ုပ်တို့ တိုက်ပွဲဝင်နေကြရခြင်းဖြစ်သည်။ တိုင်းရင်းသား ပြည်သူ လူထုအပေါင်း လူ့အခွင့်အရေး အပြည့်အဝရရှိရေး၊ ဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေး၊ တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးစသည့် "ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး" တို့အတွက် ဘဝကိုရင်းပြီး တော်လှန်ရေးဆင်နွှဲနေကြသည်။ ထိုသို့သော ငြိမ်းချမ်းသာယာသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးအတွက် အောက်ပါ "အခြေခံလမ်းညွှန်မှု" များကိုတင်ပြလိုက်ရသည်။

ထိုသို့တင်ပြရာ၌ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ မျှော်မှန်းခဲ့သော အမြင်နှင့်သဘောထားများကို လမ်းညွှန်မှုအဖြစ်ခံယူပြီး အနာဂတ်ပြည်ထောင်စု၏ လမ်းညွှန်မှုများကို တင်ပြရခြင်းဖြစ်သည်။ သို့သော် အနှစ်ငါးဆယ်ကျော် အတွေ့အကြုံအရ ထိုစဉ်က အရေးအကြီးဆုံးဖြစ်သော လမ်းညွှန်မှု (၂)ခုကို ဤနေရာတွင် ချန်လှပ်ထားသည်။ ယင်းတို့မှာ "Voluntary Association" နှင့် "Rights of Secession" တို့ဖြစ်သည်။ အကြောင်းမှာ နှစ်ပေါင်း (၅၀) ကျော် အတူတကွ နေထိုင်ခဲ့ပြီးမှ မိမိတို့ဆန္ဒအလျောက် ပြည်ထောင်စုအဖွဲ့ဝင်လူမျိုး (ဝါ) ပြည်နယ်များအဖြစ် ပူးပေါင်းပါဝင်ခြင်းဆိုသည့် "Voluntary Association" ကို ထည့်သွင်းရန် လိုအပ်တော့မည် မဟုတ်ဟုယူဆသောကြောင့် ဖြစ်သည်။ ပြည်ထောင်စုကို စတင်ဖွဲ့စည်းစဉ်က အရေးကြီးဆုံးအခြေခံမှုဖြစ်ခဲ့သော်လည်း နှစ်ပေါင်း (၅၀) ပေါင်းစပ်ထားပြီးဖြစ်သော ပြည်ထောင်စုတွင် ယနေ့ကာလ၌ ဤ "မှု" ကို ထပ်မံလိုအပ်တော့မည်မဟုတ်ဟု သုံးသပ်မိသောကြောင့်လည်း ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စု စတင်ဖွဲ့စည်းစဉ်က အလွန်အရေးကြီးသော အခြေခံမှုဖြစ်သည့် "ခွဲထွက်ခွင့်" ကိုလည်း ချန်လှပ်ထားသည်။ အကြောင်းမှာ နှစ်ပေါင်း (၅၀) ကျော်အတွင်း "ခွဲထွက်ခွင့်ပုဒ်မ"သည် ပြည်ထောင်စုတခုလုံး၏အကျိုးထက် အပြစ်ကိုသာ ဖြစ်ပေါ်စေခဲ့သောကြောင့်ဖြစ်သည်။ ခွဲထွက်ခွင့်ပုဒ်မကို ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့ရခြင်း၏အကြောင်းရင်းမှာ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ကာကွယ်ပြဋ္ဌာန်းပေးရေးဟူသောရည်ရွယ်ချက်ပင်ဖြစ်သည်။ သို့သော် ခွဲထွက်ခွင့်ပုဒ်မသည် တိုင်းရင်းသားလူမျိုး

များ၏ အခွင့်အရေးကို အကာအကွယ်ပေးနိုင်ခြင်း မရှိခဲ့ပေ။ အကြောင်းမှာ ခွဲထွက်ခွင့်ကို အကြောင်းပြပြီး ဗိုလ်ချုပ်နေဝင်းက စစ်တပ်ဖြင့် နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။ ခွဲထွက်ခွင့်ကို အကြောင်းပြပြီး ပြည်တွင်းစစ်ကို ဖန်တီးကာ တိုင်းရင်းသားလူမျိုးများ၏ အသက်အိုးအိမ်များကို နှစ်ပေါင်း (၅၈) ကျော် ဖျက်ဆီးသတ်ဖြတ်နေခြင်းဖြစ်သည်။ ခွဲထွက်ခွင့်ကို အကြောင်းပြပြီး "တပ်မတော် မရှိရင် ပြည်ထောင်စု ပြိုကွဲသွားမည်" ဟု အကြောင်းပြကာ စစ်အာဏာရှင်စနစ်ကို ထူထောင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ယခုအခါ ခွဲထွက်ခွင့်ထက် ခွဲထွက်ခွင့်၏ အနှစ်သာရဖြစ်သော ဒီမိုကရေစီရေး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရေးတို့ကိုသာ ကာကွယ်ပြဋ္ဌာန်းပေးမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းခြင်းသာလျှင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေး၊ ပြည်သူလူထုတရပ်လုံး၏ လူနေမှုဘဝ မြင့်တင်ရေး၊ ခေတ်မီတိုးတက်သော နိုင်ငံတည်ဆောက်ရေးတို့အတွက် ပို၍အရေးကြီးသည်ဟု ယူဆသည်။ ထို့ကြောင့် အနာဂတ်ပြည်ထောင်စု ငြိမ်းချမ်းသာယာရေးအတွက် အောက်ပါ "လမ်းညွှန်အခြေခံမူ" များကို တင်ပြလိုက်ရပါသည်။

### (၁) အချုပ်အခြာအာဏာ (Sovereign Power)

ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် တိုင်းရင်းသားပြည်သူလူထု တရပ်လုံးထံမှ ဆင်းသက်လာစေရမည်။

(က) ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် တိုင်းရင်းသားပြည်သူလူထုတရပ်လုံးထံမှ ဆင်းသက်လာစေရမည်။ ထိုအချုပ်အခြာအာဏာကို တိုင်းရင်းသားပြည်သူလူထုတရပ်လုံးကိုယ်စား ကျင့်သုံးနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အခါအားလျော်စွာ ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီး၏ ပြည်သူ့ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အသီးသီး၏ အစိုးရများ၊ ပြည်ထောင်စုတရားရုံးချုပ်များနှင့် ပြည်နယ်တရားရုံးချုပ်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဥပဒေနှင့် နည်းဥပဒေများအရ ခန့်အပ်တာဝန်ပေးခြင်းခံရသော ပြည်သူ့ဝန်ထမ်းများက အဆင့်ဆင့်ခွဲဝေကျင့်သုံးစေရမည်ဖြစ်သည်။

(ခ) အချုပ်အခြာအာဏာ၏ ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သီးခြားစီကျင့်သုံးခြင်း (Separation of Power) ရှိစေရမည်။

(ဂ) ပြည်ထောင်စု၏အချုပ်အခြာအာဏာ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထုအနေဖြင့် Initiative နှင့် Referendum Power များကို အစိုးရထံတွင်သော်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းများထံတွင်သော်လည်းကောင်း၊ အလုံးစုံအပ်နှင်းခြင်း မရှိစေဘဲ မိမိတို့ ပြည်သူလူထု၏လက်ဝယ်တွင် ထားရှိကျင့်သုံးခွင့်ရှိစေရမည်။

**(၂) တန်းတူရေး (Equality)**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူအခွင့်အရေး ရှိစေရမည်။

(က) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် လူမျိုးရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိကြရမည်။

(ခ) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရ တန်းတူရည်တူအခွင့်အရေး ရရှိကြရမည်။ ထို့ကြောင့် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို နိုင်ငံရေးအာဏာများဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများ တန်းတူရည်တူ အပ်နှင်းထားစေရမည်။

(ဂ) ပြည်ထောင်စုအတွင်းရှိ မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေးမပေးရ။ မည်သည့်လူမျိုးကိုမျှ အခွင့်အရေး ချုပ်ချယ်ကန့်သတ်ခြင်း မရှိစေရ။

**(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)**

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည်။

(က) တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသောကြောင့် မိမိတို့၏ နိုင်ငံရေးကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိစေရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိရမည်ဖြစ် သောကြောင့် နိုင်ငံရေးအာဏာ (၃) ရပ်ဖြစ်သော ဥပဒေပြုရေး

အာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုသည်နှင့်အမျှ အပြည့်အဝ ကျင့်သုံးခွင့် ရှိစေရမည်။

(ဂ) တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့်အခြေအနေတွင်မှ ရုပ်သိမ်းဟန့်တားခြင်း မရှိစေရ။

## (၄) ဖက်ဒရယ်ပြည်ထောင်စုစနစ်မူ (Federal Principles)

ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော အမျိုးသားပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။ ပြည်ထောင်စုလွှတ်တော်တွင် အာဏာတူလွှတ်တော် (၂) ရပ်ထားရှိစေရမည်။

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိ၍ တန်းတူသော နိုင်ငံရေးအာဏာများကို အပ်နှင်းခြင်းခံရသည့် အမျိုးသားပြည်နယ်များကို အခြေခံ၍ ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို အပြည့်အဝအပ်နှင်းစေရမည့်အပြင်၊ ထိုနိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို တရားဥပဒေနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များကို လွတ်လပ်စွာ ထူထောင်ခွင့်ရှိစေရမည်။

(ဂ) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာ ရေးသားပြဋ္ဌာန်းပိုင်ခွင့်ရှိစေရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self-rule) နှင့် ထိုအဖွဲ့ဝင် အမျိုးသားပြည်နယ်များ ပူးပေါင်း၍ ဖွဲ့စည်းသည့် ပြည်ထောင်စုကို စုပေါင်းအုပ်ချုပ်ခွင့် (Shared-rule) တို့ကို ပေါင်းစပ်ထားသည့်စနစ်ဖြစ်သောကြောင့် - ဖက်ဒရယ်ပြည်ထောင်စု

အစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များအကြားတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးခြင်း (Division of Powers) ရှိစေရမည်။

(င) တန်းတူသော ပြည်နယ်များပူးပေါင်း၍ ပြည်ထောင်စုကို ဖွဲ့စည်းသောအခါ ပြည်ထောင်စု လွှတ်တော်တွင် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) ဟူ၍ လွှတ်တော် (၂) ရပ်ကို ထားရှိရမည်။ အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) သည် ပြည်နယ်ကို ကိုယ်စားပြုသည့်လွှတ်တော်ဖြစ်၍ ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) သည် လူဦးရေကို ကိုယ်စားပြုသောလွှတ်တော်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) တွင် အမျိုးသားပြည်နယ်များမှ ဦးရေတူညီသော ကိုယ်စားလှယ်များကို စေလွှတ်စေရမည်။

(စ) အမျိုးသားပြည်နယ်များက စုပေါင်းကျင့်သုံးရန် ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည့် ပြည်ထောင်စုကာကွယ်ရေး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ရေးနှင့် ပြည်ထောင်စု လမ်းပန်းဆက်သွယ်ရေး စသော အာဏာများမှအပ ကြွင်းကျန်သောအာဏာ (Residual Power) များကို အမျိုးသားပြည်နယ်များတွင် အပ်နှင်းထားစေရမည်။

## (၅) လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ခြင်း (Minority Rights)

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝ ကာကွယ်ပြဌာန်းပေးရမည်။

(က) ပြည်ထောင်စုပြည်နယ်များအတွင်းရှိ လူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝ ကာကွယ် ပေးနိုင်ရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (Autonomous Regions) နှင့် အမျိုးသားနယ်မြေများ (National Areas) များကို ဥပဒေနှင့်အညီ သတ်မှတ်ပြဌာန်းစေရမည်။

(ခ) ထိုလူနည်းစုများက မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အမျိုးသားရေး လက္ခဏာများ ထိန်းသိမ်းကာကွယ်ခွင့်သာမက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး

စသည်တို့ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခွင့်အာဏာများကိုလည်း အပြည့်အဝ အပ်နှင်းထားရမည်။

**(၆) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျား/မ ဆိုင်ရာ တန်းတူညီမျှမှု**

**(Democracy, Human Rights and Gender Equality)**

(က) ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံးသည် လူပုဂ္ဂိုလ်တဦးချင်းအလိုက် ခံစားခွင့်ရှိသည့် တသီးပုဂ္ဂလအခွင့်အရေးများ (Individual Rights) နှင့် တိုင်းရင်းသားလူမျိုးများ လူမျိုးအလိုက် ခံစားခွင့်ရှိသည့်စုပေါင်းအခွင့်အရေး (Collective Rights) များကို အပြည့်အဝခံစားပိုင်ခွင့် ရှိစေရမည်။

(ခ) ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများ မဟုတ်သော်လည်း ပြည်ထောင်စု၏ နိုင်ငံသားကို ခံယူထားသော နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေး (Citizen Rights) များကို အပြည့်အဝခံစားခွင့် ရှိစေရမည်။

(ဂ) နိုင်ငံသားတိုင်း၏ မွေးရာပါရပိုင်ခွင့်ဖြစ်သော အခြေခံလူ့အခွင့်အရေးများကို မည်သည့်အခြေ အနေအောက်တွင်မှ ရုပ်သိမ်းခွင့် မရှိစေရ။

(ဃ) ကျား/မ ဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံမှုများကို လုံးဝ ပိတ်ပင်တားမြစ်ထားရမည်။

**(၇) ပါတီစုံဒီမိုကရေစီ (Multi-Party Democracy System)**

လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်၍ လူမျိုးပေါင်းစုံက စုပေါင်းပိုင်ဆိုင်ထားသော ဖက်ဒရယ် ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

(က) ပြည်ထောင်စုတွင် တပါတီအာဏာရှင်စနစ် လုံးဝမပေါ်ပေါက်စေရန် ဥပဒေဖြင့် ဟန့်တားကာကွယ်ရမည်။

(ခ) နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စု လွှတ်တော်က သီးခြားပြဋ္ဌာန်းပေးရမည်။

**(၈) ဘာသာရေးကို အခြေမခံသော နိုင်ငံ (Secular State)**

နိုင်ငံရေးနှင့် ဘာသာရေး ရောစပ်ခြင်း မရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသောနိုင်ငံ ဖြစ်စေရမည်။

(က) လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်မူအရ နိုင်ငံသားတိုင်းသည် မိမိနှစ်သက်ရာ ဘာသာအယူဝါဒကို ကိုးကွယ်ခွင့်ရှိစေရမည်။

(ခ) ဘာသာရေးကို အသုံးပြု၍ နိုင်ငံတော်၏ရေးရာကိစ္စများကို ဆောင်ရွက်ခွင့်မပြု။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် မည်သည့်ဘာသာတရားကိုမျှ နိုင်ငံတော်ဘာသာ အဖြစ် ပြဋ္ဌာန်းခြင်း မပြုရ။

**(၉) အရပ်ဘက်အုပ်ချုပ်မှုအောက်တွင် လက်နက်ကိုင်တပ်ဖွဲ့များထားရှိခြင်း**

**(Civilian Supermacy)**

ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် ပြည်ထောင်စုကိုကာကွယ်ရန် တာဝန်ရှိခြင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ အတိအကျပြဋ္ဌာန်းပေးရမည်။

(က) ကာကွယ်ရေးဝန်ကြီးသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်တဦးသာ ဖြစ်စေရမည်။

(ခ) လက်ရှိတာဝန်ထမ်းဆောင်နေသော မည်သည့်စစ်ဘက်အရာရှိတဦး တယောက်ကိုမျှ ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်း မပြုရ။

**(၁၀)ပြည်နယ်သစ်ထူထောင်ခြင်း (New State)**

ဖက်ဒရယ်ပြည်ထောင်စု စတင်ဖွဲ့စည်းစဉ်တွင် အမျိုးသားပြည်နယ်တနယ်အဖြစ် ဖွဲ့စည်းရန် အဆင်သင့်မရှိသေးသော တိုင်းရင်းသားလူမျိုးစုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ပြဋ္ဌာန်းသော"အမျိုးသားလက္ခဏာ"ရပ်များနှင့် ပြည့်မီလာချိန်တွင် ဥပဒေနှင့်အညီ ပြည်နယ်သစ် ဖော်ထုတ်ဖွဲ့စည်းခွင့်ရှိစေရမည်။

(က) အမျိုးသားပြည်နယ်သစ် ဖွဲ့စည်းနိုင်ရန် အဆင့်အတန်းသတ်မှတ်ချက်ဖြစ်သော "အမျိုးသားလက္ခဏာ"ရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိကျစွာ ပြဋ္ဌာန်းထားရမည်။

(ခ) အမျိုးသားပြည်နယ်သစ် ဖွဲ့စည်းထူထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

References:

(၁) ၁၉၄၇ ဩဂုတ်လ (၁၉) ရက်တွင် မြွက်ကြားခဲ့သော နေသူရိန်အစည်းအဝေးတွင်လည်းကောင်း၊ ၁၉၄၇ နိုဝင်ဘာလ (၁၈) ရက် ဖဆပလညီလာခံတွင် တင်သွင်းခဲ့သည့် အဆိုပြုချက် နံပါတ် (၆) တွင်လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏လမ်းညွှန်မှု (၇) ချက်နှင့် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ရှင်းလင်းချက်များ။

(၂) Aung San, Burma's Challenge (Rangoon, 1947), reprinted in Josef Silverstein, The Political Legacy of Aung San (New York: Cornell University Press, 1993), cited in Maung Maung, Burma's Constitution (The Hague, 1959), p. 169.

(၃) U Maung Maung, Burmese Nationalist Movements, 1940–1948 (1989), p. 170.

(၄) Josef Silverstein, "Minority Problems in Burma Since 1962", in Lehman (ed.,), Military G-rule in Burma Since 1962 (Singapore, 1981), p. 51.

(၅) Aung San's speech entitled "Problems for Burma's Freedom", delivered on January 20, 1946, in Josef Silverstein (ed.), Political Legacy of Aung San (Ithaca, New York: Cornell University Press, 1993), p. 96.

(၆) ပူးလျန်အုပ်၏ "ချင်းလူငယ်များအကြံပေးချက်" နှင့် ဦးရွှေအုံး၏ "တတိယပြည်ထောင်စုဆီသို့" တို့ကို ကြည့်ရန်။

## အခန်း (၅)

# အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲသို့ အဖွဲ့အစည်းအသီးသီးမှ တင်ပြသော အဆိုပြုစာတမ်းများ

## (၅.က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်ထောင်စုတည်ဆောက်ရေး အမြင်နှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မှ စုဆောင်းတင်ပြသည်။

"ဗိုလ်ချုပ်အောင်ဆန်း ရေးဆွဲထားတဲ့ ပုံစံနဲ့သွားလို့ရှိရင် ပိုက်ဆံတွေအများကြီး ကုန်မယ်၊ လူတွေ အများကြီး သုံးရမယ်၊ အဲဒါကြောင့် ဗမာပြည်မကို ပြည်နယ်မဖွဲ့ဘဲ ဗဟိုနဲ့ ပေါင်းလိုက်ရင် စရိတ်လည်း သက်သာမယ်၊ ငွေလည်း သက်သာမယ်၊ ဒါ အကောင်းဆုံးဆိုပြီး သူက အဲဒီပုံစံနဲ့ သွားပါတယ် ..."

**(နိုင်ငွေသိန်း)**

(၁)

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြည်ထောင်စုစစ်စစ်မှုနှင့် ကွဲလွဲကြောင်း ထောက်ပြကြရာ အဓိကအချက်မှာ နိုင်ငံတော်စုဖွဲ့မှုဖြစ်သည်။ ပြည်နယ်များကိုစုပေါင်း၍ ပြည်ထောင်စုအဖြစ် ဖွဲ့စည်းမှု၌ ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရဟု ပီပီပြင်ပြင်ရှိရမည့်အစား ဗမာပြည်ကို ပြည်ထောင်စုအစိုးရနှင့် တလုံးတစည်းတည်း ရောထွေးထားခြင်းဖြစ်၏။ ဤသို့သော ဖွဲ့စည်းမှုကြောင့် တန်းတူညီမျှမှုကို ပျက်စီးစေကြောင်းဖြင့် ၁၉၄၇ ခုနှစ် အခြေခံဥပဒေကို မကျေမနပ်ဖြစ်စေပြီး ဗမာလူမျိုးများအပေါ် တခြားလူမျိုးများ၏ မသင်္ကာစိတ်ကို ဖြစ်ပေါ်စေခဲ့သည်။

အမှန်စင်စစ် မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေး မရမီကပင် အနာဂတ်မြန်မာနိုင်ငံအား ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းရန် ကြိုတင်ရည်မှန်းခဲ့သည်။ ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရန် ဗိုလ်ချုပ်အောင်ဆန်းနှင့်အမျိုးသားခေါင်းဆောင်များ၏ ကြိုးစားအားထုတ်ခဲ့မှုကို သမိုင်းတွင် မြင်တွေ့ရသည်။

၁။ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ် မတိုင်မီကာလ၊ ဖေဖော်ဝါရီ (၆) ရက်တွင် ရှမ်းနှင့် ကချင်ကော်မတီ စုပေါင်းအစည်းအဝေးတရပ် ရှိခဲ့သည်။ ယင်းအစည်းအဝေးတွင် ဆုံးဖြတ်ချက် (၅) ခု ချမှတ်ခဲ့ရာ ပဌမဆုံးအပိုဒ် (၁) ၌ ...

"ဗမာတို့နှင့် အဆင့်အတန်းတူ၊ အခွင့်အရေးတူ၊ ရပိုင်ခွင့်တူ ဒီမိုကရေစီကျကျ ခံစားရမည်" ဟု ပါရှိသည်။

၁။ သဘာပတိ နိုင်ငွေသိန်း၏အဖွင့်အမှာစကား - ၁၅-၇-၈၉- ဗိုလ်အောင်ကျော်လမ်း UNLD နှင့် NLD တွေ့ဆုံဆွေးနွေးပွဲမှတ်တမ်း။

(သူက ဆိုသည်မှာ ဦးနု (သို့) ဦးချန်ထွန်း (သို့) နှစ်ဦးစလုံးကို ညွှန်းပုံရပါသည်။)

၂။ ၁၉၄၇ - ဖေဖော်ဝါရီ ၆ ရက်၊ မွန်းလွဲ ၁၂း၃၀ ပင်လုံတွင် ပြုလုပ်သော ရှမ်းနှင့် ကချင် ကော်မတီအစည်းအဝေး။

(ခွန်းမားရ်ကိုဘန်၊ ပင်လုံစိတ်ဓာတ် ရှင်သန်ဖေါ် ဆောင်ရေးမှ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသစ်တည်ဆောက်ရေးဆီသို့ စာ (၆၁) ယင်း (၅) ချက်နှင့်ပတ်သက်၍ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံဆွေးနွေးရာ ဗိုလ်ချုပ်

အောင်ဆန်းက "ယင်းအပိုဒ် ၁၊ ၂၊ ၃ တို့နှင့် ပတ်သက်၍ ဆွေးနွေးရန် မရှိကြောင်း အပိုဒ် (၅) ခွဲထွက်ခွင့်ကိုသာ၊ တိုင်းပြုပြည်ပြုလွှတ်တော်တွင် တင်သွင်း၍ ဆုံးဖြတ်ရမည့်ကိစ္စ ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ယင်းဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ဖေဖော်ဝါရီလ (၁၀) ရက် ပင်လုံညီလာခံ ကျင်းပလျှင်ကျင်းပချင်း ဗိုလ်ချုပ်အောင်ဆန်းက တချက်ချင်းလိုက် ဆွေးနွေးရာ ...

"ဆုံးဖြတ်ချက် အပိုဒ် (၁) ပါ ဗမာတို့နှင့် အဆင့်အတန်းတူ၊ အခွင့်အလမ်းတူ၊ ရပိုင်ခွင့်တူ၊ ဒီမိုကရေစီကျကျ ခံစားခွင့်ရှိစေရမည်ဆိုသည့်အချက်နှင့်ပတ်သက်၍ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံတွင် အဆင့်အတန်း ခွဲခြားခြင်း မရှိစေရန်နှင့် အားလုံးတန်းတူရည်တူ ခံစားခွင့်ရှိစေရန် အစည်းအဝေးကြီးတွင် အာမခံချက်ပေးကြောင်း" ရှင်းလင်းခဲ့သည်။

၂။ လွတ်လပ်သော မြန်မာနိုင်ငံတော်တွင်ရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သည့်၊ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက် (၇) ချက်အနက် အပိုဒ် (၂) တွင် "ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြမည့် ပုဂ္ဂလိကပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် သတ်မှတ်ဖော်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိစေရမည်" ဟု ဖော်ပြထားပါသည်။

၃။ ၁၉၄၇ မေလ (၂၃) ရက်နေ့ ပြုလုပ်သည့် (ဖဆပလ) ပဏာမပြင်ဆင်မှု ညီလာခံတွင် တင်သွင်းခဲ့သည့် အဆို (၁၄) ချက်တွင်လည်းကောင်း၊ ပဏာမပြင်ဆင်မှု ညီလာခံက လက်ခံခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း) တွင်လည်းကောင်း၊ အပိုဒ် (၂) ဖြင့် ဖော်ပြခဲ့သည့် အောက်ပါအချက်ဖြစ်သည်။ ယင်းမှာ ...

၂။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံတော်သည်

(က) ယခု ဗြိတိသျှ မြန်မာပြည်အတွင်း ပါဝင်နေသောဒေသများ

(ခ) ကိုးခမ်းနှင့်မောင်းပိုင်းတို့ အပါအဝင်ဖြစ်သော - ရှမ်းပြည်ထောင်စု

(ဂ) ကရင်နီပြည်နယ်များ

(ဃ) ကချင်တောင်တန်းများ

(င) ကံပက်လက်ခရိုင်ခွဲ မပါသော ချင်းတောင်တန်းခရိုင်တို့ ပါဝင်သော ပြည်ထောင်စုနိုင်ငံတော် ဖြစ်စေရမည်...ဟု ပါရှိပါသည်။

အထက်ပါအတိုင်း မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်များသည် မြန်မာနိုင်ငံတော်ကို တန်းတူညီမျှမှုနှင့် လူနည်းစုများအခွင့်အရေးကို ကာကွယ်သော ပြည်ထောင်စု နိုင်ငံတော် အဖြစ် ဖွဲ့စည်းတည်ဆောက်ရန် အားထုတ်ခဲ့ကြသည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်အပေါင်းတို့ လုပ်ကြံသတ်ဖြတ်မှု ကြုံရသောအခါ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း တမျိုးတဖုံ ပြောင်းလဲခဲ့ရ တော့၏။

၃။ တိုင်းပြုပြည်ပြု လွှတ်တော်တွင် တင်သွင်းသော ဗိုလ်ချုပ်အောင်ဆန်း၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ပတ်သက်သည့် လမ်းညွှန်ချက် (၇) ချက်။

၄။ ယခု ဗြိတိသျှ မြန်မာပြည်အတွင်း ပါဝင်နေသောဒေသများ -

၁။ မြန်မာပြည် ဝန်ကြီးအဖွဲ့က အုပ်ချုပ်သော မြန်မာပြည်

၂။ ဟုမ္မလင်းခရိုင်

၃။ ဆင်ကလိုင်ခမ်းတီး

၄။ သောင်ဒွတ်

၅။ ဆောမရနယ်ပယ်

၆။ နာဂတောင်တန်းများ

၇။ သံလွင်ခရိုင်

၈။ ကံပက်လက်ခရိုင်ခွဲ

၉။ ရခိုင်တောင်တန်းနယ်ပယ်များဟူ၍ ခေါ်သောဒေသများ

တန်းတူညီမျှမှုရှိသော ပြည်ထောင်စုဖြစ်သော်လည်း၊ ၁၉၄၇ ခုနှစ် အခြေခံဥပဒေ ရေးဆွဲသောအခါ ဗမာပြည်ကို ဗဟိုပြည်ထောင်စု အစိုးရနှင့် ပူးပေါင်းရောထွေးထား သည့် ဖွဲ့စည်းမှုစနစ် ဖြစ်လာခဲ့သည်။

(၂)

ဤသို့ဖြင့် ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သော်လည်း နောက်ဆက်တွဲ အကျိုးဆက်များအဖြစ်၊ ဗမာလူမျိုးများအပေါ် တခြားတိုင်းရင်းသားများက ယုံကြည်မှု လျော့ပါးခြင်း၊ ပြည်တွင်းစစ်ဖြစ်ပွားခြင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းများကို ကြုံတွေ့လာခဲ့ရသည်။

၄။ ဤပြဿနာများကို ကုစားနိုင်ရေးအတွက် နိုင်ငံခေါင်းဆောင်များနှင့် အမျိုးသားခေါင်းဆောင်များက ကြိုးစားကြရာ လွတ်လပ်ရပြီး (၁၀) နှစ်ကျော်အကြာ၌ "၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ" ကို ပြင်ဆင်ရေးဆွဲရန် အကြောင်းဖြစ်ပေါ်လာခဲ့သည်။ ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲအပြီး ဝန်ကြီးအစည်းအဝေးတွင် ဝန်ကြီးချုပ်ဦးနုက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရန်အတွက် တင်ပြခဲ့ရာ သဘောတူခဲ့ကြသည်။

အခြေခံဥပဒေ ပြင်ဆင်ရေးအတွက် ပဌမဦးဆုံးလှုပ်ရှားမှုမှာ ၁၉၆၁ ခုနှစ် ဇွန်လ (၈) ရက်မှ (၁၆) ရက်အထိ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ပြုလုပ်ခဲ့သည့် "ပြည်နယ် ပေါင်းစုံညီလာခံကြီး" ပင် ဖြစ်သည်။ ဤညီလာခံသို့ ရှမ်း၊ ကယား၊ ကရင်၊ ကချင်၊ ချင်း၊ မွန်၊ ရခိုင်၊ အမျိုးသားခေါင်းဆောင် စုစုပေါင်း (၃၃၀) ဦး တက်ရောက်ခဲ့သည်။

တောင်ကြီးညီလာခံတွင် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပြည်ထောင်စုစစ်စစ်မှုဖြင့် ပြင်ဆင်ရေးဆွဲရန် မဖြစ်နိုင်သဖြင့် ပြည်ထောင်စုစစ်စစ်မှုဖြင့် ရေးဆွဲသွားနိုင်ရန် ဆုံးဖြတ်ခဲ့သည်။

ဒုတိယအကြိမ်အားဖြင့်၊ ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံလူမျိုးပေါင်းစုံတို့၏ ပြည်ထောင်စုမူနှင့်ပတ်သက်သော နီးနောဖလှယ်ပွဲကို ရန်ကုန်မြို့ မြန်မာ့အသံ၊ အသံလွှင့်ခန်းမဆောင်တွင် ပြုလုပ်ခဲ့သည်။

၅။ ထိုညီလာခံသို့ ရှမ်းပြည်နယ်ကိုယ်စားလှယ် (၁၃၀) ဦး၊ ကယားပြည်နယ်ကိုယ်စားလှယ် (၂၀) ဦး၊ ကရင်ပြည်နယ်ကိုယ်စားလှယ် (၂၈) ဦး၊ ကချင်ပြည်နယ်ကိုယ်စားလှယ် (၂၆) ဦး၊ ချင်းအမျိုးသားခေါင်းဆောင် (၅) ဦး၊ မွန်အမျိုးသားခေါင်းဆောင် (၁၃) ဦး၊ ရခိုင်အမျိုးသားခေါင်းဆောင် (၅) ဦး၊ စုစုပေါင်းကိုယ်စားလှယ် (၂၂၆) ဦး၊ လေ့လာသူ (၁၀၄) ဦး၊ ပေါင်း (၃၃၀) ဦး တက်ရောက်ခဲ့သည်။

ထို့ပြင် ယင်းဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြည်ထောင်စုစစ်စစ်မှုဖြင့် ရေးဆွဲသည့်အခါ အခြေခံရမည့် အခြေခံ အကြောင်းအရင်း (၄) ချက်ကို ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ယင်းအစည်းအဝေးတွင်ပင် ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ကို အဖွဲ့ဝင် (၂၃) ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

၆။ (ခွန်းမားရ်ကိုဘန်၊ ပင်လုံစိတ်ဓာတ် ရှင်သန်ဖေါ် ဆောင်ရေးမှ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုသည် တည်ဆောက်ရေးဆီသို့၊ စာ ၂၅၂)

၇။ ယင်းအချက် (၄) ချက်မှာ တောင်ကြီးညီလာခံမှ ချမှတ်သည့် အချက် (၄) ချက်နှင့် အတူတူဖြစ်သည်။

၎င်းတို့မှာ ...

(၁) ပြည်မကို ပြည်နယ်တနယ်ဖွဲ့စည်းရေး

(၂) လွှတ်တော် (၂) ရပ် အာဏာတူပေးရေး

(၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်းမှ တူညီသောကိုယ်စားလှယ်ပေးရေး

(၄) ပြည်နယ်များက မိမိဆန္ဒအလျောက် လွှဲအပ်သော အာဏာများကိုပြည်ထောင်စုဗဟိုအစိုးရသို့ ကန့်သတ်ပေး၍ ကျန်အာဏာများကိုပြည်နယ်များတွင် ထားရေး၊

ပြုလုပ်ခဲ့သည်။ ထိုနီးနှောဖလှယ်ပွဲတွင် "ပြည်နယ်များညီညွတ်ရေးအဖွဲ့ ကိုယ်စားရှမ်းပြည်နယ်ဥက္ကဋ္ဌ ဝန်ကြီး စပ်ခွန်ချိုက ပြည်ထောင်စုမူကိစ္စကို ဆွေးနွေးတင်ပြသည်။ အတိုချုပ်အားဖြင့် ပြည်ထောင်စုစနစ် ဖွဲ့စည်းပုံနှင့်ပတ်သက်၍ အချက် (၄) ချက်ကိုတင်ပြခဲ့သည်။

၎င်းအဆိုကို ကချင်ပြည်နယ်မှ ဒူးဝါဇော်လွန်း၊ ကယားပြည်နယ်မှ ဦးစိန်၊ ရှမ်းပြည်နယ်မှ ဦးထွန်းအေး၊ ချင်းဝိသေသတိုင်းမှ ကပ္ပတိန်မန်းတုံးနုံးတို့က ထောက်ခံခဲ့ကြသည်။

ဤအဆိုမှ ပါဝင်သည့် ပြည်ထောင်စုမူဆိုသည်မှာ ဖက်ဒရယ်ဟု ထင်ရှားသည့်မူပင် ဖြစ်သည်။ ထိုမူသည် ပြည်ထောင်စုပြိုကွဲရန်ရှိသည်ဆိုကာ ၁၉၆၂ ခုနှစ် မတ်လ (၂) ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းဦးဆောင်သော စစ်တပ်က ဦးနုအစိုးရအဖွဲ့ကို ဖမ်းဆီး၍ နိုင်ငံတော်အာဏာကို သိမ်းယူလိုက်သည်။

စစ်တပ်က အကြောင်းပြရာတွင် ဤဖက်ဒရယ်မူကြောင့် တိုင်းပြည် အစိတ်စိတ် အမွှာမွှာ ပြိုကွဲမည့်အန္တရာယ်နှင့်ကြုံရပြီး ချောက်ကမ်းပါးထဲကျလုနီးတွင် တပ်မတော်က ကယ်တင်လိုက်ရကြောင်း ဆိုခဲ့သည်။

ဖက်ဒရယ်ဆိုသည်မှာ ခွဲထွက်ရေးမူဖြစ်ပြီး ပြည်ထောင်စု ပြိုကွဲမည့်မူဖြစ်ကြောင်း စစ်အစိုးရသည် ၁၉၆၂ မှစ၍ တလျှောက်လုံး ဝါဒဖြန့်ခဲ့သည်။ စစ်အစိုးရလက်အောက်တွင် သတင်းလွတ်လပ်ခွင့် မရှိသဖြင့် ဖက်ဒရယ်၏ အနှစ်သာရအမှန်ကို ဖော်ထုတ်ရန် မတတ်နိုင်ခဲ့၊ ယင်းတို့၏ဝါဒဖြန့်ချိမှုအောက်တွင် ဖက်ဒရယ်မှာ နာမည်ပျက်ခဲ့ရသည်။

သို့ဖြင့် ဖက်ဒရယ်မှာ နောင်းလူငယ်များပင်လျှင် အမှန်ကို နားလည်သဘောပေါက်ခွင့် မရဘဲ စစ်အစိုးရဝါဒဖြန့်မှုအတိုင်း နာမည်ဆိုးဖြင့် ငုပ်လျှိုးခဲ့ရသည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံကြီးနောက်ပိုင်းတွင်းသာ ငုပ်လျှိုးနေခဲ့ရသော ဖက်ဒရယ်မူကို လူထုကြားသို့ ပြန်လည်ဖော်ထုတ်ခွင့်ရခဲ့သည်။

(၃)

"... ကျမဟာ (Federal) ဆိုတဲ့ စကားလုံးတလုံးကို မသုံးချင်ဘူး။ သဘာပတိကြီး ပြောခဲ့တဲ့အတိုင်းပါပဲ။ ဒီစကားဟာ အများစု နားမလည်ကြပါဘူး၊ ကျမက သုံးလိုက်လို့ ရှိရင် အထင်အမြင်လွဲပြီးတော့ အများကြီးပဲ ပြဿနာတက်သွားနိုင်တယ်။ ဒါကြောင့်မို့လည်း မသုံးပါနဲ့ (Unitary) လဲ မသုံးပါနဲ့ (ပြည်ထောင်စုဆိုတဲ့) ဗမာစကားသက်သက်ပဲ သုံးသွားပြီးတော့ ဘယ်လို ပြည်ထောင်စုကို ကျမတို့ ထူထောင်မလဲ..."

(ဒေါ်အောင်ဆန်းစုကြည်)

ရှစ်လေးလုံးအရေးတော်ပုံနောက်ပိုင်း ဖက်ဒရယ်ဆိုသည့်စကားလုံးကို ထုတ်ဖော် ပြောဆိုလာနိုင်သော်လည်း စစ်အစိုးရ၏ တလျှောက်လုံး ဝါဒဖြန့်မှုများကြောင့် ဖက်ဒရယ်

ဆိုသည့်စကားလုံးကို အဓိပ္ပါယ်ကောက်များပြီး "ခွဲထွက်ရေး-ပြည်ထောင်စုပြိုကွဲရေး" ဟု လူထုအတွင်း နက်ရှိုင်းစွာ စိမ့်ဝင်ပျံ့နှံ့မှုရှိနေဆဲဖြစ်သည်။ ထို့ပြင် စစ်အာဏာရှင်တို့၏ အောက်တွင် လူထုနှင့် နိုင်ငံရေးအဖွဲ့အစည်းများအနေဖြင့် လွတ်လပ်စွာ ရေးသား ထုတ်ဝေ၊ ဟောပြောခွင့်မရှိဘဲ ဖိနှိပ်ချုပ်ချယ်ခံနေရဆဲဖြစ်သဖြင့် ဆွေးနွေးရှင်းလင်းရန် အခွင့်မသာသေးပေ။ စစ်အစိုးရ၏ သတင်းဌာနများသာလျှင် ဒီမိုကရေစီရေးကို ကြိုက်သလို ရှုတ်ချတိုက်ခိုက်နိုင်သည့်အခွင့်အရေး ရှိနေသည်။ ဤအခြေအနေတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်ထောင်စုဖွဲ့စည်းတည်ဆောက်မှုပုံသဏ္ဌာန်နှင့်ပတ်သက်၍ ဖက်ဒရယ်ဆိုသောစကားလုံးကို သုံးနှုန်းရန် တတ်နိုင်သမျှ ရှောင်ရှားနေရသည့်အတွက် တချို့သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ အားမလိုအားမရမှုများကို ကြုံတွေ့ခဲ့ရပါသည်။

"ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အခြေခံဥပဒေသစ်ရယ်၊ အဲဒီအခြေခံဥပဒေအရ တည်ဆောက်မယ့် ပြည်ထောင်စုကြီးဆိုတာ ဘယ်လိုနိုင်ငံအမျိုးအစားကို ဆိုလိုတာလဲ ဖက်ဒရယ်လား "ယူနစထရီလား?"

(ဦးထွန်းမြင့် - ၂၀-၂-၁၉၈၉)

သို့ဖြစ်ရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အနာဂတ်မြန်မာနိုင်ငံကို မည်သို့သော ပုံသဏ္ဌာန်ဖြင့် စုဖွဲ့တည်ဆောက်ရန် ရည်ရွယ်သည်။ တည်ဆောက်စုဖွဲ့မှုသည် ပြည်ထောင်စုသဘောတရားများနှင့် ကင်းလွတ်မှုရှိ-မရှိ ဆိုသည်ကို ဆင်ခြင်နိုင်ရန် အဖွဲ့ချုပ်၏ သဘောထားကြေညာချက်များ၊ ဆွေးနွေးချက်များတို့မှ ထုတ်နုတ်၍ အောက်တွင် ဆန်းစစ်လိုက်ပါသည်။

(၁) နိုင်ငံတော်စုဖွဲ့မည့်ပုံသဏ္ဌာန်

အမိမြန်မာနိုင်ငံတော်ကို ပြည်ထောင်စုနိုင်ငံတော်အဖြစ်တည်ဆောက်ရန်ဖြစ်သည်။

ဤနေရာတွင်၊ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် "ပြည်ထောင်စုမြန်မာနိုင်ငံ" ဟု သုံးနှုန်းခဲ့သည့်အတွက် ပြည်ထောင်စု ဖွဲ့စည်းမှုတွင် ယင်းတို့နှင့် ရောထွေးနိုင်ဖွယ်ရှိပါသည်။

- ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်ထောင်စုဟု ဆိုသော်လည်း ဗမာပြည်ကို ဗဟိုပြည်ထောင်စုအစိုးရနှင့် ရောထွေးထားခြင်းနှင့်
- ၁၉၇၄ အခြေခံဥပဒေတွင် ပြည်နယ်အစိုးရလွှတ်တော်များမရှိဘဲ တိုင်းနှင့်

ပြည်နယ် (၇) ခုစီကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဆင့်သာ သတ်မှတ်ထားခြင်း စသည့် အားနည်းချက်များရှိနေသည်။

အဖွဲ့ချုပ်လက်ခံထားသော ပြည်ထောင်စုဖွဲ့စည်းပုံသည် အထက်ပါပြည်ထောင်စုတို့နှင့်အခြေခံအရဖြစ်စေ၊ သဏ္ဌာန်နှင့်အနှစ်သာရဖြစ်စေ ကွဲပြားခြားနားမှုရှိကြောင်း အောက်ပါသဘောထားများအရ တွေ့ရှိမည်ဖြစ်ပါသည်။

(က) အဖွဲ့ချုပ်၏ ကြေညာချက်အမှတ် (၉) - ဒီမိုကရေစီ ပြည်ထောင်စုသစ်ကြေညာချက်တွင် ...

"တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသားညီညွတ်ရေးညီလာခံကြီး၏ ပြဋ္ဌာန်းချက်များအား အခြေခံလမ်းညွှန်အဖြစ် လက်ကိုင်ပြုလျက် ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံးအတွက် လူမှုရေးရာ၌လည်းကောင်း၊ စီးပွားရေးရာ၌လည်းကောင်း၊ နိုင်ငံရေးရာ၌လည်းကောင်း တရားမျှတမှု ဖြစ်ထွန်းစေကာ အဆင့်အတန်း၊ အခွင့်အရေးနှင့် ဥပဒေသက်ဆိုင်မှုတို့တွင် ပကတိတူညီစေသည့်အပြင် လူ့အခွင့်အရေးနှင့် လူမှုလွတ်လပ်မှုများကို အပြည့်အဝခံစားစေနိုင်သည့်ပြဋ္ဌာန်းချက်များ၊ အာမခံချက်များ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များစသော နိုင်ငံတော်၏ ပုံသဏ္ဌာန်နှင့် ရည်မှန်းချက်များအား အခိုင်အမာ အတိအကျ သတ်မှတ်ဖော်ထုတ်နိုင်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်တရပ်ကို တိုင်းပြုပြည်ပြုလွှတ်တော်တွင် ညှိနှိုင်းရေးဆွဲမည်။"

၈။ ဒေါ်အောင်ဆန်းစုကြည်၏ ဆွေးနွေးချက် - ၁၅-၇-၈၉ (ဗိုလ်အောင်ကျော်လမ်း) UNLD နှင့် NLD တွေ့ဆုံဆွေးနွေးပွဲ မှတ်တမ်း

၉။ ဦးထွန်းမြင့်-ဒေါ်အောင်ဆန်းစုကြည်သို့ပေးစာ- (၂၀-၂-၁၉၈၉)

၁၀။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်း၍ ထားရှိ သောသဘောထား ၁၂-၂-၁၉၉၆ အပိုဒ် ၂၈ (က)

၁၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကြေညာချက် အမှတ် ၈-(၁၂-၂-၁၉၈၉)

၎င်းကြေညာချက်တွင် အဖွဲ့ချုပ်သည် ပင်လုံညီလာခံကဲ့သို့ တိုင်းရင်းသားလူမျိုး ပေါင်းစုံ အမျိုးသားညီနှိုင်းမှု ညီလာခံကိုတရပ်ကို ခေါ်ယူကျင်းပ၍ အနာဂတ်နိုင်ငံတော်ဖွဲ့စည်းမှုပုံ သဏ္ဌာန်ကို အခိုင်အမာ အတိအကျ ဖော်ထုတ်ရန် လုပ်ငန်းစဉ်ကို ဖော်ပြထားပါသည်။

(ခ) နိုင်ငံတော်သည် တန်းတူရည်တူရှိသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ အစရှိသော တိုင်းရင်းသား လူမျိုးနွယ်စုများနှင့် ပေါင်းစပ်ထားသော နိုင်ငံတော် ဖြစ်သည်။

၎င်းသည်မှာ (ဗမာအပါအဝင်) တိုင်းရင်းသားလူမျိုး အားလုံး တတန်းစားတည်း ရှိပြီး၊ ၎င်းလူမျိုးများနှင့် စုပေါင်းတည်ဆောက်သည့် ပြည်ထောင်စုနိုင်ငံတော်ဟု ရည်ညွှန်းခြင်း ဖြစ်ပါသည်။

(ဂ) Federal ဆိုတာ ခွဲထွက်ရေး မဟုတ်ပါဘူး၊ ခွဲထွက်ရေး မဟုတ်ဘူးဆိုတာ ကျမတို့ လက်ခံပါတယ်။

Federal ဆိုတာ ပုံစံအမျိုးမျိုးရှိပါတယ်။ ဆိုတော့ Central Government နဲ့ Local Government တို့ကြားမှာ အာဏာ ဘယ်လိုခွဲဝေရတယ်၊ ဒါဟာ Federal ရဲ့ အဓိက ပြဿနာပဲ...

"...နောက်ပြီးတော့ ပြည်ထောင်အစိုးရနဲ့ ပြည်နယ်အစိုးရကြားမှာ ဘယ်လိုပြေလည်အောင် လုပ်မလဲဆိုတာ Federal ရဲ့ အဓိက ပြဿနာပဲ..."

(ဒေါ်အောင်ဆန်းစုကြည်)

၎င်းဆွေးနွေးချက်သည် ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရ ပီပီပြင်ပြင်ရှိရမည်ဆိုတဲ့ အထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏သဘောထားဖြစ်ပါသည်။

(ဃ) တန်းတူရည်တူဖြစ်သော ပြည်နယ်နှင့်တိုင်းများတွင် သက်ဆိုင်ရာပြည်နယ် (သို့) တိုင်းလွှတ်တော်တရပ်စီ ဖွဲ့စည်းရန်၊

၎င်းအပိုဒ်သည် ပြည်နယ် (သို့) တိုင်းများတွင် သီးခြားလွှတ်တော်ဖွဲ့စည်းရန်ဖြစ်သည်။ တိုင်းဟု သုံးနှုန်းခြင်းနှင့်ပတ်သက်၍ နောင်တချိန်၌ အမျိုးသားညီနှိုင်းမှုညီလာခံမျိုးတွင် ထည့်သွင်းဆွေးနွေးရန်ဖြစ်သည်။ တချို့ပြည်နယ်များတွင် လူမျိုးနာမည်ခံမည်လော၊ ဒေသနာမည်ယူမည်လောဆိုသည့် ကိစ္စများကိုလည်းကောင်း၊ အခြားဒေသဆိုင်ရာကိစ္စများကိုလည်းကောင်း၊ သက်ဆိုင်ရာဒေသလူမျိုးတို့၏ သဘောထားကိုရယူရန် လိုအပ်ပါမည်။

၎င်းသို့ဖြင့် နိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးပြည်နယ်များဖြင့် စုဖွဲ့မည်၊ ဗဟိုအစိုးရနှင့် ဒေသအစိုးရရှိရမည်၊ ပြည်နယ်များတွင် လွှတ်တော်တရပ်စီ ဖွဲ့စည်းမည်ဆိုသည့်အချက်

များက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်ကို တန်းတူသော ပြည်နယ်များဖြင့် ပြည်ထောင်စုပုံသဏ္ဍာန်ဖြင့် ဖွဲ့စည်းရန် ဦးတည်ကြောင်း တွေ့ မြင်နိုင်ပါသည်။

(၂) အချုပ်အခြာအာဏာ ဆင်းသက်ပုံ

နိုင်ငံတော်အချုပ်အခြာအာဏာသည် ပြည်သူတို့ထံမှ ဆင်းသက်သည်။

(က) ဤအချက်နှင့်ပတ်သက်၍ "အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့များကို ပြည်သူက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများတွင် မိမိကိုယ်တိုင် ရွေးမြောက် အပ်နှင်းလိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန်" ဟု ဖေါ်ပြထားပါသည်။

၁၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားလူမျိုးများနှင့်စပ်လျဥ်း၍ထားရှိသော သဘောထားအပိုဒ် ၁၉။ ၁၂-၂-၁၉၉၆

၁၃။ ဒေါ်အောင်ဆန်းစုကြည်၏ ဆွေးနွေးချက်-၁၅-၇-၈၉-ဗိုလ်အောင်ကျော်လမ်း UNLD နှင့် NLD တွေ့ဆုံ ဆွေးနွေးပွဲမှတ်တမ်း

၁၄။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဥ်း၍ ထားရှိသောသဘောထား အပိုဒ် ၂၈ (၈)။ ၁၂-၂-၁၉၉၆

(၃) တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် -

တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိရေးကို ဦးတည်ရွေးရှုမည်။

(က) တိုင်းရင်းသားလူမျိုးအားလုံး၏ တန်းတူရည်တူအခွင့်အရေးများကို အသိအမှတ်ပြုခြင်းနှင့် ပြည်ထောင်စု တခုလုံး သာယာဝပြောရေးတို့ သဟဇာတဖြစ်စေမည့်မှုကို လက်ကိုင်ကျင့်သုံး၍ ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖေါ်ထုတ်မည်။

(ခ) တိုင်းရင်းသားလူမျိုးများအားလုံး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးကဏ္ဍာ နယ်ပယ်အသီးသီး၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးကို ဦးတည်ရှေ့ရှုမည်။

(ဂ) ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံး၏ အခွင့်အရေး တန်းတူရည်တူမှုကို လက်ခံလျက် မည်သည့်လူမျိုးကိုမျှ အထူးအခွင့်အရေး မပေးရေးနှင့် လူမျိုးနွယ်လူမျိုးစုအားလုံး၏ ခံစားထိုက် ခံစားအပ်သော မည်သည့်အခွင့်ကိုမျှ ချုပ်ခြယ်ကန့်သတ်မှု မပြုရေးကို ဦးတည်ရှေးရှုမည်။

(ဃ) ထို့ပြင် အခြားထုတ်ပြန်ကြေညာချက်များတွင်လည်း တန်းတူရေး၊ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်နှင့်ပတ်သက်၍ ဦးတည်ချက်များကို တွေ့နိုင်ပါသည်။

(၄) လွှတ်တော်ဖွဲ့စည်းပုံ

လွှတ်တော် (၂) ရပ်ရှိသောစနစ်ကို ကျင့်သုံးမည်။

ပြည်ထောင်စုနိုင်ငံတော်ကို ဖွဲ့စည်းသည့်အခါ ဗဟိုတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ ပါဝင်သော ပြည်ထောင်စုလွှတ်တော်ကို ဖွဲ့စည်းရန် ဖြစ် ပါသည်။

၁၅။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားလူမျိုးများအရေးနှင့် စပ်လျဉ်း၍ထား ရှိသော သဘောထားအပိုဒ်

၁၆။ ၁၉၈၈ အောက်တိုဘာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေစည်းမျဉ်း (ယာယီ)၊ နှင့် သဘောထားများ (မူကြမ်း) မှာကတည်းက ထည့်သွင်း ဖော်ပြခဲ့သည်။

၁၇။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်အမှတ် ၉၊

၁၈။ ပါတီစုံအထွေထွေရွေးကောက်ပွဲကြေညာစာတမ်း (ခ) (ဈ)

၁၉။ (က) ဗိုလ်အောင်ကျော်လမ်းပူးတွဲကြေညာချက် (၁) (၄) (ဈ)။

(ခ) အဖွဲ့ချုပ်၏ တိုင်းရင်းသားလူမျိုးများအရေးနှင့်စပ်လျဉ်း၍ထားရှိသော သဘော ထား အပိုဒ် (၂၈ (စ)

၂၀။ အဖွဲ့ချုပ်၏ တိုင်းရင်းသားအရေးနှင့် စပ်လျဉ်း၍ထားရှိသော သဘောထား ကြေညာ ချက် ၂၈ (ခ)

- မဲဆန္ဒနယ်မြေအလိုက် လူဦးရေကိုအခြေခံ၍ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည့် လွှတ်တော်တရပ်နှင့်
- ပြည်နယ်နှင့်တိုင်းများ လူဦးရေညီမျှ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် လွှတ်တော်တရပ် ပေါင်းနှစ်ရပ် တို့ဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(၅) လူနည်းစုတို့၏ အခွင့်အရေး

လူနည်းစုတို့၏ အခွင့်အရေးကို ပြဋ္ဌာန်းမည်။

(က) လူမျိုးနွယ် လူမျိုးအားလုံး၏ ခံစားထိုက်ခံစားအပ်သော မည်သည့်အခွင့်အရေး ကိုမျှ ချုပ်ချယ်ကန့်သတ်မှု မပြုရေးကို ဦးတည်ရေးရှုမည်။

... လူမျိုးနွယ်ကြီးတခု၏ နယ်ပယ်ဒေသအတွင်း မီတင်းနေထိုင်လျက် ကိုယ်ပိုင် စကား၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်နယ်မြေဒေသရှိသော လူမျိုးငယ်တို့ သီးခြားနယ်မြေဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်စသည့် အရေးကိစ္စများနှင့် စပ်လျဉ်း ၍ အများသဘောတူညီမှုသော ပြဋ္ဌာန်းချက်ကို ချမှတ်မည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာများ ရှိသည်။ အာဏာပိုင်အဖွဲ့များ ဖွဲ့စည်းထားရှိရန် ... စသည့်ဖြင့် ဖေါ်ပြချက်များရှိပါသည်။

(၆) အာဏာခွဲဝေမှု

ဗဟိုအစိုးရနှင့် ဒေသဆိုင်ရာအစိုးရများ အာဏာခွဲဝေခြင်း

အာဏာများ ခွဲဝေသတ်မှတ်ရာတွင် ပြည်ထောင်စုဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ် တိုင်းဆိုင်ရာကိစ္စရပ်များကို လုံလောက်စွာ ဆောင်ရွက်နိုင်ရန် အကျေအလည် ညှိနှိုင်းပြီး သတ်မှတ်ရန်၊ အထူးသဖြင့် ပြည်ထောင်စုဥပဒေပြုဇယားများ၊ ပြည်နယ်တိုင်းနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥပဒေပြုဇယားနှင့် တူညီဥပဒေပြုဇယားများကို တိကျစွာ ခွဲဝေသတ် မှတ်ရန် ဟု ဖေါ်ပြထားပါသည်။

(၇) ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး

ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးမည်။

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းသည့် ရည်ရွယ်ချက်တွင် ...

၂၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်အမှတ် ၉၊ အပိုဒ် ၃။

၂၂။ အဖွဲ့ချုပ်၏တိုင်းရင်းသားလူမျိုးများအရေးနှင့် စပ်လျဉ်း၍ထားရှိသော သဘောထား ကြေညာချက် ၂၈ (ဃ)

၂၃။ အဖွဲ့ချုပ်၏ တိုင်းရင်းသားလူမျိုးများအရေးနှင့် စပ်လျဉ်း၍ထားရှိသော သဘောထား ကြေညာချက် ၂၈ (ဆ)

... အများပြည်သူဆန္ဒနှင့်ကိုက်ညီ၍ အခြေခံလူ့အခွင့်အရေးများကို အာမခံမည့် စစ်မှန်သော ဒီမိုကရေစီအစိုးရ ဖြစ်ပေါ်လာစေရန်

... နောင်ခေတ်အဆက်ဆက်၌လည်း မြန်မာနိုင်ငံသည် ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ဒီမိုကရေစီနိုင်ငံရေးစနစ် ထွန်းကားသော တည်တံ့ခိုင်မြဲသည့် ပြည်ထောင်စု ကြီးအဖြစ် တည်ရှိရေးအတွက် အုတ်မြစ်ချရန် ဟု ဖော်ပြခဲ့ပြီး ...

(ခ) အဖွဲ့ချုပ်၏ ကြေငြာချက်အမှတ် (၉)- ဒီမိုကရေစီပြည်ထောင်စုသစ် ကြေညာ ချက်တွင်-

... ပြည်ထောင်စုတခုလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍနယ်ပယ်အားလုံး၌ အပြည့်ဝဆုံးသော ဒီမိုကရေစီအခြေအနေများ ဖော်ထုတ်ရေးနှင့် အစစ်အမှန်ဆုံးသော ဒီမို ကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကို ဦးတည်ရေးရှုခြင်း ... ဟု အတိအလင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

(ဂ) အခြားအခြေခံသဘောတရားများ

အခြေခံဥပဒေရေးဆွဲရာတွင် တိုင်းရင်းသားအရေးနှင့်ပတ်သက်၍ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်က ဆုပ်ကိုင်ထားသော အခြေခံသဘောတရားများလည်း ရှိပါသည်။

ယင်းတို့မှာ ...

(က) တိုင်းရင်းသားလူမျိုးများသည် မိမိတို့ ဘိုးစဉ်ဘောင်ဆက် ရပ်တည်ခဲ့သော လူမျိုးအစဉ်အဆက်ကို မပျောက်မပျက် ထိန်းသိမ်းရင်း မိသားစုဝင်များအဖြစ် မျှတသည့် လူ့ဘောင်ဘဝကို တည်ဆောက်လိုကြသည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို လိုလားကြသည်။

ဤကား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်များ၊ ဆွေးနွေးချက်များ၊ စာတမ်းများမှ ကောက်နုတ်ဖော်ပြလိုက်သည့် ပြည်ထောင်စု တည်ဆောက်ရေးနှင့်ပတ်သက် သော ပင်မသဘောထားများပင် ဖြစ်သည်။

အထက်ပါသဘောထားများမှ ထုတ်နုတ်ကောက်ယူ၍အနှစ်ချုပ်ရလျှင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လက်ခံထားသော ပြည်ထောင်စုမူ၏ အခြေခံသဘောတရားများမှာ ...

၁။ နိုင်ငံတော်ကို ပြည်ထောင်စုဖွဲ့စည်းမှုဖြင့် တည်ဆောက်မည်၊

၂။ အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်ရသည်ဟု ခံယူသည်၊

၃။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုသည်၊

၄။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ထားရှိမည်၊

၅။ လူနည်းစုအခွင့်အရေးကို ပြဋ္ဌာန်းမည်၊

၆။ ဗဟိုအစိုးရ (သို့) ပြည်ထောင်အစိုးရနှင့်ဒေသဆိုင်ရာအစိုးရများကြား အာဏာခွဲ ရေးကို သတ်မှတ်ထားရှိမည်၊

၂၄။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တိုင်းရင်းသားလူမျိုးများအရေးနှင့်စပ်လျဉ်း၍ ထားရှိသော သဘောထား

၇။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်၊

၈။ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို အာမခံမည်၊

၉။ အခြေခံဥပဒေရေးဆွဲရာတွင် အမျိုးသားအခွင့်အရေးများနှင့်ပတ်သက်သော အခြေခံ သဘောတရားများကို ဆုပ်ကိုင်ထားသည်။

စသည်တို့ဖြစ်သည်။

ဤတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပတ်သက်သော ဤအခြေခံတရားများနှင့် ဖက်ဒရယ်မူ၏ အခြေခံတရားများကို နှိုင်းယှဉ်၍ သုံးသပ်ပါက သဘောတစုတည်းဖြစ်ကြောင်းကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်သည် စစ်အစိုးရ၏ပယောဂဖြင့် ဖက်ဒရယ်ဆိုသောစကားလုံးမှာ လူထု အတွင်း အဓိပ္ပါယ်ကောက်လွဲမှားနေခြင်း၊ စစ်အာဏာရှင်တို့၏ တင်းကျပ်သော ဖိနှိပ်မှုလက် အောက်တွင်နေရသဖြင့် လွတ်လပ်မှုမရှိသေးခြင်း စသည့်အကြောင်းများကြောင့် ထို

ဖက်ဒရယ်ဟူသော ဝေါဟာရကို မသုံးခဲ့သော်လည်း အထက်ပါအတိုင်း ခံယူထားသော ပြည်ထောင်စုမူသည် ဖက်ဒရယ်ပြည်ထောင်စု၏ သဘောတရားမှ သွေဖည်ခြင်း မရှိ၊ တသဘောထားတည်းဖြစ်ကြောင်းကို ဖေါ်ပြလိုက်ရပေသည်။

ဤစာတမ်းကို အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ဆွေးနွေးချက် စကားဖြင့် နိဂုံးချုပ်ရလျှင် ..

"ဖက်ဒရယ်လို့ပဲ ခေါ်ခေါ်၊ ပြည်ထောင်စုလို့ပဲ ခေါ်ခေါ် အရေးကြီးတာဟာ ကျမတို့ ကြားထဲမှာ အားလုံး သဘောတူညီနိုင်မယ့်ပုံစံရှိတဲ့ နိုင်ငံတခုကို ဖော်ထုတ်ဖို့ပဲ။"

(ဒေါ်အောင်ဆန်းစုကြည်)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)

ရက်စွဲ။ ၂၀၀၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၉) ရက်

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း (၁) ရက်

## (၅.၈) အနာဂတ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများနှင့်ပတ်သက်သည့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အမြင်သဘောထားများ

အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများ ချမှတ်ရေးဆိုင်ရာ ပူးတွဲကော်မတီမှ တင်ပြလာသော အချက် ၆ ချက်ပါ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှုအချက်သည် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အရေးကြီးသည့် အခြေခံမူတရပ် ဖြစ်သည်ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ လေးနက်စွာ ယုံကြည်သည်။

မိမိတို့အနေနှင့် "အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ဖျက်သိမ်းရေး သဘောတူစာချုပ် (CEDAW) နှင့် ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC)" ကို သဘောတူလက်ခံသည်။ အခြေခံလူ့အခွင့်အရေးတခုဖြစ်သော "လူတိုင်း အသားအရောင်၊ လိင်၊ ကိုးကွယ်သည့်ဘာသာ၊ ကျားမ မရွေး တန်းတူညီမျှ မှုရှိရမည်" ဆိုသည့် အချက်ကို လက်တွေ့ခံစားနိုင်ရန်အတွက် CEDAW ပါ အပိုဒ် ၃ အရ ဥပဒေပြုပြဋ္ဌာန်းပေးရမည်။ နယ်ပယ်အသီးသီးတွင် အမျိုးသမီးများ တန်းတူရည်တူ ပါဝင်နိုင်ရန်အတွက် CEDAWပါအပိုဒ်၄အရ"ယာယီအထူးလုပ်ဆောင်ချက်များ"ကိုအကောင်အထည်ဖော်ရမည်။

ယနေ့အခြေအနေတွင် အမျိုးသမီးများအား လိင်ကွဲပြားမှုအပေါ် အခြေခံသော ခွဲခြားမှုအမြင်များ၊ အစွဲအလမ်းများ ပပျောက်စေရန် CEDAW ပါ အပိုဒ် ၂၊ ၃၊ ၄ ကို မဖြစ်မနေ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

ပူးတွဲကော်မတီမှ တင်ပြထားသော အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူ ၈ ချက်ကို ယေဘုယျအားဖြင့် လက်ခံပြီး ပြင်ဆင်ဖြည့်စွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ နိုင်ငံတော်အချုပ်အခြာအာဏာ

နိုင်ငံတော် အချုပ်အခြာအာဏာ ဟူသမျှတို့သည် ပြည်သူတို့ထံမှ ဆင်းသက်စေရမည်။

၂။ တန်းတူအခွင့်အရေး

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ တန်းတူရည်တူအခွင့်အရေးရရှိမည်။

၃။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စာပေနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးအပြည့်အဝ ရှိစေရမည်။

၄။ ဖက်ဒရယ်အခြေခံမူများ

လွှတ်တော်နှစ်ရပ်ထားရှိရေးအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

၅။ လူနည်းစုအခွင့်အရေး

ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များ ပြဋ္ဌာန်းပေးရမည်။

၆။ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံ လူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု

ဘာသာ၊ အယူဝါဒ၊ အသားအရောင်နှင့် လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံမှုများမရှိစေသည့် အခြေခံလူ့အခွင့်အရေးများနှင့် ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

၇။ ဘာသာရေးကို အခြေမခံသောနိုင်ငံ

ဘာသာရေးကို အခြေမခံသော ဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရမည်။

ဈ။ ပါတီစုံဒီမိုကရေစီစနစ်

အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်။

ဒေသခံပြည်သူလူထုနှင့် ဌာနေတိုင်းရင်းသားများအပေါ် အကျိုးသက်ရောက်မှုများမှ ကာကွယ်နိုင်ရန် ဒေသခံတို့၏ပူးပေါင်းပါဝင်ဆုံးဖြတ်နိုင်မှုကို အာမခံချက်ပေးရမည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာပြဋ္ဌာန်းချက်များကိုလည်း ထည့်သွင်းဖော်ပြပေးရမည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနှင့် ဗမာပြည်နယ်ထားရှိရေးကို လက်ခံသည်။ ထို့အပြင် ပြည်နယ်တခု၏ အင်္ဂါရပ်နှင့်အညီ လူမျိုးနှင့်ပထဝီအနေအထားအရ ဖြစ်ပေါ်လာမည့် တခြားပြည်နယ်များလည်း အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် ပါဝင်မှုရှိစေရမည်။

မိမိတို့၏သဘောထား ထုတ်ပြန်ချက်နှင့်အတူ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) နှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှု အားလုံးဖျက်သိမ်းရေးသဘောတူစာချုပ် (CEDAW) ဆိုင်ရာအချက်အလက်များကို နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသောအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအား ပူးတွဲပေးပို့သည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်

×××

## (၅.၈) အနာဂတ် ပြည်ထောင်စုအတွက် လမ်းညွှန်မှုများ နီးနှောဖလှယ်ပွဲသို့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) မှ တင်သွင်းသည့်စာတမ်း

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျာ ...

မျက်မှောက်အချိန်ကာလသည် မြန်မာ့နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်ရန် အားယူနေသောအချိန်အခါဖြစ်၍ အားလုံးအတွက် အမှန်တကယ်အရေးကြီးသောကာလဖြစ်သောကြောင့် နီးနှောဖလှယ်ပွဲ ခေါ်ယူကျင်းပပေးသော နီးနှောဖလှယ်ပွဲ (ပူးတွဲ) ကျင်းပရေးကော်မတီ (NCUB-NDF-NCGUB-UNLD,LA-MPU-KNPP-WLB) ကို များစွာ ကျေးဇူးတင်ကြောင်း ဦးစွာဖော်ပြလိုပါသည်။

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကို နိုင်ငံရေးသမားတိုင်း အားလုံး သိနေကြပြီးဖြစ်သည့်အတွက် လိုရင်းကိုသာ ဖော်ပြသွားမည်ဖြစ်ပါသည်။

လက်နက်ကိုင်တိုက်ပွဲသက်တမ်း နှစ်ပေါင်းငါးဆယ်ကျော်လာခဲ့ပြီး အဖြေမပေါ်သေးခြင်းသည် လက်နက်ကိုင်တိုက်ပွဲသက်သက်ဖြင့် မလုံလောက်ဆိုသည်ကို ဖော်ပြခြင်းဖြစ်သည်။

၁၉၈၈၊ ဒီမိုကရေစီလူထုတိုက်ပွဲအား စစ်တပ်မှ အကြမ်းဖက်နှိပ်ကွပ်ခဲ့ခြင်းသည် စစ်အုပ်စုအား ဖြုတ်ချရန် လူထုလှုပ်ရှားမှုသက်သက်ဖြင့် မလုံလောက်ဆိုသည်ကို ဖော်ပြခြင်းဖြစ်သည်။

၁၉၈၈၊ နောက်ပိုင်းတွင် ဒီမိုကရေစီအင်အားစုများနှင့် လက်နက်ကိုင် တိုက်ပွဲဝင်အင်အားစုများ ပေါင်းစပ်လာမှုသည် မျက်မှောက်နိုင်ငံရေး၏ အထူးခြားဆုံးလက္ခဏာရပ်ပင် ဖြစ်လာသည်။

၁၉၉၀၊ ပြည့်နှစ်နောက်ပိုင်းတွင် အတွင်းအပြင် အင်အားစုနှစ်ရပ် ဆက်စပ်ရန်အတွက် မလွဲမသွေ လိုအပ်လာခြင်းသည် မျက်မှောက်နိုင်ငံရေး၏ အထူးခြားဆုံးလက္ခဏာရပ်ပင် ဖြစ်လာသည်။

ထိုနောက်ပိုင်းတွင် စစ်အုပ်စုသည် နိုင်ငံရေးအရ၊ လူမျိုးရေးအရ၊ လူ့အခွင့်အရေးအရ၊ ဘာသာရေးအရ ဘက်ပေါင်းစုံမှ အပြင်းအထန်ဆုံး ဖိနှိပ်လာသည်။

အထက်ပါအခြေအနေများကြောင့် မြန်မာ့နိုင်ငံရေးသည် ဖိနှိပ်သူလက်တဆုပ်စာ လူနည်းစု စစ်အုပ်စုမှ တဖက်၊ စစ်အုပ်ဆန့်ကျင်ရေး အင်အားစုများမှ တဖက်ဟူ၍ ဘက်နှစ်ဘက် အားပြိုင်လာသည်။ ထို့ကြောင့် ထိုဘက်နှစ်ဘက်တို့၏ အားသာချက် အားနည်းချက်များကို သုံးသပ်ရန် လိုအပ်လာသည်။

၁။ စစ်အုပ်စုဆန့်ကျင်ရေးအင်အားစုများ

(က) အားသာချက်များ

- ပြည်တွင်းပြည်ပ လက်ခံထားသော နိုင်ငံရေးခေါင်းဆောင်ရှိခြင်း။
- ပြည်တွင်းပြည်ပ လက်ခံထားသော (၁၉၉၀) ခုနှစ် ရွေးကောက်ပွဲရလဒ် ရှိခြင်း။
- စနစ်ကျသော နိုင်ငံရေးဦးဆောင်အဖွဲ့အစည်းရှိခြင်း။
- ဒီမိုကရေစီတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ (အတွင်းအပြင်) ကို ပေါင်းစပ်နိုင်သော အခွင့်အလမ်းရှိခြင်း။
- ဒီမိုကရေစီနိုင်ငံကြီးများ၏ ထောက်ခံအားပေးမှုကို ရရှိနေခြင်း

(ခ) အားနည်းချက်များ

- တိုက်ပွဲဝင်အင်အားစုများအား တိကျပီပြင်စွာ ဦးဆောင်မှုမပေးနိုင်ခြင်း။
- ရန်သူ၏အင်အား ဗဟိုချက်မဖြစ်သည့် စစ်တပ်အတွင်းဖြစ်ပေါ် လာသော အက်ကြောင်းများကို ပြိုကွဲသွားအောင် ထိရောက်စွာ အသုံးမချနိုင်ခြင်း။
- လူထုအတွင်းဖြစ်ပေါ် လာနေသော အထွေထွေ မကျေနပ်ချက်များအား စစ်အုပ်စုဆန့်ကျင်ရေးအတွက် ခွန်အားဖြစ်လာအောင် ကျွမ်းကျင်ပါးနပ်စွာ အသုံးမချနိုင်ခြင်း။

- မိမိတို့ အခြေခံပြည်သူလူထုအတွင်း လူထုအခြေပြု လူ့အဖွဲ့အစည်းများကို မတည်ဆောက်နိုင်ခြင်း။
- ဒီမိုကရေစီတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ (အတွင်းအပြင်) ကို ဟန်ချက်ညီစွာ မပေါင်းစပ်နိုင်ခြင်း။
- အိမ်နီးနားချင်းနိုင်ငံများ၏ ထောက်ခံအားပေးမှု လုံလောက်စွာ မရရှိခြင်း။

၂။ စစ်အုပ်စု

(က) အားသာချက်များ။

- စစ်တပ်၏ ထုံးစံအဖြစ် အမိန့်စီးဆင်းမှုအား တဦးတည်းသော ဦးဆောင်မှုအောက်တွင် စုစည်းမှုရှိနေခြင်း။
- အင်အားဗဟိုချက်မဖြစ်သည့် စစ်တပ်အတွင်း ဖြစ်ပေါ်လာသော အက်ကြောင်းများကို ပြိုကွဲသည်ထိ မရောက်အောင် ထိန်းထားနိုင်သော အားဖြင့် အာဏာအား ဆက်လက်ချုပ်ကိုင်ထားနိုင်ခြင်း။
- ဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်သော (ASEAN) အဖွဲ့တချို့နှင့် အိမ်နီးချင်းနိုင်ငံများအား အပြုသဘောဆောင် ဆက်ဆံရေး ပေါ်လစီ (Constructive Engagement Policy) ကို ထိန်းသိမ်းထားနိုင်ခြင်း။
- မြန်မာ့နိုင်ငံရေး အကျပ်အတည်းအား လမ်းပြမြေပုံဟူသော လိမ်ညာလှည့်စားမှုဖြင့် ပြည်တွင်းပြည်ပများအား နှစ်သိမ့်ပေးထားနိုင်ခြင်း။
- ပြည်တွင်းအတိုက်အခံအင်အားစုများနှင့် ပြည်သူလူထုအား လုံးဝ လှုပ်ရှားမှု မလုပ်နိုင်အောင် ထိန်းသိမ်းထားနိုင်ခြင်း။
- နိုင်ငံတော်၏ စီးပွားရေးကျဆင်းနေသော်လည်း တံခါးဖွင့် စီးပွားရေးကြောင့် စစ်ခေါင်းဆောင်များအတွင်း တစုံတရာအကျိုးရှိနေခြင်း။

(ခ)။ အားနည်းချက်များ။

- ပြည်သူလူထု၏ ထောက်ခံမှုကို တနေ့ထက်တနေ့ ဆုံးရှုံးလာစေခြင်း။

- ရှေ့နောက်စကားမညီမှုများကြောင့် စစ်အုပ်စုအား ထောက်ခံအားပေး လာသောနိုင်ငံများအတွင်း စိတ်ပျက်မှုများ ဖြစ်ပေါ်လာစေခြင်း။
- စစ်အုပ်စု၏ထွက်ရပ်လမ်းဖြစ်သော အတုအယောင်အမျိုးသားညီလာခံ အား ရည်မှန်းချက်အတိုင်း အဆုံးသတ်နိုင်ခြင်း။
- ပြည်ပရင်းနှီးမြှုပ်နှံကုမ္ပဏီများ၊ ပြည်လည်ရုပ်သိမ်းနေကြခြင်းနှင့် နိုင်ငံ တကာမှ ဒဏ်ခတ်ပိတ်ဆို့မှု တိုးပွားလာနေခြင်း။
- စစ်အုပ်စု၏ ခေါင်းဆောင်စုအတွင်း ဂိုဏ်းဂဏ ပြိုင်ဆိုင်မှုများ၊ လာဘ်ပေး လာဘ်ယူ ခြစားမှုများ မကြာခဏဖြစ်ပေါ်နေခြင်း။

၃။ စစ်အုပ်စု၏ အမျိုးသားညီလာခံ

(က) အားသာချက်များ။

- ထွက်ပေါက်ပိတ်နေသော မြန်မာ့နိုင်ငံရေးအား ထွက်လမ်းအဖြစ် ပြည် တွင်းပြည်ပအား လှည့်ကွက်ဆင်ထားနိုင်ခြင်း။
- ငြိမ်းအဖွဲ့များအား ပါဝင်တက်ရောက်စေခြင်း။
- (ASEAN) ကဲ့သို့ ဒေသဆိုင်ရာအဖွဲ့တချို့နှင့် အိမ်နီးချင်းနိုင်ငံကြီးများ၏ ထောက်ခံမှုကို ရရှိနေခြင်း။
- ပြည်တွင်းပြည်ပ အတိုက်အခံများ အားလုံးက ဆန့်ကျင်သော်လည်း ညီလာခံကို အပျက်မခံဘဲ ဆက်လုပ်နိုင်ခြင်း။
- စစ်တပ်၏ ကျောထောက်နောက်ခံကို အပြည့်အဝရရှိနေခြင်း။

(ခ)။ အားနည်းချက်များ။

- ရွေးကောက်ပွဲအနိုင်ရပါတီများဖြစ်သော (NLD/UNLD/SNLD) တို့တညီ တညွတ်တည်း မတက်ရောက်ခြင်း။
- ညီလာခံ၏ တရားဝင်မှုနှင့် လုပ်ပိုင်ခွင့်အရ ကြီးမားသောပြဿနာရှိနေခြင်း။
- ငြိမ်းအဖွဲ့ (၁၃) ဖွဲ့၏ တင်ပြချက်စာတမ်းအား လိုက်လျောမှုမပြုနိုင်ခြင်း။

- လွတ်လပ်စွာ တင်ပြဆွေးနွေးပိုင်ခွင့်ကို တင်းကျပ်စွာ ကန့်သတ်ထားခြင်း။
- တက်ရောက်လာသည့် ကိုယ်စားလှယ်များကို လွတ်လပ်စွာ ရွေးချယ်ခွင့် မရှိဘဲ စစ်အုပ်စုအလိုကျ ကောက်ယူစေလွှတ်ခြင်း။

၄။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)

(က)။ အားသာချက်များ။

- (၁၉၉၀) ခု ရွေးကောက်ပွဲရလဒ် (Mandate & Legitimacy) ရှိခြင်း။
- ပြည်တွင်းပြည်ပ လက်ခံနိုင်သော နိုင်ငံရေးခေါင်းဆောင်နှင့် ဦးဆောင်အဖွဲ့အစည်းရှိခြင်း။
- လူထုထောက်ခံမှုရှိ၊ စုစည်းညီညွတ်မှုရှိ၊ တူညီသောဦးတည်ချက်ရှိ၊ အတွင်းအပြင်ဆက်စပ်နိုင်သော အခွင့်အရေးရှိခြင်း။
- ဒီမိုကရေစီနိုင်ငံများ၏ ထောက်ခံအားပေးမှုရှိခြင်း။

(ခ) အားနည်းချက်များ။

- အင်အားစုအားလုံးပါဝင်နိုင်သော ဘုံလုပ်ငန်းဆန်သော (Program) တခု မချမှတ်နိုင်ခြင်း။
- တိုက်ပွဲဝင်အင်အားစုများနှင့် ပြည်သူလူထုအား ထိကျစွာ ဦးဆောင်မှု မပေးနိုင်ခြင်း။
- လုပ်ငန်းများအား အကောင်အထည်ရန် အမာခံကေဒါများနှင့် လူထုအခြေပြု လူ့အဖွဲ့အစည်းများမရှိခြင်း။
- စစ်တပ်အတွင်း ပေါ်ပေါက်ခဲ့သော အက်ကြောင်းများအား ပြိုကွဲသည်အထိ မစွမ်းဆောင်နိုင်ခြင်း။
- ဖြစ်ပေါ်နေသော လူမှုရေးအကျပ်အတည်း၊ စီးပွားရေးအကျပ်အတည်း၊ ပြည်သူလူထုအတွင်း မကျေနပ်ချက်များကို ကျွမ်းကျင်ပါးနပ်စွာ အသုံးမချနိုင်ခြင်း။
- ရန်သူအား လျှော့တွက်လွန်းခြင်း။

၅။ စစ်အုပ်စု လှမ်းနေသောခြေလှမ်း။

- အမျိုးသားညီလာခံ အဆုံးသတ်။
- နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ပြဋ္ဌာန်း။
- ရွေးကောက်ပွဲသစ်လုပ်။
- အစိုးရသစ်ဖွဲ့။

မိမိတို့ဘာလုပ်ကြမည်နည်း?

စစ်အုပ်စု

- စစ်အုပ်စုမှ ရွေးကောက်ပွဲသစ်လုပ်မည့် အဆင့်ရောက်လျှင်၊ အတိုက်အခံများ
- မိမိတို့မှ အတွင်းအပြင် ကိုယ်စားပြုနိုင်သော စင်ပြိုင်အစိုးရသစ်ဖွဲ့စည်း၊

ထိုနောက်ပိုင်းတွင် အားနည်းချက် အားသာချက်များကို နှိုင်းကြည့်လျှင်

**စစ်အုပ်စု အားသာချက်များ**

- လူထုနှင့် ကမ္ဘာကိုလှည့်စားနိုင်
- လုံးဝနာလန်မထူနိုင်အောင် အပြတ်ချေမှုန်းလာနိုင်

(CRPP) **၏ အားသာချက်များ**

- ၁၉၉၀၊ ရွေးကောက်ပွဲရလဒ် တရားဝင်မှုရှိ။
- လုပ်ပိုင်ခွင့် (Mandate) ရှိ။
- အရည်အချင်းပြည့်ခေါင်းဆောင်ရှိ။
- စစ်တပ်အတွင်းမှာ သဘောထားကွဲလာနိုင်။
- လူထုများ လမ်းပေါ်ထွက်လာနိုင်။
- ကုလသမဂ္ဂနှင့်နိုင်ငံတကာ ကြားဝင်လာနိုင်။
- (CFG) များနှင့်စစ်အုပ်စု ဆက်ဆံရေးပြောင်း။
- လက်နက်ကိုင်တိုက်ပွဲဖြင့် ဖိအားပေးနိုင်။

**အားနည်းချက်များ**

- တရားဝင်မှုအတွက် အငြင်းပွားနိုင်
- စစ်တပ်အတွင်း သဘောထားကွဲလာနိုင်
- လူထုနှင့် နိုင်ငံတကာ၏ ဆန့်ကျင်မှုပေါ်နိုင်
- အုပ်ချုပ်ရေး ထိန်းမနိုင်သိမ်းမရဖြစ်နိုင်
- တည်ငြိမ်ရေး ပျက်ပြားနိုင်
- စီးပွားရေးလုပ်ငန်းများ ရပ်တန့်သွားနိုင်

**အားနည်းချက်များ**

- အချိန်မရွေး အရေးမှုန်းခံရနိုင်
- ထိုက်တန်သော အရင်းအနှီးပေးရန် အသင့်ဖြင်

ထိုသို့သော အခြေအနေများ ဖြစ်ပေါ်လာနိုင်သောကြောင့် ...

စစ်အုပ်စုမှ ရွေးကောက်ပွဲသစ်လုပ်ရန် နီးကပ်လာသည်နှင့် မိမိတို့ဘက်မှ ထို အချိန်နှင့် ကိုက်ညီသော အစိုးရတာရပ်ကိုဖွဲ့ပြီး မဟာဗျူဟာမြောက်အားပြိုင်သည့် တိုက်ပွဲကို ဆင်နွှဲရုံမှ တပါး အခြားသောနည်းလမ်းမရှိသောကြောင့် မိမိတို့အမြင်အား တင်ပြအပ်ပါသည်။

ယခုကာလတွင် ထိုအချိန်အတွက် လိုအပ်မည့်ပြင်ဆင်မှုများကို ကဏ္ဍလိုက်ခွဲပြီး တာဝန်ယူလုပ်ကိုင် ပြင်ဆင်ထားသင့်ပါကြောင်း လေးစားစွာ တင်ပြလိုပါသည်။

လေးစားစွာဖြင့် ...

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

xxx

## (၅.ဃ) FCDC, SCSC, WLB အဆိုပြုထားသော

## အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ (Basic Principles) (မူကြမ်း) နှင့် စပ်လျဉ်း၍

## ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF) ၏ အကြံပြုလွှာစာတမ်း

အနာဂတ် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်ကို ပြန်လည် ဖွဲ့စည်းမှုအတွက် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ လမ်းညွှန်သဘောထားများနှင့် အခြေခံလမ်းညွှန်မှု (မူကြမ်း) ကို အဆိုပြုထားသော FCDC-SCSC-WLB တို့၏စာတမ်းနှင့် စပ်လျဉ်း၍ ပလောင်ပြည်လွတ်မြောက်ရေးတပ်ဦး (PSLF) မှ မိမိတို့ ပလောင်ပြည်သူ လူထုတရပ်လုံးအတွက် သော်လည်းကောင်း၊ အဖိနှိပ်ခံ မြန်မာပြည်သူလူထုတရပ်လုံးအတွက်သော်လည်းကောင်း ဦးတည်ရှေ့ရှု၍ မိမိတို့၏ အမြင်သဘောထားကို လေးစားစွာ အကြံပြုတင်ပြအပ်ပါသည်။

FCDC-SCSC-WLB တို့ စုပေါင်းအဆိုပြုတင်ပြထားသောစာတမ်းမှ အခြေခံလမ်းညွှန်မှု (မူကြမ်း) (၈) ချက်မှာ အနာဂတ် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု မြန်မာ နိုင်ငံတော် တည်ဆောက်ရေးအတွက် သင့်လျော်သောအချက်များဖြစ်ပြီး အသင့်အတင့် ပြည့်စုံသည်ဟု ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) မှ ယုံကြည်မိပါသည်။

အဆိုပြု တင်ပြထားသော အခြေခံမူ (၈) ချက်မှ အချက် (၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး (Self-determination) နှင့် အချက် (၅) ချက် လူနည်းစုအခွင့်အရေး (Minority rights) နှင့် စပ်လျဉ်း၍ မိမိတို့ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦးမှ မိမိတို့၏ အမြင်သဘောထားကို အနည်းငယ်အကြံပြုတင်ပြလိုပါသည်။ အဆိုပြုစာတမ်းအရ အချက် (၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို "တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊

စီးပွားရေးနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့်အဝရှိစေမည်" ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ တစုံတရာ ပြည့်စုံလုံလောက်သည်ဟု မိမိတို့အနေဖြင့် ယူဆထား၍ များစွာစောဒကတက်ရန်မရှိဟု ထင်ပါသည်။

သို့သော် အချက် (၅) လူနည်းစုအခွင့်အရေးကို "ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များပြဋ္ဌာန်းပေးရမည်" ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် အပေါ် မိမိတို့အနေဖြင့် နားလည်မှု လွဲမှားနိုင်ဖွယ်ရာနှင့်အတူ ဖွင့်ဆိုချက် မပြည့်စုံခြင်းများကို တွေ့ရှိမိပါသည်။ လက်ရှိမြန်မာပြည်ထဲတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် မည်သူသည် လူများစုဖြစ်၍ မည်သူက လူနည်းစုဖြစ်သည်ဟူသောအချက်ကို ဆုံးဖြတ်ချက်ပေးရန် လွန်စွာခက်ခဲလှပေသည်။ လူနည်းစု၊ လူများစုဟူ၍လည်း ခွဲခြားသတ်မှတ်ရန်မှာ မည်သည့်ပေတံစံချိန်စံညွှန်း (Criteria) ဖြင့် သတ်မှတ်မည်ဆိုသည့် အချက်ကိုပင် မိမိတို့အချင်းချင်းအကြား အငြင်းပွားဖွယ်ရာ များစွာရှိနေသေးသည်ဟု မြင်မိပါသည်။

အချက် (၅) ဖွင့်ဆိုချက်အရ "ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူနည်းစုများ" ဟု ဆိုလိုက်လျှင် လက်ရှိပြည်နယ်ရှိပြီးသော လူမျိုးတို့သည် လူများစုတစုဖြစ်သည်ဟု ရည်ညွှန်းနေသကဲ့သို့ ဖြစ်နေပါသည်။ သို့သော် ထိုကဲ့သို့သော လူမျိုးထက် လက်ရှိနေထိုင်နေသော လူဦးရေအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ နေထိုင်ရာပထဝီနယ်မြေဒေသ အကျယ်အဝန်း ပိုင်ဆိုင်မှုအရသော်လည်းကောင်း များပြားသောလူမျိုးတချို့ကို ပြည်နယ်မရှိသေး၍ လူနည်းစုအဖြစ် သတ်မှတ်မည်လားဆိုသည့်အချက်မှာ အငြင်းပွားစရာတခု ဖြစ်နေပါ သည်။ ထို့အပြင် ထိုကဲ့သို့သော လူမျိုးများကိုလည်း ပြည်နယ်တခုအတွင်းသို့ ယင်းတို့၏ဆန္ဒနှင့် ဆုံးဖြတ်ချက်မပါဘဲ ဆန္ဒစောစွာ အတင်းသွတ်သွင်းသကဲ့သို့ ဖြစ်နေမည်လားဟု မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးမှ စိုးရိမ်မကင်း ဖြစ်မိပါသည်။

ပလောင်အမျိုးသားတော်လှန်ရေး၏ နောက်ခံသမိုင်းကြောင်းကို အနည်းငယ်တင်ပြလိုပါသည်။ ပလောင်အမျိုးသားတို့သည် အခြားတိုင်းရင်းသားလူမျိုးနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် စာပေယဉ်ကျေးမှုဆိုင်ရာ တန်းတူညီမျှခွင့်ရရှိကာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရန် အဖိနှိပ်ခံဘဝမှ လွတ်မြောက်ရန်၊ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရန်နှင့် မဟာလူမျိုးကြီးဝါဒဆန့်ကျင်ရန်စသည်တို့အတွက် တောင်းဆိုတိုက်ပွဲဝင်ရန် ပလောင်ပြည်

နယ်လွတ်မြောက်ရေးတပ်မတော်ကို ၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ဆိုလိုသည်မှာ မိမိတို့ ပလောင်အမျိုးသားထုတရပ်လုံး မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင်စီမံရပ်တည်နိုင်သော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရန်အတွက် တောင်းဆိုတိုက်ပွဲဝင်ရာတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ (PSLO)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) ဟူ၍ တစိုက်မတ်မတ်ဖြင့် ယနေ့တိုင် ကြံ့ကြံ့ခံရပ်တည်ကာ အမျိုးသားရေးအတွက် လှုပ်ရှားလျက်ရှိသည်။ ထိုသို့ဆိုလျှင် ပလောင်အမျိုးသားတော်လှန်ရေးလှုပ်ရှားမှု၏ ခံယူလှုပ်ရှားသော အမည်နာမကိုကြည့်ရှုခြင်းအားဖြင့် ပလောင်အမျိုးသားတော်လှန်ရေး၏ အန္တိမပန်းတိုင်နှင့် တိကျသော နိုင်ငံရေးဦးတည်ချက်၊ ရည်မှန်းချက်မှာ ပလောင်ပြည်နယ် လွတ်မြောက်ရေးနှင့် အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေးဖြစ်သည်ကို ရှင်းလင်းစွာမြင်တွေ့ရမည်ဖြစ်ပါသည်။

ယခုလက်ရှိ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးက အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) ၏ နိုင်ငံရေး ရပ်တည်ချက်နှင့် နိုင်ငံရေးဦးတည်ချက်မှာ တိုင်းရင်းသားလူမျိုးများအားလုံး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဒီမိုကရေစီကိုအခြေခံသည့် ပြည်နယ်ပေါင်းစု ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဟူ၍ ဖြစ်သည်ကို သတိချပ်မိရန်ကိုလည်း ထပ်လောင်းတင်ပြလိုပါသည်။

အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများချမှတ်ရေး နှီးနှောဖလှယ်ပွဲ ကျင်းပရေး ကော်မတီအဖွဲ့ဝင်များနှင့် (Comprehensive Program) ကို ဦးဆောင်အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံအမျိုးသားကောင်စီကို မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးမှ ထပ်မံ၍ အနည်းငယ်အကြံပြုတင်ပြလိုပါသည်။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်ရေး နှီးနှောဖလှယ်ပွဲအပြီးတွင် သဘောတူညီမှုများ ရရှိပြီးလျှင် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာအခြေခံမူများ (Basic Principles) ကို နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသော အဖွဲ့အစည်းအသီးသီးတို့မှ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ မိမိတို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးမှ ကန့်ကွက်ရန် တစုံတရာမရှိပါ။

သို့သော် ယခုဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေအရ နအဖစစ်အုပ်စုအား ထိရောက်စွာ တိုက်ခိုက်ရန်အတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသားကောင်စီ

ဦးဆောင်အကောင်အထည်ဖော်မည့် Comprehensive Program ပိုမိုအောင်မြင်နိုင်ရန် အတွက်သော်လည်းကောင်း ယခုနီးနှောဖလှယ်ပွဲမှ ထွက်ပေါ်လာမည့် အနာဂတ် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာအခြေခံမူများ Basic Principles ကို လက်မှတ်ရေးထိုးပြီး နအဖစစ်အုပ်စုအား ထိရောက်စွာ ဖိအားပေးနိုင်ရန် တစုံတရာခက်ခဲလိမ့်မည်ဟု မြင်မိပါ သည်။ အဘယ့်ကြောင့်ဆိုသော် ယခုကျင်းပမည့် နီးနှောဖလှယ်ပွဲတွင် မိမိအမျိုးသားကို ကိုယ်စားပြု၍ မည်မျှ ဆုံးဖြတ်ပိုင်ခွင့်ပေးနိုင်သည့်အပေါ် တွင်လည်း များစွာ အပြင်းပွားဖွယ်ရာ ရှိနေပါသည်။ ထို့အပြင် တိုင်းရင်းသားအင်အားစုများနှင့် ဒီမိုကရေစီတော်လှန်ရေး အင်အား စုများကို မြန်မာပြည် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB) နှင့် မြန်မာနိုင်ငံအမျိုးသား ကောင်စီ (NCUB) တို့က လွန်ခဲ့သော ၁၉၉၂-၉၃ နောက်ပိုင်းမှစပြီး ကမကထပြု၍ စည်းရုံး လှုပ်ရှားခဲ့သဖြင့် အနာဂတ် ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ Basic Principles ကို ရရှိခဲ့ပြီးသည့်အပြင် ဖွဲ့စည်းပုံအခြေခံမူကြမ်းကိုပါ ရေးဆွဲပြီးစီးခဲ့သည်မှာ နှစ်အတော်ကြာပြီဖြစ်သည်။ ထို့အပြင် တော်လှန်ရေးအင်အားစုအများစုကလည်း မြန်မာ ပြည်အနာဂတ်အတွက် သင့်လျော်လက်ခံကြသည်ဟု ယူဆမိပါသည်။

ထို့ကြောင့် အခုကဲ့သို့ မြန်မာပြည်ရှိ ကွဲပြားခြားနားသော တိုင်းရင်းသားပေါင်းစုံ၊ အဖွဲ့ ပေါင်းစုံတို့ တက်ရောက်မည့် နီးနှောဖလှယ်ပွဲကြီးတွင် နအဖစစ်အုပ်စုအား ထိရောက်စွာ ထိုးနက်တိုက်ခိုက်ရန်အတွက် ယခင်ရရှိခဲ့သည့် မာနယ်ပလော၊ မယ်သရောထာနှင့် သူးမွဲ ကလိုးသဘောတူညီချက်များအပေါ် အခြေခံပြီး ဖြည့်စွက်မှုများပြုလုပ် ခြင်းဖြင့် တက်ရောက် လာကြသောအဖွဲ့အစည်းအသီးသီးမှာ ကိုယ်စားလှယ်များအားလုံးသဘောတူညီချက်ကို ရယူကာ အမျိုးသားနိုင်ငံရေးကို ဦးတည်ရှေ့ရှုမည့် အမျိုးသားသဘောတူညီချက်များ (National Agreement) ကို ပိုမိုရရှိစေရန် လုပ်ဆောင်သင့်သည်ဟု မိမိတို့ ပလောင်ပြည်န ယ်လွတ်မြောက်ရေးတပ်ဦးမှ အကြံပြုလိုပါသည်။

ကျေးဇူးတင်စွာဖြင့် -

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ (၂၅) ရက်

×××

# အခန်း (၆)

## အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်ရေး နှီးနှောဖလှယ်ပွဲ အစုအဖွဲ့အသီးသီး၏ ဆွေးနွေးချက်များ

### အစုအဖွဲ့ (၁)

**အလှည့်ကျ သဘာပတိအဖွဲ့များ**

(၉ - ၂ - ၂၀၀၅) ရက်နေ့ ။ ။ ဒေါ်မော်လီ၊ ဦးတိတ်နိုင်

(၁၀ - ၂ - ၂၀၀၅) ရက်နေ့။ ။ စောမြရာဇာလင်း၊ ဦးစွမ်းမြိုင်

**အလှည့်ကျ အတွင်းရေးမှူးများ**

(၉ - ၂ - ၂၀၀၅) ရက်နေ့ ။ ။ လွေးအေးနန်း

(၁၀ - ၂ - ၂၀၀၅) ရက်နေ့။ ။ ယိင်းလောဝ်

အစည်းအဝေးတက်ရောက်သူများ

(၁) စောမြရာဇာလင်း Women's League of Burma

(၂) မအေးအေးမြင့် Women's League of Burma

(၃) နန်းယဉ်သွယ် Women's League of Burma

| | |
|---|---|
| (၄) မတင်တင်နိုင် | Women's League of Burma |
| (၅) နော်ဘွိုးဖော | Women's League of Burma |
| (၆) မကျင်ကျင်း | Women's League of Burma |
| (၇) နန်းဆိုင်နောင့် | Women's League of Burma |
| (၈) လွေးဖအေးနန်း | Women's League of Burma |
| (၉) ဒေါ်မိဆူးပွင့် | Women's League of Burma |
| (၁၀) နော်စန္ဒာပိုင်း | Women's League of Burma |
| (၁၁) ဒေါ်မော်လီ | Women's League of Burma |
| (၁၂) နော်ခိုင်မာကျော်ဇော | Women's League of Burma |
| (၁၃) ယိင်းလောင် | Women's League of Burma |
| (၁၄) ကိုစွမ်းမြင့် | Committee for Protection and Promotion of Child Rights |
| (၁၅) နိုင်တိုင်းပကောင်း | Students and Youth Congress of Burma |
| (၁၆) ကိုထွန်း | Student and Youth Congress of Burma |
| (၁၇) ခိုင်ရွဲ | Nationalities Youth Forum |
| (၁၈) ဦးတိတ်နိုင် | Assistance Association for Political Prisoners (Burma) |
| (၁၉) ဦးသံဒုတ် | Burma Labour Solidarity Organization |
| (၂၀) ဦးမင်းနိုင် | All Burma Federation of Student Unions (Foreign Affairs Committee) |

## အစုအဖွဲ့ (ဝ) မှ အလှည့်ကျသဘာပတိ ဒေါ်မော်လီမူ အဖွင့်အမှာစကား ပြောကြားခြင်း

ကျမကို ဒီနေ့ သဘာပတိအဖြစ် တာဝန်ပေးတဲ့အတွက် အများကြီးဝမ်းသာပါတယ်၊ ဒီနေ့ ကျမတို့ ညီအကိုမောင်နှမအားလုံး မင်္ဂလာပါလို့ ပြောရင်းနဲ့ နှုတ်ခွန်းဆက်သပါတယ်။ ကျမတို့ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ထူထောင်တဲ့အခါမှာ ကျမတို့နိုင်ငံမှာ ဟိုးလွန်ခဲ့တဲ့ အနှစ် (၅၀) ကျော်ကနေ ခံစားလာခဲ့တဲ့ ခံစားမှုမျိုးတွေ ကျမတို့ မခံစားချင်တော့တဲ့အခါမှာ ကျမတို့က တစုံတရာ ကျမတို့နိုင်ငံကို ဘယ်စနစ်နဲ့ထူထောင်မလဲဆိုတဲ့စနစ်နဲ့ လက်ရှိ အကောင်းဆုံးစနစ်ကတော့ ဖက်ဒရယ်စနစ်ဖြစ်တယ်ဆိုတဲ့အပေါ်မှာ ကျမတို့အားလုံး သဘောတူညီပြီးတော့ ကျမတို့နိုင်ငံမှာ ဘယ်စနစ်နဲ့ထူထောင်နိုင်မလဲဆိုတာ ကျမတို့ ထူထောင်နိုင်ဖို့အတွက် ဖက်ဒရယ်စနစ်ဟာ အကိုက်ညီဆုံးဖြစ်ပါတယ်။ ကျမတို့နိုင်ငံနဲ့ ကိုက်ညီတဲ့အချက်အလက်တွေ၊ ကျမတို့တိုင်းရင်းသားတွေနဲ့ကိုက်ညီတဲ့ အချက်အလက်တွေကို ထည့်တဲ့နေရာမှာ လူ့ဘောင်မှာရှိနေတဲ့ အမျိုးသမီးဆိုတဲ့အပိုင်းနဲ့ အမျိုးသားဆိုတဲ့ အပိုင်းနှစ်ပိုင်းလုံးဟာ လိုက်လျောညီထွေ ဖြစ်နေမယ်ဆိုရင် လူ့ဘောင်ကြီးဟာ သာယာမယ်၊ ငြိမ်းချမ်းမယ်ဆိုတဲ့ အတွေးအခေါ်တွေကို ကျမတို့က မေ့ပစ်လို့မရပါဘူး။ အဲဒီတော့ အမျိုးသမီးတွေရဲ့ အရေးပါလာတယ်ဆိုတာကို အားလုံးက အလေးအနက် စဉ်းစားကြပြီးတော့ ဒီနေ့ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ထူထောင်တဲ့နေရာမှာ အမျိုးသမီးဆိုတဲ့အပိုင်းကိုလည်း ထည့်သွင်း စဉ်းစားလာတဲ့အတွက် ကျမတို့ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် (WLB) အနေနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်ရတဲ့အကြောင်းကို ပြောချင်ပါတယ်။

အဲဒီလိုမျိုး ကျမတို့ ဖြစ်လာရတာလည်း အမျိုးသမီးတွေအတွက် အခွင့်အရေးတွေ မဟုတ်ပါဘူး။ ကျမတို့လူ့ဘောင်ကြီးတခုလုံးအတွက် ဖြစ်ပါတယ်။ အဲဒီလူ့ဘောင်ကြီးတခုလုံးအတွက် ကျမတို့မှာရှိနေတဲ့ ကျမတို့ ညီအကိုမောင်နှမတွေအားလုံးက စဉ်းစားပေးခြင်းဟာ လူသားတွေအတွက်ကော အင်မတန်မှအောက်တန်းနောက်တန်းမှာ ထားရှိခြင်းခံရတဲ့လူတွေ၊ အမျိုးသမီးတွေ၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်တွေ စတဲ့ စတဲ့ အပိုင်းတွေကိုပါ ထည့်သွင်းစဉ်းစားရာရောက်တယ်လို့ ကျမတို့ နားလည်ပါတယ်။ ဒါကြောင့်မို့ ကျမတို့ဒီနေ့ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုမှာ ပါဝင်ရမယ့်အချက်တွေကို ကျမတို့ညီအကိုမောင်နှမတွေ အားလုံးကနေပြီးတော့ စုစုစည်းစည်းနဲ့ စိတ်ရင်းစေတနာမှန်မှန်နဲ့ ရေးဆွဲမယ်ဆိုလို့

ရှိရင် အနာဂတ်မှာ ပြည်တွင်းစစ်တွေ ငြိမ်းချမ်းပြီး ကျမတာတွေဟာ မိသားစုမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ရောက်တော့မယ်ဆိုတဲ့ မျှော်လင့်ချက်တွေနဲ့ ရှိဖို့အတွက် စတင်အကောင်အထည်ဖော်နိုင်အောင် ကျမတို့ညီအစ်ကိုမောင်နှမတွေ ကြိုးစားကြပါစို့ ပြောကြားရင်းနဲ့ ကျမ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အစုအဖွဲ့ (၁) မှ အလှည့်ကျသဘာပတိ ဒေါ်မော်လီ

**အစုအဖွဲ့ (၂)**

သဘာပတိအဖွဲ့ဝင်များ။ ။ ဗိုလ်ချုပ်အောင်သန်းလေး၊ ခွန်ကြာနု၊ စတီဖင်ဆာမောင်

အကျိုးဆောင်အဖွဲ့များ။ ။ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဗိုလ်မှူးကြီး ခွန်ဥက္ကာ

အစည်းအဝေးတက်ရောက်သူများ

| | | |
|---|---|---|
| ၁။ | ပဒို စောဘသင်စိန် | (KNU) |
| ၂။ | စောဒေးပစ်သာကပေါ | (KNU) |
| ၃။ | ဗိုလ်မှူးကြီး ထူးထူးလေး | (KNU) |
| ၄။ | မိုင်အိုက်ဖန်း | (PSLF) |
| ၅။ | ဆလိုင်း လျန်မှုန်းဆာခေါင်း | (UNLD-LA)၊ ကျင်းပရေးကော်မတီ အတွင်းရေးမှူး |
| ၆။ | သောမတ်စ်ထန်နီး | (CNF) |
| ၇။ | ဒေါက်တာ ရွှေခါယ်း | (CNF) |
| ၈။ | နိုင်စိုးနိုင်အောင် | (ALP) |
| ၉။ | ဗိုလ်မှူး နိုင်မျိုးမင်း | (ALP) |

၁၀။ ဦးခွန်အောင်း (LDF)

၁၁။ ဗိုလ်ချုပ်အောင်သန်းလေး (KNPP)

၁၂။ ခူးရယ် (KNPP)

၁၃။ ခူးဖဲဘူးဖဲ (KNPP)

၁၄။ ဦးဟန်ညွှန့် (UKL)

၁၅။ Thang Len Piang (ZNC)

၁၆။ Salai Chinzah (MPP)

၁၇။ Makaw Khun Sa (KNCD)

၁၈။ Jodan Cinza (CNLD)

၁၉။ ဦးကျော်ထင် (ALD)

၂၀။ ဗိုလ်မှူးကြီး ခွန်ဥက္ကာ (PPLO)

၂၁။ ခွန်တက်လူ (PPLO)

၂၂။ မိုင်ဖန်းကျော် (PSLF)

၂၃။ ဦးတင့်ဇော် (အထူးဖိတ်ကြားထားသူ)

**အစုအဖွဲ့ (၂) မှ သဘာပတိ ဗိုလ်ချုပ်အောင်သန်းလေးမှ အဖွင့်မိန့်ခွန်းပြောကြားခြင်း**

သဘာပတိကြီးနှင့်တကွ ကြွရောက်လာကြသော အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားခံရသူများခင်ဗျား၊ ဒီစစ်ကို ကျနော်တို့တိုက်တာ (၅၆) နှစ်ကျော်လာပြီဆိုတာ အားလုံးသိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒီစစ်ပွဲဟာ ဘာကြောင့် ဒီလောက်ရှည်ကြာရသလဲ၊ ဘယ်အပိုင်းတွေမှာ မှားနေသလဲဆိုတာ သုံးသပ်ကြည့်လိုက်မယ်ဆိုရင် သဘာဝမကျသော၊ လက်တွေ့မဆန်သောလုပ်ငန်းတွေကြောင့် ဒီစစ်ပွဲဟာ ဒီလောက်ရှည်ကြာရတယ်လို့မြင်မိပါတယ်။ ဒီလက်တွေ့မကျသော လုပ်နည်းလုပ်ဟန်နဲ့ပဲ ဆက်ပြီးလုပ်

ဆောင်နေလျှင် နောက်ထပ် ဒီအတိုင်းပဲ ဆက်ကြာနေမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီစစ်ပွဲကို အမြန်ပြီးမြောက်စေချင်လျှင် လက်တွေ့ကျသောလုပ်နည်းလုပ်ဟန်ကို ချမှတ်လုပ်ဆောင်ရပါလိမ့်မယ်။ ထိုကဲ့သို့ လက်တွေ့ကျသောလုပ်နည်းလုပ်ဟန်ဖြင့် အလုပ်လုပ်ဆောင်ဖို့ လိုပါလိမ့်မယ်။ ထိုကဲ့သို့ အကဲဖြတ်ကြည့်လိုက်သည့်အခါမှာ အုပ်စုလေးစုအနေအထားဖြင့် ဒီစစ်ပွဲထဲမှာ ဆက်စပ်ပါဝင်နေတာ သိမြင်ရပါတယ်။

အုပ်စုလေးစုကတော့ ...

၁။ အမျိုးသားရေးကြောင့် ပါဝင်ရသည့်အုပ်စု

၂။ ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် တောင်းဆိုရုန်းကန်နေသောအုပ်စု

၃။ မဟာဝါဒီအုပ်စု

၄။ အကြမ်းဖက် စစ်အာဏာရှင်အုပ်စုရယ်လို့ အုပ်စုလေးစု ပါဝင်နေတာတွေ့မြင်ရပါတယ်။

တဖန် ဒီအုပ်စုရဲ့အရောင်အသွေးကို ဆက်စပ်ကြည့်လိုက်မယ်ဆိုရင် အုပ်စု (၁) နှင့် အုပ်စု (၂) တို့ဟာ မိတ်ဖက်ဖြစ်သလို အုပ်စု (၃) နှင့် အုပ်စု (၄) တို့ဟာလည်း မိတ်ဖက်ဖြစ်ပါတယ်။ ထိုကဲ့သို့ မိတ်ဖက်တွေ ဖြစ်နေသည့်အလျောက် အုပ်စု (၃) နှင့် အုပ်စု (၄) တို့ဟာ နအဖအမည်ဖြင့် တသွေးတရောင်၊ တမိန့်တသံတည်း စုစည်းရပ်တည်ပြီး အုပ်စု (၁) နှင့် အုပ်စု (၂) အပါအဝင် ပြည်သူလူထုတရပ်လုံးအပေါ် ဗိုလ်ကျနေတာ၊ နှိပ်စက်နေတာ အားလုံးအသိပင်ဖြစ်ပါတယ်။ အထွေအထူးပြောစရာမလိုတော့ပါ။ အုပ်စု (၃) နှင့် အုပ်စု (၄) တို့အနေနဲ့ စုစည်း၍ နအဖ အမည်ဖြင့် အကြမ်းဖက်ရမ်းကားနေတဲ့အချိန်မှာ အုပ်စု (၁) နှင့် အုပ်စု (၂) တို့ဟာ မိတ်ဖက်ဖြစ်လျက်နဲ့ မစုစည်းကြဘဲ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ မပြေလည်သော နိုင်ငံရေးပြဿနာကို စားပွဲခုံပေါ်မှာ ငြိမ်းချမ်းစွာ ဖြေရှင်းကြရေးစသည်ဖြင့် တကွဲတပြားစီ အော်ကြ၊ လုပ်ဆောင်ကြရင်း နအဖကို ဖိတ်ခေါ်ပါသော်လည်း နအဖက မလာဘူး။ စားပွဲခုံပေါ်သို့ နအဖကိုတွန်းတင်သော်လည်း၊ ဆွဲတင်သော်လည်း၊ မရတာတွေ့ရပါတယ်။ ဒီတော့ ခြုံပြီးတော့ ပြောရရင် အင်အားရှိအောင်လုပ်ရမယ်၊ အင်အားဆိုရာမှာလည်း အတွင်းအားနဲ့ အပြင်အား ဆိုတာရှိပါတယ်။ အတွင်းအား မရှိဘဲနဲ့တော့ အပြင်အားကို ဘယ်လိုမှမရနိုင်ပါ။ ဒီတော့ အတွင်းအားကို မရရအောင် တည်ဆောက်ဖို့လိုပါတယ်။

အတွင်းအားကို ရအောင် ဘယ်ကရမလဲလို့ မေးရင်၊ အဖိနှိပ်ခံဘဝတူ အားလုံး တသွေးတရောင် တမိန့်တသံတည်း လက်တွဲစုစည်းလိုက်ကြခြင်းအားဖြင့် ယနေ့ နအဖမှာ ရှိနေတဲ့ ကိုယ်အလေးချိန်နှစ်ဆကို စားပွဲခုံပေါ် သို့ ဆွဲတင်နိုင်သောအားကိုရမယ်ဖြစ်ပါတယ်။

ထိုကဲ့သို့ အဖိနှိပ်ခံရတဲ့ ဘဝတူအားလုံး လက်တွဲစုစည်းလိုက်ခြင်းဖြင့် ဖိနှိပ်သူအုပ်စုနှင့် ဖိနှိပ်မှုကိုတွန်းလှန်တဲ့အုပ်စုဆိုပြီး အုပ်စုနှစ်အုပ်စုသာ ကျန်ရှိတော့မှာဖြစ်ပါတယ်။ အဲသလို စုစည်းလိုက်ခြင်းဟာ သဘာဝလည်းကျသလို လက်တွေ့လည်းကျပါတယ်။ ဒီလိုမှမဟုတ်ဘဲ အုပ်စု သုံးလေးအုပ်စု အနေအထားဖြင့် လက်ခံလုပ်ဆောင်နေလျှင် အုပ်စုတခုက ဟိုဘက်ကို ချော့လိုက်၊ ဒီဘက်ကို ခြိမ်းခြောက်လိုက်လုပ်နိုင်သလို အုပ်စုတစုစုက ဒီဘက်ကိုကပ်လိုက် ဟိုဘက်ကိုကပ်လိုက်နဲ့ အချောင်သမားဖြစ်လာနိုင်တဲ့အတွက် အုပ်စုနှစ်အုပ်စု အနေအထားကို ဖန်တီးလုပ်ဆောင်ခြင်းသည်သာ သဘာဝအကျဆုံး လက်တွေ့အကျဆုံးဖြစ်ပါတယ်ဆိုတာ တင်ပြရခြင်းဖြစ်ပါတယ်။

အစုအဖွဲ့ (၂) ဆွေးနွေးပွဲ

သဘာပတိခင်ဗျား၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များခင်ဗျား၊ နိဂုံးချုပ်အနေနဲ့ ကိုယ့်ကိုမေးတဲ့မေးခွန်းကို ပြောလိုပါသည်။ ဒါကတော့ အဖိနှိပ်ခံ ဘဝတူ ကျနော်တို့အားလုံးဟာ အဖိနှိပ်ခံဘဝမှ အမြန်လွတ်မြောက်ချင်သလား။ စည်းလုံးညီညွတ်ပြီး သာယာတိုးတက်သောနိုင်ငံတော်ကို အမြန်တည်ဆောက်ချင်သလား။ အဖိနှိပ်ခံဘဝမှ အမြန်လွတ်မြောက်ချင်လျှင် စည်းလုံးညီညွတ်ပြီး သာယာတိုးတက်သော နိုင်ငံတော်ကို အမြန်တည်ဆောက်ချင်လျှင် ...

၁။ အဖိနှိပ်ခံဘဝတူအားလုံးစုစည်းရမည်။

၂။ အဲသလို စုစည်းရာမှာ ငါ့အကောင်က ကြီးတယ်၊ သူ့အကောင်က သေးတယ်၊ ငါ့အရောင်က ပြောင်တယ်၊ သူ့အရောင်က မွဲတယ်စသည့် စည်းလုံးညီညွတ်မှုကို ပျက်ပြားစေမယ့် စိတ်နေသဘောထားတွေ ခေါင်းထဲမှာရှိသလား၊ ရှိရင် ထုတ်ပစ်လိုက်ပါ။ လုပ်ကိုင်စရာတွေ အများကြီးရှိတယ်။ အုတ်တချပ်၊ သဲတပွင့် ဆိုသလို အုတ်တချပ် ခွာထုတ်နိုင်တဲ့သူက အုတ်တချပ်ကို ခွာထုတ်၊ သဲတပွင့်ကို ခြစ်ထုတ်နိုင်တဲ့သူက သဲတပွင့်ကို ခြစ်ထုတ်စသည်ဖြင့် တက်ညီလက်ညီလုပ်ဆောင်ကြဖို့ လိုပါတယ်။

၃။ အဲသလို စုစည်းပြီး အလုပ်လုပ်ရာမှာ စားပွဲဝိုင်းမှာပဲဖြစ်ဖြစ်၊ စစ်မြေပြင်မှာပဲ ဖြစ်ဖြစ်၊ ဘာအခက်အခဲပဲ တွေ့ကြုံရတွေ့ကြုံရ၊ ဘာဖိအားပဲအပေးခံရ အပေးခံရ၊ စုနာမီ လှိုင်းအပုတ်ခံရတာမကလို့ အနုမြူဗုံးပဲအကြဲခံရ အကြဲခံရ၊ ဘေးကိုစင်မထွက်ဘဲ၊ တွဲထား သောလက် အပြုတ်မခံဘဲ နိုင်မြဲစွာ ဖက်တွယ်ကြရင်း ရှေ့သို့သာချီတက်ကြရင်း အဖိနှိပ်ခံ ဘဝမှလည်း အမြန်လွတ်မြောက်နိုင်မှာဖြစ်ကြောင်းနှင့် စည်းလုံးညီညွတ်ပြီး သာယာဝပြော တိုးတက်သော နိုင်ငံတော်ကို အမြန်တည်ဆောက်နိုင်မှာဖြစ်ကြောင်း ပြောဆိုတိုက်တွန်းရင်း ရပ်နားပါတယ်ခင်ဗျား။

## အစုအဖွဲ့ (၃)

သဘာပတိအဖွဲ့ဝင်များ။ ။ ဗိုလ်ချုပ်ကြီးတာမလာဘော၊ ဦးတင်အောင်၊ ဦးကျော်လှ

အကျိုးဆောင်အဖွဲ့ဝင်များ။ ။ ဦးသိန်းဦး၊ ဦးမျိုးဝင်း

၁။ ဗိုလ်ချုပ်ကြီး တာမလာဘော (KNU)

၂။ ဦးတင်အောင် (NLD-LA)

၃။ ဦးကျော်လှ (MLOB)

၄။ ဦးမျိုးဝင်း ကျောင်းပရေးကော်မတီအတွင်းရေးမှူး

၅။ ဦးသိန်းဦး (MPU) ကျောင်းပရေးကော်မတီအဖွဲ့ဝင်

၆။ ဦးမြင့်သိဂၢ်း (NLD-LA)

၇။ ဦးအောင်ဇော်ထွေး (NLD-LA)

၈။ ဦးသံခဲ (ABSDF)

၉။ ဦးလွမ်းဂ်ာ (ABSDF)

၁၀။ ဦးဟာမစ် (ABMU)

၁၁။ ဦးတင်ရှိန် (MDUF)

၁၂။ မန်းဗလစိန် (OKO)

၁၃။ ဦးမောင်မောင်ငြိမ်း (PDF)

၁၄။ ဦးဖြူလေး (PDF)

၁၅။ ဦးငွေလင်း (PPF)

၁၆။ ဦးခင်မောင်တင့် (DPNS)

၁၇။ ဦးဌေးအောင် (DPNS)

၁၈။ ဦးမောင်မောင်ကြီး (NDD)

၁၉။ ဦးအေးဆောင် (PLF)

၂၀။ ဦးဝဏ္ဏသိရိ (ABYMU)

၂၁။ ဦးစောစ (NNLD)

၂၂။ ပဒိုမန်းရှာလားဖန်း (KNU)

၂၃။ ဦးမောင်မောင် (FTUB)

၂၄။ ဦးမောင်မောင်စိုး (Coordinating Committee (Fort Wayne - USA)

## အစုအဖွဲ့ (၃) မှ သဘာပတိ ဦးတင်အောင် အဖွင့်မိန့်ခွန်းပြောကြားခြင်း

ကျနော်တို့ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်များ ခင်ဗျား။ ဒီကနေ့ စီမီနာဟာ အထူးသဖြင့်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံ ဖက်ဒရယ် ပြည်ထောင်စု တည်ထောင်မယ်ဆိုရင် အခြေပြုမယ့်၊ အခြေခံရမယ့်မူကို ရှာဖွေညှိနှိုင်းရမယ်၊ အဲဒီလို တိုက်ရိုက် တပြိုင်နက်တည်းပဲ ဒီမူတွေကို ရှာဖွေနေကြရင်း အသက်ပါလဲနိုင်ဖို့ စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး ဒီတာဝန်နှစ်ရပ်ကို ဒီစီမီနာမှာ ကျနော် တပြိုင်နက်တည်း ထမ်းဆောင်ရမှာဖြစ်တယ်လို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ မြန်မာနိုင်ငံမှာ အာဏာရှင်တွေရဲ့ အာဏာတည်မြဲဖို့အတွက် စစ်အာဏာရှင်ကြီးအနေနဲ့ ဒီနေ့အမျိုးသား ညီလာခံကို ဟန်ပြအမျိုးသားညီလာခံအဖြစ်၊ အဲဒီညီလာခံကြီးကို တိုက်ဖျက်ဖို့ဆိုရင် ဒီ ညီလာခံနဲ့တူညီတဲ့ ကျနော်တို့ညီလာခံ သို့မဟုတ် စီမီနာမျိုးကို ကျနော်တို့ မာနယ်ပလော

မှာကျင်းပပြီး ဒီနေ့မှာလည်း ကျနော်တို့ ကျင်းပနေတယ်ဆိုတာကို၊ ဒါကြောင့်မို့လို့ ဒီအချက် (၈) ချက်အပေါ်မှာ ကျနော်တို့အမြင်ကို တင်ပြရမယ်ဆိုရင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်တဲ့နေရာမှာ ဒီအချက် (၈) ချက်အပေါ်မှာ တနည်းအားဖြင့် ဒီမိုကရေစီကျင့်စဉ်နဲ့ တူညီတဲ့အတွက် မဖြစ်မနေပါဝင်ရမယ့်၊ မဖြစ်မနေလုပ်ဆောင်ရမယ်ဆိုတာကို ကျနော် အလေးအနက် ပြောလိုပါတယ်။ ဒါကြောင့်မို့ အထားအသို အပြောင်းအလဲ ဖြစ်ပေမယ့်လို့ အဓိကရည်မှန်းချက်ဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အခြေခံရမယ့်မူများ ဟာ ဒီအချက် (၈) ချက်နဲ့ ကိုက်ညီမှုရှိပါတယ်လို့ ကျနော်ထောက်ခံရင်း ပြောကြားလိုပါတယ်။

ကျနော်တို့ဟာ ဒီအချက် (၈) ချက်ကိုရပြီးရင် ပြီးပြီးလားလို့ မဟုတ်သေးပါဘူး။ ဒီနီးနှော ဖလှယ်ပွဲမှတဆင့် ရရှိလာတဲ့ အခြေခံအချက်များအပေါ်မှာ အပြန်အလှန် ဆွေးနွေးကြရမှာ ဖြစ်ပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## အစုအဖွဲ့ (၄)

သဘာပတိ အဖွဲ့ဝင်များ ။ ။ ခွန်းတယ်ဒီဘူးရီ၊ ဒေါ်စန်းစန်း

အကျိုးဆောင်အဖွဲ့ဝင် ။ ။ ခွန်းမန်းကိုဘန်း၊ ဒေါက်တာစန်းအောင်

အစည်းအဝေးတက်ရောက်သူများ

၁။ ဦးတယ်ဒီဘူးရီ (Members of Parliament Union (MPU)
၂။ ဦးပီတာလင်းပင် (Members of Parliament Union (MPU)
၃။ ဒေါက်တာ မျိုးဝင်း (Members of Parliament Union (MPU)
၄။ ဒေါက်တာ တင့်ဆွေ (Members of Parliament Union (MPU/ NCGUB)
၅။ ဒူးဝါးဇော်အောင် (Members of Parliament Union (MPU)
၆။ ဦးဘိုလှတင့် (Members of Parliament Union (MPU/NCGUB)
၇။ ဦးဗိုလ်သောင်း (Members of Parliament Union (MPU)
၈။ ဦးဒယ်နီရယ်အောင် (Members of Parliament Union (MPU)

၉။ ဦးလှဦး (Members of Parliament Union (MPU)

၁၀။ ဦးခင်ကျော်ဟန် (Members of Parliament Union (MPU)

၁၁။ ဦးလှုံအုပ် (Members of Parliament Union (MPU)

၁၂။ ဦးသာနိုး (Members of Parliament Union (MPU)

၁၃။ ဦးကျော်သွင် (Members of Parliament Union (MPU)

၁၄။ ဦးထန်လျန်းပေါင် (Members of Parliament Union (MPU)

၁၅။ ဦးတင်ထွဋ် (Members of Parliament Union (MPU)

၁၆။ ဦးတင်ထွန်းအောင် (Members of Parliament Union (MPU)

၁၇။ ဒေါက်တာ စန်းအောင် (Members of Parliament Union (MPU/ NCGUB)

၁၈။ ခွန်းမန်းကိုဘန်း (Members of Parliament Union (MPU/ NCGUB)

၁၉။ ဦးသိန်းဦး (Members of Parliament Union (MPU)

၂၀။ ဒေါ်စန်းစန်း (Members of Parliament Union (MPU)

## အစုအဖွဲ့ (၄) မှ သဘာပတိ ဒေါ်စန်းစန်းမှ အဖွင့် အမှာစကားပြောကြားခြင်း

ကျွန်မတို့အစုအဖွဲ့မှာ တက်ရောက် ဆွေးနွေးလာကြတဲ့ ကိုယ်စားလှယ် ခေါင်းဆောင်များ၊ နိုင်ငံရပ်ခြားမှ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ခေါင်းဆောင်များကို ကျွန်မ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ ကျွန်မတို့ အရေးတကြီး ဆောင်ရွက်လုပ်ကိုင်ရမယ့်၊ ကြိုးပမ်းလှုပ်ရှားရမယ့်ကိစ္စကတော့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်စေမယ့် တိုင်းရင်းသားအရေးကိစ္စပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားကိစ္စဆိုတော့ကာ ဖက်ဒရယ်ပြည်ထောင်စုတခုကို လာမည့်အနာဂတ်မှာ မဖြစ်မနေ ပေါ်ထွန်းအောင် လုပ်ဆောင်ဖို့ပဲရှိပါတယ်။ ဒီတော့ကာ ဒီအစုအဖွဲ့ ဆွေးနွေးပွဲကရလဒ်တွေ၊ ကျွန်မတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ချမှတ်ထားတဲ့ တိုင်းရင်းသားလူမျိုးစု

တွေရဲ့ တန်းတူရေးနဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ နိုင်ငံရေးအခွင့်အရေးတွေကို လေ့လာသုံးသပ်ပြီး လာမယ့်နီးနှောဖလှယ်ပွဲမှာ တင်ပြနိုင်အောင် လုပ်ကြဖို့ပါပဲ။

CRPP ရဲ့ ချမှတ်ရေးဆွဲထားတဲ့ အခြေခံမူများကိုကြည့်ရင် တိုင်းရင်းသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်တို့ကို အသိအမှတ်ပြုရမယ်။ မည်သည့်လူမျိုးကိုမှ အထူး အခွင့်အရေး ပေးထားခြင်းမရှိစေရ၊ တန်းတူရည်တူ အခြေခံဖွဲ့စည်းပုံမူနဲ့ ပေါင်းစည်းရမယ်။ လူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံတနိုင်ငံဖြစ်သည့်အားလျော်စွာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသောဒေသများနှင့် အထူးဒေသများကို ချမှတ်ပြဋ္ဌာန်းထားတဲ့ CRPP ရဲ့ မူများပါရှိပါတယ်။ ယခုချမှတ်မယ့် အခြေခံမူများမှာလည်း သဘောသဘာဝကတော့ အတူတူလို့ပြောရင်ရပါတယ်။ ဒီတော့ကာ ကျွန်မတို့ အစုအဖွဲ့အနေနဲ့ သေသေချာချာ ဆွေးနွေးညှိနှိုင်းပြီး အခြေခံမူများ၊ အကြံပြုချက်များကို စနစ်တကျ တင်ပြဆွေးနွေးနိုင်အောင် ဆောင်ရွက်ကြဖို့ပေါ့နော်၊ ခေါင်းဆောင်များအားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

အစုအဖွဲ့ (၄) မှ သဘာပတိ ဒေါ်စန်းစန်း

အစုအဖွဲ့ (၄) ဖွဲ့ ဆွေးနွေးပွဲ

## အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ

## အခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲ

## (အစုအဖွဲ့ ၄ စုမှ ပြန်လည်စုစည်းတင်ပြခြင်း)

## ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁) ရက်

သဘာပတိအဖွဲ့ဝင်များ။ ။ ဗိုလ်ချုပ်ကြီး တာမလာဘော
ဗိုလ်ချုပ်အောင်သန်းလေး
ဦးတင်အောင်
ဒေါ်စန်းစန်း

အကျိုးဆောင်အဖွဲ့ဝင်များ ။ ဒေါက်တာ ဆိုင်းလျန်မှုန်းဆာခေါင်း
ဦးမျိုးဝင်း
ဦးသိန်းဦး

နှီးနှောဖလှယ်ပွဲအစီအစဉ်များ

၁။ သဘာပတိမှ နှီးနှောဖလှယ်ပွဲ အဖွင့်အမှာစကား ပြောကြားခြင်း။

၂။ နှီးနှောဖလှယ်ပွဲ ပူးတွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

၃။ နှီးနှောဖလှယ်ပွဲ ပူးတွဲကျင်းပရေးကော်မတီ အတွင်းရေးမှူးမှ အစီအစဉ်များကို ရှင်းလင်းတင်ပြခြင်း။

၄။ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်နိုင်ရေး အတွက် အစုအဖွဲ့ အသီးသီးတို့မှ စုစည်းထားသော အမြင်သဘောထားများအား တင်ပြခြင်း။

(က) အစုအဖွဲ့ (၁) မှ ရှင်းလင်းတင်ပြခြင်း။

(ခ) အစုအဖွဲ့ (၂) မှ ရှင်းလင်းတင်ပြခြင်း။

(ဂ) အစုအဖွဲ့ (၃) မှ ရှင်းလင်းတင်ပြခြင်း။

(ဃ) အစုအဖွဲ့ (၄) မှ ရှင်းလင်းတင်ပြခြင်း။

၅။ အစုအဖွဲ့အသီးသီးတို့မှ တင်ပြလာသော အမြင်သဘောထားများအပေါ် တွင် အခြေခံပြီး အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ရေး အတွက် ဆွေးနွေးအတည်ပြုခြင်း။

၆။ နှီးနှောဖလှယ်ပွဲတွင် နိုင်ငံရေးပါတီ အဖွဲ့အစည်းအားလုံးတို့၏ ဆန္ဒသဘောတူညီမှုဖြင့် ချမှတ်ထားသော အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများအပေါ် တွင်အခြေခံပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် အစုအဖွဲ့ အသီးသီးတို့မှ ရှင်းလင်းတင်ပြခြင်း။

(က) အစုအဖွဲ့ (၁) မှ ရှင်းလင်းတင်ပြခြင်း။

(ခ) အစုအဖွဲ့ (၂) မှ ရှင်းလင်းတင်ပြခြင်း။

(ဂ) အစုအဖွဲ့ (၃) မှ ရှင်းလင်းတင်ပြခြင်း။

(ဃ) အစုအဖွဲ့ (၄) မှ ရှင်းလင်းတင်ပြခြင်း။

၇။ အစုအဖွဲ့ အသီးသီးတို့မှ တင်ပြလာသော အမြင်သဘောထားများအပေါ်တွင် အခြေခံပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် ဆွေးနွေးအတည်ပြုခြင်း။

xxx

## နှီးနှောဖလှယ်ပွဲ အဖွင့်မိန့်ခွန်း ပြောကြားခြင်း

### ဗိုလ်ချုပ်ကြီး တာမလာဘော (သဘာပတိကြီး)

နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြတဲ့အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များအား ကျနော့်အနေနဲ့ အထူးကျေးဇူးရှိပါကြောင်းနှင့် လေးစားပါတယ်လို့ နှုတ်ခွန်းဆက်ပြောကြားချင်ပါတယ်။ ကျနော့်အနေနဲ့ တိုတိုပဲမှာကြားချင်တာကတော့ ဒီအနာဂတ်ဖက်ဒရယ်ပြည်ထောင်စုရဲ့ အခြေခံမူတွေကို ဒီနှီးနှောဖလှယ်ပွဲမှာ ဆွေးနွေးကြရမှာဖြစ်ပါတယ်။ အဲဒါကလည်းပဲ ကျနော်တို့ ဒီမြန်မာပြည်ကြီးရဲ့ ပြန်လည်တည်ဆောက်တဲ့နေရာမှာ စည်းလုံးညီညွတ်မှုနဲ့ ငြိမ်းချမ်းရေး၊ နောက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ရေး၊ နောက်ပြီးတော့ ညီညီညာညာနဲ့ထားရှိတဲ့ ကျနော်တို့ သဘောထားခံယူချက်များကို ကျနော်တို့ ချမှတ်ခဲ့တာဖြစ်ပါတယ်။ အဲဒါကို ကျနော်တို့ ဒီနှီးနှောဖလှယ်ပွဲမှာ တက်ရောက်လာကြတဲ့ အဖွဲ့အစည်းခေါင်းဆောင်များ အသီးသီးမှ လေ့လာဆန်းစစ်ပြီးတော့ လိုအပ်သလို ပြန်ပြီးတော့ ပြင်ဆင်နိုင်အောင် ပြုလုပ်ဖို့လိုပါတယ်လို့။ အဲဒါက ကျနော်တို့ရဲ့ လက်ရှိတိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ ညီညွတ်ရေး၊ စည်းလုံးရေးကို ကျနော်တို့က ညီချင်လို့၊ စည်းလုံးချင်လို့၊ စုစည်းချင်လို့ တစည်းတလုံးတည်းညီချင်လို့ အဲဒီမူတွေကို ကျနော်တို့က ချမှတ်ခဲ့တာဖြစ်ပါတယ်လို့။ အဲဒီတော့ အဖွဲ့အစည်းခေါင်းဆောင်တိုင်းအနေနဲ့လည်း ကျနော်တို့လို ခံယူသဘောထားရှိတယ်လို့ ကျနော်တို့က အဲဒါလက်ခံထားပါတယ်လို့ ပြောချင်ပါတယ်။

ဒါကြောင့်မို့ ဒီနှီးနှောဖလှယ်ပွဲမှာ တကယ့်စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုမူကို အဲဒါချပေးကြပါ။ အဲဒါကျနော်က တိုက်တွန်းချင်ပါတယ်။ အဲဒီတော့ အခုဒီမူဟာ ကျနော်တို့ ဒီမှာရောက်ရှိလာကြတဲ့ ခေါင်းဆောင်များအနေနဲ့ ဒီနှီးနှောဖလှယ်ပွဲမှာ တင်ပြထားတဲ့ အားလုံးကလည်းပဲ ဖက်ဒရယ်မူတခု ဘောင်ထဲမှာရှိနေမယ် ဖြစ်ပါတယ်၊ တကယ်ပဲ ဖက်ဒရယ်ပြည်ထောင်စုမူတခုထဲမှာပဲ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်သွားကြတဲ့

အခါမှာလည်း အဲဒီမူအပေါ်မှာပဲ တည်ဆောက်သွားကြလိမ့်မယ်လို့ ကျနော်ရဲ့ ယုံကြည်ချက်နဲ့ တင်ပြခြင်းဖြစ်ပါတယ်လို့ ဒါကြောင့်မို့လို့ ကျနော့်အနေနဲ့ တိုတိုပဲမှာကြားချင်တာကတော့ အဲဒီအပေါ်မှာပဲ တိတိကျကျနဲ့ညီညီညာညာနဲ့ အားလုံးတွေ့ဆုံဆွေးနွေးပြီးတော့ အတည်ပြုသွားနိုင်ဖို့ ကြိုးစားပြီးတော့ စိတ်ရှည်ရှည်နဲ့ တညီတညာနဲ့ ရှေ့ဆက်ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

## ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားခြင်း

### ဒေါ်စန်းစန်း (နီးနော့ဖလှယ်ပွဲ ပူးတွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ)

အားလုံးမင်္ဂလာပါ။ နီးနော့ဖလှယ်ပွဲတက်ရောက်လာကြတဲ့ ကိုယ်စားလှယ်ခေါင်းဆောင်များအားလုံးကို ကျမအနေနဲ့ ဂါရဝပြုပါတယ်။ နီးနော့ဖလှယ်ပွဲသို့ ကြွရောက်လာကြတဲ့ တိုင်းရင်းသားခေါင်းဆောင်များ၊ မဟာမိတ်အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ နိုင်ငံရပ်ခြားမှ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ ခေါင်းဆောင်များ၊ အမျိုးသမီးများအဖွဲ့ အမျိုးသမီးခေါင်းဆောင်များကို အချိန်ပေးပြီးတော့ အခုလို တွေ့ဆုံခွင့်ရတဲ့အတွက် ဝမ်းမြောက်ပါတယ်။ ဂုဏ်ယူစွာနဲ့လည်း ကြိုဆိုပါတယ်။ ဒီနေ့ဟာဆိုရင် ပင်လုံစာချုပ်၊ မယ်သရောထာစာချုပ်၊ ဗိုလ်အောင်ကျော်လမ်းကြေညာစာချုပ် စသည့် လက်မှတ်ရေးထိုးတဲ့နေ့များလို၊ သမိုင်းဝင်နေ့များလို သမိုင်းဝင်တနေ့ဖြစ်လာနိုင်မှာ သေချာပါတယ်။ နောင်တချိန်မှာ ဘာတွေလုပ်ခဲ့၊ ဘာတွေဆွေးနွေးခဲ့ကြပါသလဲဆိုတာတွေကို ပြန်ကြည့်၊ ပြန်လည်ရည်ညွှန်းနိုင်တဲ့ နေ့တနေ့လည်းဖြစ်ပါတယ်။ ပြည်ပမှာရှိတဲ့ အတိုက်အခံဒီမိုကရေစီအင်အားစု၊ တိုင်းရင်းသားလူမျိုးစုပေါင်းစုံနဲ့ လွှတ်လပ်၊ တရားမျှတ၊ အခွင့်အရေးတန်းတူရေး၊ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတခု ပေါ်ထွန်းမယ့် အခြေခံဥပဒေပေါ်ပေါက်ရေး၊ ဒီမိုကရေစီရရှိရေးမှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံမူများကို သမိုင်းမှာ စာတင်ရမယ့်နေ့လည်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများရှင့် ...

၂၀၀၁-ခုနှစ်၊ ဒီမိုကရေစီအင်အားစုများရဲ့ ထုတ်ဝေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများနဲ့ စပ်လျဉ်းတဲ့ အကြံပြုချက်စာအုပ် စာမျက်နှာ (၈)မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေများ ရေးဆွဲရာမှာ အခြေခံရမည့် အခြေခံမူများကို ဖော်ပြရာမှာ နိုင်ငံသားအားလုံးသည် အခြေခံဥပဒေတွင် နိုင်ငံတော်တရားရုံးတော်တွင် တင်ပြတရားစွဲ ဆိုနိုင်ခွင့်ရှိရမည်ဆိုသည့် အခြေခံမူများကို

ဖော်ပြထားပါတယ်။ အဲဒီတဆက်တည်းမှာပဲ အခြေခံမူများကို ဖော်ပြထားရာမှာ အခြေခံမူများအားလုံးဟာ ယနေ့အထိ ကျမတို့အားလုံးက ဆွေးနွေးသဘောတူရေးဆွဲချမှတ်သွားရမယ့် နိုင်ငံတော် အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်စေရမည်၊ ပါတီစုံစနစ်ဖြစ်တယ်၊ လွတ်တော်နှစ်ရပ်မှာ အာဏာသုံးရပ်၊ ဒီမိုကရေစီစနစ်၊ တန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ ပြည်နယ်များအားလုံးစသဖြင့် ယနေ့ပြင်ဆင်ချမှတ်ရမယ့်၊ သဘောထားတွေချမှတ်ရမယ့် ကျမတို့ရဲ့ ပြင်ဆင်ချမှတ်ရမယ့်မူများနဲ့လည်း ကိုက်ညီနေပါတယ်။ ဒါကို သဘောတူညီကြဖို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများ စုံစည်းကတိကဝတ်ပြုတဲ့ နေ့ကြီးရက်ကြီးလည်းဖြစ်တဲ့အတွက်ကြောင့် ဒီနေ့ဟာလည်း အရေးကြီးတဲ့နေ့လည်းဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ်၊ မေလ (၁၃) ရက်နေ့ ဂျူဗလီဟော ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံအစည်းအဝေးထဲမှာ ဗိုလ်ချုပ်အောင်ဆန်းက တပြည်ထောင်စုစနစ်မဟုတ်ဘဲနဲ့ ပြည်နယ်များအားလုံးပူးပေါင်းရမယ်လို့ ပြောခဲ့ပါတယ်။ ဒါက ကျမဆိုလိုချင်တာကတော့ ၁၉၄၇ ခုနှစ်ကတည်းက ဗိုလ်ချုပ်အောင်ဆန်းဟာ ပြည်ထောင်စုစနစ်ကိုရော ပြောခဲ့တယ်လို့ ဆိုလိုချင်တာပါ။

သဘာပတိကြီး ခုနပြောတဲ့အတိုင်း ကျမတို့ဟာ စည်းလုံးညီညာစွာနဲ့ ကိုယ့်ရဲ့ဘဝတွေကို ထူထောင်ကြရမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ နောက်ပြီး နောင်လာနောင်သားတွေရဲ့ဘဝတွေကို ထူထောင်ကြရမှာဖြစ်တဲ့အတွက် အကောင်းဆုံးစနစ်နဲ့ ပြည်ထောင်စုစနစ်ကိုသာ ဦးတည်ကြရမှာ ဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့နဲ့ ပြည်ထောင်စုတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်တို့ သဘောထားတူညီထားကြတာကတော့ တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေးအရ တန်းတူညီမျှမှု၊ နိုင်ငံရေးအရ တန်းတူညီမျှမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည့်အပြင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပေါ် အာမခံချက်ရှိသော စစ်မှန်သည့် ပြည်ထောင်စုကို တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ထူထောင်ရန်လိုအပ်ကြောင်းကို ဗိုလ်အောင်ကျော်လမ်းကြေညာချက်ထဲမှာလည်း ပါပါတယ်။

နောက်တခုက ဖက်ဒရယ်နဲ့ပတ်သက်ပြီးတော့ အရေးကြီးတဲ့အချက်ကတော့ ကျမတို့ ဖက်ဒရယ်ဆိုတဲ့ကိစ္စကို မှားပြီးတော့ ဥသည့်မပြုမိဖို့၊ နောက်ပြီးတော့ စစ်အာဏာရှင်တွေ လိမ်လည်ပြောဆို ဝါဒဖြန့်တာကို မခံကြဖို့၊ ဒါကိုလည်း ကျမတို့က သတိထားပြီးတော့ လုပ်ကြရမှာဖြစ်ပါတယ်။ ဒေါက်တာကျောက်ဆောင်ရန်က ပြောပါတယ်၊ တချို့ဗမာတွေက

ဖက်ဒရယ်ဆိုတာ ခွဲထွက်ခွင့်လို့သတ်မှတ်ပါတယ်။ တချို့ဗမာဆိုတာက ကျမ စစ်အာဏာရှင်ကို ဆိုလိုတာဖြစ်ပါတယ်။ တချို့တိုင်းရင်းသားတွေကတော့ ဗမာလက်အောက်မှာနေခြင်းလို့ သတ်မှတ်ပြန်ပါတယ်။ ကြီးမားတဲ့ ပြဿနာပါပဲ၊ ဒါကြောင့်မို့လို့ ကျမတို့ဟာ ဖက်ဒရယ်ကို လက်မခံရင် ဗမာတွေက လက်မခံရင် အားလုံးသေကြေပျက်စီးသွားမှာပဲလို့ ပြောပါတယ်။ ဒီစာကိုတော့ ဒေါက်တာဆလိုင်းလျန်မှုန်း တင်ပြထားတဲ့စာတမ်းထဲက ဖြစ်ပါတယ်။ နိုင်မာတယ်ဆိုတဲ့အချက်ကို ဆိုလိုချင်တာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကတော့ တန်းတူရည်တူ ပြည်ထောင်စုမှုလို့ ခံယူထားပါတယ်လို့ သူမရဲ့မိန့်ခွန်းထဲမှာ အမြဲပြောသွားပါတယ်။ ပြည်ထောင်စုကို ဝိသေသပြုထားပါတယ်။ ပြည်နယ်ပေါင်းစု ပြည်ထောင်စုလို့ သူမရဲ့မိန့်ခွန်းထဲမှာ ပြောလျက်ရှိပါတယ်။ Federal Government နဲ့ Local Government ကို အာဏာသုံးရပ်ကို ဘယ်လိုအာဏာခွဲဝေကျင့်သုံးသွားကြမလဲဆိုတာကို ကိုယ်စားလှယ်ခေါင်းဆောင်များအနေနဲ့ ဆွေးနွေးညှိနှိုင်းကြမှာပဲလို့ ဗိုလ်အောင်ကျော်လမ်းမှာ တင်ပြဆွေးနွေးသွားပါတယ်။ ဒါကြောင့်မို့ ကျမတို့ အစုတင်ပြသွားတဲ့အချက် (၈) ချက်အတိုင်း ပါတီစုံဒီမိုကရေစီကို အခြေခံတဲ့လွှတ်တော်နှစ်ရပ်ရှိပြီး ကိုယ့်ပြည်နယ်မှာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်၊ တန်းတူရည်တူရှိရေး၊ လူမျိုးစု လူနည်းစုတိုင်းရင်းသားများ အခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းလျက်ရှိသော ပြည်နယ်ပေါင်းစု ပြည်ထောင်စုတရပ်ကို ဖွဲ့စည်းထူထောင်သွားဖို့၊ ဒါကြောင့်မို့ ယနေ့အုတ်မြစ် ချသွားရမှာဖြစ်တဲ့အတွက်ကြောင့်မို့ ဒီနီးနှောဖလှယ်ပွဲမှာ တက်ရောက်လာတဲ့ခေါင်းဆောင်များရဲ့တာဝန်များဟာ အင်မတန်မှ ကြီးမားပါတယ်။

ကိုယ်စားလှယ်တော်ကြီးများရှင့် ...

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဟာ ပြည်သူ့လွှတ်တော် ၂၅၃ Mandate ရပြီးတော့ ပြည်သူ့လွှတ်တော်ခေါ်ဖို့ တာဝန်ရှိပြီး ပြည်သူ့လွှတ်တော် ခေါ်နိုင်ရန်လည်း ပြင်ဆင်နေပါတယ်လို့ ကျမတို့ ကြားသိရပါတယ်။ CRPP ရဲ့သဘောထားကတော့ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံရဲ့အားနည်းချက်တွေကို လေ့လာပါ။ နိုင်ငံတခုရဲ့ ပြည်ထောင်စုဖွဲ့စည်းပုံစနစ်ကို လေ့လာပါ။ မြန်မာနိုင်ငံတိုင်းရင်းသားများရဲ့ ပကတိအခြေအနေကို လေ့လာပြီး လက်ရှိအခြေအနေနဲ့ ကိုက်ညီတဲ့ အောက်ပါမှုများ ချမှတ်ရမယ်လို့ပါပါတယ်။

သူ့ရဲ့ မူသဘောထားက ဘာလဲဆိုတော့ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံဟာ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံပြီးတော့ ကျင့်သုံးရမယ်။ တိုင်းရင်းသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်တို့ကို အသိအမှတ်ပြုရမယ်။ မည်သည့်လူမျိုးကိုမှ အထူးအခွင့်အရေး ပေးထားခြင်းမရှိစေရ။ တန်းတူရည်တူ အခြေခံ ဖွဲ့စည်းပုံမူနဲ့ ပေါင်းစည်းရမယ်။ လူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံတနိုင်ငံဖြစ်သည့်အားလျော်စွာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသော ပြည်နယ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ဒေသများနှင့် အထူးဒေသများကို ချမှတ်ပြဋ္ဌာန်းထားတဲ့ CRPP ရဲ့ မူများပါရှိပါတယ်။ ယခုချမှတ်မဲ့ အခြေခံမူများမှာလည်း သဘောသဘာဝကတော့ အတူတူပါပဲ။ ဒါကြောင့် ကျမတို့ဟာ CRPP ဆိုရင် အခုအခါမှာ ဆိုလို့ရင်တော့ နအဖစစ်အုပ်စုက ဦးခွန်ထွန်းဦးကိုလည်း ခေါ်ထားတယ်ဆိုတော့ ကျမတို့က လုပ်ချင်တယ်၊ လုပ်ချင်ပေမဲ့လို့ အခြေအနေတွေက မပေးဘူးဖြစ်တယ်။ ဒါကြောင့်မို့လို့ ကျမတို့က CRPP ကို ဒီဘက်က ထွက်လာပြီးတော့ ကူညီပိုင်းဝန်းပြီးတော့ ထောက်ခံအားပေးသွားကြရမှာဖြစ်ပါတယ်။ ဒါကတော့ NLD ရဲ့ သဘောထား NCUB တို့ရဲ့ သဘောထားတွေနဲ့လည်း အတူတူပါပဲဖြစ်တယ်။ အဲဒီတော့ ဒီလို နေ့ထူးနေ့မြတ်မှာ လာရောက်ပြီးတော့ တက်ရောက်လာတဲ့ ကိုယ်စားလှယ်များကို နှုတ်ခွန်းဆက်ရင်း ပြောချင်တာကတော့ ရှေ့လုပ်ငန်းစဉ်မှာ ဒီအခြေခံမူများကို အုတ်မြစ်ချပြီး ဖက်ဒရယ်ပြည်ထောင်စုစနစ် အခြေခံဥပဒေရေးဆွဲရာမှာ ၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်မှာ ချမှတ်ခဲ့တဲ့ အခြေခံမူများတွေဟာ စစ်အာဏာရှင်စနစ်ကြောင့် ပြိုကျပျက်စီးသွားပါပြီ။ အဲဒါကြောင့် ကျမတို့ဟာ မြေအုတ်များပြိုသွားပြီးတော့ ကျောက်အုတ်များနဲ့အစားထိုးပြီးတော့ လုပ်သွားကြပါစို့၊ ငြိမ်းချမ်းတဲ့ နိုင်ငံတော်တခု တည်ဆောက်ဖို့ အလုပခဆုံးသမိုင်းကို ရေးကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## နီးနောဖလှယ်ပွဲကျင်းပရေး ကော်မတီကိုယ်စား နီးနောဖလှယ်ပွဲနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာပုံ အဆင့်ဆင့်အား ရှင်းလင်းတင်ပြခြင်း

### ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်း

### (နီးနောဖလှယ်ပွဲ ပူးတွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး)

လေးစားအပ်တဲ့ နိုင်ငံရေးပါတီအသီးသီးမှခေါင်းဆောင်များ၊ အမျိုးသမီးအဖွဲ့မှ ခေါင်းဆောင်အသီးသီး၊ လူငယ်အဖွဲ့မှ ခေါင်းဆောင်အသီးသီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့မှ ခေါင်းဆောင်များ၊ ဒီမှာ ဆုံစည်းနေကြရတဲ့ ရဲဘော်အပေါင်းတို့အား ဒီနေရာမှ ကျနော့်အနေနဲ့ နှုတ်ခွန်းဆက်သပါတယ်။ ကျနော်အနေနဲ့ အခုလို ကျင်းပရေးကော်မတီကိုယ်စား ကျင်းပရေးကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းမြောက်မိပါတယ်။ ကျနော်တို့ ကျင်းပရေးကော်မတီ စီစဉ်ထားတဲ့အတိုင်းဆိုလို့ရှိရင် တင်သွင်းရမယ့် အစီအစဉ်က နှစ်ပိုင်းရှိပါတယ်။ ပထမအပိုင်းကတော့ ကျနော်တို့ရဲ့ ဆောင်ရွက်မှုလုပ်ငန်းများဖြစ်ပြီးတော့ ဒုတိယပိုင်းအနေနဲ့ ကျင်းပရေးကော်မတီမှ ပြင်ဆင်ပြုလုပ်ထားတဲ့စာတမ်းကို ရှင်းလင်းတင်ပြဖို့ ဖြစ်ပါတယ်။

ဒါပေမဲ့ အခြေအနေအရ (၂) ပိုင်းခွဲပြီး မတင်ပြတော့ဘဲ၊ လုပ်ငန်းဆောင်ရွက်မှုရေးစာတမ်းကိုပါ ပေါင်းပြီးတော့ ကျနော်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီလိုပေါင်းပြီးတင်ပြနေရတာကိုက ... ကျနော်တို့ရဲ့ တကယ်ဖြစ်ပျက်နေတဲ့ ပကတိအခြေအနေတွေဖြစ်ပါတယ်။ ကျနော်တို့ ဆင်နွှဲနေတဲ့ အရေးတော်ပုံ၊ ကျနော်တို့ ဆင်နွှဲနေတဲ့ တော်လှန်ရေးရဲ့ အတိမ်အနက်ကို ဖော်ပြပါတယ်။ ကျနော်တို့ ဘယ်အချက်မှာရှိနေတယ်၊ ဘာတွေ လုပ်နေသလဲ၊ ဘယ်လိုအခန်းကဏ္ဍတွေ လုပ်နေသလဲ၊ ဘယ်လိုအခြေအနေတွေကနေ လုပ်ဆောင်နေရသလဲဆိုတာကို တက်ရောက်လာတဲ့ကိုယ်စားလှယ်ခေါင်းဆောင်များအနေနဲ့ တော်လှန်ရေး

စိတ်ဓာတ် ပိုမိုပြီးတော့ ပြင်းထန်ဖို့၊ အရေးတော်ပုံအတွက် အားကြိုးမာန်တက် ဆက်လက်ပြီးတော့ ဆောင်ရွက်ဖို့ သက်သေပြနေတယ်ဆိုတာကို လူကြီးမင်းတို့ ဒီနီးနှောဖလှယ်ပွဲကို အလေးအနက်ထားကြလိမ့်မယ်လို့ ကျနော်တို့ ကျင်းပရေးကော်မတီမှ မျှော်လင့်ပါတယ်။ ကျနော်တို့ မူလစီစဉ်ထားတဲ့ အစီအစဉ်အတိုင်းဆိုလို့ရှိရင် ... ကိုယ်စားလှယ်များအားလုံး စုံညီညီနဲ့ တနေရာတည်းမှာပေါင်းပြီးတော့ ဒီနီးနှောဖလှယ်ပွဲကို ကျင်းပဖို့ပါပဲ။ ဒါပေမဲ့ အခြေအနေအရ ပထမ (၂) ရက် ကို အုပ်စု (၄) စုခွဲပြီး ကျင်းပနေရတာဖြစ်တဲ့အပြင်၊ အခုလို အားလုံး စုပေါင်းပြီး ကျင်းပတဲ့အခါမှာလည်းပဲ၊ အချိန်ကိုလုပြီး ကျင်းပနေရတာဖြစ်တဲ့အတွက် ကျနော်တို့ရဲ့ အစီရင်ခံစာကို (၂) ပိုင်းခွဲပြီး မတင်ဖတော့ဘဲ ပေါင်းပြီးတင်ရခြင်းဖြစ်တယ်လို့ ထပ်မံပြောကြားလိုပါတယ်။

ကျနော်တို့ကျင်းပရေးကော်မတီအနေနဲ့ ဒီလုပ်ငန်းများကို လုပ်ဆောင်ရခြင်းအကြောင်းရင်းကို ကျနော့်အနေနဲ့ အနည်းငယ်တင်ပြလိုပါတယ်။ ဒီလုပ်ငန်းကို လုပ်ဆောင်ရခြင်းအကြောင်းရင်းဟာ ကျနော်တို့အနေနဲ့ ရေရှည်နိုင်ငံရေးတိုက်ပွဲကို ဆင်နွှဲနိုင်ဖို့နဲ့ ရေတိုနိုင်ငံရေးပြဿနာကို ဖြေရှင်းနိုင်ဖို့ဆိုတဲ့ အချက်နှစ်ချက်ပါရှိပါတယ်။ ရေရှည်နိုင်ငံရေးတိုက်ပွဲဆင်နွှဲနိုင်ဖို့ဆိုရာမှာ ကျနော်တို့ရဲ့ အန္တိမပန်းတိုင် (Ultimate Goal) ဟာ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ထူထောင်ဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ကျင်းပနေတဲ့ နီးနှောဖလှယ်ပွဲရဲ့ ရည်ရွယ်ချက်ဟာ အဲဒီအန္တိမပန်းတိုင်ရောက်ရှိ ဖို့အတွက် အထောက်အကူပြုမယ့် အလွန်ရေးကြီးတဲ့အဆင့်ဖြစ်တယ်လို့ ကျနော်တို့ အနေနဲ့ သတ်မှတ်ပါတယ်။ လတ်တလောနိုင်ငံရေးတိုက်ပွဲအနေနဲ့ လိုအပ်တဲ့ အချက် (၁) ချက်ကတော့ ဘာလဲဆိုတော့ တဖက်မှာလည်း ရန်သူကလည်း ကျနော်တို့ရဲ့ တော်လှန်ရေးကို ပျက်စီးဖို့၊ တိုက်ဖျက်ဖို့ လုပ်နေပါတယ်။ သူတို့မှာ ယန္တရားတွေ အများကြီးရှိပါတယ်။ နိုင်ငံရေးယန္တရားရှိတယ်၊ ပစ္စည်းဥစ္စာယန္တယားရှိတယ်၊ အုပ်ချုပ်ရေး ယန္တယားရှိတယ်။ သူတို့က ယန္တရားပြီးပြည့်စုံပြီးတော့ သူတို့က ကျနော်တို့ရဲ့ တော်လှန်ရေးသမားတွေ၊ အရေးတော်ပုံကို ဆင်နွှဲနေတဲ့သူတွေထက် မြန်မြန်ဆန်ဆန်လုပ်နိုင်ပါတယ်။ ဒီလိုလုပ်နေတာ သူတို့ဟာ နိုင်ငံတော်ရဲ့ယန္တရားတွေကို အသုံးချပြီးတော့ ယခုအခါ အတုအယောင်အမျိုးသားညီလာခံကို ခေါ်ယူပြီးတော့ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံကို ပြဋ္ဌာန်းနိုင်ဖို့၊ သူတို့ရဲ့စစ်အာဏာရှင်စနစ် တရားဝင်ပြဋ္ဌာန်းနိုင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နေပါတယ်။ ဒီလိုပြင်ဆင်ရင်းနဲ့ အမျိုးသားညီလာခံဆိုတာကို ကျင်းပနေပါတယ်။ ဆိုတော့ လတ်တလောနိုင်ငံရေးအရ လိုအပ်နေတာ သူတို့ရဲ့

အမျိုးသားညီလာခံကို ကျနော်တို့အနေနဲ့ တိုက်ဖျက်ဖို့ လိုအပ်ပါတယ်။ ရိုက်ချိုးဖို့လိုပါတယ်။ ကျနော်တို့အနေနဲ့ ပြည်သူလူထုကို တင်ပြဖို့လိုပါတယ်။ ကမ္ဘာကို တင်ပြဖို့ လိုပါတယ်။ သူတို့လုပ်နေတာ မှားယွင်းနေတယ်၊ သူတို့လုပ်နေတဲ့ ပုံစံအတိုင်း ဆက်လုပ်နေရင် တိုင်းပြည်ဟာ ငါးပါးမှောက်သွားမယ်။ သူတို့လုပ်နေတဲ့အတိုင်းဆိုရင် နောက်ထပ်နှစ်ပေါင်း (၅၀) ကြာ ဒုက္ခဆင်းရဲခံနေရအုံးမယ်။ ကျနော်တို့ ဒါကိုမလိုလားဘူး၊ မလိုလားတဲ့အတွက်ကြောင့် ကျနော်တို့အနေနဲ့ သူတို့ရဲ့လုပ်ရပ်တွေ၊ မှားယွင်းမှုတွေကို တင်ပြဖို့နဲ့ ကျနော်တို့ရဲ့လုပ်ရပ်တွေဟာ မှန်ကန်မှုရှိတာကို ကမ္ဘာကိုသက်သေပြဖို့ လုပ်သင့်တယ်ဆိုတာကို ကျနော်တို့ စိုင်းပြင်းထားပါတယ်။

ဒါ့ကြောင့် သဂ္ဂရာဇ် ၂၀၀၄ မေလမှာ DBC အဖွဲ့အစည်းတခုကနေပြီးတော့ ဒီအတွက်ကို Seminar on Democracy, Constitution and National Reconciliation ဆိုတဲ့ ဆွေးနွေးပွဲတခုကို ခေါ်ယူကျင်းပပေးပါတယ်။ အဲဒီ ခေါ်ယူကျင်းပပေးတဲ့အချိန်မှာ ကျနော်တို့တော်လှန်ရေးနိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များ ဆွေးနွေးတိုင်ပင်ကြတဲ့အခါမှာတော့ ကျနော်တို့ဘာလုပ်သင့်တယ်၊ နအဖစစ်အုပ်စု အမျိုးသားညီလာခံကို တန်ပြန် ပြန်လည်ထိုးစစ်ဆင်ဖို့၊ တိုက်ခိုက်ဖို့ ကျနော်တို့ ဘာလုပ်သင့်တယ်၊ ဆွေးနွေးကြရင်းနဲ့ သူတို့က နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံကို ရည်ရွယ်ချက် (၆) ရပ်နဲ့ ဦးတည်ပြီးတော့ အခြေခံမူ (၁၀၄) ချက်ကို ရေးဆွဲပြီးတော့ တင်ပြနေသလို ကျနော်တို့အနေနဲ့ ၁၉၄၇ ခုနှစ်၊ ပင်လုံညီလာခံတုန်းက ဗိုလ်ချုပ်အောင်ဆန်းဟာ လမ်းညွှန်ချက် (၇) ချက်နဲ့ ကိုင်တွယ်ပြီးတော့ လွတ်လပ်ရေးကို အရယူနိုင်ခဲ့သာမက တိုင်းရင်းသားအားလုံး စုစည်းညီညွတ်စွာနဲ့ ပြည်ထောင်စုကို ထူထောင်နိုင်ဖို့အတွက်ကို ပင်လုံစာချုပ်ကိုပါ ရေးဆွဲနိုင်ဖို့အတွက်၊ လက်မှတ်ရေးထိုးနိုင်ဖို့အတွက်ကိုပါ လုပ်ဆောင်နိုင်ခဲ့တယ်ဆိုတာ ကျနော်တို့အနေနဲ့ အဲဒါမျိုးကိုလုပ်သင့်တယ်။ Basic Principles ကို ကိုင်တွယ်ပြီးတော့ ရေးဆွဲသင့်တယ်ဆိုတာ အဲဒီမှာ ကျနော်တို့ခေါင်းဆောင်များ ဆွေးနွေးမှုက ထွက်လာပါတယ်။ DBC ကသော်လည်းကောင်း၊ ဒိန်းမတ်နိုင်ငံခြားရေးကော်မတီကသော်လည်းကောင်း၊ အဲဒါကို လုပ်လို့ရှိရင် ဘဏ္ဍာရေးကို လိုအပ်တဲ့အနေအထားမှာ ပံ့ပိုးပေးမယ်။ အားပေးထောက်ခံကူညီမှုကို ကျနော်တို့ လုပ်ဆောင်နိုင်ဖို့အတွက် ဒီလုပ်ငန်းကို (ပူးတွဲ) ပြီးတော့ ကော်မတီတရပ်ကို ဖွဲ့စည်းထားပါတယ်။ အဲဒီကော်မတီကတော့ NCUB အောက်က ဖွဲ့စည်းထားတဲ့ Federal Consultation Drafting Committee ကော်မတီပါတယ်။ NDF နဲ့ UNLD ပူးတွဲပြီးတော့ ဖွဲ့စည်းပေးလိုက်တဲ့ ပြည်နယ်

များဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အထောက်အကူပြုကော်မတီ Supporting Committee for State Constitutions ပါပါတယ်။ ပြီးတော့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB ပါပါတယ်။ တိုင်ပင်ပြီးတော့မှ အကြိမ်ကြိမ်အခါခါ အစည်းအဝေးထိုင်ပါတယ်။ အချက်အလက်တွေကို စုဆောင်းပါတယ်။ ကျနော်တို့လုပ်ဆောင်မှုတွေထဲမှာ လူကြီးမင်းများအားလုံးတို့ကို တင်ပြထားပြီးသားဖြစ်တဲ့ အခြေခံလမ်းညွှန်မှုတွေကို ကျနော်တို့ ပူးပေါင်းပြီးတော့ ရေးဆွဲတဲ့အခါ ကျနော်တို့ရဲ့ အခြေခံအချက်ကတော့ ဘာလဲဆိုတော့ ပူးတွဲကျင်းပရေးကော်မတီအနေနဲ့ တခုမှ သီးခြားမရှိပါဘူး။ ကျနော်တို့ တင်ပြခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းညွှန်မှု (၇) ချက်ကို အခြေခံပါတယ်။ ပြီးတော့ ပင်လုံစာချုပ်ကို အခြေခံပါတယ်။ ပြီးတော့ အဆက်ဆက်သော ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသား အင်အားစုများရဲ့ စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စု ထူထောင်ရေးဆိုတဲ့ တိုက်ပွဲဝင်တဲ့အခါမှာ ဖေါ်ထုတ်ကြတဲ့ဆန္ဒတွေ၊ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်တွေကို ကျနော်တို့ စုစည်းပြီးတော့မှ ဒီအချက်တွေကို တင်ပြခြင်းဖြစ်ပါတယ်။ ကျနော်တို့ ပြင်ဆင်ထားတဲ့အချက်တွေကို လူကြီးမင်းတို့အားလုံးအား ဖြန့်ဝေပြီးသားဖြစ်ပါတယ်။

စောစောက တင်ပြသလို အခြေအနေအရ ကျနော်တို့ ပထမ (၂) ရက်မှာ အုပ်စု (၄) စုခွဲပြီးတော့မှ ကျင်းပရပါတယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့်လည်း တနည်းအားဖြင့် အကျိုးအများကြီးရှိပါတယ်။ အပြန်အလှန်ဆွေးနွေးမှုများ၊ အပြန်အလှန် အကျေအလည် နီးနှောတိုင်ပင်မှုများအတွက် အချိန်အများကြီးရပါတယ်။ အဲဒီအုပ်စုအသီးသီးရဲ့ တင် ပြချက်တွေကို ဒီမှာလာပြီးတော့ ပြန်လည်စုစည်းပြီးတော့ တူညီတဲ့ အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ထွက်ပေါ်ရလာနိုင်ပါလိမ့်မယ်လို့ အများကြီးပဲ မျှော်လင့်ပါတယ်၊ ကျနော်တို့ ကျင်းပရေးကော်မတီဥက္ကဋ္ဌရဲ့ တင်ပြသွားတဲ့ "တနေ့သောအခါမှာ ပြည်ထောင်စုသမိုင်းမှာ အလွန်အရေးကြီးတဲ့ သမိုင်းဝင်တနေ့ဖြစ်ပါလိမ့်မယ်" လို့ မျှော်လင့်ပါတယ်၊ ဒီလို မျှော်လင့်ချက်ကိုအကောင်အထည်ဖေါ်နိုင်ဖို့ လိုအပ်ပါတယ်။ မျှော်လင့်ရုံနဲ့ မပြီးစီးသေးပါဘူး။ ဒီမျှော်လင့်ချက်ကို အကောင်အထည် ဖော်နိုင်ဖို့အတွက် နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာတဲ့ လူကြီးမင်းတို့အားလုံး ခေါင်းဆောင်များအားလုံးတို့ရဲ့ လက်ထဲမှာ ရှိပါတယ်။ လူကြီးမင်းတို့အားလုံးရဲ့ ဆုံးဖြတ်ချက်အပေါ် မှာပဲ ဒီလုပ်ရပ်ဟာ သမိုင်းအတွက် အရေးကြီးမလား၊ ပြည်ထောင်စုအတွက် အကျိုးရှိမလားဆိုတာ သက်သေပြဆိုသွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောချင်တာကတော့ ကော်မတီမှ ကျနော့်အား တင်ပြပြောဆိုခွင့်ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ရှိပါကြောင်းနဲ့ ကော်မတီဝင်အားလုံးကိုလည်း မိတ်ဆက်ပေးလိုပါတယ်။

(ပူးတွဲ) ကျင်းပရေးကော်မတီကတော့ ...

| | | |
|---|---|---|
| ၁။ | ဒေါ်စန်းစန်း | ဥက္ကဋ္ဌ |
| ၂။ | ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း | အတွင်းရေးမှူး |
| ၃။ | ဦးမျိုးဝင်း | အတွင်းရေးမှူး |
| ၄။ | ဗိုလ်မှူးကြီး ခွန်ဥက္ကာ | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာ စန်းအောင် | အဖွဲ့ဝင် |
| ၆။ | ခွန်းမန်းကိုဘန်း | အဖွဲ့ဝင် |
| ၇။ | ဦးသိန်းဦး | အဖွဲ့ဝင် |
| ၈။ | ခူးရီမာန်ထူး | အဖွဲ့ဝင် |
| ၉။ | နန်းဆိုင်နောင့် | အဖွဲ့ဝင် |
| ၁၀။ | လွေးအေးနန်း | အဖွဲ့ဝင် |
| ၁၁။ | ယိင်းလောဝ် | အဖွဲ့ဝင် |

Co-ordnator တို့ ဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

×××

## အစုအဖွဲ့ (၁) မှ ရှင်းလင်းတင်ပြခြင်း

လေးစားအပ်တဲ့ သဘာပတိအဖွဲ့များနဲ့တကွ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြတဲ့ အဖွဲ့အစည်းအသီးသီးမှကိုယ်စားလှယ်ခေါင်းဆောင်များအားလုံးခင်ဗျား -

ကျနော့်အမည်ကတော့ တိတ်နိုင်ဖြစ်ပါတယ်။ ကျနော့်အနေနဲ့ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် "လမ်းညွှန်အခြေခံမူ ၈ ချက်အပေါ် ဆွေးနွေးပွဲပါဝင်သော WLB၊ AAPP၊ NY Forum SYCB၊ CPPCR၊ ABFSU၊ (FAC) BLSO တို့မှ ပြုလုပ်သော အစုအဖွဲ့ (၁) မှ တင်ပြချက်ကို ကျနော်က ပြန်လည်တင်ပြသွားမှာဖြစ်ပါတယ်။ ကျနော်တို့အစုအဖွဲ့ (၁) က သဘောတူညီချက် (၈) ချက်နဲ့ အကြံပြုချက် (၄) ချက်နှင့် မှတ်တမ်းတင်ခြင်းတို့ကို တင်ပြဖို့ ပြင်ဆင်ထားတာ ရှိပါတယ်။

၁။ နိုင်ငံတော် အချုပ်အခြာအာဏာ

နိုင်ငံတော်၏ အချုပ်အခြာအာဏာ ဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်လာရမည်။

၂။ တန်းတူရေး

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူညီတူ အခွင့်အရေးရှိရမည်။

၃။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိရမည်။

၄။ လူနည်းစု အခွင့်အရေး

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းနေထိုင်ကြသော တိုင်းရင်းသားလူနည်းစု များ၏ အခွင့်အရေးများအတွက် လုံလောက်သော အကာအကွယ်များ ပြဋ္ဌာန်းရမည်။

၅။ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု

ဘာသာ၊ အယူဝါဒ၊ အသားအရောင်နှင့် လိင်ကွဲပြားမှုများကိုအခြေခံသော ခွဲခြား ဆက်ဆံမှုမရှိစေဘဲ အခြေခံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အခွင့်အရေးများကို ကာကွယ် ပြဋ္ဌာန်းရမည်။

၆။ ဖက်ဒရယ်အခြေခံမူများ

လွှတ်တော်နှစ်ရပ် ထားရှိရေး အပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။

၇။ ဘာသာရေးကို အခြေမခံသောနိုင်ငံ

ဘာသာရေးကို အခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်။

၈။ ပါတီစုံဒီမိုကရေစီစနစ်

အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။

**အကြံပြုချက် ၁။**

အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်၏အမည်ကို မည်သို့ခေါ် ဆိုရန် ကြိုတင် ဆွေးနွေးညှိနှိုင်းထားသင့်သည်ဟု အကြံပြုလိုပါသည်။

**အကြံပြုချက် ၂။**

အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် UDHR၊ CRC၊ CEDAW၊ UNCHR၊ စသည့် နိုင်ငံတကာ သဘောတူညီချက်များတွင် ရေးသွင်းဖော်ပြ ထားသည့် အနှစ်သာရများ ထင်ဟပ်ပေါ်လွင်စေရမည်။

**အကြံပြုချက် ၃။**

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အချက်တွင် အုပ်ချုပ်ရေးဆိုသည့် စကားလုံးထည့်သွင်းရန် လိုအပ် မလိုအပ်ကို ပြန်လည်ဆွေးနွေးရန်နှင့် အုပ်ချုပ်ရေး၏ အဓိပါယ်ဖွင့်ဆိုချက် ရှင်းလင်းစွာ ဖော်ပြရန် လိုအပ်သည်ဟု အကြံပြုပါသည်။

**အကြံပြုချက် ၄။**

လူနည်းစု အခွင့်အရေးအောက်တွင် တိုင်းရင်းသားလူနည်းစုများကိုသာ ဖော်ပြထားရုံဖြင့် မလုံလောက်သည့်အတွက် အခြားလူနည်းစုများ၏ အခွင့်အရေးများကို မည်သို့သော ကာကွယ်မှုများ ပေးသွားမည်ကို စဉ်းစားရန် လိုအပ်သည်ဟု အကြံပြုပါသည်။

**မှတ်တမ်းတင်ခြင်း**

WLB၊ AAPP၊ NY- Forum၊ SYCB၊ CPPCR၊ ABFSU၊ (FAC)၊ BLSO တို့ပါဝင်သော နှီးနှောဖလှယ်ပွဲတွင် လွတ်လပ်သောသဘောဆန္ဒနှင့်အညီ ပူးပေါင်းပါဝင်လာခြင်းနှင့် ခွဲထွက်ပိုင်ခွင့် အခွင့်အရေး စသည့်အချက်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် ရခိုင်အမျိုးသမီးများအစည်းအရုံးဥက္ကဋ္ဌ စောမြရာဇာလင်း၊ ရခိုင်လူငယ်တဦး ဖြစ်သည့် ခိုင်မှုဝံ၊ ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေးအစည်းအရုံးဥက္ကဋ္ဌ မကျင်ကျင်းတို့မှ လွတ်လပ်သောသဘောဆန္ဒနှင့်အညီ ပူးပေါင်းပါဝင်လာခြင်းနှင့် ခွဲထွက်ပိုင်ခွင့်အခွင့်အရေး ဆိုသည့် အချက်နှစ်ချက်ကိုပါ ထည့်သင့်သည်ဟု အခိုင်အမာတင်ပြခဲ့သည်။ ထိုတင်ပြချက်ကို မှတ်တမ်းတင်ထားပေးရန် တောင်းဆိုခဲ့သည့်အတိုင်း မှတ်တမ်းတင်ခဲ့ပါသည်။

**ရှေ့လုပ်ငန်းစဉ်များအပေါ် အကြံပြုတင်ပြချက်များ**

(၁) အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်လမ်းညွှန် အခြေခံမူဆိုင်ရာ နှီးနှောဖလှယ်ပွဲမှ သဘောထားအမြင်များကို ထုတ်ပြန်သင့်သည်။

(၂) ထိုသဘောထားထုတ်ပြန်ချက်တွင် နအဖ၏ လမ်းပြမြေပုံ၊ အမျိုးသားညီလာခံ၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးရေး၊ ဒေါ်အောင်ဆန်း စုကြည်နှင့် ပြည်တွင်းနိုင်ငံရေး၊ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ် စသည့်အချက်များအပေါ်တွင် တိကျသည့် သဘောထား အမြင်များကို ထုတ်ပြန်ရန် အကြံပြုပါသည်။

(၃) အနာဂတ် ပြည်နယ်နှင့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ အဆင့် ဆင့် ရေးဆွဲရာတွင် အမျိုးသမီးများနှင့် လူငယ်များ၏ ပါဝင်မှုရှိစေရန်။

(၄) ပြည်သူလူထုများအကြားတွင် ဖက်ဒရယ်မှုနှင့်ပတ်သက်၍ ပညာပေးမှုများ အကြံဉာဏ်ရယူမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် အကြံပြုသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အစုအဖွဲ့ (၂) မှ ဆွေးနွေးတင်ပြခြင်း

လေးစားအပ်တဲ့ သဘာပတိကြီးများနဲ့တကွ နီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြတဲ့ အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်ခေါင်းဆောင်များ ခင်ဗျား။ ကျနော်ကတော့ Makaw Khum Sa ဖြစ်ပါတယ်။ ကျနော်တို့ အစုအဖွဲ့ (၂) က နိုင်ငံရေးပါတီအဖွဲ့ အစည်းအသီးသီးမှ ခေါင်းဆောင် (၂၉) ဦး ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပါတယ်။ အနာဂတ်ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်အခြေခံမူများအပေါ် ဆွေးနွေးတိုင်ပင်နီးနှောခဲ့ပါတယ်။ ကျနော်တို့ရဲ့ တင်ပြအကြံပြုချက်များကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အစုအဖွဲ့ (၂) ကိုယ်စား Makaw Khum Sa

## အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများ

(၁) Sovereign Power **(အချုပ်အခြာအာဏာ)**

ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံတွင် တည်ရှိစေရမည်။

(က) ပြည်ထောင်စု၏ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်လာစေရမည်ဖြစ်ပြီး၊ ထိုအချုပ်အခြာအာဏာကို ပြည်သူလူထုကိုယ်စား ကျင့်သုံးနိုင်ရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ အခါအားလျော်စွာ ကျင်းပသော အထွေထွေရွေးကောက်ပွဲများတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်များ၊ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ဥပဒေများနှင့် နည်းဥပဒေများအရ ခန့်အပ်တာဝန်ပေးခြင်းခံရသော ပြည်သူ့ဝန်ထမ်းများက အဆင့်ဆင့်ခွဲဝေ ကျင့်သုံးစေရမည်ဖြစ်ပါသည်။

(ခ) အချုပ်အခြာအာဏာ၏ ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို သီးခြားစီ ကျင့်သုံးခြင်း (Separation of Powers) ရှိစေရမည်။

(ဂ) ပြည်ထောင်စု၏ အချုပ်အခြာအာဏာ မူလပိုင်ရှင်ဖြစ်သော ပြည်သူလူထု အနေဖြင့် Initiative နှင့် Referendum Power များကို အစိုးရထံသို့လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းများထံသို့လည်းကောင်း၊ အလုံးစုံအပ်နှင်းခြင်းမရှိဘဲ မိမိတို့ လက်ဝယ်တွင် ထားရှိကျင့်သုံးခွင့်ရှိစေရမည်။

## (၂) Equality (တန်းတူရေး)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူ ရည်တူ အခွင့်အရေး ရှိစေရမည်။

(က) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်းသည် လူမျိုးရေးအရ တန်းတူ ရည်တူအခွင့်အရေး ရှိစေရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို နိုင်ငံရေးအာဏာများဖြစ်သော ဥပဒေ ပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို တန်းတူ ရည်တူ အပ်နှင်းစေရမည်။

(ဂ) ပြည်ထောင်စုအတွင်းရှိ မည်သည့်လူမျိုးကိုမှ အထူးအခွင့်အရေး မပေးရ၊ မည်သည့်လူမျိုးမှ အခွင့်အရေး ချုပ်ချယ်ကန့်သတ်ခြင်း မရှိစေရ။

## (၃) Self-determination (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိစေရမည်။

(က) တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိကြသောကြောင့် မိမိတို့၏ နိုင်ငံရေးကံကြမ္မာကို မိမိတို့ဘာသာ၊ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြပါသည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိကြ ရမည်ဖြစ်သောကြောင့် နိုင်ငံရေးအာဏာ (၃) ရပ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့်တရားစီရင်ရေးအာဏာများကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေက ခွင့်ပြုသည်နှင့်အမျှ အပြည့်အဝ ကျင့်သုံးခွင့်ရှိစေရမည်။

(ဂ) တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးအဖြစ် ပိုင်ဆိုင်ထားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မည်သည့်အခြေအနေတွင်မှ ရုပ်သိမ်းဟန့်တားခြင်း မရှိစေရ။

(၄) Federal Principles (**ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်မှု**)

ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ထားရှိစေရမည်။

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် အပြည့်အဝရှိ၍ တန်းတူသော နိုင်ငံရေးအာဏာများ အပ်နှင်းခြင်းခံရသော ပြည်နယ်များကို အခြေခံ၍ ဖွဲ့စည်းရမည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတည်းဟူသော နိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို အပြည့်အဝ အပ်နှင်းစေမည့်အပြင်၊ ထိုနိုင်ငံရေးအာဏာ (၃) ရပ်စလုံးကို တရားဥပဒေနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရနှင့် ပြည်နယ်တရားရုံးချုပ်များကို လွတ်လပ်စွာ ထူထောင်ပိုင်ခွင့် ရှိစေရမည်။

(ဂ) ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာ ရေးသားပြဋ္ဌာန်းပိုင်ခွင့်ရှိစေရမည်။

(ဃ) တန်းတူသောပြည်နယ်များ ပူးပေါင်း၍ ပြည်ထောင်စုကို ဖွဲ့စည်းသောအခါ ပြည်ထောင်စုလွှတ်တော်တွင် လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) များကို ထားရှိရမည်ဖြစ်ပြီး လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်) တွင် ပြည်နယ်များက ဦးရေတူညီသော ပြည်နယ်ကိုယ်စားလှယ်များကို စေလွှတ်စေရမည်။

(င) ပြည်နယ်များက စုပေါင်းကျင့်သုံးရန် ပြည်ထောင်စုလွှတ်တော်သို့ အပ်နှင်းထားသည့် နိုင်ငံခြား ဆက်သွယ်ရေး၊ ပြည်ထောင်စုကာကွယ်ရေး၊ ငွေစက္ကူနှင့် ငွေဒင်္ဂါး ထုတ်လုပ်ရေးနှင့် ပြည်ထောင်စုလမ်းပန်းဆက်သွယ်ရေးစသော အာဏာများ

မှအပ ကြွင်းကျန်သောအာဏာ (Residual Power) များကို ပြည်နယ်များတွင် အပ်နှင်းစေရမည်။

(၅) Minority Rights (**လူနည်းစုများ၏အခွင့်အရေးများကို ကာကွယ်ခြင်း**)

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းနေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝ ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(က) ပြည်ထောင်စုပြည်နယ်များအတွင်းရှိ လူနည်းစုများ၏ အခွင့်အရေးများကို အပြည့်အဝ ကာကွယ်ပေးနိုင်ရန်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ (Autonomous Regions) နှင့် အမျိုးသားနယ်မြေများ (National Areas) များကို ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းစေရမည်။

(ခ) ထိုလူနည်းစုများက မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် အမျိုးသား လက္ခဏာများ ထိန်းသိမ်းကာကွယ်ခွင့်သာမက နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး စသည်တို့ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ခွင့်အာဏာများကိုလည်း အပြည့် အဝ အပ်နှင်းထားရမည်။

(၆) Democracy, Human Rights and Gender Equality (**ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု**)

(က) ကျားမဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံမှုများကို လုံးဝ ပိတ်ပင်ဟန့်တားထားရမည်။

(ခ) နိုင်ငံသားတိုင်း၏ မွေးရာပါရပိုင်ခွင့်ဖြစ်သော အခြေခံလူ့အခွင့်အရေးများကို မည်သည့်အခြေအနေအောက်တွင်မှ ရုပ်သိမ်းခွင့် မရှိစေရ။

(၇) Multi-party Democracy System (**ပါတီစုံဒီမိုကရေစီစနစ်**)

လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်၍ လူမျိုးပေါင်းစုံက စုပေါင်းပိုင်ဆိုင်ထားသော ဖက်ဒရယ် ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

(က) ပြည်ထောင်စုတွင် တပါတီအာဏာရှင်စနစ် လုံးဝမပေါ်ပေါက်စေရန် ဥပဒေဖြင့် ဟန့်တားကာကွယ်စေရမည်။

(ခ) နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စု လွှတ်တော်က သီးခြားပြဋ္ဌာန်းပေးရမည်။

(၈) Secular State **(ဘာသာရေးကိုအခြေမခံသော နိုင်ငံ)**

နိုင်ငံရေးနှင့်ဘာသာရေး ရောစပ်ခြင်းမရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသောနိုင်ငံ ဖြစ်စေရမည်။

(က) လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်မူအရ နိုင်ငံသားတိုင်းသည် မိမိနှစ်သက် ရာ ဘာသာအယူဝါဒကို ကိုးကွယ်ခွင့်ရှိစေရမည်။

(ခ) ဘာသာရေးကို အသုံးချ၍ နိုင်ငံရေးရာကိစ္စများကို ဆောင်ရွက်ခွင့် မပြုရ။

(ဂ) ပြည်ထောင်စုလွှတ်တော်သည် မည်သည့်ဘာသာရေးကိုမျှ နိုင်ငံတော် ဘာသာ အဖြစ် ပြဋ္ဌာန်းခြင်းမပြုရ။

(၉) Civilian Supremacy

**(အရပ်ဘက်အုပ်ချုပ်မှုအောက်တွင် လက်နက်ကိုင်တပ်ဖွဲ့များကို ထားရှိခြင်း)**

ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် ပြည်ထောင်စုကို ကာကွယ်ရန်သာ တာဝန် ရှိခြင်းကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ အတိအကျ ပြဋ္ဌာန်းပေးရမည်။

(က) ကာကွယ်ရေးဝန်ကြီးသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်တဦး ဖြစ်စေရမည်။

(ခ) လက်ရှိတာဝန်ထမ်းဆောင်နေသော မည်သည့်စစ်ဘက်အရာရှိတဦးတယောက် ကိုမျှ ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်း မပြုရ။

(၁၀) New State **(ပြည်နယ်သစ်ထူထောင်ခြင်း)**

ဖက်ဒရယ်ပြည်ထောင်စု စတင်ဖွဲ့စည်းချိန်တွင် အမျိုးသားပြည်နယ်တနယ်အဖြစ် ဖွဲ့စည်းရန် အဆင်သင့်မရှိသေးသော တိုင်းရင်းသားလူမျိုးစုများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက သတ်မှတ်ပြဋ္ဌာန်းသော "အမျိုးသားလက္ခဏာ" ရပ်များနှင့် ပြည့်မီလာ ချိန်တွင် ဥပဒေနှင့်အညီ ပြည်နယ်သစ် ဖော်ထုတ်ဖွဲ့စည်းခွင့်ရှိစေရမည်။

(က) အမျိုးသားပြည်နယ် ဖွဲ့စည်းနိုင်ရန် အဆင့်အတန်း သတ်မှတ်ချက်ဖြစ်သော "အမျိုးသားလက္ခဏာ" များကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် တိကျစွာ ပြဋ္ဌာန်းထားရမည်။

(ခ) အမျိုးသားပြည်နယ်သစ် ဖွဲ့စည်းထူထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

**ရှေ့လုပ်ငန်းစဉ်များအတွက်သဘောတူညီချက်**

(၁) Basic Principles ကို ရှေ့ဆက် အကောင်အထည်ဖော်မည့် ကော်မတီတရပ် ဖွဲ့စည်းသင့်ကြောင်း သဘောတူကြသည်။

(၂) ယင်းကော်မတီကို ဖွဲ့စည်းပါက နိုင်ငံရေးတပ်ပေါင်းစုများ၏ Mandate ကို အခြေခံ၍ ဖွဲ့စည်းရန် သဘောတူကြသည်။

(၃) အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲသောအခါ သဘောတူထားသော Basic Principles အတိအကျ ထည့်သွင်းပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေရေးရာအကြံပေးအဖွဲ့တရပ်ကို ဖွဲ့စည်းရန်လည်း သဘောတူကြသည်။

(၄) ဤ Basic Principles ကို ဝိုင်းဝန်းထောက်ခံနိုင်ရန်အတွက် အောက်ပါ အဖွဲ့အစည်းများကို ထိထိရောက်ရောက် စည်းရုံးရန် ...

(က) ပြည်တွင်းနိုင်ငံရေးအင်အားစုများ၊

(ခ) အပစ်အခတ်ရပ်စဲထားကြသော တိုင်းရင်းသားအင်အားစုများ၊

(ဂ) နအဖတပ်မတော်သားများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရှေ့တန်းတပ်များကို စည်းရုံးရန်၊

(ဃ) နိုင်ငံတကာအဖွဲ့အစည်းများ၊

(၅) ဤလုပ်ငန်းစဉ်များကို အချိန်ဇယားရေးဆွဲ၍ လက်တွေ့အကောင်အထည် ဖော်ရန် သဘောတူကြသည်။ (တနှစ်အတွင်း အကောင်အထည်ဖော်ရန်)

ဒါကတော့ ကျနော်တို့အစုအဖွဲ့ (၂) ရဲ့ တင်ပြချက်များဖြစ်ပါတယ်။ အခုလို အစုအဖွဲ့ (၂) ရဲ့ ကိုယ်စား တင်ပြခွင့်ရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။

ကျနော်တို့ စိုးရိမ်တဲ့အချက်က အထက်မှာ ဖော်ပြခဲ့သလို ကျနော်တို့ ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ပြည်သူလူထုမှာ တည်ရှိစေရမည်။ ဒီမိုကရေစီဟာဆိုလို့ရှိရင် ပြောရရင်တော့ ပြည်သူ့အုပ်ချုပ်ရေးဖြစ်တယ်၊ တိတိကျကျ ဖြစ်စေချင်တယ်၊ တိတိကျကျ ဖြစ်စေချင်တာကတော့ အတိတ်သမိုင်းက ခံခဲ့ရတယ်၊ စစ်တပ်ကပဲ ခဏခဏ ကျနော်တို့ရဲ့ နိုင်ငံတော် အချုပ်အခြာအာဏာကို ခဏခဏသိမ်းပိုက်တယ်ဆိုတဲ့ကိစ္စဖြစ်တယ်၊ စစ်တပ်ဟာ တိုင်းပြည်အတွက် လိုအပ်တာပဲဖြစ်တယ်၊ ဒါကြောင့်မို့ ဒီကြီးမားတဲ့ အမျိုးသားတပ်မတော်ဟာ တိုင်းပြည်ရဲ့ လွတ်လပ်ရေးပေါ့လေ၊ တနည်းအားဖြင့် ပြည်သူလူထုရဲ့ လွတ်လပ်ခွင့်ကို ထိပါးရာရောက်စေနိုင်တယ်၊ ဒါကြောင့်မို့ စစ်တပ်က အာဏာသိမ်းတဲ့ပုံစံမျိုး နောင်မဖြစ်ရအောင်အတွက် စစ်တပ်ကို စစ်တပ်က အုပ်ချုပ်တာမဟုတ်ဘဲနဲ့ အရပ်သားအုပ်ချုပ်မှုအောက်မှာ ထားဖို့လိုမယ်။ ဒါကြောင့်မို့လို့ မူသဘောအရ ထားသင့်တယ်၊ ထားဖို့လိုမယ်၊ အများသဘောတူထားသင့်တယ်၊ ဆုံးဖြတ်တဲ့အတွက်ကြောင့်မို့လို့ အရပ်ဘက်အုပ်ချုပ်မှုအောက်မှာ လက်နက်ကိုင်တပ်ဖွဲ့များ အထူးသဖြင့် စစ်တပ်ကို ထားရှိဖို့ဆိုတဲ့ကိစ္စကို အထူးအနေနဲ့ ပြန်လည်ပြီးတော့မှ ထပ်ပြီးတော့ တင်သွင်းရခြင်းဖြစ်ပါတယ်။

ပြည်နယ်သစ်များ ထူထောင်ခြင်းကိစ္စနဲ့ပတ်သက်ပြီးတော့ ကျနော်တို့ အကြမ်းဖျင်းအားဖြင့်၊ ယေဘုယျအားဖြင့် (၈) ပြည်နယ်ပေါ့လေ၊ အဓိကကျတဲ့ အမျိုးသား (၈) မျိုးပေါ့လေ၊ ဒီ အဓိကကျတယ်၊ အမျိုးသား (၈) ပြည်နယ်ကို ကျနော်တို့လည်း ချမှတ်ထားတယ်၊ ဒါပေမဲ့လို့ စောစောကပြောသလို အခု လောလောဆယ်အခြေအနေမှာတော့ သမိုင်းကြောင်းအရ အမျိုးသားပြည်နယ်အဆင့်အဖြစ် မသတ်မှတ်ပေးသော်လည်းဘဲ နောင်တချိန်မှာ အမျိုးသား လက္ခဏာပြည့်စုံပြီးတော့မှ ပြည်နယ်သစ်အဖြစ်နဲ့ ထူထောင်နိုင်တဲ့၊ ထူထောင်လိုတဲ့ အနေအထားမျိုးတွေလည်း ပေါ်ချင်ပေါ်လာနိုင်တယ်၊ အဲသလို ပေါ်လာတဲ့အခါမှာ ကျနော်တို့က လမ်းဖွင့်ထားပေးဖို့လိုတယ်၊ ဒါကြောင့်မို့လို့ ဒီရေးဆွဲမယ့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်နယ်သစ်များ ထူထောင်ဖို့ကိစ္စနဲ့ပတ်သက်ပြီးတော့လည်း ချမှတ်ဖို့အတွက် ကျနော်တို့ ဆွေးနွေးသဘောတူဆုံးဖြတ်ထားပါတယ်။ ဒါကြောင့်မို့လို့ ကျနော့်အနေနဲ့ တင်ပြချင်တာကတော့ ....

(၁) စစ်တပ်ကို အရပ်ဘက်အုပ်ချုပ်မှုအောက်မှာ ထားရှိဖို့ကိစ္စ၊

(၂) ပြည်နယ်သစ်များ ထူထောင်ဖို့ကိစ္စတို့ကို နောင်အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူတွင် ချမှတ်ပေးဖို့ တင်ပြအပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

## အစုအဖွဲ့ (၃) မှ ရှင်းလင်းတင်ပြခြင်း

လေးစားအပ်တဲ့ သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော တပ်ပေါင်းစု ခေါင်းဆောင်ကြီးများ၊ တော်လှန်ရေးနိုင်ငံရေးအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီ အသီးသီးမှ တိုင်းရင်းသား ခေါင်းဆောင်ကြီးများ၊ လူငယ်ကိုယ်စားလှယ်များနှင့် အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) WLB မှ ကိုယ်စားလှယ်တော်ကြီးခင်ဗျား၊ ကျနော်တော့အစုအဖွဲ့ (၃) မှ ကိုယ်စားလှယ် မောင်မောင်ကြီးဖြစ်ပါတယ်။ ကျနော်တို့အစုအဖွဲ့ (၃) အနေနဲ့က မြန်မာပြည်ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ် DAB၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) NLD-LA မှ ကိုယ်စားလှယ်များ ပါဝင်တဲ့ အစုအဖွဲ့ (၃) က ဖြစ်ပါတယ်။ ကျနော်တို့ အစုအဖွဲ့ (၃) ရဲ့ စုစည်းထားတဲ့အမြင်သဘောထားများကို အနာဂတ်ရဲ့ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်တွေမှာ အခြေခံရမဲ့ လမ်းညွှန်အခြေခံမူများကို ဒီအေဘီနဲ့ အဲန်အယ်လ်ဒီ - အယ်လ်အေခေါင်းဆောင်များရဲ့ကိုယ်စား ကျနော့်အနေနဲ့ တင်သွင်းခွင့်၊ တင်ပြခွင့်ရတဲ့အတွက် အရေးကြီးလှတဲ့ အပြောင်းအလဲ ဖြစ်စဉ်တခုမှာ ပါဝင်ခွင့်ရတဲ့အတွက် ကျနော်တို့ရဲ့ အစုအဖွဲ့ အမှတ် (၃) မှ ဂုဏ်ယူဝမ်းမြောက်ကြောင်း အဖွဲ့ရဲ့ကိုယ်စား ပြောကြားလိုပါတယ်။

သဘာပတိကြီးနဲ့ ခေါင်းဆောင် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား၊ အစုအဖွဲ့ (၃) အနေနဲ့ နိဝင်ဘာလ (၂၀၊ ၂၂) ရက်နေ့များမှာ ပဏာမ အတည်ပြု ပြင်ဆင်ပေးထားခဲ့တဲ့ လမ်းညွှန်အခြေခံမူများ (၈) ချက်ကို အကျေအလည် ဆွေးနွေးခဲ့တဲ့အပြင် ကျနော်တို့ အစုအဖွဲ့ (၃) က ထပ်မံဖြည့်စွက်ချက် (၁) ချက်ကိုလည်း ထပ်မံတင်ပြထားပါတယ်။ ကျနော်တို့ အစုအဖွဲ့ (၃) တင်ပြချက်ကတော့ မူလ (၈) ချက်နဲ့ ကျနော်တို့ ဖြည့်စွက်တင်ပြချက် (၁) ချက် အားလုံး (၉) ချက်ရှိပါတယ်။ အဲဒါတွေကတော့ ...

(၁) Sovereign Power (အချုပ်အခြာအာဏာ)

နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်စေရမည်။

(၂) Equality (တန်းတူညီမျှမှု)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ တန်းတူရည်တူရှိစေရမည်။

(၃) Self-determination (ကိုယ်ပိုင်ပြဋ္ဌာန်းချက်)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး (အုပ်ချုပ်ရေး)၊ စီးပွားရေးနှင့် ယဉ်ကျေးမှုစသည့် နယ်ပယ် အသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။

(၄) Federal Principles (ဖက်ဒရယ်အခြေခံမူများ)

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ပြည်ထောင်စု ဖြစ်ရမည်။ ပြည်ထောင်စုတွင် လွှတ်တော်နှစ်ရပ် ရှိရမည်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများကြားတွင် တိကျသော အာဏာခွဲဝေမှုများ ရှိစေရမည်။

(၅) Minority Rights (လူနည်းစုအခွင့်အရေးများ)

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးများအား အခြေခံဥပဒေတွင် အတိအလင်း ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၆) Democracy and Human Rights & Gender Equality

နိုင်ငံသားတိုင်းသည် လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျားမ မခွဲခြားဘဲ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ အခွင့်အရေးများကို အခြေခံဥပဒေတွင် အပြည့်အဝ ခံစားခွင့်ရှိစေရမည်။

(၇) Secular State (ဘာသာရေးကို အခြေမခံ)

ဘာသာရေးကို အခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်။

(၈) Multi-Party Democracy System (ပါတီစုံဒီမိုကရေစီစနစ်)

ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမည်။

ဖြည့်စွက်ချက်။

(၉) Special Protestation Laws (**အထူးလိုအပ်ချက်များ**)

(က) သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စ

(ခ) အမျိုးသမီးနှင့် ကလေးများဆိုင်ရာ မြှင့်တင်ရေးကိစ္စများကို အထူးကိစ္စရပ်များ အဖြစ် ဆောင်ရွက်သွားရန်။

ဒါကတော့ ကျနော်တို့ အစုအဖွဲ့ (၃) က တင်ပြထားတဲ့ အနာဂတ် ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများကို တင်ပြသွားတာ ဖြစ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

××××

## အစုအဖွဲ့ (၄) မှ ရှင်းလင်းတင်ပြခြင်း

လေးစားအပ်တဲ့ နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်ခေါင်းဆောင်များခင်ဗျား၊ ကျွန်တော်က ဘိုလှတင့်ပါ။ ကျနော်က မိုးကုတ်မြို့နယ် မဲဆန္ဒနယ်မြေ အမှတ် (၂) က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်သလို ပြည်ပရောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ အခုလို အရေးကြီးတဲ့နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ကျနော်တို့အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနဲ့ စပ်လျဉ်းပြီးတော့ အနာဂတ်ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ရေးကိစ္စမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့ အမြင်သဘောထားများကို တင်ပြခွင့်ရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ အခမ်းအနား ဖြစ်မြောက်အောင် အဖက်ဖက်က ပိုင်းဝန်းကြိုးပမ်း အားထုတ်ခဲ့ကြတဲ့ အဖွဲ့အစည်းများ၊ ကျနော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အလွယ်တကူ ဆွေးနွေးနိုင်အောင် အဖက်ဖက်က ပြင်ဆင်ရေးသားပြုစုခဲ့ကြတဲ့ ကော်မတီများ၊ အဖွဲ့အစည်းအသီးသီးက ရဲဘော်ရဲဘက်များ ရဲမေများ အားလုံးကို ကျနော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား ကျေးဇူးတင်ကြောင်း ပြော ကြားလိုပါတယ်။ ကျနော်တို့အနေနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို တလေးတစား ဖိတ်ကြားချက်ကို အလေးအနက်ထားသောအားဖြင့် ကျနော်တို့ ဒီဖေဖော်ဝါရီလ (၆) ရက်နေ့ကနေပြီးတော့ (၄) ရက်တိုင်တိုင် ဒီအခြေခံမူများ ရရှိရေးကို ကျေကျေလည်လည် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးတော့မှ ဒီအခြေခံမူ (၈)ချက်ကို သဘောတူညီခဲ့တာဖြစ်ပါတယ်။ ဒီမှာလာရောက်ပြီးတော့ စုဝေးတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၀) ဦးတိတိ ဖြစ်ပါတယ်။ ဒုတိယနေ့ ဖေဖော် ဝါရီလ (၇) ရက်နေ့မှာတော့ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ညွန့်ပေါင်းအစိုးရနဲ့ ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်း၊ အခြားအမတ်များဖြစ်တဲ့ ဒေါက်တာဇလေထန်း၊ ဦးမြဝင်း၊ ဦးမောင်မောင်လတ်တို့ကိုလည်း ကျနော်တို့ဆက်သွယ်ပြီးတော့ သဘောထားတွေရယူပြီးတော့မှ ဒီအချက် (၈) ချက်ကို သဘောတူချမှတ်ထားခဲ့တာ ဖြစ်ပါတယ်။ ဒီအချက် (၈) ချက်အပြင် ရှေ့လုပ်ငန်းစဉ် ပိုင်းဆိုင်ရာအချက်များကိုလည်းပဲ ကျနော်တို့ရရှိခဲ့တာဖြစ်ပါတယ်။ အခုချိန်ကစပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ရဲ့ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ရပ်တည်ချက်သဘောထားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ရဲ့ ကိုယ်စားတင်ပြခွင့်ရလို့ ကျနော့်အနေနဲ့ အင်မတန်ပဲကျေးဇူးတင်ပါတယ်။ လေးလည်း လေးစားဂုဏ်ယူမိပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU) မှ နိုးနှောဖလှယ်ပွဲသို့ တင်ပြသော ရပ်တည်ချက် သဘောထား

## အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏ ရပ်တည်ချက်သဘောထား

ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံသည် ယခင်က ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးအသီးသီး ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသအလိုက် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် နှစ်ပရိစ္ဆေဒရှည်ကြာစွာ အတူတကွယှဉ်တွဲနေထိုင်ခဲ့ကြသည့်နိုင်ငံဖြစ်သည့်အလျောက် တိုင်းရင်းသားလူမျိုးအားလုံး ပိုင်ဆိုင်ကြသောနိုင်ငံလည်း ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ အတိတ်သမိုင်းကြောင်းကို သေချာစွာ ပြန်လည် သုံးသပ်ကြည့်မည်ဆိုလျှင် အာဏာပိုင်တို့၏ ဩဇာအာဏာ ပိုမိုကြီးမားရေးအတွက် စစ်လက်နက်အင်အားနှင့် နိုင်ငံချဲ့ထွင်ထူထောင်ရန် အကြမ်းဖက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် စစ်အောင်နိုင်သူ တိုင်းရင်းသားလူမျိုးတမျိုးက ချမ်းသာကြွယ်ဝနေချိန်တွင် စစ်ရှုံးသူတိုင်းရင်းသားလူမျိုးများအနေနှင့် အမျိုးသားအကျိုးစီးပွား ပျက်ပြားဆုံးရှုံး နစ်နာမှုများကို ခါးသီးစွာ ခါးစည်းခံစားခဲ့ကြရသလို တိုင်းရင်းသားလူမျိုးပေါင်းစုံ ယှဉ်တွဲနေထိုင်ကြသော တိုင်းပြည်တိုင်း၌ မရှိမဖြစ်လိုအပ်သည့် အမျိုးသားချင်း သွေးစည်းညီညွတ်မှုနှင့် ပြည်တွင်းငြိမ်းချမ်းရေး ချည့်နဲ့ပျက်ပြားခဲ့ရပေသည်။

ယင်းသို့ အမျိုးသားသွေးစည်းညီညွတ်မှုကင်းမဲ့နေသောမြန်မာပြည်အား (၁၈၂၄) ခုနှစ်မှစ၍ ဗြိတိသျှကိုလိုနီနယ်ချဲ့တို့က အဆင့်ဆင့်တိုက်ခိုက်သိမ်းပိုက်ပြီး အနှစ်တရာကျော်

ကျွန်ပြုအုပ်စိုးခဲ့ကြသည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ မျိုးချစ်အာဇာနည်များစွာ အသက်သွေးချွေးစတေး၍ ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြသော်လည်း ဗြိတိသျှတို့က သွေးခွဲအုပ်ချုပ်ရေးမူဝါဒကို ထိရောက်စွာ အသုံးချနိုင်ခဲ့မှုကြောင့် အမျိုးသားသွေးစည်းညီညွတ်မှုရရှိအောင် မတည်ဆောက်နိုင်ခဲ့ဘဲ၊ လွတ်မြောက်ရေး ကြိုးပမ်းမှုသက်တမ်းသာ ရှည်ကြာလာခဲ့ရသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံရေးအမြော်အမြင် ကြီးမားကြသော မြန်မာအမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်ကြီးများသည် မြန်မာတနိုင်ငံလုံး သူ့ကျွန်ဘဝမှ အမြန်ဆုံးလွတ်မြောက်ရေးအတွက် ရှမ်းပြည်နယ်၊ ပင်လုံမြို့၌ မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ တွေ့ဆုံဆွေး နွေးခဲ့ကြပြီး သမိုင်းဝင်ပင်လုံစာချုပ် သဘောတူချုပ်ဆိုနိုင်ခဲ့ကြရုံသာမက မြန်မာပြည်ဖွားတိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာ တောင်းဆိုတိုက်ပွဲဝင်ခဲ့မှုကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံတနိုင်ငံအဖြစ် ပေါ်ထွန်းလာခဲ့ပေသည်။

သို့သော် လွတ်လပ်ရေးမရရှိမီ ၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့တွင် အမျိုးသားသွေးစည်းညီညွတ်ရေးနှင့် မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီးများ မသမာသူတို့၏ အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုကို ခံခဲ့ရခြင်း၊ ၎င်းနောက်ပိုင်း နိုင်ငံတော်အာဏာကို ဆက်ခံကျင့်သုံးခဲ့ကြသော အစိုးရအဆက်ဆက်က ပင်လုံစာချုပ်၏အနှစ်သာရများကို ဖေါ်ဆောင်ရန် အားနည်းပျက်ကွက်ခဲ့ကြခြင်း စသောအကြောင်းများကြောင့် အမျိုးသားခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သော စစ်မှန်သည့် ပြည်ထောင်စုနိုင်ငံ ထူထောင်နိုင်ခဲ့ခြင်းမရှိဘဲ အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲခဲ့ရရုံသာမက လက်နက်ကိုင်တော်လှန်မှုများ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့ရပြီး ပြည်တွင်းစစ်ဒဏ်ကို ပြည်သူတို့ ယနေ့တိုင်ခံနေကြရပေသည်။

၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော စစ်တပ်က မြန်မာပြည်သူတို့ ရွေးချယ်တင်မြှောက်ထားသော ဒီမိုကရေစီအစိုးရထံမှ နိုင်ငံတော်အာဏာကို လက်နက်အားကိုးဖြင့် သိမ်းပိုက်ရယူ၍ စစ်အာဏာရှင်စနစ်၊ တပါတီအာဏာရှင်စနစ်တို့ကို ရေလဲသုံးကာ စနစ်တကျ ဖိနှိပ်အုပ်ချုပ်လာခဲ့သည့်နောက်ပိုင်း၌ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအခွင့်အရေးများ၊ အခြေခံလူ့အခွင့်အရေးများ၊ တရားဥပဒေစိုးမိုးမှုနှင့် လွတ်လပ်သော တရား

စီရင်ရေးစနစ်များ လုံးဝဆိတ်သုဉ်းကင်းမဲ့ခဲ့ပြီး အကျိုးဆက်တရားများအဖြစ် နိုင်ငံရေး စီးပွားရေး မတည်ငြိမ်မှုများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ အသီးသီး၌ ကျပ်တည်းဆင်းရဲနိမ့်ကျမှုများကို တိုင်းရင်းသားလူမျိုးစုံ မြန်မာပြည်သူတို့ ကျိတ်မှိတ်ခါးစည်း ခံနေခဲ့ကြရသည်၊ တိုင်းပြည်မှာလည်း ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများစာရင်းဝင်နိုင်ငံအဆင့်သို့ ဆိုးဝါးစွာ ကျဆင်းရောက်ရှိခဲ့ရသည်။

ဤကဲ့သို့သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အထွေထွေ အကျပ်အတည်းများမှ လွတ်မြောက်ပြီး၊ ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာ၊ ဂုဏ်သိက္ခာရှိစွာ ပြန်လည်ရပ်တည်နိုင်သောအနေအထားသို့ မြန်မာနိုင်ငံ ပြန်လည်ရောက်ရှိရန်မှာ သမိုင်းဝင် ပင်လုံညီလာကြီး၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ သဘောတူညီစွာ ချမှတ်လမ်းညွှန်ခဲ့ကြသည့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး၏ တန်းတူရည်တူ အခွင့်အရေးများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို အပြည့်အဝအာမခံမည့် ဖက်ဒရယ်ပြည်ထောင်စုတခုအား တိုင်းရင်းသားလူမျိုးများ အားလုံး၏ တူညီသော ဖွဲ့၊ လုံ့လ၊ ဝီရိယ၊ ကျစ်လျစ်ခိုင်မာသော အမျိုးသားသွေးစည်းညီညွတ်မှုတို့ဖြင့် တခဲနက်ပိုင်းဝန်းတည်ထောင်သွားနိုင်ကြမှသာလျှင် ရောက်ရှိနိုင်မည်ဖြစ်သည်ဟု ကျွန်ုပ်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့က အလေးအနက် ယုံကြည်ပေသည်။

ဤသို့ယုံကြည်ချက်နှင့်အညီ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲ ပူးတွဲကျင်းပရေးကော်မတီ၏ တလေးတစားဖိတ်ကြားချက်နှင့် အနာဂတ်ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများချမှတ်သွားနိုင်ရေးအတွက် အဖက်ဖက်မှ တစိုက်မတ်မတ် ဝိုင်းဝန်းပြင်ဆင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ ရဲဘော်ရဲဘက်များ၏ အားထုတ်ကြိုးပမ်းမှုများအားလုံးကို လေးစားဂုဏ်ယူစွာဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏ နီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက် (၇) ရက်နေ့များ၌ ကျင်းပပြုလုပ်ခဲ့ကြပြီး ပူးတွဲပါ အချက် (၈) ချက်သည် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းမှုဆိုင်ရာအခြေခံမူများအဖြစ် ကိုင်စွဲသွားရန် သင့်တော်သော လမ်းညွှန်မှုများဖြစ်သည်ဟု သဘောတူညီ ချမှတ်ခဲ့ကြပါသည်။

## အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့

၁။ Sovereign Power (အချုပ်အခြာအာဏာ)

နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်စေရမည်။

၂။ Equality (တန်းတူညီမျှမှု)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ ရှိစေရမည်။

၃။ Self-determinaiton (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်)

တိုင်းရင်းသားလူမျိုးတိုင်းသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီးပွားရေးနှင့် စာပေယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိစေရမည်။

၄။ Federal Principles (ဖက်ဒရယ် အခြေခံမူများ)

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသောပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စုတွင် လွှတ်တော်နှစ်ရပ်ထားရှိရမည်။

၅။ Minority Rights (လူနည်းစုအခွင့်အရေးများ)

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းနေထိုင်ကြသော လူနည်းစု တိုင်းရင်းသားများ၏ အခွင့်အရေးများအား အခြေခံဥပဒေတွင် အတိအလင်းကာကွယ်ပြဋ္ဌာန်းပေးရမည်။

၆။ Democracy and Fundamental Rights (ဒီမိုကရေစီနှင့် အခြေခံအခွင့်အရေးများ)

နိုင်ငံသားတိုင်း ကျားမ မရွေး အခြေခံ လူ့အခွင့်အရေးများနှင့် ဒီမိုကရေစီ အခွင့်အရေးများကို အခြေခံဥပဒေအရ အပြည့်အဝ ခံစားခွင့်ရှိစေရမည်။

၇။ Secular State (ဘာသာရေးကိုအခြေမခံ)

ဘာသာရေးကို အခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်။

၈။ Multi Party Democracy System (ပါတီစုံဒီမိုကရေစီစနစ်)

ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၏

## ရှေ့လုပ်ငန်းစဉ်များဆိုင်ရာ ရပ်တည်ချက်များနှင့် အကြံပြုချက်များ။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့အနေနှင့် ဤနီးနှောဖလှယ်ပွဲကြီး ကျင်းပပြီးစီးသည်နောက်ပိုင်းတွင် ဆက်လက်ဆောင်ရွက်သွားသင့်သော ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ...

(က) ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့်

(ခ) နိုင်ငံရေးနှင့် စည်းရုံးလှုပ်ရှားမှုဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များဟူ၍ နှစ်ပိုင်းသတ်မှတ်ပိုင်းခြား၍ စနစ်တကျ ပြင်ဆင်သွားသင့်သည်ဟု ခံယူပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍...

၁။ အများသဘောတူညီချက်ဖြင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံဆိုင်ရာအခြေခံမှုများ ရရှိလာသောအခါ ယင်းသဘောတူညီချက်များအား အခြေခံ၍ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ (မူကြမ်း) တရပ် ပေါ်ထွန်းလာသည်အထိ ဆက်လက်ကြိုးပမ်းသွားရမည်ဟု ခံယူသည်။

၂။ ယင်းကိစ္စများအား တာဝန်ခံဆောင်ရွက်သွားနိုင်မည့် အခြေခံဥပဒေမူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီ (Constitutional Drafting Coordination Committee) တရပ်ကို ဖွဲ့စည်းဆောင်ရွက်သွားသင့်ကြောင်း အကြံပြုသည်။

၃။ ဤကော်မတီဖွဲ့စည်းရေးကိစ္စနှင့်ပတ်သက်၍ အခြေခံဥပဒေပိုင်းဆိုင်ရာကိစ္စရပ်များအား ဖက်ဒရယ်အဆင့်နှင့် ပြည်နယ်များအဆင့်တို့တွင် အသီးသီး ဆောင်ရွက်လျက်ရှိနေကြသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ ဖက်ဒရယ်မူကြမ်း ရေးဆွဲရေးကော်မတီ (Federal Costitution Drafting Committee) နှင့် ပြည်နယ် အခြေခံဥပဒေအထောက်အကူပြုကော်မတီ (State Constitutions Supporting Committee) တို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား ဆက်လက်တာဝန်ပေးအပ်ပါက သင့်တော်သည်ဟု ယူဆသည်။ လိုအပ်ချက်အရ ထပ်မံ၍ အခြေခံဥပဒေရေးရာကျွမ်းကျင်သူများ (Costitution Experts) နှင့် အခြားအတွေ့အကြုံရှိသူများကို ဤနီးနှောဖလှယ်ပွဲမှ ဖြည့်စွက်လိုပါကလည်း ကန့်ကွက်ရန် မရှိကြောင်း သဘောတူညီသည်။

၄။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ တခုလုံးအနေနှင့် အခြေခံမူများ ညှိနှိုင်းချမှတ်နိုင်ရေးတွင် တက်ကြွစွာ ပါဝင်ခဲ့သလို အနာဂတ်တွင်လည်း အလားတူကိစ္စရပ်များ၌သာလျှင် ဆက်လက်ပါဝင်သွားမည်ဖြစ်သည်။ အခြေခံဥပဒေမူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီ ဖွဲ့စည်းရာတွင်မူ ယခင်က အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးဆိုင်ရာ ကော်မတီအသီးသီး၌ ပါဝင်တာဝန်ယူဆောင်ရွက်နေကြပြီးဖြစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ဆက်လက်ပါဝင်ပတ်သက်မှုနှင့် လုံလောက်သည်ဟု ယူဆသည်။

၅။ ဤကော်မတီ၏ ဆောင်ရွက်ကြိုးပမ်းမှုများသည် ယခင်ကပြည်တွင်းအင်အားစုများ၊ လွတ်မြောက်နယ်မြေရှိ အင်အားစုများက အဆင့်ဆင့် ရေးဆွဲပြင်ဆင်ထားကြသော အခြေခံဥပဒေမူကြမ်းများ၊ ကြိုးပမ်းပြုစုထားချက်များအားလုံးနှင့် တဆက်တစပ်တည်း ဆောင်ရွက်သွားမည့် လုပ်ငန်းများသာဖြစ်ပြီး ယင်းတို့ကို လျစ်လျူရှု ပစ်ပယ်၍ ဆောင်ရွက်သွားမည့် သီးခြားလုပ်ငန်းစဉ်သစ်တရပ် မဟုတ်ကြောင်း ပြည်တွင်းရှိ အင်အားစုများနှင့် နိုင်ငံတကာအင်အားစုများ၊ မဟာမိတ်များအားလုံး ရှင်းလင်းစွာ နားလည်သိရှိအောင် ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုသည်။

၆။ ဤကော်မတီ၏ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပေါ်ထွန်းလာမည့် ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံမူကြမ်းသည် အများက မျှော်မှန်းကြိုးပမ်းနေကြသော ဒုတိယပင်လုံညီလာခံကဲ့သို့သော အနာဂတ်အမျိုးသားညီလာခံကြီး ပေါ်ထွန်းလာသောအခါ၌ အခြား

အင်အားစုများနည်းတူ တင်သွင်းသွားမည့် မူကြမ်းတရပ်အဖြစ် အားလုံးက ရှင်းလင်းစွာ ခံယူထားသင့်ကြောင်း အကြံပြုသည်။

၇။ FCDC, NCUB, SCSC, UNLD-LA & NDF and WLB တို့က နီးနှောဖလှယ်ပွဲ တက်ရောက်လာကြသော ကိုယ်စားလှယ်များအား ဖြန့်ဝေထားသော "အနာဂတ်ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် လမ်းညွှန်အခြေခံမူများ" စာတမ်းပါအချက်အလက်များသည် အထက်ပါအဖွဲ့အစည်းများက ပြုစုတင်ပြခဲ့သော အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူများ မည်သို့မည်ပုံရရှိလာ ကြောင်း နောက်ခံသမိုင်းကြောင်းနှင့်ကိုးကားချက်များ၊ ရှင်းလင်းချက်များသာဖြစ်သည်... ဟု နားလည်ခံယူထားသည်နှင့်အညီ ယခုတပ်ထားခေါင်းစဉ်သည် ယင်းသို့ ကြိုတင်ရှင်းပြ ချက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့မြင်ရသည်။ ဤခေါင်းစဉ်အတိုင်း ဆက်လက်ထား ရှိပါက မလိုလားအပ်သော အမြင်ရှုပ်ထွေးမှုများ၊ အထင်အမြင် လွဲမှားမှုများ၊ ပေါ်ပေါက် လာနိုင်သည်ဟု ယုံကြည်၍ ဤစာတမ်း၏ခေါင်းစဉ်ကို ပြင်ဆင်ပေးရန်နှင့် မူလရည်ရွယ် ထားသည့်အတိုင်း "အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံဆိုင်ရာအခြေခံမူများနှင့် ပတ်သက်သော ကိုးကားချက်များ" ဟူသောခေါင်းစဉ် (သို့) အလားတူခေါင်းစဉ်ဖြင့်သာ ထုတ်ပြန်ရန် အကြံပြုပါသည်။

၈။ နိုင်ငံရေးနှင့် စည်းရုံးလှုပ်ရှားမှုဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကြိုတင်အကြံပြုချက်များမလုပ်ဘဲ နီးနှောဖလှယ်ပွဲတွင် ဆွေးနွေးတင်ပြလာချက်များအပေါ် တွင် မူတည်၍သာ ညှိနှိုင်းဆွေးနွေးသွားရန် သဘောတူညီသည်။ အားလုံးကို ကျေးဇူး တင်ပါသည်။

xxxx

## အခန်း (၇)

## နီးနောဖလှယ်ပွဲ သဘောတူ ဆုံးဖြတ်ချက်များ

နီးနောဖလှယ်ပွဲကြီးသည် အစုအဖွဲ့အသီးသီးတို့မှ အကြံပြုတင်ပြလာသော အခြေခံမူများနှင့် ရေ့လုပ်ငန်းစဉ်များအပေါ်တွင် ဆွေးနွေးသုံးသပ်လျက် အောက်ပါအနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများနှင့် ၎င်းအပေါ် အခြေခံသည့် ရေ့လုပ်ငန်းစဉ်များကို တညီတညွတ်တည်း အတည်ပြုချမှတ်နိုင်ခဲ့ကြပါသည်။

အခြေခံမူများဆိုင်ရာ ဆုံးဖြတ်ချက်များမှာ ...

(၁) အချုပ်အခြာအာဏာ (Sovereign Power)

နိုင်ငံ၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်စေရမည်။

(၂) တန်းတူရေး (Equality)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူအခွင့်အရေး ရှိစေရမည်။

(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိစေရမည်။

(၄) ဖက်ဒရယ်ပြည်ထောင်စုမူများ (Federal Principles)

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ထားရှိရမည်။

(၅) လူနည်းစုများ၏ အခွင့်အရေးများ (Minority Rights)

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၆) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု

(Democracy, Human Rights and Gender Equality)

ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုများကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အခြေခံလူ့အခွင့်အရေးများ ဒီမိုကရေစီ အခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၇) ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular State)

ဘာသာရေးကို အခြေမခံသော နိုင်ငံတော် ဖြစ်စေရမည်။

(၈) ပါတီစုံဒီမိုကရေစီစနစ် (Multi-party Democracy system)

ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

အထက်ပါ အခြေခံမှုများအပြင် ...

(၁) Civilian Supremacy အရပ်ဘက် အုပ်ချုပ်မှုအောက်တွင် ပြည်ထောင်စုတပ်မတော်ထားရှိရေး၊

(၂) ပြည်နယ်သစ်များဖွဲ့စည်းရေး၊

(၃) (က) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊

(ခ) အမျိုးသမီးများနှင့် ကလေးများဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုနှင့် တိုးတက်မြင့်မားရေးအတွက် အထူးလုပ်ဆောင်ချက်များ အကောင်အထည်ဖေါ်ဆောင်ရွက်ရေး စသည့်မှုများကို ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် အလေးအနက် ထည့်သွင်းပြဋ္ဌာန်းသွားရန် သဘောတူလက်ခံကြပါသည်။

ရှေ့လုပ်ငန်းစဉ်များဆိုင်ရာ ဆုံးဖြတ်ချက်များမှာ ...

(၁) သဘောတူညီမှုရရှိပြီးသော အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများအပေါ် တွင် အခြေခံပြီး ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်အား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။

(၂) ဤလုပ်ငန်းစဉ်အား ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် NCUB, NDF, UNLD (LA), KNPP, SDU, WLB နှင့် လူငယ်အဖွဲ့အစည်းများကို တာဝန်ပေးအပ်ထားပါသည်။

(၃) ထိုသို့ဆောင်ရွက်ရာတွင် ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီ (Constitutional Drafting Coordination Committee) တရပ်အား ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် ဥပဒေရေးရာ အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားရန် လမ်းညွှန်သည်။

(၄) ယင်းအခြေခံမူများကို အောက်ဖော်ပြပါ နယ်ပယ်အသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုများ ရရှိနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ကြောင်း ဤနီးနောဖလုယ်ပွဲကြီးမှ ဆုံးဖြတ်သည်။

(၁) ပြည်သူလူထုတရပ်လုံး၊

(၂) ပြည်တွင်းနိုင်ငံရေးပါတီများ၊

(၃) အပစ်အခတ် ရပ်စဲထားသော လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၊

(၄) နအဖတပ်မတော်၊

(၅) နိုင်ငံတကာ အစိုးရများနှင့် အဖွဲ့အစည်းများ၊

×××

## အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲ သဘောတူဆုံးဖြတ်ချက်များ

အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲတရပ်ကို သက္ကရာဇ် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့မှ (၁၂) ရက်နေ့အထိ နယ်စပ်တနေရာတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ထိုအခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲကြီးသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းအသီးသီးတို့မှ ခေါင်းဆောင်များနှင့်တကွ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၀၆) ဦး တက်ရောက်ခဲ့ကြပါသည်။

၎င်းနီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အသီးသီးတို့မှ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများအဖြစ် အောက်ဖော်ပြပါအတိုင်း တညီတညွတ်တည်း အတည်ပြုခဲ့ပါသည်။

ယင်းအခြေခံမူများမှာ ...

(၁) အချုပ်အခြာအာဏာ (Sovereign Power)

နိုင်ငံ၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်စေရမည်။

(၂) တန်းတူရေး (Equality)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေး ရှိစေရမည်။

(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှု စသည့် ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိစေရမည်။

(၄) ဖက်ဒရယ်ပြည်ထောင်စုမူများ (Federal Principles)

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ဖက်ဒရယ် ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ထားရှိရမည်။

(၅) လူနည်းစုများ၏ အခွင့်အရေးများ (Minority Rights)

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစု များ၏အခွင့်အရေးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ကာကွယ် ပြဋ္ဌာန်းပေးရမည်။

(၆) ဒီမိုကရေစီအခွင့်အရေး အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု

(Democracy, Human Rights and Gender Equality)

ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုများကိုအခြေခံသော ခွဲခြား ဆက်ဆံ ခြင်းမရှိစေဘဲ အခြေခံလူ့အခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ် ပြဋ္ဌာန်းပေးရမည်။

(၇) ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular State)

ဘာသာရေးကို အခြေမခံသော နိုင်ငံတော်ဖြစ်စေရမည်။

(၈) ပါတီစုံဒီမိုကရေစီစနစ် (Multi-party democracy System)

ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

အထက်ပါ အခြေခံမူများအပြင် ...

(၁) Civilian Supremacy အရပ်ဘက် အုပ်ချုပ်မှုအောက်တွင် ပြည်ထောင်စု တပ်မတော်ထားရှိရေး၊

(၂) ပြည်နယ်သစ်များဖွဲ့စည်းရေး၊

(၃) (က) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊

(ခ) အမျိုးသမီးများနှင့်ကလေးများဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုနှင့် တိုးတက်မြင့်မားရေးအတွက် အထူးလုပ်ဆောင်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး စသည့်မူများကို ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရာတွင် အလေးအနက်ထည့်သွင်းပြဋ္ဌာန်းသွားရန် သဘောတူလက်ခံကြပါသည်။

ရှေ့လုပ်ငန်းစဉ်များဆိုင်ရာ ဆုံးဖြတ်ချက်များမှာ ...

(၁) သဘောတူညီမှုရရှိပြီးသော အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများအပေါ် တွင် အခြေခံပြီး ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်အားဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။

(၂) ဤလုပ်ငန်းစဉ်အား ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် NCUB, NDF, UNLD (LA), KNPP, SDU, WLB နှင့် လူငယ်အဖွဲ့အစည်းများကို တာဝန်ပေးအပ်ထားပါသည်။

(၃) ထိုသို့ဆောင်ရွက်ရာတွင် ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီ (Constitutional Drafting Coordination Committee) တရပ်အား ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် ဥပဒေရေးရာ အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားရန် လမ်းညွှန်သည်။

(၄) ယင်းအခြေခံမူများကို အောက်ဖော်ပြပါ နယ်ပယ်အသီးသီးတွင် ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုများရရှိနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း ဤနှီးနှောဖလှယ်ပွဲကြီးမှ ဆုံးဖြတ်သည်။

(၁) ပြည်သူလူထုတရပ်လုံး၊

(၂) ပြည်တွင်းနိုင်ငံရေးပါတီများ၊

(၃) အပစ်အခတ်ရပ်စဲထားသောလက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၊

(၄) နအဖ တပ်မတော်၊

(၅) နိုင်ငံတကာ အစိုးရများနှင့် အဖွဲ့အစည်းများ၊

နေ့စွဲ။ ၂၀၀၅ ခုနှစ် ဖေဖေါ်ဝါရီလ (၁၂) ရက်။

xxx

## အခန်း (၈)

## အခြေခံမူ (၈) ချက်အား သဘောတူလက်မှတ် ရေးထိုးခြင်း အခမ်းအနား

## ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်

သဘာပတိအဖွဲ့ဝင်များ ။ ။ ဗိုလ်ချုပ်ကြီး တာမလာဘော၊
ဗိုလ်ချုပ်အောင်သန်းလေး၊
ဒေါ်စန်းစန်း

အကြိုးဆောင်အဖွဲ့ဝင်များ။ ။ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊
ဦးမျိုးဝင်း၊
ဗိုလ်မှူးကြီးခွန်ဥက္ကာ၊
ဦးသိန်းဦး

### သဘာပတိ ဒေါ်စန်းစန်းမှ အဖွင့်အမှာစကားပြောကြားခြင်း

နီးနောဇလုယ်ပွဲသို့ ကြွရောက်လာကြတဲ့ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များရှင့် ...

ဒီနေ့ဟာဆိုရင် ကျမတို့အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအတွက် အခြေခံရမည့်မူများကို ဆွေးနွေးသဘောတူ လက်ခံရရှိထားပြီးသည့်အပေါ် တွင် လက်မှတ်ရေးထိုးမယ့် သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးလည်းဖြစ်ပါတယ်။ ဒီလို နေ့ထူးနေ့မြတ်ကြီးမှာ ကျမတို့အနေနဲ့ နောင်အနာဂတ်မှာ ကျမတို့ရဲ့နိုင်ငံတော်ကြီးဟာ ခေတ်မီဖွံ့ဖြိုးပြီး သာယာဝပြောတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်သွားဖို့အတွက် ဖြစ်တယ်။

ယခုလို ကိုယ်စားလှယ်ခေါင်းဆောင်ကြီးများအနေနဲ့ တက်တက်ကြွကြွနဲ့ စုစုစည်းစည်းနဲ့ တညီတညွတ်တည်းနဲ့ တွေ့နေရတာ အင်မတန်မှ အားရကျေနပ်ပါတယ်။

ဒါကြောင့်မို့လို့လည်း ဒီလို နေ့ထူးနေ့မြတ်ကြီးမှာ ကျမတို့ရဲ့ နိုင်ငံကို နောင်အနာဂတ်အတွက် သာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံတော်သစ်ကြီးအဖြစ် တိုင်းရင်းသားညီအကိုမောင်နှမများအားလုံး စုစုစည်းစည်းနဲ့ ဝိုင်းဝန်းပြီး တည်ဆောက်သွားကြဖို့ တိုက်တွန်းပြောကြားရင်း ကျမအနေနဲ့ နိဂုံးချုပ်အပ်ပါတယ်ရှင်။

## အခြေခံမူ (၈) ချက်ကို သဘောတူလက်မှတ်ရေးထိုးခြင်းမှတ်တမ်း

အောက်ဖေါ်ပြပါ အခြေခံမူ (၈) ချက်ကို သဘောတူညီပြီး ၎င်းအခြေခံမူများကို အခိုင်အမာ ကိုင်စွဲလျက် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေတရပ်ကို စုပေါင်းညီညွတ်စွာဖြင့် ညှိနှိုင်းရေးဆွဲကြ၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ပြည်နယ်ပေါင်းစုပြည်ထောင်စုကြီး တည်ဆောက်နိုင်သည်အထိ မဖိုတ်မသုန် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု သက္ကရာဇ် ၂၀၀၅ ခု ဖေဖေါ်ဝါရီလ ၁၂ ရက်တွင် သဘောတူလက်မှတ်ရေးထိုးအပ်ပါသည်။

(၁) အချုပ်အခြာအာဏာ (Sovereign Power)

နိုင်ငံ၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်စေရမည်။

(၂) တန်းတူရေး (Equality)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူအခွင့်အရေး ရှိစေရမည်။

(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိစေရမည်။

(၄) ဖက်ဒရယ်ပြည်ထောင်စုမူများ (Federal Principles)

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ် ထားရှိရမည်။

(၅) လူနည်းစုများ၏ အခွင့်အရေးများ (Minority Rights)

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၆) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု

(Democracy, Human Rights and Gender Equality)

ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုများကိုအခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေဘဲ အခြေခံလူ့အခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ် ပြဋ္ဌာန်းပေးရမည်။

(၇) ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular State)

ဘာသာရေးကို အခြေမခံသော နိုင်ငံတော် ဖြစ်စေရမည်။

(၈) ပါတီစုံဒီမိုကရေစီစနစ် (Multi-party democracy System)

ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

×××

## အခန်း (၉)

## အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲ သဘောတူထုတ်ပြန်ချက်

စစ်အာဏာရှင် အဆက်ဆက်၏ အုပ်စိုးမှုအောက်၌ ဒီမိုကရေစီ ဆိတ်သုဉ်းခြင်းနှင့် တိုင်းရင်းသား တန်းတူညီမျှမှု အခွင့်အရေးများ ဆုံးရှုံးခြင်းတို့ကြောင့် ပြည်သူလူထုကြီး တရပ်လုံးက ဆယ်စုနှစ်ပေါင်းများစွာ ဒုက္ခခံစားနေခဲ့ကြရသည်။ မြန်မာနိုင်ငံ၏ ပြဿနာသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်သော နိုင်ငံရေးပြဿနာဖြစ်ပြီး၊ အနာဂတ် ပြည်ထောင်စုကို ဖွဲ့စည်းထူထောင်ရာတွင် တိုင်းရင်းသားအားလုံး၏ ဆန္ဒသဘောထားများ ပါဝင်ပြီး ဘဝအာမခံချက်ရှိသော ပြည်ထောင်စုမူများ ချမှတ်ရန် အထူးလိုအပ်ပေသည်။

ထို့အတွက် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများ ချမှတ်နိုင်ရေး နီးနှောဖလှယ်ပွဲတရပ်ကို သက္ကရာဇ် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့မှ (၁၂) ရက်နေ့အထိ နယ်စပ်တနေရာတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ထိုအခြေခံမူများ ချမှတ်နိုင်ရေး နီးနှောဖလှယ်ပွဲကြီးသို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းအသီးသီးတို့မှ ခေါင်းဆောင်များနှင့်တကွ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့် လူထုအခြေပြုအဖွဲ့အစည်းများတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၁၀၆) ဦး တက်ရောက်ခဲ့ကြပါသည်။

ဤနီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အသီးသီးတို့မှ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူများအဖြစ် အောက်ဖော်ပြပါ အတိုင်း တညီတညွတ်တည်း အတည်ပြုနိုင်ခဲ့ပါသည်။

ယင်းအခြေခံမူများမှာ ...

(၁) အချုပ်အခြာအာဏာ (Sovereign Power)

နိုင်ငံ၏ အချုပ်အခြာအာဏာဟူသမျှတို့သည် ပြည်သူလူထုထံမှသာ ဆင်းသက်စေရမည်။

(၂) တန်းတူရေး (Equality)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေး ရှိစေရမည်။

(၃) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination)

တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝ ရှိစေရမည်။

(၄) ဖက်ဒရယ်ပြည်ထောင်စုမူများ (Federal Principles)

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စုဖြစ်ရမည်။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်နှစ်ရပ်ထားရှိရမည်။

(၅) လူနည်းစုများ၏ အခွင့်အရေးများ (Minority Rights)

ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း နေထိုင်ကြသော တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများအား ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အတိအလင်း ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၆) ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေးနှင့် ကျားမဆိုင်ရာ တန်းတူညီမျှမှု (Democracy, Human Rights and Gender Equality)

ဘာသာအယူဝါဒ၊ အသားအရောင်၊ လိင်ကွဲပြားမှုများကို အခြေခံသော ခွဲခြား ဆက်ဆံခြင်းမရှိစေဘဲ အခြေခံလူ့အခွင့်အရေးများ၊ ဒီမိုကရေစီအခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(၇) ဘာသာရေးကို အခြေမခံသောနိုင်ငံ (Secular State)

ဘာသာရေးကို အခြေမခံသော နိုင်ငံတော် ဖြစ်စေရမည်။

(၉) ပါတီစုံဒီမိုကရေစီစနစ် (Multi-party democracy System)

ဖက်ဒရယ်ပြည်ထောင်စုတွင် ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးစေရမည်။

ထို့အပြင် ဤနီးနှောဖလှယ်ပွဲကြီးသို့ တက်ရောက်လာသော ကိုယ်စားလှယ်များမှ လက်ရှိ နအဖစစ်အုပ်စုက ခေါ်ယူကျင်းပလျက်ရှိသော အမျိုးသားညီလာခံသည် မိမိတို့ မျှော်မှန်းထားသည့် တိုင်းရင်းသားလူမျိုးတိုင်း၏ နိုင်ငံရေးအရ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ဆောင်နိုင်မည့် ညီလာခံမဟုတ်သည့်အပြင် နအဖ၏ လမ်းပြမြေပုံသည် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အထွေထွေ အကျပ်အတည်းကို အဖြေရှာနိုင်မည့်နည်းလမ်းများ မဟုတ်ကြောင်းကိုလည်း ရှုမြင်သုံးသပ်မိပါသည်။ ထို့ကြောင့် အနာဂတ်ပြည်ထောင်စုကို ဖွဲ့စည်းတူထောင်ရာတွင် တိုင်းရင်းသားအားလုံး ဆန္ဒသဘောထားများပါဝင်ပြီး ပြည်သူလူထုကြီးတရပ်လုံးအတွက် ဘဝအာမခံချက်ရှိစေမည့် ပြည်ထောင်စုမူများ ချမှတ်နိုင်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် တွေ့ဆုံဆွေးနွေးရေးကို အဆောတလျင် ဆောင်ရွက်သွားရန် ဤနီးနှောဖလှယ်ပွဲကြီးမှ သဘောထားထုတ်ပြန်လိုက်ပါသည်။

နေ့စွဲ။ ။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်။

xxx

## အခန်း (၁၀)

## အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမှုဆိုင်ရာ အခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲ

(၄) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အား ဒုတိယမူကြမ်းအဖြစ် ပြင်ဆင်ဖြည့်စွက်ချက်များကို ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းမှ ရှင်းလင်းတင်ပြခြင်း။

(၅) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အား ဒုတိယမူကြမ်း အဖြစ် ပြင်ဆင်ဖြည့်စွက်ချက်များကို ဦးသိန်းဦးမှ ဆက်လက်၍ရှင်းလင်းတင်ပြခြင်း။

(၆) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီမှ လုပ်ငန်းအစီရင်ခံစာတင်သွင်းခြင်း - (ဦးမျိုးဝင်း)

(၇) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေဒုတိယမူကြမ်းတွင် FCDCC မှ ပြင်ဆင်ဖြည့်စွက်ထားသော ပြဋ္ဌာန်းချက်များအား အခန်းအလိုက် ရှင်းလင်းတင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုချက်ရယူခြင်း -

(ဦးသိန်းဦး၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ မသင်းသင်းအောင်)

(၈) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်း၍ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အသီးသီးတို့၏ အခန်းလိုက်အကြံပြု ချက်သဘောထားများရယူခြင်း။

(၉) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုချက်ရယူခြင်း။

(၁၀)အတည်ပြုထားသော ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အခြေခံပြီး ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များဆွေးနွေးခြင်း။

(၁၁)အစည်းအဝေးသဘာပတိ FCDCC ဥက္ကဋ္ဌ ခွန်းမတ်ရ်ကိုဘန်မှ နိဂုံးချုပ်အမှာစကား ပြောကြားခြင်း။

(၁၁)ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) နှီးနှောဖလှယ်ပွဲ အောင်မြင်စွာ ပြီးဆုံးကြောင်း ကြေညာခြင်း။

## (၄.၈) ၂၀၀၈-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀-၁၂) နေ့အထိ ကျင်းပပြုလုပ်သော ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယ (မူကြမ်း) နီးနှောဖလှယ်ပွဲကြီး အဖွင့်မိန့်ခွန်း ခွန်းမတ်ရ်ကိုဘန် (FCDCC ဥက္ကဋ္ဌ)

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်တော်များခင်ဗျား -

ဒီကနေ့ ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယ (မူကြမ်း) နီးနှောဖလှယ်ပွဲကြီးမှာ နိုင်ငံတကာမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့စည်းခေါင်းဆောင်များတို့ဟာ အခက်အခဲအမျိုးမျိုးအကြားမှ ကြိုးစားပမ်းစားနှင့် တက်ညီလက်ညီတက်ရောက်လာတာကို တွေ့ရှိရတဲ့အတွက်ကြောင့် FCDCC ကိုယ်စား များစွာအားရဝမ်းသာ ဂုဏ်ယူမိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ကျနော်တို့မှာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးကြမှာ ဖြစ်တဲ့အတွက် ကျနော်တို့နိုင်ငံရဲ့ ဖွဲ့စည်း ပုံအခြေခံဥပဒေသမိုင်းဖြစ်စဉ်အကြောင်းကို အဓိကဦးစားပေးပြီး ဆွေးနွေးတင်ပြသွားလို ပါတယ်။

ခေါင်းဆောင်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား- ကျနော်တို့နိုင်ငံရဲ့ အဓိက နိုင်ငံရေး ပြဿနာဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဿနာဖြစ်ကြောင်း အားလုံးအသိပဲ ဖြစ်ပါတယ်။ (ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ မွန်၊ ဗမာ၊ ရှမ်း၊ ရခိုင်) စတဲ့ တိုင်းရင်းသားများဟာ ရှေးနှစ်ပေါင်း ထောင်နှင့်ချီကတည်းက ကိုယ့်ဘုရင်၊ စော်ဘွား၊ ဒူးဝါး၊ စောဖျာ၊ စော်ကဲ၊ ရမ်အုပ်မင်းများဖြင့် သီးခြားလွတ်လပ်စွာ အုပ်ချုပ်နေထိုင်လာကြတဲ့ ဌာနေတိုင်းရင်းသားများဖြစ်ကြတယ်။

အင်္ဂလိပ်ကိုလိုနီနယ်ချဲ့သမားလက်ထက်ကာလမှာ (ရခိုင်၊ မွန်၊ ကရင်၊ ဗမာ) တို့ နေထိုင်တဲ့နယ်မြေများကို စုစည်းပြီး ဗမာပြည်မ (Burma Proper) ခေါ်ဝေါ်ကာ တိုက်ရိုက် အုပ်ချုပ်ခဲ့တယ်။ နောက်ပြီးတော့ နောက်ခံသမိုင်းကြောင်း သီးခြားတည်ရှိမှုကို အကြောင်း ပြုပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေများအဖြစ် ရှမ်းပြည်ထောင်စုနယ်မြေ၊ ကချင်တောင်တန်း၊ ချင်းတောင်တန်းဒေသနယ်မြေနှင့် သီးခြားလွတ်လပ်ရေးသတ်မှတ်ထားတဲ့ ကရင်နီပြည် ဆိုပြီး နယ်မြေများကို ပိုင်းခြားသတ်မှတ်ထားခဲ့ပါတယ်။

လွတ်လပ်ရေးကြိုးပမ်းတဲ့ကာလမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များတို့ဟာ အမြော်အမြင်ကြီးမားစွာဖြင့် တိုင်ပင်ဆွေးနွေးအပေးအယူလုပ် ကြပြီးမှ သီးခြားစီတည်ရှိတဲ့နယ်မြေများ တပြိုင်တည်း လွတ်လပ်ရေးရယူဖို့နှင့် ယင်းနယ် မြေများ တန်းတူရည်တူပြည်ထောင်စုတည်ထောင်ဖို့အတွက် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြ ခြင်းဖြစ်ပါတယ်။

ဒါ့အပြင် ဗိုလ်ချုပ်အောင်ဆန်းဟာ အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံ တည်ဆောက် ရာမှာ အခြေခံ မူ (၄) ချက်၊ လမ်းညွှန်မူ (၇) ချမှတ်ထားပါတယ်။ အခဏ်း (၁) အပိုဒ် (၁) မှာ ဖော်ပြထားတာကတော့ ဗမာပြည်မနယ်မြေ၊ ရှမ်းပြည်ထောင်စု၊ ကချင်တောင်တန်း ဒေသ၊ ချင်းတောင်တန်းဒေသနှင့် ကရင်နီပြည်နယ်မြေဟူ၍ နယ်မြေ (၅) ခုဖေါ်ပြထားပြီး၊ အပိုဒ် (၂) မှာ ဗမာစကားနှင့် မတူသော၊ ယဥ်ကျေးမှုအစဥ်အလာရှိသော၊ လူဦးရေအသင့် အတင့်ရှိသော၊ နယ်မြေအကျယ်အဝန်း အသင့်အတင့် ရှိသော၊ စီးပွားရေးအသင့်အတင့် ရှိသော၊ မိမိအမျိုးသားပြည်နယ်အဖြစ် နေထိုင်လိုသော စသည့်လူမျိုးများကို ပြည်နယ် အဆင့်အတန်းသတ်မှတ်ပေးရမည်လို့ အတိအလင်း ဖော်ပြထားပါတယ်။

ဒါကြောင့် ဗမာစကားနှင့်မတူသောဆိုရာမှာ ပြည်နယ်အဆင့်ရှိထားပြီးတဲ့ ရှမ်း၊ ကချင်၊ ကရင်နီ၊ ချင်းတို့ကို ဆိုလိုခြင်းမဟုတ်ဘဲ ဗမာပြည်မနယ်မြေမှာ ရခိုင်၊ မွန်၊ ကရင်တို့ကို ဆိုလိုခြင်းဖြစ်တယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဒါကြောင့် ရခိုင်၊ မွန်၊ ကရင်အမျိုးသားတို့ကို ပြည်နယ်များ ဖော်ထုတ်ပေးရမည့်အပြင် ပင်လုံစိတ်ဓါတ်အရ ဗမာလည်း လူမျိုးတမျိုးဖြစ် တဲ့အတွက် တခြားတိုင်းရင်းသားနဲ့အတူ အဆင့်အတန်းတူ ဖော်ပေးရမှာဖြစ်ပါတယ်။

ခေါင်းဆောင်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား - အဲဒီလို လူမျိုးများ တန်းတူရည်တူ ရှိရမယ်ဆိုထားပေမဲ့ ဗိုလ်ချုပ်ကျဆုံးတဲ့နောက်ပိုင်းမှာ ပင်လုံစိတ်ဓါတ်အခြေခံမူလမ်းစဉ်

အပေါ် သွေဖည်အားနည်းသွားရာမှ ၁၉၄၇-ခု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာလည်း အမျိုးသားပြည်နယ်လက္ခဏာရပ်နှင့် ပြည့်စုံတဲ့ ရခိုင်၊ မွန်၊ ကရင်အမျိုးသားများအတွက် ပြည်နယ်များ ဖော်မပေးတဲ့ပြဿနာနဲ့ ဗမာပြည်မနယ်မြေကို ပြည်ထောင်စုဗဟိုအာဏာနှင့် တွဲထားပြီး ရှမ်း၊ ကချင်၊ ကရင်နီ၊ ချင်း အမျိုးသားများတို့ကို လက်အောက်ခံပြည်နယ်အဖြစ် သတ်မှတ်လိုက်တော့ တန်းတူအခွင့်အရေး ဆုံးရှုံးသွားတဲ့ပြဿနာကြောင့် ပြည်တွင်းစစ်မီး တဆင့်ပြီးတဆင့် တောက်လောင်သွားခြင်းနှင့်အတူ ၁၉၄၇-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သည်လည်း ၁၉၆၂-ခုနှစ် (၁၄) နှစ် အကြာမှာ ပျက်စီးသွားကြောင်း အားလုံးအသိပဲဖြစ်ပါ တယ်။ ဒါကြောင့် တိုင်းရင်းသားများ တန်းတူအခွင့်အရေးမရှိတဲ့ ၁၉၄၇-ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ (၁၄) နှစ်ပဲ ခံတယ်ဆိုတာကို ကျနော်တို့ကိုယ်တွေ့လက်တွေ့သင်ခန်းစာရယူ ရမည့်အချက်တချက် ဖြစ်ပါတယ်။

ဒါ့အပြင် နောက်ဖွဲ့စည်းပုံအခြေခံဥပဒေတခုကို ဗိုလ်ချုပ်နေဝင်း ဦးဆောင်တဲ့ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) တပါတီအာဏာရှင်စစ်အုပ်စုကနေပြီး စိတ်ကြိုက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၄-ခုနှစ်မှာ ရေးဆွဲပြဋ္ဌာန်းလိုက်ပြန်တယ်။ အဲ့ဒီဖွဲ့စည်းပုံ အခြေခံဥပဒေမှာ စစ်အုပ်စုက ပြည်သူလူထုတရပ်လုံးအပေါ် ဖိနှိပ်အနိုင်ကျင့် ကျွန်ပြုထား ခြင်းဖြစ်သလို ဒီမိုကရေစီအခြေခံလူ့အခွင့်အရေးဟူသမျှ ဆိတ်သုဉ်းသွားလို့ပြည်သူလူထုက မခံမရပ်နိုင်တဲ့အဆုံး ၁၉၈၈-ခုနှစ်၊ ဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် အဲဒီဖွဲ့စည်းပုံ အခြေခံဥပဒေကိုသူတို့ကိုယ်တိုင်ဖျက်သိမ်းလိုက်ရပြန်တယ်။ ဒါကြောင့်ဒီမိုကရေစီဆိတ်သုဉ်း တဲ့ပြဿနာကြောင့် ၁၉၇၄- ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်းပဲ (၁၄) နှစ်အကြာမှာ ပျက်စီးသွားတယ်ဆိုတာကို ကျနော်တို့ကောင်းကောင်းကြီးသင်ခန်းစာရရှိကြပြီးဖြစ်ပါတယ်။

ဒါကြောင့် ကျနော်တို့ ဒီမိုကရေစီအင်အားစုများနဲ့ တိုင်းရင်းသားအင်အားစုများတို့မှာ သင်ခန်းစာကြီးအဖြစ် ရယူကြပြီး ဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသားများ တန်းတူ အခွင့်အရေးကို တပြိုင်တည်း ဖြေရှင်းသွားနိုင်မည့် ပြည်ထောင်စုနိုင်ငံကို တည်ဆောက် သွားရန် သန္နိဋ္ဌာန်ချမှတ်ကြပြီးဖြစ်တယ်။

ခေါင်းဆောင်ကိုယ်စားလှယ်တော်များခင်ဗျား - ပြည်တွင်းလှုပ်ရှားမှု အခြေအနေကို တင်ပြရမည်ဆိုရင် အဲန်အယ်လ်ဒီနှင့် ယူအဲန်အယ်လ်ဒီအဖွဲ့ချုပ်တို့ဟာ ဒီမိုကရေစီဆိတ် သုဉ်းခြင်းပြဿနာနဲ့ တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးဆုံးရှုံးခြင်းပြဿနာကို တပြိုင်တည်း ဖြေရှင်းပြီး ငြိမ်းချမ်းသာယာဝပြောတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု

မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်သွားကြရမည်ဟု ယုံကြည်ထားသည့်အတိုင်းပဲ NLD နဲ့ UNLD တို့က ၁၉၉၀-ပြည့်နှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့မှာ ဗိုလ်အောင်ကျော်လမ်း ပူးတွဲကြေညာချက်မှာ "တိုင်းရင်းသားလူမျိုးများသည် လူမျိုးရေး တန်းတူညီမျှမှု၊ နိုင်ငံရေးတန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိစေရမည့်အပြင် ဒီမိုကရေစီအခြေခံလူ့အခွင့်အရေးကို ကာကွယ်ပြဋ္ဌာန်းမည့် ပြည်ထောင်စုကို တိုင်းရင်းသားများအားလုံး သွေးစည်းညီညွတ်စွာဖြင့် လက်တွဲတည်ဆောက်ရန် သဘောတူညီကြကြောင်း" ကို NLD ခေါင်းဆောင် (၁၇) ဦးနှင့် UNLD ခေါင်းဆောင် (၁၄) ဦးတို့က လက်မှတ်ရေးထိုးကြပြီး ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ကြတယ်။ ဒါကြောင့် NLD နဲ့ UNLD ခေါင်းဆောင်များတို့ဟာ CRPP မှာ ယနေ့အထိ ခိုင်မြဲစွာဖြင့်လက်တွဲတိုက်ပွဲဝင်နိုင်တာဟာ အဲဒီအခြေခံအုတ်မြစ်ကြောင့်ပဲ ဖြစ်ပါတယ်။

အဲ့ဒီလိုပါပဲ လွတ်မြောက်နယ်မြေမှာလည်း ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများတို့မှာ ၁၉၉၂-ခု၊ ဇွန်လိုင်လ (၃၀) ရက်နေ့မှာ မာနယ်ပလောစာချုပ်ကို လည်းကောင်း၊ ၁၉၉၇-ခုနှစ်၊ ဇန်နဝါရီလ (၁၄) ရက်နေ့မှာ မယ်သရောထာသဘောတူညီချက်စာချုပ်ကိုလည်းကောင်း၊ ၁၉၉၈-ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်နေ့မှာ သူးမွဲကလိုးစာချုပ်ကိုလည်းကောင်း၊ တိုင်းရင်းသားများတန်းတူရည်တူ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိပြီး ဒီမိုကရေစီ အခြေခံလူ့အခွင့်အရေးကို ကာကွယ်ပြဋ္ဌာန်းနိုင်မည့် စစ်မှန်သောဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုမြန်မာနိုင်ငံကို တည်ဆောက်သွားရန် စာချုပ်များ အသီးသီးချုပ်ဆိုလာခဲ့ကြပြီးဖြစ်ပါတယ်။

ဒါကြောင့် ကျနော်တို့ လွတ်မြောက်နယ်မြေမှာ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံရေးသမိုင်းဖြစ်စဉ်အကျဉ်းဖြစ်တဲ့ ပင်လုံစာချုပ်၊ ၁၉၆၁-ခုနှစ်၊ တောင်ကြီးညီလာခံ၊ ၁၉၆၂-ခုနှစ်၊ တိုင်းရင်းသားလူမျိုးများနီးနှောဖလှယ်ပွဲကြီး၊ ဗိုလ်အောင်ကျော်လမ်းပူးတွဲ ကြေညာချက်၊ မာနယ်ပလောစာချုပ်၊ သူးမွဲကလိုးစာချုပ်အပါဝင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းညွှန်ချက်များ၊ NLD နှင့် CRPP တို့ရဲ့ထုတ်ပြန်ကြေညာချက်များ စသည့်အခြေခံမှုများကို အခြေခံထားရှိပြီးတော့ လွတ်မြောက်နယ်မြေရောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများနှင့် အခြေခံလူမှုအခြေပြုအဖွဲ့အစည်းအပါအဝင် အဖွဲ့အစည်းပေါင်း (၄၂) ဖွဲ့ပါဝင်တဲ့ခေါင်းဆောင်များ (၁၄၈) ဦးတို့ဟာ နီးနှောဖလှယ်ပွဲကြီးတရပ်ကျင်းပကာ အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အခြေခံမှု (၈) ချက်ကို

သဘောတူချမှတ်ထားပြီး ယင်းအခြေခံမူအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ပြုစုရေးဆွဲနိုင်ရန်နဲ့ ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) နှင့်လည်း ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန်အတွက် FCDCC ကော်မတီတရပ်ကိုတပါတည်းဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

ခေါင်းဆောင်ကိုယ်စားလှယ်တော်များခင်ဗျား - အဲ့ဒီလိုတာဝန်ပေးအပ်ခြင်းခံရတဲ့ FCDCC ဟာ အခြေခံဥပဒေ (မူကြမ်း) ပြုစုရေးဆွဲခြင်းလုပ်ငန်းကို စတင်လုပ်ဆောင်ရာမှာ အဓိကအခြေခံမူ (၈) ချက်ကို စွဲမြဲစွာဆုပ်ကိုင်ထားပြီးတော့ အဖွဲ့အစည်းများရဲ့ အကြံပြုချက်များကိုရယူခြင်း၊ နိုင်ငံတကာ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာခြင်း၊ နိုင်ငံတကာပညာရှင်များနဲ့ ညှိနှိုင်းဆွေးနွေးပြီး အကြံပြုချက်များရယူခြင်း စတဲ့လုပ်ငန်းများပြုလုပ်ပြီးတော့ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို ပြုစုရေးဆွဲပြီး နှီးနှောဖလှယ်ပွဲတရပ်ကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီနှီးနှောဖလှယ်ပွဲကြီးက ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အဖြစ် လက်ခံရရှိထားပြီး ဖြစ်ပါတယ်။ ယင်းပထမမူကြမ်းကို အဖွဲ့အစည်းများအသီးသီးသို့ အကြိမ်ကြိမ် တင်ပြဆွေးနွေးအကြံပြုချက်များရယူပြီး ပြင်ဆင်ဖြည့်စွက်လာရာမှ ယခုဒုတိယ (မူကြမ်း) ကို ထပ်မံရရှိထားပြီးဖြစ်ပါတယ်။ ယင်းဒုတိယ (မူကြမ်း) အပေါ် ပြင်ဆင်ရေးဆွဲသွားရန် ယခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ အဖွဲ့ အစည်းအသီးသီးမှ ခေါင်းဆောင်ကြီးများကို ဖိတ်ခေါ်ပြီး နှီးနှောဖလှယ်ပွဲကြီးကို ထပ်မံကျင်းပရခြင်းဖြစ်ပါတယ်။

ခေါင်းဆောင်ကိုယ်စားလှယ်တော်များခင်ဗျား - ကျနော်တို့ FCDCC အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ ချမှတ်ထားတဲ့ အခြေခံမူ (၈) ချက်ပါရှိတဲ့အတိုင်း အခြေခံထားပြီးတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို အတတ်နိုင်ဆုံး အခြေခံမူ (၈) ချက်နဲ့အညီ ရေးဆွဲတင်ပြထားခြင်းဖြစ်ပါတယ်။

ဒါကြောင့် FCDCC ကိုယ်စား ကြွရောက်လာကြတဲ့ ကိုယ်စားလှယ်များအား မေတ္တာရပ်ခံတင်ပြလိုတာကတော့ ဆွေးနွေးတဲ့အချိန်မှာ ဒီအခြေခံမူ (၈) ချက်ကို အခြေခံထားပြီး ကျနော်တို့ပြုစုရေးဆွဲထားတဲ့ မူကြမ်းနဲ့ကိုက်ညီမှုရှိမရှိ၊ ကွဲလွဲနေသလား၊ ဘယ်လိုပြင်ဆင်ရင်ကောင်းမလဲဆိုတဲ့ အကြံပြုကြဖို့ ကျနော့်အနေနဲ့ မေတ္တာရပ်ခံလိုပါတယ်။ ဒီလိုမျိုး ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေ၊ ပြည်တွင်းမှာကော၊ လွတ်မြောက်နယ်မြေမှာရော၊ နိုင်ငံတကာမှာပါ ဒီမိုကရေစီရေးနှင့်တိုင်းရင်းသားအရေးကို တပြိုင်တည်း ဖြေရှင်းရန် ကြိုးစားနေတဲ့အချိန်မှာဘဲ နအဖစစ်အုပ်စုက ၄၇-ခု ဖွဲ့စည်းပုံကို

ဂရုစိုက်မှာမဟုတ်ဘူး။ သူတို့အဖေဗိုလ်နေဝင်း ရေးဆွဲထားသော၁၉၇၄-ခု အခြေခံဥပဒေကိုလည်း သတိရမှာ မဟုတ်ဘူး။ အဓိက သူတို့စစ်အုပ်စု အာဏာတည်မြဲရေးအတွက် ၁၉၉၃-ခုနှစ်ကတည်းက အတုအယောင်ညီလာခံကို ကျင်းပလာခဲ့တယ်။ အခုဆိုရင် (၁၅) နှစ်ရောက်လာပါပြီ။ ဒီတော့သူတို့ ညောင်နှစ်ပင်ညီလာခံကျင်းပတဲ့ ဦးတည်ချက် (၆) ရပ်ကို ချမှတ်ပြီး အသေးစိတ်အခြေခံရမည့်မူများကို (၅၄) ဦးပါဝင်တဲ့အဖွဲ့ကနေပြီး စိတ်ကြိုက်ရေးဆွဲပြီးတော့ မနေ့ကပဲ ဒီဖွဲ့စည်းပုံကိုလာမည့် မေလမှာ လူထုဆန္ဒခံယူပွဲလုပ်မယ်ဆိုပြီးတော့ ကြေညာပြီးပါပြီ။ ဒါကြောင့် ကျနော်တို့ရဲ့တာဝန်ဟာ ဘာလဲဆိုတော့ အမျိုးသားတာဝန်နှစ်ရပ်ကို တပြိုင်တည်းထမ်းဆောင်ရမှာဖြစ်ပါတယ်။ တဖက်က နအဖလုပ်မည့် Road Map ဟာ ပြည်သူလူထုတရပ်လုံးကို ကျွန်ပြုပြီး တိုင်းရင်းသားများကို အမျိုးဖြုတ်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် နအဖရဲ့ဖွဲ့စည်းပုံကို အမျိုးသားတာဝန်တရပ်နေနဲ့ တိုက်ဖျက်ဖို့လိုတယ်။ တဖက်မှာလည်း ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားအရေးကို တပြိုင်နက်တည်း ဖြေရှင်းနိုင်မည့် ဒီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်တည်ဆောက်ရေးကို အမျိုးသားတာဝန်တရပ်အနေနဲ့ တပြိုင်နက်ထမ်းဆောင်ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောခေါင်းဆောင်ကိုယ်စားလှယ်တော်များခင်ဗျား - နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျနော်တို့ဆွေးနွေးတဲ့အခါမှာဆိုရင် အဓိကအခြေခံမူ (၈) ချက်ကို စံထားပြီးတော့ ဆွေးနွေးကြဖို့ လိုအပ်မယ်လို့ ကျနော်တင်ပြလိုပါတယ်။ ဆွေးနွေးတဲ့အချိန်မှာလည်းပဲ ပုဂ္ဂိုလ်ရေးတွေ၊ အဖွဲ့အစည်းအရေးတွေ ထိခိုက်စေမယ့် အသုံးအနှုန်းတွေ အတတ်နိုင်ဆုံး ရှောင်ရှားဖို့အတွက် မေတ္တာရပ်ခံလိုပါတယ်။ ကျနော်တို့ သဘာပတိအဖွဲ့ရော၊ အကျိုးဆောင်အဖွဲ့ရော၊ ရှင်းလင်းရေးအဖွဲ့ပါ အတတ်နိုင်ဆုံး ကြိုးစားပြီး ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်းကိုလည်း တင်ပြလိုပါတယ်။

နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ ကျနော်တို့ ဒီနှီးနှောဖလှယ်ပွဲကြီးကနေပြီးတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဒုတိယမူကြမ်းကို မိမိတို့ဖွဲ့စည်းပုံအဖြစ် လက်ခံထားရှိနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်သဘောတူချမှတ်နိုင်ပါက နအဖရဲ့ Road Map အပေါ် တိုက်ပွဲဝင်တဲ့နေရာမှာရော၊ ပြည်သူလူထုကို ချပြတဲ့နေရာမှာရော၊ နိုင်ငံတကာ မျက်နှာစာမှာရော အများကြီးခွန်အားဖြစ်စေမည်ဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ နိုင်ငံတကာတို့က လက်ခံနိုင်တဲ့အထိ ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြပါစို့လို့ မေတ္တာရပ်ခံတင်ပြရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်ခင်ဗျား။

## (၄.ဃ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ (FCDCC) ၏ လုပ်ငန်းအစီရင်ခံစာ

### ဦးမျိုးဝင်း (အတွင်းရေးမှူး)

ဒုတိယအကြိမ် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ နီးနှောဖလှယ်ပွဲကြီးသို့ ကြွရောက်ခဲ့ကြသော အဖွဲ့အစည်းအသီးသီးတို့မှ ကိုယ်စားလှယ်ခေါင်းဆောင်များခင်ဗျား - ယနေ့ကာလကဲ့သို့ အနာဂတ်ပြည်ထောင်စုကြီးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အလွန်တရာမှ အရေးကြီးသောအခါသမယတွင် ယခုလိုဆုံဆည်းခွင့်၊ တင်ပြခွင့်၊ ဆွေးနွေးခွင့်ရရှိသည့်အတွက် FCDCC အနေဖြင့် လွန်စွာမှ နှစ်ထောင်းအားရ ဂုဏ်ယူမိပါတယ်။ တပ်ပေါင်းစုအဖွဲ့အစည်းအသီးသီးတို့၏ တာဝန်ပေးအပ်ချက်များအရ FCDCC မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်အဆင့်ဆင့်ကို သိရှိနိုင်ရေးအတွက်လည်းကောင်း၊ လာမည့်ကာလများတွင်လည်း လက်ရှိနိုင်ငံရေးအခြေအနေများနှင့်အညီ ပိုမိုပြည့်စုံမည့်လုပ်ငန်းစဉ်များချမှတ်ကာ စုစည်းညီညွတ်စွာဖြင့် ဟန်ချက်ညီညီ ဖော်ဆောင်နိုင်ရေးအတွက် ရည်ရွယ်၍လည်းကောင်း ဤလုပ်ငန်းအစီရင်ခံစာကို တင်သွင်းအပ်ပါသည်။

ဤလုပ်ငန်းစဉ်ကို ပထမအကြိမ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ နီးနှောဖလှယ်ပွဲကြီး၏ လမ်းညွှန်ဆုံးဖြတ်ချက်များနှင့်အညီ အဆင့်ဆင့် ဖော်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၀၆-ခုနှစ်၊ ဧပြီလ (၆၊၇၊၈) ရက်နေ့များတွင်ကျင်းပခဲ့သော ပထမအကြိမ် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနီးနှောဖလှယ်ပွဲကြီးတွင် သက္ကရာဇ် ၂၀၀၅-ခုနှစ်၊ ဖေဖော်ဝါရီလ (၉-၁၂) ရက်နေ့များတွင် ကျင်းပခဲ့သော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံဆိုင်ရာအခြေခံမူများ ချမှတ်ရေး နီးနှောဖလှယ်ပွဲကြီးက ချမှတ်ခဲ့သည့် အခြေခံမူ (၈) ချက်

အပေါ် အခြေခံပြီး ရေးဆွဲခဲ့သော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုချမှတ်နိုင်ခဲ့သည့်အပြင် တပ်ပေါင်းစုများနှင့် အဖွဲ့အစည်းများအနေဖြင့် အတည်ပြုထားသော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အပေါ်အခြေခံပြီး ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်း၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပြည်နယ်များ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်ခြင်းလုပ်ငန်း၊ စည်းရုံးရေးနှင့် ပညာပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက် သင့်မသင့်ကို ညှိနှိုင်းဆောင်ရွက်သွားရန် လမ်းညွှန်ဆုံးဖြတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ နီးနောဖလုယ်ပွဲကြီး၏ ဆုံးဖြတ်လမ်းညွှန်မှုများနှင့်အညီ တပ်ပေါင်းစုများ၊ အဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် FCDCC ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အောက်ပါအတိုင်း အစီရင်ခံတင်ပြအပ်ပါသည်။

အပိုင်း -(၁) လုပ်ငန်းစဉ်များ ချမှတ်ခြင်း

အပိုင်း -(၂) FCDCC အားပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

အပိုင်း -(၃) လုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

**အပိုင်း -(၁) လုပ်ငန်းစဉ်များချမှတ်ခြင်း**

နီးနောဖလုယ်ပွဲကြီး၏ ဆုံးဖြတ်လမ်းညွှန်မှုများနှင့်အညီ NCUB, NDF, UNLD (LA), NCGUB, KNPP, SDU, WLB, NY-Forum, SYCB စသည့် တပ်ပေါင်းစုများနှင့် အဖွဲ့ အစည်းတို့၏ ပူးတွဲအစည်းအဝေးကို ၂၀၀၆-ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုပူးတွဲအစည်းအဝေးက -

(က) နီးနောဖလုယ်ပွဲကြီး၏ လမ်းညွှန်ဆုံးဖြတ်ချက်အရ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းနှင့်ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်း၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်များ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်ခြင်းလုပ်ငန်း၊ စည်းရုံးရေးနှင့် ပညာပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်။

(ခ) အထက်ပါလုပ်ငန်းများကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီ (FCDCC) အမည်ဖြင့် ကော်မတီအသစ်အား ဖွဲ့စည်းတာဝန်ပေးအပ်သွားရန်။

(ဂ) FCDCC ကော်မတီအား NCUB မှ (၃) ဦး၊ NDF မှ (၁) ဦး၊ UNLD (LA) မှ (၂) ဦး၊ NCGUB မှ (၁) ဦး၊ KNPP မှ (၂) ဦး၊ SDU မှ (၁) ဦး၊ WLB မှ (၃) ဦး၊ NYForum မှ (၁) ဦး၊ SYCB မှ (၁)ဦး၊ စုစုပေါင်း (၁၅) ဦးဖြင့် ဖွဲ့စည်းသွားရန်။

(ဃ) FCDCC အနေဖြင့် သက်ဆိုင်ရာတပ်ပေါင်းစုအဖွဲ့အစည်းများ၏ အဆိုပြုချက်အသီးသီးတို့အပေါ်တွင် အခြေခံပြီး လုပ်ငန်းစဉ်မူကြမ်းကို ရေးဆွဲသွားရန်။ ၎င်းလုပ်ငန်းစဉ်ကိုလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး၊ အင်အားစုများအတွင်းစနစ်တကျပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာတပ်ပေါင်းစု၊ အဖွဲ့အစည်းများထံသို့ ပြန်လည်တင်ပြပြီး လမ်းညွှန်မှုများ ရယူဆောင်ရွက်သွားရန် - စသည့် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

အထက်ပါလမ်းညွှန်ဆုံးဖြတ်ချက်များနှင့်အညီ FCDCC ကရေးဆွဲထားသော အောက်ပါလုပ်ငန်းစဉ်များကို (၂-၁၀-၂၀၀၆) ရက်နေ့တွင်ပြုလုပ်သော တပ်ပေါင်းစု၊ အဖွဲ့အစည်းများနှင့် ပြည်နယ်များ ဖွဲ့စည်းပုံမူကြမ်းရေးဆွဲရေးအဖွဲ့များပါဝင်သော ပူးတွဲအစည်းအဝေးက ရှေ့လုပ်ငန်းစဉ်များအဖြစ် အတည်ပြုချမှတ်ပေးခဲ့ပါသည်။

(၁) စည်းရုံးရေးနှင့် ပညာပေးရေးလုပ်ငန်း (ပြည်တွင်း၊ ပြည်ပ)

(၂) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်များဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်ခြင်းလုပ်ငန်း၊

(၃) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်း၊ အထက်ပါလုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်သွားရန် ဆုံးဖြတ်သည်။

(၁) စည်းရုံးရေးနှင့် ပညာပေးရေးလုပ်ငန်း (ပြည်တွင်း၊ ပြည်ပ)

(က) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား သက်ဆိုင်ရာတိုင်းရင်းသားဘာသာအလိုက် ပြန်ဆိုပြီး ပုံနှိပ်ထုတ်ဝေသွားမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့ထံသို့ FCDCC မှ အောက်ပါနယ်မြေများအလိုက် နှစ်ကြိမ်စီ အဆင့်ဆင့်တင်ပြကာအကြံပြုချက်များရယူသွားမည်။

(၁) မဲဆောက်ဒေသ

(၂) ချင်းမိုင်ဒေသ

(၃) မယ်ဟောင်ဆောင်ဒေသ

(၄) စံခရာဘူရီဒေသ

(၅) အိန္ဒိယ (နယူးဒေလီဒေသနှင့် အိုက်ဇောဒေသ)

(၆) တရုတ်နယ်စပ်

(၇) ဘင်္ဂလားဒေ့ရှ်ဒေသ

(ဂ) သက်ဆိုင်ရာတပ်ပေါင်းစု၊ အဖွဲ့အစည်းများနှင့် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့များက ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအား ၎င်းတို့အဖွဲ့အစည်းများအတွင်း ဆက်လက်ပြီး တင်ပြရှင်းလင်းနိုင်ရေးနှင့်အကြံပြုချက်များ ရယူနိုင်ရေးအတွက် ဖက်ဒရယ်ဖွဲ့စည်းပုံဆိုင်ရာ သင်တန်းကို တပ်ပေါင်းစု၊ အဖွဲ့အစည်းများနှင့် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့များမှ သင်တန်းသားများပါဝင်သော TOT သင်တန်းကို စီစဉ်ဆောင်ရွက်သွားမည်။

(ဃ) အထက်ပါ စည်းရုံးရေးမှုများမှ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းအား ၎င်းတို့အဖွဲ့အစည်းများအတွင်း သက်ဆိုင်ရာဒေသများအလိုက် ဆက်လက်ပြီးတင်ပြရှင်းလင်းနိုင်ရေးနှင့် အကြံပြုချက်များ ရယူနိုင်ရေးအတွက် လိုအပ်သောပံ့ပိုးမှုများကို စီစဉ်ဆောင်ရွက်သွားမည်။

(င) နိုင်ငံတကာသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းရုံးရေးနှင့် လေ့လာရေးခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်သွားမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းများဆက်စပ်ဆောင်ရွက်ခြင်းလုပ်ငန်း။

(က) FCDCC မှ ချမှတ်ထားသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုများ၊ ပံ့ပိုးကူညီမှုများ ရရှိနိုင်ရေးအတွက် လုပ်ငန်းစဉ် ရှင်းလင်းတင်ပြပွဲကို ကျင်းပသွားမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့် ဖက်ဒရယ်မူများအပေါ် သက်ဆိုင်ရာ SCDC များနှင့် FCDCC တို့၏ ညှိနှိုင်းဆွေးနွေးပွဲများကို အဆင့်ဆင့် ဆောင်ရွက်သွားမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း၊ ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းများ၊ ဖက်ဒရယ်မူများနှင့် ပတ်သက်၍ SCDC အားလုံးနှင့် FCDCC တို့၏ ညှိနှိုင်းဆွေးနွေးပွဲ (Seminar on Federal Principles) ကို ခေါ်ယူကျင်းပသွားမည်။

(ဃ) အထက်ပါ ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပပြီးနောက် ရရှိလာသော အခြေခံသဘောတူညီချက်များအပေါ် တွင် အခြေခံပြီး ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေများပိုမိုပြီး သဟဇာတ ဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်။

(င) လိုအပ်ချက်များနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းနှင့် ဖက်ဒရယ်မူများအပေါ် သက်ဆိုင်ရာ SCDC များနှင့် FCDCC တို့၏ ညှိနှိုင်းဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်း။

(က) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား လေ့လာရာတွင်လည်းကောင်း၊ လူထုအား ရှင်းလင်းတင်ပြရာတွင်လည်းကောင်း လွယ်ကူစွာ သိရှိနားလည်နိုင်စေရေးအတွက် Commentary ကို ပြုစုရေးဆွဲသွားမည်။

(ခ) ရရှိလာသော အကြံပြုချက်များနှင့် လိုအပ်ချက်များအပေါ်တွင် အခြေခံပြီး ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြင်ဆင်ဖြည့်စွက်သွားမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ နှီးနှောဖလှယ်ပွဲကြီးကို ခေါ်ယူကျင်းပသွားမည်။

## အပိုင်း-(၂) FCDCC အား ပြန်လည်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

အထက်ပါလုပ်ငန်းစဉ်များအား ဖော်ဆောင်နိုင်ရေးအတွက် FCDCC ကို အောက်ပါအတိုင်း ပြန်လည်၍ ဖွဲ့စည်းတာဝန်ပေးအပ်ပါသည်။

| | |
|---|---|
| (၁) ခွန်းမတ်ရ်ကိုဘန် | ဥက္ကဋ္ဌ |
| (၂) မိဆူးပွင့် | ဒုဥက္ကဋ္ဌ |
| (၃) ဗိုလ်မှူးကြီး ခွန်ဥက္ကာ | ဒုဥက္ကဋ္ဌ |
| (၄) ဦးသိန်းဦး | အတွင်းရေးမှူး |
| (၅) ဒေါက်တာလျန်မှုန်းဆာခေါင်း | အတွင်းရေးမှူး |
| (၆) ဦးမျိုးဝင်း | အတွင်းရေးမှူး |
| (၇) မသင်းသင်းအောင် | အတွင်းရေးမှူး |
| (၈) စဝ်ဆိုင်ဆစ် | အဖွဲ့ဝင် |
| (၉) ခွန်းအေဘာယ်တိုဒ် | အဖွဲ့ဝင် |
| (၁၀)ယိင်းလောဝ် | အဖွဲ့ဝင် |
| (၁၁) ဦးထွန်းအောင်ကျော် | အဖွဲ့ဝင် |
| (၁၂) နော်ဆန်း | အဖွဲ့ဝင် |
| (၁၃) မခေါ်ခွန်ဆာ | အဖွဲ့ဝင် |

(၁၄) ကိုအောင်ဆန်းမြင့် အဖွဲ့ဝင်

(၁၅) ရွှေမျိုးသန့် အဖွဲ့ဝင်

မှတ်ချက်။ ။ နောက်ပိုင်းတွင် ENC ကိုယ်စားလှယ် ဗိုလ်မှူးကြီးထူးထူးလေးအား FCDCC အဖွဲ့ဝင်အဖြစ် ထပ်မံတိုးချဲ့တာဝန်ပေးအပ်ခဲ့ပါသည်။ စဝ်ဆိုင်ဆစ်ကိုယ်စား စိုင်းပိုင်ခမ်းအားလည်းကောင်း၊ ယိင်းလောဝ်ကိုယ်စား နော်ထူးဖောအားလည်းကောင်း သက်ဆိုင်ရာအဖွဲ့အစည်းများမှ ပြောင်းလဲတာဝန်ပေးအပ်ခဲ့ပါသည်။

**Drafting Team**

(၁) ဦးသိန်းဦး အတွင်းရေးမှူး

(၂) မခေါ်ခွန်ဆာ အဖွဲ့ဝင်

(၃) စဝ်ဆိုင်ဆစ် အဖွဲ့ဝင်

**Coordinating Team**

(၁) ဦးမျိုးဝင်း အတွင်းရေးမှူး

(၂) ယိင်းလောဝ် အဖွဲ့ဝင်

(၃) နော်ဆန်း အဖွဲ့ဝင်

**Education and Advocacy**

(၁) ဗိုလ်မှူးကြီးခွန်ဥက္ကာ ကြီးကြပ်သူ

(၂) မသင်းသင်းအောင် အတွင်းရေးမှူး

(၃) ကိုထွန်းအောင်ကျော် အဖွဲ့ဝင်

(၄) ကိုအောင်ဆန်းမြင့် အဖွဲ့ဝင်

Financial Team

(၁) ဒေါက်တာလျှန်မှုန်းဆာခေါင်း အတွင်းရေးမှူး

(၂) ခွန်းအေဘယ်လ်တွိဒ် အဖွဲ့ဝင်

(၃) ခွန်းရွှေမျိုးသန့် အဖွဲ့ဝင်

## အပိုင်း-(၃) လုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

(၁) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ဗမာ၊ ကာရင်နီ၊ ကရင်၊ ကချင်၊ ရှမ်း၊ ရခိုင်နှင့် မွန်တိုင်းရင်းသားဘာသာများဖြင့် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီး ချင်းတိုင်းရင်းသားဘာသာသို့ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေဆဲ ဖြစ်သည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား သက်ဆိုင်ရာအဖွဲ့အစည်း - အသီးသီးတို့ထံသို့ FCDCC မှ အောက်ပါနယ်မြေများအလိုက် အဆင့်ဆင့် တင်ပြကာ အကြံပြုချက်များ ရယူနိုင်ခဲ့ပါသည်။

| No. | Date | Region | FCDCC Representatives |
|---|---|---|---|
| (1) | February 14-16, 2007 | Aizawl, | (1) Dr. Lian H. Sakhong |
| | | India border | (2) Thin Thin Aung |
| (2) | March 10-1, 2007 | Mae Hong Son, | (1) Col. Khun Okker |
| | | Thailand | (2) Sao Seng Suk |
| | | | (3) Ying Lao |
| (3) | March 13-15, 2007 | China-Burma | (1) Col. Khun Okker |
| | | border | (2) Thin Thin Aung |
| (4) | May 7,9, 2007 | Delhi, India | (1) Col. Khun Okker |
| | | | (2) U Myo Win |
| | | | (3) Thin Thin Aung |

| | | | |
|---|---|---|---|
| (5) | May 25-27, 2007 | Chiang Mai, Thailand | (1) Col. Hkun Okker<br>(2) U Thien Oo<br>(3) Shwe Myo Thant<br>(4) Ying Lao |
| (6) | June 16-18, 2007 | Mae Sod, Thailand | (1) Khun Marko Ban<br>(2) U Thein Oo<br>(3) U Myo Win<br>(4) U Htun Aung Kyaw<br>(5) Naw San |
| (7) | August 1-3, 2007 | Mae Sod, Thailand | (1) Khun Marko Ban<br>(2) U Thein Oo<br>(3) U Htun Aung Kyaw<br>(4) Naw San<br>(5) Thin Thin Aung |
| (8) | August 10-12, 2007 | Sangkhalaburi, Thailand | (1) Col. Hkun Okker<br>(2) Mi Su Pwint<br>(3) Mahkaw Hkun Sar |
| (9) | August 27-29,2007 | Mae Hong Son, Thailand | (1) Col. Hkun Okker<br>(2) Mi Su Pwint<br>(3) U Thein Oo |

(ဂ) သက်ဆိုင်ရာ တပ်ပေါင်းစု၊ အဖွဲ့အစည်းများနှင့် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေး အဖွဲ့များက ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ၎င်းတို့အဖွဲ့အစည်းများအတွင်း ဆက်လက်ပြီး တင်ပြရှင်းလင်းနိုင်ရေးနှင့်အကြံပြုချက်များရယူနိုင်ရေးအတွက် ဖက်ဒရယ်ဖွဲ့စည်းပုံဆိုင်ရာ ဆရာဖြစ်သင်တန်းကို တပ်ပေါင်းစုအဖွဲ့အစည်းများနှင့် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအဖွဲ့များမှ သင်တန်းသားများ ပါဝင်သော TOT သင်တန်းကို ၂၀၀၈-ခုနှစ်၊ ဇန်နဝါရီလ (၂) ရက် နေ့မှ (၃၀) ရက်နေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ၎င်းသင်တန်းကို တိုင်းရင်းသားလူမျိုးပေါင်းစု (၂၇) ဦး တက်ရောက်ခဲ့ကြပါသည်။

(ဃ) အထက်ပါ စည်းရုံးရေးမှူးများမှ သက်ဆိုင်ရာဒေသများအလိုက် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအားဆက်လက်ပြီး တင်ပြရှင်းလင်းနိုင်ရေးနှင့် အကြံပြုချက်များရယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(င) နိုင်ငံတကာသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လေ့လာရေးခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံ၊ အင်ဒီယားနားပြည်နယ်ရှိ The Center for Constitutional Democracy in Plural Societies(CCDPS) and the Institute for Advanced Study (IAS) ၏ဖိတ်ကြားချက်အရ ၂၀၀၆-ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့မှ နိုဝင်ဘာလ (၁၀) ရက်နေ့အထိ "Toward Constitutional Democracy in Burma" ခေါင်းစဉ်ဖြင့်ကျင်းပသော ကွန်ဖရင့်သို့ ဗိုလ်မှူးကြီးခွန်ဥက္ကာ၊ မခေါ်ခွန်ဆာ၊ ဦးသိန်းဦး၊ ဒေါ်သင်းသင်းအောင်နှင့် ယိင်းလောဝ်တို့ တက်ရောက်ခဲ့ကြပါသည်။

(စ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ဒုတိယမူကြမ်းအဖြစ် ပြန်လည်ရေးဆွဲနိုင်ရေးအတွက် Center for Constitutional Democracy and Paul Society (CCDPS) မှ Prof. David C. Williams, Prof, Susan H. Williams, Judge David Hamilton တို့နှင့် FCDCC ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၀၇-ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့တွင် ပြုလုပ်နိုင်ခဲ့သည်။

(ဆ) FCDCC ၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုမှတ်တမ်း CD နှင့် တိုင်းရင်းသားဘာသာပေါင်းစုံဖြင့် ဘာသာပြန်ဆိုထားသော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေပါဝင်သည့် CD တို့အား ဖြန့်ချိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေဆဲဖြစ်သည်။

(၂) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးလုပ်ငန်းများ ဆက်စပ်ဆောင်ရွက်ခြင်းလုပ်ငန်း။

(က) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့် ဖက်ဒရယ်မူများအပေါ် သက်ဆိုင်ရာ SCDC များနှင့် FCDCC တို့၏ ညှိနှိုင်းဆွေးနွေးပွဲများကို အောက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နိုင်ခဲ့သည်။

| No. | Date | State-CDCs | FCDCC Rep |
|---|---|---|---|
| (1) | December 2-4, 2006 | Karenni State Constitution Drafting Committee | (1) Col. Khun Okker<br>(2) Sao Seng Suk<br>(3) Ying Lao |
| (2) | December 10-12, 2006 | Mon State Constitution Drafting Committee | (1) Khun Marko Ban<br>(2) Col. Khun Okker<br>(3) Ying Lao |
| (3) | February 14-16, 2007 | Chinland Constitution Drafting Committee | (1) Dr.Lian H. Sakhong<br>(2) Thin Thin Aung |
| (4) | March 12, 2007 | Shan State Constitution Drafting Committee | (1) U Thein Oo<br>(2) Shwe Myo Thant |
| (5) | March 23, 2007 | Karen State Constitution Drafting Committee | (1) Khun Marko Ban<br>(2) U Myo Win<br>(3) U Tun Aung Kyaw |
| (6) | March 31, 2007 | Kachin State Constitution Drafting Committee | (1) Khun Abel Twead<br>(2) U Myo Win<br>(3) Shwe Myo Thant<br>(4) Mi Suu Pwint<br>(5) Ying Lao |

(ခ) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့် ပြည်နယ်များ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းများတို့အား ဖက်ဒရယ်မူများအပေါ်အခြေခံပြီး SCDC အားလုံးနှင့် FCDCC တို့၏ညှိနှိုင်းဆွေးနွေးပွဲ (Seminar on Federal Principles) ကို ၂၀၀၇-ခုနှစ်၊ ဧပြီလ (၇၊၈) ရက်နေ့များတွင် ကျင်းပနိုင်ခဲ့ပါသည်။ ၎င်းနှီးနှောဖလှယ်ပွဲသို့ ကိုယ်စားလှယ် (၃၁) ဦးတက်ရောက်ခဲ့ပြီး အချုပ်အခြာအာဏာ၊ အာဏာခွဲဝေရေး၊ Form of State, Form of Government, ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ State of Emergency, Gender Equality နှင့် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များကို ဦးစားပေးဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

(၃) ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲခြင်းနှင့်ညှိနှိုင်းဆောင်ရွက်ခြင်းလုပ်ငန်း။

(က) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား လေ့လာရာတွင်လည်းကောင်း၊ လူထုအား ရှင်းလင်းတင်ပြရာတွင်လည်းကောင်း၊ လွယ်ကူစွာ သိရှိနားလည်နိုင်စေရေးအတွက် Commentary မူကြမ်းကို ပြုစုရေးဆွဲထားလျက်ရှိပြီး ယခု နှီးနှောဖလှယ်ပွဲ ပြီးဆုံးပါက ပြင်ဆင်တည်းဖြတ်ပြီး ထုတ်ဝေသွားမည်ဖြစ်ပါသည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့် နအဖစစ်အုပ်စု၏ ဖွဲ့စည်းပုံဆိုင်ရာ ဦးတည်ချက် (၆) ရပ်၊ အခြေခံမူ (၁၀၄) ချက်နှင့် ၎င်းအပေါ်အခြေခံသည့် အသေးစိတ်အခြေခံရမည့်မူများတို့၏ နှိုင်းယှဉ်ချက်စာတမ်းမူကြမ်းကို ပြုစုရေးဆွဲထားပြီးဖြစ်သည်။

(ခ) ရရှိလာသော အကြံပြုချက်များနှင့် လိုအပ်ချက်များအပေါ်တွင် အခြေခံပြီး ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေပထမမူကြမ်းအား ဒုတိယမူကြမ်းအဖြစ် ပြင်ဆင်ဖြည့်စွက်နိုင်ခဲ့ပါသည်။

(ဂ) ရည်မှန်းချက်အတိုင်း ဒုတိယအကြိမ်ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ နှီးနှော ဖလှယ်ပွဲကြီးကို ခေါ် ယူကျင်းပနိုင်ခဲ့ပါသည်။

## (၄) FCDCC ကော်မတီအစည်းအဝေးများကျင်းပခြင်း

ချမှတ်ထားသော လုပ်ငန်းစဉ်များ စနစ်တကျဖော်ဆောင်နိုင်ရေး၊ ပြန်လည်သုံးသပ်နိုင်ရေး၊ ထိန်းသိမ်းကြီးကြပ်နိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရေးတို့အတွက် FCDCC ကော်မတီအစည်းအဝေးကို (၇) ကြိမ်ပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းလိုအပ်ချက်များအရ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများကိုလည်း ခေါ်ယူကျင်းပခဲ့ပါသည်။

## သုံးသပ်ချက်နှင့် အကြံပြုချက်များ။

FCDCC ၏ တနှစ်ခွဲကြာ သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်တာ အကောင်အထည်ဖော်မှုများတွင် အားသာချက်များရှိသကဲ့သို့ အားနည်းချက်များလည်း ရှိခဲ့သည်ကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

## အားသာချက်များ

- ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့်ပညာပေးရေး လုပ်ငန်းစဉ်များအားလုံးတွင် တပ်ပေါင်းစုများ၊ အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ကြသည့် ဘုံလုပ်ငန်းစဉ်တရပ်ဖြစ်သည်နှင့်အညီ ဘုံရန်သူနအဖစစ်အုပ်စုကို ဆန့်ကျင်တွန်းလှန်နေသော အင်အားစုများအားလုံးအကြား စည်းလုံးညီညွတ်မှု၊ နားလည်မှုနှင့် အမျိုးသားရင်ကြားစေ့ရေးကို တဆင့်တိုးရရှိစေသည်။
- နအဖစစ်အုပ်စုအနေနှင့် အမျိုးသားညီလာခံမှတဆင့် ဦးတည်ချက် (၆) ရပ်နှင့် အခြေခံမူ (၁၀၄) ချက်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မရှင်တရပ် ဖွဲ့စည်းပြီး အချိန်ကာလအကန့်အသတ်မရှိ ဆက်လက်ရေးဆွဲနေသည့်လုပ်ငန်းကို နိုင်ငံရေးအရ ဟန့်တား၊ ဆန့်ကျင်၊ တိုက်ဖျက်သွားနိုင်ရန်အတွက် အတိုက်အခံအင်အားစုများအားလုံး ပူးပေါင်းပါဝင်သည့် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ ထွက်ပေါ်လာသည့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို လက်တွေ့ဖွဲ့စည်းတည်ဆောက်နိုင်မည့် လမ်းညွှန်အခြေခံဥပဒေတရပ်ဖြစ်ပေသည်။

- ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မတီနှင့် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မတီများအကြား အခါအားလျော်စွာ တွေ့ဆုံဆွေးနွေးကြခြင်းအားဖြင့် သက်ဆိုင်ရာလူမျိုးအသီးသီးနှင့် အဖွဲ့အစည်းတို့၏ခံယူချက်နှင့်ပြဋ္ဌာန်းချက်များ ဆန့်ကျင်ကွဲလွဲမှု အနည်းဆုံးဖြစ်စေခဲ့သည်။ ဖက်ဒရယ်စနစ် စံထားချက်များအပေါ် ဟန်ချက်ညီစွာ ပြဋ္ဌာန်းရေးဆွဲကြရန် ဆက်စပ်ဆောင်ရွက်နိုင်ခဲ့သည်။
- နယ်စပ်ဒေသနှင့် လက်လှမ်းမီရာ အတွင်းပိုင်းဒေသများအထိ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ပညာပေးလုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများကြောင့် လူမျိုးပေါင်းစုံ ပြည်သူလူထုအတွင်း အသိအမြင် တိုးတက်မှုတစုံတရာရရှိသည်ကိုလည်း အားသာချက်အဖြစ်ရှုမြင်နိုင်ပါသည်။

### အားနည်းချက်

- FCDCC ကော်မတီဝင်များသည် မူကြမ်းရေးဆွဲရေးလုပ်ငန်းအပြင် အခြားသောလုပ်ငန်းတာဝန်များအသီးသီးရှိနေကြသည့်အတွက် ချမှတ်ထားသောလုပ်ငန်းစဉ်များကို အကောင်အထည် ဖော်နိုင်ခဲ့သော်လည်း အချိန်ကာလ နှောင့်နှေးကြန့်ကြာခဲ့သည်။
- တပ်ပေါင်းစုများ၊ အဖွဲ့အစည်းများအနေနှင့် မိမိတို့၏ အဖွဲ့အစည်းအတွင်းတွင် လည်းကောင်း၊ ဆက်စပ်မှုရှိသည့် ဒေသန္တရအဖွဲ့အစည်းများအတွင်းတွင်လည်းကောင်း၊ လက်လှမ်းမီရာပြည်သူလူထုများအတွင်းတွင်လည်းကောင်း စည်းရုံးရေး၊ အသိပညာပေးရေးလုပ်ငန်းများကို သတ်သတ်မှတ်မှတ် အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့သည်ကို တွေ့ရှိရသည်။

### အကြံပြုချက်

- နအဖစစ်အုပ်စုသည် ၎င်း၏လမ်းပြမြေပုံ (၇) ချက်ကို အနိုင်အမာဆုပ်ကိုင်၍ စိတ်ကြိုက်ဖွဲ့စည်းပုံအခြေခံ ဥပဒေတရပ်ကိုရေးဆွဲပြဋ္ဌာန်းပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုသွားရန် တစိုက်မတ်မတ်လုပ်ဆောင်နေသည်။ ယင်းလုပ်ငန်းစဉ်တွင် မည်သူ့ကိုမျှ ပါဝင်ပတ်သက်ခွင့်မပြုသည့်အပြင် ဝေဖန်အကြံပြုချက်များ ရှိခဲ့လျှင်လည်း အရေးယူသွားရန် အမျိုးသားညီလာခံလုပ်ငန်းများကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ (၅/၉၆) ကို ထုတ်ပြန်ပြီး တဖက်သတ် ဆောင်ရွက်နေခြင်းဖြစ်သည်။

- ထို့ကြောင့် တိုင်းရင်းသားပြည်သူလူထုများ၏ဆန္ဒကို ပေါ်လွင်စေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေတရပ် စင်ပြိုင်ရေးဆွဲပြဋ္ဌာန်းရန် မဖြစ်မနေလိုအပ်လာသည့်အပေါ် အဝိုက်အခံအင်အားစုများအားလုံး ပူးပေါင်းပါဝင်၍ ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းတရပ်ကို ရေးဆွဲလာရခြင်း၊ ယင်းလုပ်ငန်းစဉ်ကို အနီးကပ်အကောင်အထည်ဖော်ရန် FCDCC ကဲ့သို့ ကော်မတီတရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းများသည် လက်ရှိနိုင်ငံရေးအခြေအနေအရ အလွန်အရေးပါသော လုပ်ငန်းများဖြစ်ကြောင်း အကြံပြုအပ်ပါသည်။

- ဤနီးနှောဖလှယ်ပွဲကြီးမှ သဘောတူအတည်ပြုချက်ရရှိခဲ့လျှင် ယခုတင်သွင်းထားသော ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို ပြည်သူလူထုတရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်ပြီး တခဲနက်လက်ခံအတည်ပြုနိုင်သည်အထိ အင်တိုက်အားတိုက် တိုးမြှင့်လုပ်ဆောင်သွားသင့်ပါကြောင်း နိဂုံးချုပ်အကြံပြုတင်ပြအပ်ပါသည်။

## (၄.င) ဒုတိယအကြိမ် ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ နီးနှောဖလှယ်ပွဲ၏ ဆုံးဖြတ်ချက်များ

### အတည်ပြုခြင်း

ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့် ညှိနှိုင်းမှုကော်မတီမှ တင်ပြသော ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အား ပြင်ဆင်၊ ဖြည့်စွက်၊ မှတ်တမ်းတင်ခြင်းများနှင့်အတူ ဒုတိယအကြိမ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ နီးနှောဖလှယ်ပွဲကြီးမှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

### မှတ်တမ်းတင်ခြင်း

ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ပါ ပြဋ္ဌာန်းချက်များဖြစ်သော ပုဒ်မ (၃၄) (၃၇) (၁၂၉) နှင့် (၁၅၁) တို့ကို ဆက်လက်ဆွေးနွေးရန် လိုအပ်သေးကြောင်းကို နီးနှောဖလှယ်ပွဲမှ မှတ်တမ်းတင်သည်။

### ရှေ့လုပ်ငန်းစဉ်များဆိုင်ရာဆုံးဖြတ်ချက်များ

(က) ယခု လက်ရှိ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရေးဆွဲ ရေးနှင့် ညှိနှိုင်းမှုကော်မတီ (FCDCC) အား မူလဖွဲ့စည်းမှုအတိုင်း နောက်ထပ်သက်တမ်း တနှစ် ဆက်လက်တာဝန် ပေးအပ်သွားရန် နီးနှောဖလှယ်ပွဲကြီးက သဘောတူ ဆုံးဖြတ်သည်။

(ခ) ရှေ့လုပ်ငန်းစဉ်များအဖြစ် -

(၁) ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို နိုင်ငံရေးလက်နက်အဖြစ် အသုံးပြု၍ နအဖ၏ ဖွဲ့စည်းပုံလုပ်ငန်းစဉ်များကို ဆန့်ကျင်သွားရန်။

(၂) လူထု (ပြည်တွင်း၊ ပြည်ပ) အတွင်း ပညာပေးရေးလုပ်ငန်းစဉ်များကို တိုးမြှင့် ဆောင်ရွက်သွားရန်။

(၃) ပြည်နယ်ဖွဲ့စည်းပုံ (မူကြမ်း) ရေးဆွဲရေးလုပ်ငန်းစဉ်များနှင့် ဆက်လက် ညှိနှိုင်းသွားရန်။

## (၄.၈) လော်ခီးလာသဘောတူညီချက်

## (နီးနောဗလုယ်ပွဲ၏ ထုတ်ပြန်ကြေညာချက်)

ကောဇာသက္ကရာဇ်။ ။ ၁၃၆၉-ခု၊ တပို့တွဲလဆန်း (၆) ရက်

ခရစ်သက္ကရာဇ်။ ။ ၂၀၀၈-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်

ခရစ်သက္ကရာဇ် ၂၀၀၈-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်မှ (၁၂) ရက်အထိ လွတ်မြောက်နယ်မြေတနေရာတွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ်မြောက် "ဖက်ဒရယ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ နီးနောဗလုယ်ပွဲ" ကြီးသို့ တက်ရောက်လာကြသော ကျွန်ုပ်တို့ -

(က) ၁၉၉၀ ပြည့်ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်များ၊

(ဂ) တော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊

(ဃ) လူထုအမိက လူ့အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့်

(င) လူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊

တို့သည် (၃) ရက်တိုင်တိုင် အကျေအလည်ညှိနှိုင်းဆွေးနွေးကြလျက် အောက်ပါအတိုင်း တညီတညွတ်တည်း သဘောတူညီမှုရရှိကြပါသည်။

ကျွန်ုပ်တို့သည် တိုင်းရင်းသားပေါင်းစုံပြည်သူတို့အတွက် ဒီမိုကရေစီအခွင့်အရေးနှင့် တိုင်းရင်းသားအခွင့်အရေးများကို တပြိုင်နက်တည်း ရရှိခံစားနိုင်ကြမည့် ဖက်ဒရယ်ပြည်ထောင်စုကြီးတရပ်ကို ညီညာဖျဖျတည်ဆောက်ကြရန် သဘောဆန္ဒ ခိုင်ကျည်စွာ ရှိကြပြီးဖြစ်ပါသည်။

ထို့ပြင် ကျွန်ုပ်တို့၏ ဖက်ဒရယ်ပြည်ထောင်စုကြီးတွင် တိုင်းရင်းသားတို့အတွက် "အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ" ကို အခိုင်အမာ အာမခံချက်ထားရှိပြီးသည့်အလျောက် "ခွဲထွက်ပိုင်ခွင့် အခွင့်အရေး"ကို လုံးဝတောင်းဆို ကျင့်သုံးကြမည် မဟုတ်သဖြင့် နအဖစစ်အုပ်စုမရှိလျှင် "ပြည်ထောင်စုပြိုကွဲရေးဖြစ်မည်" ဆိုသည်မှာလည်း စစ်အုပ်စု၏ ခြောက်လုံး၊ လှန့်လုံးမျှသာဖြစ်သည်ဟု တညီတညွတ် တည်းသုံးသပ်ကြသည်။

ထို့ကြောင့် ၂၀၀၅-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ကတည်းက ကျွန်ုပ်တို့အားလုံး တခဲနက်ပါဝင်အတည်ပြုခဲ့သည့် အခြေခံလမ်းညွှန်မှု (၈) ချက်နှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားသော -

ဤ "ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ"ကို (မူကြမ်း) အဖြစ်သဘောတူကြောင်း ဤ (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့တွင် လက်မှတ် ရေးထိုးကြပါသည်။

# အပိုင်း (၃)

# ဖက်ဒရယ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း)

# မာတိကာ

| | | |
|---|---|---|
| နိဒါန်း | | ၃၁၉ |
| အခန်း | (၁) ဖက်ဒရယ်ပြည်ထောင်စု၏ ဝိသေသလက္ခဏာများ | ၃၂၁ |
| အခန်း | (၂) အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် တာဝန်များ | ၃၂၄ |
| အခန်း | (၃) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ | ၃၃၅ |
| အခန်း | (၄) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် | ၃၄၀ |
| | (က) အမျိုးသားလွှတ်တော် | ၃၄၃ |
| | (ခ) ပြည်သူ့လွှတ်တော် | ၃၄၆ |
| အခန်း | (၅) ဖက်ဒရယ်ပြည်ထောင်စု ဥပဒေပြုခြင်း | ၃၅၁ |
| အခန်း | (၆) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ | ၃၅၉ |
| အခန်း | (၇) ဖက်ဒရယ်ပြည်ထောင်စုအစိုးရ | ၃၆၆ |
| အခန်း | (၈) ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေး | ၃၇၁ |
| အခန်း | (၉) နိုင်ငံသားဖြစ်ခြင်း | ၃၇၆ |
| အခန်း | (၁၀) ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးနှင့်လုံခြုံရေး | ၃၇၉ |
| အခန်း | (၁၁) အရေးပေါ်အခြေအနေ | ၃၈၃ |
| အခန်း | (၁၂) အထွေထွေပြဋ္ဌာန်းချက်များ | ၃၈၈ |
| အခန်း | (၁၃) အသွင်ကူးပြောင်းရေးကာလဆိုင်ရာပြဋ္ဌာန်းချက်များ | ၃၉၄ |
| အခန်း | (၁၄) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း | ၃၉၇ |

# နိဒါန်း

လွတ်လပ်မှု၊ တန်းတူမှု၊ တရားမျှတမှုတည်းဟူသော လောကပါလတရားကို ဦးထိပ်ထားလျက် ကျွန်ုပ်တို့ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတို့သည် ငြိမ်းချမ်းသာယာဝပြော၍ ထာဝစဉ်အဓွန့်ရှည် တည်တံ့ခိုင်မြဲမည့် ဖက်ဒရယ်ပြည်ထောင်စုကို စုပေါင်းညီညာ တည်ဆောက်အံ့သောငှာ ဤဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းအပ်ပေသည်။

ဤဖက်ဒရယ်ပြည်ထောင်စုနယ်မြေအတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်စွာနေထိုင်ခဲ့ကြပေသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် သမိုင်းခေတ်အဆက်ဆက်တွင် သီးခြားလွတ်လပ်စွာ နေထိုင်ခဲ့ကြသော်လည်း ဗြိတိသျှကိုလိုနီနယ်ချဲ့၏ သိမ်းပိုက်မှုအောက်တွင် နှစ်ပေါင်းများစွာ အတူတကွ ကျွန်ပြုခြင်းခံခဲ့ကြရပါသည်။ ထို့ကြောင့် မိမိတို့ဆုံးရှုံးခဲ့ကြသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့ကို အတူတကွ ပြန်လည်ရယူပြီး ပြည်ထောင်စုကြီးကိုပါ တပြိုင်နက်ထူထောင်ရန် ပင်လုံညီလာခံကြီးကို ၁၉၄၇ ခုနှစ်တွင် ခေါ်ယူကျင်းပခဲ့ကြသည်။

ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို ဦးတည်ရည်မှန်း၍ ပင်လုံစာချုပ်ကြီးတွင် ညီညာဖျဖျ လက်မှတ်ရေးထိုးခဲ့ကြပြီး လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရရှိစေကာမူ၊ သက်ဆိုင်ရာအာဏာပိုင်များက အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြသည့်အတွက် ရာစုနှစ်ဝက်ကျော် ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ပြီး လူ့အသက်အိုးအိမ်စည်းစိမ်ပေါင်းများစွာ ဆုံးရှုံးခဲ့ရလေသည်။ ထို့အပြင် ၁၉၆၂ ခုနှစ်မှစ၍ အဆက်ဆက်သော အာဏာရှင်စနစ်ဆိုးတို့ကြောင့် ဒီမိုကရေစီနှင့်

လူ့အခွင့်အရေးတို့ ဆိတ်သုဥ်းခဲ့ရသည်သာမက ၁၉၄၇ ခုနှစ်တွင် တန်းတူရေးအခြေခံမှုဖြင့် ပြည်ထောင်စုအဖွဲ့ဝင်များ ဖြစ်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပါ ဆုံးရှုံးခဲ့ရလေသည်။ ထို့ကြောင့် ပြည်ထောင်စုသားအားလုံး ရင်နင့်ဖွယ်ကြုံတွေ့ခဲ့ရသော အတွေ့အကြုံနှင့် ခါးသီးစွာ ခံစားခဲ့ရသောအဖြစ်အပျက်များကို ကျွန်ုပ်တို့သည် မေ့လျော့ခြင်းငှာ မပြုအပ်ပေ။

ထိုသို့သော အတိတ်ကာလ၏အမှားများကို ရှောင်လွှဲနိုင်ရန်၊ ကျွန်ုပ်တို့အားလုံး၏ အနာဂတ်ရည်မှန်းချက်များကို ဖော်ဆောင်နိုင်ရန်အလို့ငှာ - တိုင်းရင်းသားလူမျိုးများ အားလုံး နိုင်ငံရေးနှင့်လူမျိုးရေးအရ တန်းတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရပြည်နယ်များဖြင့် ပြည်ထောင်စုဖွဲ့စည်းရေး၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ကျား-မ တန်းတူရေးအပေါ် အာမခံရေး၊ တိုင်းရင်းသားလူမျိုးစုလူနည်းစုများ၏ အခွင့်အရေးအတွက် အာမခံရေး၊ နိုင်ငံရေးနှင့်ဘာသာရေး ရောထွေးမှုကင်းစင်ရေးနှင့် စစ်အာဏာရှင်စနစ် ထပ်မံမပေါ်လာစေရေးအတွက် အရပ်သား အုပ်ချုပ်ရေးအောက်တွင် စစ်တပ်ကိုထားရှိရေး အစရှိသော အခြေခံမူကြီးများကို ကျောရိုးမကျိုးပြု၍ ရေးဆွဲပြဋ္ဌာန်းသည့် ဖက်ဒရယ်ပြည် ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဖြစ်ပါသည်။

ထို့ကြောင့် ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်မှု၏အသီးအပွင့်များကို မိမိတို့အတွက်သာမက နောင်လာနောက်သား သားစဉ်မြေးဆက်များအထိ ရရှိခံစားစေပြီး၊ အမှောင်ကိုခွင်း၍ အလင်းကိုဆောင်ဘိသကဲ့သို့ အတိတ်၏ အနိဋ္ဌာရုံများကို လုံးဝပျက်ပြယ်ကွယ်ပျောက်စေလျက် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်သည့် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော ဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အမြင့်ဆုံးဥပဒေအဖြစ် လိုက်နာကျင့်သုံးနိုင်ရန်အတွက် အခိုင်အမာပြဋ္ဌာန်းလိုက်သည်။

■

## အခန်း (၁)

## ဖက်ဒရယ်ပြည်ထောင်စု၏ ဝိသေသလက္ခဏာများ

### ပုဒ်မ (၁) ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာ အာဏာပိုင် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံဖြစ်သည်။ ယင်းကို "ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ" ဟုခေါ်တွင်စေရမည်။

### ပုဒ်မ (၂) ပြည်ထောင်စုဖွဲ့စည်းခြင်း

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိ၍ တန်းတူသော နိုင်ငံရေးအာဏာများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အပ်နှင်းခြင်းခံရသည့် ပြည်နယ်များဖြင့် ဖက်ဒရယ်ပြည်ထောင်စုကို ဖွဲ့စည်းစေရမည်။

### ပုဒ်မ (၃) အချုပ်အခြာအာဏာ

ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာတို့သည် နိုင်ငံသားတို့၏ လက်ဝယ်၌ တည်ရှိသည်။

### ပုဒ်မ (၄) အချုပ်အခြာအာဏာ ခံယူကျင့်သုံးခြင်း

(က) အချုပ်အခြာအာဏာကို ပုံမှန်ကျင်းပမြဲဖြစ်သော လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲများမှတဆင့် လျှို့ဝှက်မဲပေးစနစ်ဖြင့် နိုင်ငံသားတို့က ရွေးချယ်ခန့်အပ်သည့် လွှတ်တော်ကိုယ်စားလှယ်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံယူကျင့်သုံးစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားရုံးများက ကျင့်သုံးစေရမည်။

**ပုဒ်မ (၅) အာဏာခွဲခြားမှု**

အချုပ်အခြာအာဏာ၏ ပင်မမဏ္ဍိုင်သုံးရပ်ဖြစ်သော ဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ခွဲခြားကျင့်သုံးစေရမည့်အပြင် အာဏာတရပ်နှင့်တရပ်အကြား အပြန်အလှန်ထိန်းညှိမှု ရှိစေရမည်။

**ပုဒ်မ (၆) အာဏာခွဲဝေကျင့်သုံးခြင်း**

ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအကြားတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အာဏာများကို ခွဲဝေကျင့်သုံးစေရမည်။

**ပုဒ်မ (၇) ဘာသာရေးကို အခြေမခံသောနိုင်ငံ**

(က) ဖက်ဒရယ်ပြည်ထောင်စုသည် နိုင်ငံရေးနှင့် ဘာသာရေး ရောစပ်ခြင်းမရှိစေဘဲ၊ ဘာသာရေးကို အခြေမခံသောနိုင်ငံ ဖြစ်စေရမည်။

(ခ) မည်သည့် ဘာသာအယူဝါဒကိုမျှ နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်း မရှိစေရ။

**ပုဒ်မ (၈) နယ်နိမိတ်**

ဖက်ဒရယ်ပြည်ထောင်စု၏ မြေထု၊ ရေထု၊ လေထုပါဝင်သော နယ်နိမိတ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၏သဘောတူညီချက် မပါရှိဘဲ ဖက်ဒရယ်ပြည်ထောင်စု၏နယ်နိမိတ်ကို ပြင်ဆင်ခြင်း မပြုစေရ။

**ပုဒ်မ (၉) နိုင်ငံရေးစနစ်**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံရေးစနစ်သည် ပါတီစုံဒီမိုကရေစီစနစ် ဖြစ်သည်။

(ခ) နိုင်ငံရေးပါတီများကို ဒီမိုကရေစီအခြေခံမှုများ၊ ကျင့်စဉ်များနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းထူထောင်နိုင်သည်။

(ဂ) နိုင်ငံရေးပါတီများဆိုင်ရာဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် က ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၀) အမြင့်ဆုံးဥပဒေ**

ဖက်ဒရယ်ပြည်ထောင်စုတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် အမြင့်ဆုံး ဥပဒေဖြစ်သည်။

## အခန်း (၂)

## အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် တာဝန်များ

### ပုဒ်မ (၁၁) ကိုယ်ပိုင်အခွင့်အရေးများ

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် -

(က) အသက်ရှင် ရပ်တည်ပိုင်ခွင့် ရှိစေရမည်။

(ခ) လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အသားအရောင်၊ အဆင့်အတန်း၊ အသက်အရွယ်၊ လိင်နှင့် လိင်စိတ်ကွဲပြားမှုများကြောင့် ခွဲခြားမှုမရှိစေရဘဲ တရားဥပဒေရှေ့မှောက်တွင် တန်းတူအခွင့်အရေး ရှိစေရမည်။

(ဂ) လွတ်လပ်စွာ တွေးခေါ် ယုံကြည်ခွင့် ရှိစေရမည်။

(ဃ) လူပုဂ္ဂိုလ်တဦးအဖြစ် တရားဝင်အသိအမှတ်ပြုခံပိုင်ခွင့်ရှိပြီး လူ့ဂုဏ်သိက္ခာအား လေးစားစေမှုနှင့် ကာကွယ်ပေးမှု ရယူပိုင်ခွင့်ရှိစေရမည်။

### ပုဒ်မ (၁၂) အခြေခံလွတ်လပ်ခွင့်

ဖက်ဒရယ်ပြည်ထောင်စုအတွင်းနေထိုင်သူ မည်သူမဆို -

(က) ကျွန်ပြုခြင်းမခံစေရ။

(ခ) အတင်းအဓမ္မစေခိုင်းခံခြင်း မရှိစေရ။

(ဂ) နှိပ်စက်ညှဉ်းပန်းခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုပြုခြင်း၊ လူမဆန်သော ရက်စက်စွာ ပြုမူဆက်ဆံခြင်း မခံစေရ။

## ပုဒ်မ (၁၃) ရုပ်သိမ်းပိုင်ခွင့်မရှိသော အခွင့်အရေးများ

အထက် ပုဒ်မ (၁၁) ပါ ကိုယ်ပိုင်အခွင့်အရေးများနှင့် ပုဒ်မ (၁၂) ပါ အခြေခံ လွတ်လပ်ခွင့်များကို မည်သည့်အခြေအနေအောက်တွင်မျှ ရုပ်သိမ်းပိုင်ခွင့် မရှိစေရ။

## ပုဒ်မ (၁၄) အခြေခံရပိုင်ခွင့်

ဖက်ဒရယ်ပြည်ထောင်စုအတွင်းနေထိုင်သူတိုင်းသည် -

(က) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ သတင်းရယူခွင့်၊ သတင်းဖြန့်ချိခွင့် ရှိစေရမည်။

(ခ) လွတ်လပ်စွာ ဘာသာတရား ကိုးကွယ်ခွင့်၊ ဘာသာရေး ထုံးတမ်းစဉ်လာများကို ကျင့်သုံးခွင့်ရှိစေရမည်။

(ဂ) လွတ်လပ်စွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်ရှိစေရမည်။

(ဃ) နိုင်ငံရေးခိုလှုံခွင့် တောင်းခံပိုင်ခွင့်ရှိစေရမည်။

(င) ဤပုဒ်မပါလွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် ဒီမိုကရေစီအခြေခံမှုများ၊ ကျင့်စဉ်များကို ဆန့်ကျင်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားကို ထိခိုက်ပျက်ပြားစေနိုင်ခြင်းများ ဖြစ်ပေါ်လာပါက ကန့်သတ်ဟန့်တားသည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းနိုင်စေရမည်။

## ပုဒ်မ (၁၅) ကိုယ်ပိုင်လွတ်လပ်ခွင့် အခွင့်အရေး

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူ မည်သူမဆို -

(က) မိမိ၏နေအိမ်၊ မိသားစု စာပေးစာယူအပါအဝင် ကိုယ်ပိုင်လွတ်လပ်မှုတို့ကို ဥပဒေနှင့်အညီမဟုတ်သော နှောင့်ယှက်ခြင်း၊ မိမိ၏သိက္ခာနှင့် ဂုဏ်သတင်းကို ဥပဒေနှင့်အညီမဟုတ်သောနည်းဖြင့် ထိခိုက်ခြင်း မခံထိုက်စေရ။

(ခ) ဥပဒေနှင့်မညီသောနည်းဖြင့် လူပုဂ္ဂိုလ်ကို ရှာဖွေခံရခြင်း၊ နေအိမ်ဥပစာအတွင်း ဝင်ရောက်ရှာဖွေခံရခြင်းတို့နှင့် ၎င်းတို့ပိုင်ဆိုင်သည့်ပစ္စည်း သိမ်းယူခံရခြင်းမှ လုံခြုံမှု ခံစားပိုင်ခွင့်ရှိစေရမည်။

**ပုဒ်မ (၁၆) ကျား-မ တန်းတူအခွင့်အရေး**

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် မိသားစုအစရှိသည့်နယ်ပယ်အသီးသီး၌ ကျား-မ တန်းတူအခွင့်အရေး ရှိစေရမည်။

**ပုဒ်မ (၁၇) နိုင်ငံသားဖြစ်ခွင့် အခွင့်အရေး**

ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စုဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားအဖြစ် လျှောက်ထားပိုင်ခွင့်ရှိသည်။

**ပုဒ်မ (၁၈) ဖမ်းဆီးချုပ်နှောင်ခံရသူ၏အခွင့်အရေး**

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူမည်သူမျှ ပြစ်မှုကျူးလွန်သည် ဟု ထင်မြင်ယူဆနိုင်ဖွယ်ရာ ခိုင်လုံသောအကြောင်းမရှိဘဲ သံသယဖြင့် ချုပ်နှောင်ခံရခြင်း၊ ထောင်သွင်းအကျဉ်းချခံရခြင်း မရှိစေရ။

(ခ) ဖမ်းဆီးချုပ်နှောင်ခံရသူတိုင်းအပေါ် ဆက်ဆံရာတွင် လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံမှု ခံထိုက်စေရမည်။

(ဂ) ဖမ်းဆီးချုပ်နှောင်ခံရသူ မည်သူ့ကိုမဆို ဝရမ်းအရမဟုတ်လျှင် (၂၄) နာရီ ထက်ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မရှိစေရ။ (၂၄) နာရီထက်ကျော်လွန်၍ ချုပ်နှောင်ရန် လိုလောက်သောအကြောင်းရှိလျှင် အာဏာရှိသည့် သက်ဆိုင်ရာ တရားရုံးသို့ အစီရင်ခံတင်ပြပြီး တရားသူကြီးတဦးဦး၏ ချုပ်မိန့်ဖြင့်သာ တည်ဆဲ တရားဥပဒေများနှင့်အညီ ဆက်လက်ချုပ်နှောင်ပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၉) ပြစ်မှုဆိုင်ရာစွဲဆိုခြင်း**

(က) မည်သူမဆို ပြစ်မှုတခုခုနှင့် တရားစွဲဆိုခြင်းခံရပါက -

(၁) အဆိုပါပြစ်မှုနှင့်စွဲဆိုထားကြောင်းကို နှောင့်နှေးခြင်းမရှိ ကြားသိစေရမည်။

(၂) အမြန်ဆုံးအချိန်ကာလအတွင်း စစ်ဆေးကြားနာရမည်။

(၃) တရားစွဲဆိုခြင်းခံရသူ၏ ဆန္ဒနှင့်ဆန့်ကျင်၍ သက်သေထွက်ဆိုရန် အတင်း အကျပ် ပြုခြင်း မခံစေရ။

(၄) ဥပဒေနှင့်အညီ ရုံးချေပခွင့် အပြည့်အဝ ရှိစေရမည်။

(၅) တရားစွဲဆိုခြင်း ခံရသူ၏ကိုယ်စား ဥပဒေအကျိုးဆောင် ငှားရမ်းထုချေပိုင်ခွင့်ရှိစေရမည်။

(၆) တရားစွဲဆိုခြင်းခံရသူ နားလည်နိုင်သော ဘာသာစကားဖြင့် စစ်ဆေးကြားနာမှုကို ခံယူပိုင်ခွင့်ရှိစေရမည်။ ယင်းသို့ ဆောင်ရွက်ရန် အခက်အခဲရှိပါက စကားပြန်၏အကူအညီကို ရယူပိုင်ခွင့်ရှိစေရမည်။

(ခ) ကြားနာသော တရားခွင်အားလုံးသည် အများပြည်သူ တက်ရောက်နိုင်သော တရားစီရင်ရေး ဖြစ်ရမည်။

## ပုဒ်မ (၂၀) တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်

(က) ပြစ်မှုဖြစ်ပွားစဉ်အချိန်ကာလ၌ အတည်ဖြစ်နေသော တရားဥပဒေအရသာ စီရင်ရမည်။

(ခ) လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်များ မချမှတ်ရ။

(ဂ) တရားသေလွှတ်ခြင်း ခံရပြီးသူ မည်သူတဦးတယောက်ကိုမျှ အဆိုပါပြစ်မှု အတွက် ထပ်မံစစ်ဆေးစီရင်ခြင်း မပြုရ။

(ဃ) မည်သူမဆို ပြစ်မှုတခုအတွက် တကြိမ်ထက်ပို၍ ပြစ်ဒဏ်ချမှတ်ခြင်း မခံစေရ။

(င) မည်သည့်ဥပဒေမျှ နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်း မရှိစေရ။

## နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ

## ပုဒ်မ (၂၁) လွတ်လပ်စွာသွားလာခွင့်

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ပြည်ထောင်စုအတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိစေရမည်။

## ပုဒ်မ (၂၂) ပြည်ပသို့ ထွက်ခွာခွင့်၊ ပြန်လည်ဝင်ရောက်ခွင့်

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမှ ပြည်ပသို့ ထွက်ခွာခွင့်၊ ပြည်ပမှ ပြည်ထောင်စုသို့ ပြန်လည်ဝင်ရောက်ခွင့်ရှိစေရမည်။

## ပုဒ်မ (၂၃) လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာအခွင့်အရေး

(က) အရွယ်ရောက်ပြီးသူတိုင်းသည် လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ လက်ထပ်ပိုင်ခွင့် ရှိစေရမည်။

(ခ) လက်ထပ်ထိမ်းမြားခြင်းသည် မိမိ၏ဘာသာတရားနှင့် လူမျိုးသဏ္ဍာန်ရွေးချယ်မှု အခွင့်အရေးကို အလိုအလျောက် ပြောင်းလဲခြင်း မဖြစ်စေရ။ မိမိ၏ လွတ်လပ်သော ဆန္ဒသဘောထားအရသာလျှင် ဖြစ်စေရမည်။

## ပုဒ်မ (၂၄) နိုင်ငံရေးအခွင့်အရေး

အရွယ်ရောက်သူနိုင်ငံသားတိုင်းသည် -

(က) တိုက်ရိုက်သော်လည်းကောင်း၊ လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များမှ တဆင့်သော်လည်းကောင်း၊ နိုင်ငံရေးဆိုင်ရာကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်။

(ခ) လွတ်လပ်သောဆန္ဒဖော်ပြမှုကိုအာမခံသည့် လျှို့ဝှက်၊ တိုက်ရိုက်၊ လွတ်လပ်၍ တရားမျှတမှုရှိသော ပုံမှန်အထွေထွေ ရွေးကောက်ပွဲများတွင် သော်လည်းကောင်း၊ အခါအားလျော်စွာ ကျင်းပသော ရွေးကောက်ပွဲများတွင်သော်လည်းကောင်း ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိစေမည်။

## ပုဒ်မ (၂၅) အဖွဲ့အစည်းများတည်ထောင်ခွင့်

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေနှင့်အညီ လွတ်လပ်စွာအသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ခွင့်၊ သမဂ္ဂများထူထောင်ခွင့်နှင့် ပါဝင်ခွင့်ရှိစေရမည်။

(ခ) မည်သူမျှ အသင်းအဖွဲ့တခုခုသို့ဝင်ရောက်ရန် အတင်းအကျပ်ပြုမှုခြင်း မခံစေရ။

## စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးနှင့် တာဝန်များ

### ပုဒ်မ (၂၆) ပစ္စည်းပိုင်ဆိုင်ခွင့်

(က) နိုင်ငံသားတိုင်းသည် တရားသဖြင့် ရှာဖွေရရှိထားသော ပစ္စည်းဥစ္စာများ ပိုင်ဆိုင်ခွင့်၊ လွှဲပြောင်းခွင့်၊ ထုခွဲရောင်းချပိုင်ခွင့်၊ အမွေဆက်ခံပိုင်ခွင့် ရှိရမည်။

(ခ) နိုင်ငံသားတိုင်း၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို အများပြည်သူအကျိုးအတွက်သာလျှင် ဥပဒေနှင့်အညီ ရုပ်သိမ်းမှု ပြုလုပ်နိုင်စေရမည်။ ရုပ်သိမ်းခံရသူ၏ အကျိုးနှင့် အများပြည်သူတို့၏အကျိုးကို တရားမျှတစွာ ချိန်ဆ၍ ထိုက်တန်သော လျော်ကြေးပေးပြီးမှသာ သိမ်းယူခွင့်ရှိစေရမည်။

### ပုဒ်မ (၂၇) အလုပ်လုပ်ပိုင်ခွင့်

နိုင်ငံသားတိုင်းသည် ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ လိင်၊ အသားအရောင်၊ လူမျိုး၊ အသက်အရွယ် ခွဲခြားခြင်း မရှိစေရဘဲ အလုပ်ရွေးချယ်ပိုင်ခွင့်နှင့် အလုပ်လုပ်ပိုင်ခွင့် အခွင့်အရေး ရှိစေရမည်။

### ပုဒ်မ (၂၈) စီးပွားရှာဖွေခွင့်

(က) နိုင်ငံသားတိုင်းသည် မိမိ၏ အသက်မွေးဝမ်းကျောင်းအတွက် လွတ်လပ်စွာ စီးပွားရှာဖွေခွင့်နှင့် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများကို လွတ်လပ်စွာ တည်ထောင်ခွင့်ရှိသည်။

(ခ) အထက်အပိုဒ် (က)ပါ အခွင့်အရေးကို ကျင့်သုံးရာတွင် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးဆိုင်ရာမူဝါဒများ၊ စီမံကိန်းများ၊ နိုင်ငံတော်လုံခြုံရေး၊ ပြည်သူလူထု၏ အကျိုးစီးပွားနှင့် ကျန်းမာရေးတို့ကို ထိခိုက်မှု မရှိစေရ။

### ပုဒ်မ (၂၉) တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာမူပိုင်ခွင့်

နိုင်ငံသားတိုင်းသည် လွတ်လပ်စွာ တီထွင်ဖန်တီးပိုင်ခွင့်နှင့် နည်းပညာမူပိုင်ခွင့်တို့ကို ဥပဒေနှင့်အညီ ခံစားပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၃၀) မိရိုးဖလာအမွေအနှစ် ပိုင်ဆိုင်ခွင့်**

မိရိုးဖလာ သဘာဝအမွေအနှစ်များ၊ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းအစဉ်အလာအရ သီးသန့်ပိုင်ဆိုင်လာခဲ့သော နည်းပညာဆိုင်ရာ အမွေအနှစ်များကို သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းမှ အစဉ်အဆက် ထိန်းသိမ်းပိုင်ခွင့်၊ အသုံးပြုပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် လက်ဆင့်ကမ်းပိုင်ဆိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၃၁) အခြေချနေထိုင်ခွင့်**

နိုင်ငံသားတိုင်းသည် မိမိနေရင်းပြည်နယ်မှ အခြားပြည်နယ်တရပ်ရပ်သို့ အခြေချနေထိုင်ခြင်း၊ စီးပွားရှာဖွေခြင်းတို့သည် သက်ဆိုင်ရာပြည်နယ်၏ တရားဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသာလျှင် ဖြစ်စေရမည်။

**ပုဒ်မ (၃၂) ပညာသင်ကြားပိုင်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် -

(က) လွတ်လပ်စွာ ပညာသင်ကြားပိုင်ခွင့်ရှိသည်။

(ခ) မိမိနှစ်သက်ဝါသနာပါရာ အတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာ၊ အဆင့်မြင့်ပညာများကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် ရှိစေရမည်။

(ဂ) အခြေခံပညာရေးကို မသင်မနေရအဖြစ် အခမဲ့သင်ကြားခွင့် ရရှိစေရမည်။

**ပုဒ်မ (၃၃) ပညာသင်ကျောင်းများတည်ထောင်ခွင့်**

ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ သိပ္ပံနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဆင့်မြင့်ပညာသင်ကျောင်းများကို သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေနှင့် အညီ တည်ထောင်ပိုင်ခွင့်ကို အာမခံရမည်။

**ပုဒ်မ (၃၄) ကျန်းမာရေးဆိုင်ရာအခွင့်အရေး**

(က) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် အခြေခံကျန်းမာရေးအဆင့်တွင် ကာကွယ်စောင့်ရှောက်မှုနှင့် ကုသမှုကို အခမဲ့ရယူခံစားပိုင်ခွင့်ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားများ၏ ကျန်းမာရေးဆိုင်ရာကာကွယ်စောင့်

ရှောက်မှု၊ အသက်နှင့် ထိခိုက်ဒဏ်ရာရမှုအတွက် အာမခံထားရှိမှုနှင့် လူမှုဖူလုံရေးအတွက် စီမံထားရှိမှုတို့ကို ဖက်ဒရယ်အစိုးရက တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိ၏မျိုးပွားခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ခံပိုင်ခွင့်ရှိစေရမည်။

(ဃ) ပုဒ်မ (၃၄) (ဂ) ပါ မျိုးပွားခြင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့်ဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၃၅) ယဉ်ကျေးမှုအခွင့်အရေးများ**

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိတို့၏တိုင်းရင်းသားယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ အစဉ်အလာများကို တိုးတက်ပြန့်ပွားအောင် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၃၆) တိုင်းရင်းသားဘာသာစကား**

ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် မိမိတို့လူမျိုး၏ ဘာသာစကားနှင့် စာပေတို့ကို လွတ်လပ်စွာပြောဆိုပိုင်ခွင့်၊ သင်ကြားပိုင်ခွင့် ရှိစေရမည်။ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ပိုင်ခွင့် ရှိစေရမည်။

## အထူးစီမံဆောင်ရွက်မှုဆိုင်ရာအခွင့်အရေးများ

**ပုဒ်မ (၃၇) ကျား-မ တန်းတူညီမျှမှု အခွင့်အရေးအတွက်စီမံမှု**

ကျား-မ တန်းတူညီမျှမှု အခွင့်အရေးကို ဖော်ဆောင်နိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု၏ အဆင့်ဆင့်သောဥပဒေပြုရေးကဏ္ဍတွင် အနည်းဆုံးအမျိုးသမီး (၃၀) ရာခိုင်နှုန်း ပါဝင်စေရန် စီမံဆောင်ရွက်ရမည်။

**ပုဒ်မ (၃၈) ကလေးများအခွင့်အရေး**

(က) ကလေးငယ်တိုင်းသည် အရွယ်မရောက်သေးသူအဖြစ် ကာကွယ်စောင့်ရှောက်မှုကို ရရှိခံစားပိုင်ခွင့်ရှိသည်။ ကလေးငယ်တိုင်းသည် အမျိုးသားထုတရပ်လုံး၏ ဖေးမကူညီမှုကို ခံစားပိုင်ခွင့်ရှိစေရမည်။

(ခ) ကလေးများအား မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့၏ ဆန္ဒမပါဘဲ ၎င်းတို့၏ မိသားစုထံမှ ကွဲကွာအောင် မပြုလုပ်ရ။ ကလေးတို့ကို ပြုစုစောင့်ရှောက်ခြင်းနှင့် သွန်သင်ပြုပြင်ခြင်းတို့သည် မိဘတို့၏ သဘာဝအခွင့်အရေးဖြစ်သည်။ အကယ်၍ မိဘ (သို့မဟုတ်) အုပ်ထိန်းသူတို့က ဝတ္တရားပျက်ကွက်လျှင် သော်လည်းကောင်း၊ တနည်းနည်းကြောင့် ကလေးများ ခိုကိုးရာမဲ့ဘဝသို့ ရောက်ရှိမည့်အခြေအနေမျိုးတွင်သော်လည်းကောင်း၊ ကလေးများအား မိသားစုနှင့် ကွဲကွာစေခြင်းကို ဥပဒေအတိုင်း ဆောင်ရွက်ရမည်။

(ဂ) ကလေးများကို စီးပွားရေးနှင့် လူမှုရေးအရ ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ် စောင့်ရှောက်မှုပြုရမည်။ ၎င်းတို့၏ ကိုယ်ကျင့်တရား၊ ကျန်းမာရေး၊ အသက် အန္တရာယ်၊ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု၊ တခုခုကို ထိခိုက်စေသော အလုပ်လုပ်ကိုင်စေခြင်းများမှ ကာကွယ်စောင့်ရှောက်ရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ကလေးများအခွင့်အရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၃၉) အလုပ်သမားအခွင့်အရေး**

(က) အလုပ်လုပ်သူတိုင်း လူ့ဂုဏ်သိက္ခာနှင့်အညီ ရှင်သန်ရပ်တည်နိုင်ရေးအတွက်-

(၁) သင့်တင့်လျောက်ပတ်သော လုပ်ငန်းခွင့်အခြေအနေများရရှိခွင့်

(၂) လူမှုဖူလုံရေးခံစားခွင့်

(၃) မျှတသောအလုပ်ချိန်သတ်မှတ်ချက်နှင့်အညီ အလုပ်လုပ်ခွင့်

(၄) အားလပ်ရပ်နှင့် ခွင့်ရက်များခံစားခွင့်

(၅) အလုပ်သမားသမဂ္ဂများ လွတ်လပ်စွာ တည်ထောင်ဖွဲ့စည်းခွင့်နှင့် စည်းရုံးခွင့်များ ရရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၄၀) လယ်သမားအခွင့်အရေး**

လယ်သမားတိုင်းသည် -

(၁) သီးနှံများကို လွတ်လပ်စွာစိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ ထုတ်လုပ်ခွင့်၊

(၂) အခွန်ဟူသမျှ ငွေကြေးဖြင့် ပေးဆောင်ခွင့်၊

(၃) လယ်သမားသမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းခွင့် ရှိစေရမည်။

**ပုဒ်မ (၄၀) တန်းတူအခွင့်အရေးဖော်ဆောင်ခြင်း**

ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသော တိုင်းရင်းသားလူမျိုးစုများအတွက်ဖြစ်စေ၊ စွမ်းဆောင်နိုင်မှုအခြေအနေနိမ့်ပါးလျက်ရှိသော နိုင်ငံသားအစုအဖွဲ့များအတွက်ဖြစ်စေ၊ ထုံးတမ်းစဉ်လာများအရ နှိမ့်ချဖယ်ကြဉ်ခြင်းခံထားရသော နိုင်ငံသားအစုအဖွဲ့များအတွက်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အထူးစီမံ ဆောင်ရွက်ချက်များဖြင့် အကာအကွယ်ပေးခြင်း၊ စီမံဆောင်ရွက်ခြင်းတို့သည် နိုင်ငံသားတိုင်း တန်းတူအခွင့်အရေးရရှိစေရမည်ဟူသော ပြဋ္ဌာန်းချက်ကြောင့် အဟန့်အတား မဖြစ်စေရ။

**အထွေထွေအခြေခံမူများ**

**ပုဒ်မ (၄၂) သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေး**

(က) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကြောင့် ကြုံတွေ့ခံစားရမည့် အတိဒုက္ခများမှ ကင်းလွတ်စေရမည့်အပြင် သဘာဝတရားနှင့်ကိုက်ညီ၍ ကျန်းမာရေးနှင့်ညီညွတ်သည့် သဘာဝပတ်ဝန်းကျင်ကိုရရှိရန် အခွင့်အရေးရှိသည်။

(ခ) လူနည်းစုဌာနေတိုင်းရင်းသားတို့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခွင့်နှင့် ၎င်းတို့အခြေချနေထိုင်ရာဒေသအတွင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ဖြစ်စေနိုင်သည့် သဘာဝသယံဇာတများ အလွန်အကျွံ ထုတ်ယူ

သုံးစွဲခြင်းအပေါ် ကန့်သတ်ထိန်းချုပ်ခွင့်ရှိခြင်းကို ဖက်ဒရယ်ပြည်ထောင်စု အစိုးရသည် အသိအမှတ်ပြုရမည်။

**ပုဒ်မ (၄၃) လူ့အခွင့်အရေးကော်မရှင်ထံတိုင်ကြားခွင့်**

လူ့အခွင့်အရေးဖောက်ဖျက်ခံရသူ မည်သူမဆို ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်စောင့်ရှောက်မှုကို ရယူခွင့်ရှိစေရန်အတွက် လူ့အခွင့်အရေးကော်မရှင်ထံသို့ တိုင်ကြား ခွင့်ရှိစေရမည်။

**ပုဒ်မ (၄၄) အခြေခံဥပဒေ၏အကာအကွယ်ရယူခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုအတွင်း နေထိုင်သူတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အကာအကွယ်ကိုရယူရန် လိုအပ်သောအခါ၌ ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားပိုင်ခွင့် ရှိစေရမည်။

(ခ) ဤအခွင့်အရေးကို မည်သည့်အခြေအနေတွင်မှ ရပ်ဆိုင်းထားခြင်း မရှိစေရ။

**ပုဒ်မ (၄၅) ဖက်ဒရယ်ပြည်ထောင်စု၏ အကာအကွယ်ရယူခြင်း**

နိုင်ငံသားတိုင်းသည် ဖက်ဒရယ်ပြည်ထောင်စု အတွင်း၌ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုပြင်ပ၌ဖြစ်စေ ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းဆိုပိုင်ခွင့်ရှိစေရမည်။

**ပုဒ်မ (၄၆) အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများအား တိုက်ရိုက်ကိုးကား ကျင့်သုံးခွင့်**

ဖက်ဒရယ်ပြည်ထောင်စုက အတည်ပြုသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းများကို တရားရုံးများက တိုက်ရိုက်ကိုးကားကျင့်သုံးပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၄၇) တာဝန်များ**

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတိုင်းသည် -

(က) ဖက်ဒရယ်ပြည်ထောင်စုကို ကာကွယ်ရန် တာဝန်ရှိသည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရန်နှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။

## အခန်း (၃)

## ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ

**ပုဒ်မ (၄၈) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ အဖွဲ့ဝင်ပြည်နယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး အပြည့်အဝရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုကို အမျိုးသားပြည်နယ်များ၊ အမျိုးသားများပြည်နယ် များနှင့် ဖက်ဒရယ်ပြည်ထောင်စုနယ်မြေများဖြင့် ဖွဲ့စည်းစေရမည်။

**ပုဒ်မ (၄၉) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များနှင့် ဖက်ဒရယ်ပြည်ထောင်စုနယ်မြေများ**

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ -

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် အမျိုးသားပြည်နယ်နှင့် အမျိုးသားများပြည်နယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကချင်အမျိုးသားပြည်နယ်

(၂) ကရင်အမျိုးသားပြည်နယ်

(၃) ကရင်နီအမျိုးသားပြည်နယ်

(၄) ချင်းအမျိုးသားပြည်နယ်

(၅) ဗမာအမျိုးသားပြည်နယ်

(၆) မွန်အမျိုးသားပြည်နယ်

(၇) တနင်္သာရီအမျိုးသားများပြည်နယ်

(၈) ရခိုင်အမျိုးသားများပြည်နယ်

(၉) ရှမ်းအမျိုးသားပြည်နယ်

(၁၀) ဧရာဝတီအမျိုးသားများပြည်နယ်

(၁၁) --------------

(၁၂) --------------

(ခ) ဖက်ဒရယ်ပြည်ထောင်စုနယ်မြေများ -

ဖက်ဒရယ်ပြည်ထောင်စုနယ်မြေများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဖက်ဒရယ်ပြည်ထောင်စုမြို့တော်

(၂) ------------------

**ပုဒ်မ (၅၀) ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များ၏ အခြေခံဥပဒေ**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ သက်ဆိုင်ရာ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများကို လွတ်လပ်စွာရေးဆွဲ ပြဋ္ဌာန်းခွင့် ရှိစေရမည်။

**ပုဒ်မ (၅၁) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏အခွင့်အာဏာ**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၅၂) ကျန်ရှိနေသောအာဏာများကျင့်သုံးခွင့်**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသို့ အပ်နှင်းထားသည့် အာဏာများနှင့် ဤဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပိတ်ပင်တားမြစ်ထားသော အာဏာများမှအပ ကျန်ရှိသော အာဏာများကို ကျင့်သုံးပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၅၃) လူနည်းစုတိုင်းရင်းသားအခွင့်အရေး**

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်းရှိ လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်းပေးရမည်။

(ခ) လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ရန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် အမျိုးသားနယ်မြေများကို လိုအပ်လျှင်လိုအပ်သလို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

(ဂ) အမျိုးသားပြည်နယ်အဆင့် မရရှိသေးသော တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ၎င်းတို့နေထိုင်ရာ ပြည်နယ်တခုအတွင်း၌ဖြစ်စေ၊ ပြည်နယ်များအတွင်း၌ဖြစ်စေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (သို့တည်းမဟုတ်) အမျိုးသားနယ်မြေအဖြစ် သတ်မှတ်ပေးရန် တောင်းဆိုပိုင်ခွင့် ရှိစေရမည်။

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို သတ်မှတ်ပေးရန်အတွက် သက်ဆိုင်ရာပြည်နယ်တွင်းနေထိုင်သူ ပြည်နယ်သားဦးရေ ငါးသောင်းက လက်မှတ်ရေးထိုး၍ တောင်းဆိုလာလျှင်ဖြစ်စေ၊ အမျိုးသားနယ်မြေများ သတ်မှတ်ပေးရန်အတွက် သက်ဆိုင်ရာနယ်မြေအတွင်းနေထိုင်သူ နိုင်ငံသားငါးထောင်က လက်မှတ်ရေးထိုး၍ တောင်းဆိုလာလျှင်ဖြစ်စေ၊ သက်ဆိုင်ရာပြည်နယ်လွှတ်တော်က အများစုဆန္ဒမဲဖြင့် အဆုံးအဖြတ်ပြုရမည်။

**ပုဒ်မ (၅၄) ပြည်နယ်တပ်ဖွဲ့များ**

(က) ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များသည် သက်ဆိုင်ရာပြည်နယ်လူဦးရေ၏ (၀.၂) ရာခိုင်နှုန်းအင်အားထက်မပိုသော ပြည်နယ်ရဲတပ်ဖွဲ့ကို ဖွဲ့စည်းခွင့်ရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် သက်ဆိုင်ရာ ပြည်နယ်လူဦးရေ၏ (၀.၁) ရာခိုင်နှုန်းအင်အားထက်မပိုသော ပြည်နယ်လုံခြုံရေးတပ်ဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

(ဂ) အထက်ဖော်ပြပါ ပုဒ်မခွဲ (က) နှင့် (ခ) အရ ပြည်နယ်ရဲတပ်ဖွဲ့နှင့် ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များ၏ အင်အားသတ်မှတ်ချက်အား ထူးခြားသောအခြေအနေအရ တိုးချဲ့သတ်မှတ်ပေးရန် လိုအပ်ပါက ပြည်နယ်တခုခုသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တောင်းခံနိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၅၅) ပြည်နယ်သစ်များဖွဲ့စည်းပိုင်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တခုအတွင်းရှိ တဆက်တစပ်တည်းရှိသော ဒေသများကို အခြေခံ၍သော်လည်းကောင်း၊ ပြည်နယ်နှစ်ခု (သို့မဟုတ်) နှစ်ခုထက် ပိုသည့် ပြည်နယ်များအတွင်းရှိ တဆက်တစပ်တည်းရှိသောဒေသများကို ပေါင်းစပ်၍ သော်လည်းကောင်း ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်သစ်များကို ဖွဲ့စည်းနိုင်သည်။

**ပုဒ်မ (၅၆) ပြည်နယ်သစ်များဖွဲ့စည်းရေးဆိုင်ရာပြဋ္ဌာန်းချက်**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်သစ်များကို ဖွဲ့စည်းသောအခါ အောက်ပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရမည်။

(က) တိုင်းရင်းသားလူမျိုးတမျိုးမျိုးသည် မိမိတို့၏ ကိုယ်ပိုင်ထင်ရှားချက်ဖြစ်သော ပထဝီဒေသနှင့် သမိုင်းကြောင်းအရ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် သီးခြားပြည်နယ်တခုအဖြစ် နေထိုင်လိုသောဆန္ဒရှိကြောင်း၊ ပြည်နယ်သစ်ဖွဲ့စည်းလိုသော တိုင်းရင်း သားလူမျိုးစုများ နေထိုင်ရာဒေသအတွင်းရှိပြည်သူလူထု၏ (၃၀) ရာခိုင်နှုန်း ထောက်ခံမှုဖြင့် သက်ဆိုင်ရာပြည်နယ်လွှတ်တော် (သို့မဟုတ်) ပြည်နယ်များ၏ လွှတ်တော်များထံသို့ ပြည်နယ်သစ်ဖွဲ့စည်းရေးအဆိုကို တင်သွင်းရမည်။

(ခ) ထိုပြည်နယ်သစ် ဖွဲ့စည်းရေးအဆိုကို သက်ဆိုင်ရာပြည်နယ်လွှတ်တော် (သို့ မဟုတ်) ပြည်နယ်လွှတ်တော်များ၏ ထက်ဝက်ကျော် ထောက်ခံမှုဖြင့် အမျိုးသားလွှတ်တော်သို့ ပြည်နယ်သစ် ဖွဲ့စည်းရေးအဆိုကို တင်သွင်းရမည်။

(ဂ) အမျိုးသားလွှတ်တော်သည် ပုဒ်မ (၅၆) ပုဒ်မခွဲ (ခ) အရ တင်ပြလာသော အဆိုအပေါ်တွင် အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် (သို့မဟုတ်) ပြည်နယ် လွှတ်တော်များ၏ ကိုယ်စားလှယ်များပါဝင်သော ပြည်နယ်သစ် ဖွဲ့စည်းရေးဆိုင်ရာ စုံစမ်းရေးကော်မရှင်တရပ်ကို ဖွဲ့စည်းစေရမည်။

(ဃ) ပြည်နယ်သစ်ဖွဲ့စည်းရေးဆိုင်ရာ စုံစမ်းရေးကော်မရှင်၏ တင်ပြချက်နှင့်အညီ ပြည်နယ်သစ်ဖွဲ့စည်းရန် အဆိုပြုထားသော တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသအတွင်းရှိ ပြည်သူလူထု၏ ဆန္ဒခံယူပွဲကို ကျင်းပပေးရမည်။

(င) ဆန္ဒခံယူပွဲတွင် ပြည်နယ်သစ်ဖွဲ့စည်းလိုသော တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသအတွင်းရှိ ပြည်သူလူထု၏ (၆၀) ရာခိုင်နှုန်းကျော်သော ထောက်ခံဆန္ဒမဲကိုရရှိပါ

က ပြည်နယ်သစ်ဖွဲ့စည်းခြင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ အတည်ဖြစ်စေရမည်။

(စ) ပုဒ်မ (၅၆) ပုဒ်မခွဲ (င) နှင့်အညီ ပြည်နယ်သစ်ဖွဲ့စည်းရေးဆိုင်ရာအတည်ပြုချက်ကို ရရှိပြီးပါက အမျိုးသားလွှတ်တော်သည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်သွင်း၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေအဖြစ် လိုအပ်သလို ပြဋ္ဌာန်းပေးရမည်။

(ဆ) နိုင်ငံတော်သမ္မတသည် အဆိုပါဥပဒေကို လက်မှတ်ရေးထိုး၍ ထုတ်ပြန်ပေးရမည်။

(ဇ) အဆိုပါဥပဒေကို သက်ဆိုင်ရာပြည်နယ် (သို့မဟုတ်) ပြည်နယ်များက လိုအပ်သလို ဆက်လက်အကောင်အထည်ဖော်ရန် သက်ဆိုင်ရာပြည်နယ်ဥပဒေပြု လွှတ်တော်အသီးသီးသို့ ပေးပို့ရမည်။

**ပုဒ်မ (၅၇) ပြည်နယ်သစ်များဆိုင်ရာဥပဒေပြုခြင်း**

အထက်ပုဒ်မ (၅၅) နှင့် (၅၆) တို့တွင်ပြဋ္ဌာန်းထားသည့် ပြည်နယ်သစ်များ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၅၈) ဖက်ဒရယ်ပြည်ထောင်စု နယ်မြေသတ်မှတ်ချက်ဆိုင်ရာဥပဒေပြုခြင်း**

အထက်ပုဒ်မ (၄၉) (ခ) တွင်ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုနယ်မြေ သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၅၉) ပြည်နယ်များကျင့်သုံးပိုင်ခွင့်မရှိသောအာဏာများ**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် နိုင်ငံခြားတိုင်းတပါးနှင့် စစ်ရေးမဟာမိတ်ပြုခြင်း၊ စစ်ဖက်ဆိုင်ရာ စာချုပ်ချုပ်ဆိုခြင်း၊ မိမိပြည်နယ်အတွင်း သီးခြားသုံး စွဲရန် ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ခြင်းအာဏာတို့ကို ကျင့်သုံးပိုင်ခွင့် မရှိစေရ။

## အခန်း (၄)

## ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်

(က) အမျိုးသားလွှတ်တော်

(ခ) ပြည်သူ့လွှတ်တော်

**ပုဒ်မ (၆၀) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းမှု**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကို အမျိုးသားလွှတ်တော် (Chamber of Nationalities) နှင့် ပြည်သူ့လွှတ်တော် (Chamber of People's Representatives) တို့ဖြင့် ဖွဲ့စည်းသည်။

**ပုဒ်မ (၆၁) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏အာဏာ**

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့်ဥပဒေပြုအာဏာအားလုံးသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်တွင် တည်ရှိသည်။

**ပုဒ်မ (၆၂) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး**

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးကို တနှစ်လျှင် အနည်းဆုံး တကြိမ် ကျင်းပရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ ပုံမှန်အစည်းအဝေးကို ခေါ်ယူကျင်းပရန် အနည်းဆုံးရက်ပေါင်း (၆၀) ကြိုတင်၍ ကြေညာရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ခေါ်ယူပေးရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတိုင်းတွင် ဖက်ဒရယ်ပြည်ထောင်စုတဝှန်းလုံးဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်း၍ မိန့်ခွန်းမြွက်ကြားရမည်။

**ပုဒ်မ (၆၃) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးနှင့် အရေးပေါ် အစည်းအဝေးများ**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများကို -

(က) အောက်ပါကိစ္စရပ်များအတွက် ခေါ်ယူခွင့်ရှိစေရမည်။

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကို အတည်ပြုခြင်း၊

(၂) နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာချက်အား အတည်ပြုခြင်း၊ သို့တည်းမဟုတ်၊ ပယ်ဖျက်ခြင်း။

(၃) ပြည်ပနိုင်ငံတခုအပေါ် စစ်ကြေညာခြင်း၊ စစ်ရပ်စဲခြင်းတို့ကို အတည်ပြုခြင်း၊ သို့တည်းမဟုတ်၊ ပယ်ဖျက်ခြင်း။

(၄) ဖက်ဒရယ်ပြည်ထောင်စုသမ္မတကို အတည်ပြုခန့်အပ်ခြင်း၊ ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်ခြင်း။

(ခ) အမျိုးသားလွှတ်တော် (သို့မဟုတ်) ပြည်သူ့လွှတ်တော်တရပ်ရပ်၏ အများစုဆန္ဒမဲဖြင့် တောင်းဆိုလျှင်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်က တောင်းဆိုလျှင်ဖြစ်စေ သမ္မတက ဆင့်ခေါ်ပေးရမည်။

(ဂ) အစည်းအဝေးမကျင်းပမီ အနည်းဆုံး (၇) ရက် ကြိုတင်၍ ကြေညာရမည်။

**ပုဒ်မ (၆၄) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများအထမြောက်ခြင်း**

အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ်ထက်ဝက်ကျော်နှင့် ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ်ထက်ဝက်ကျော် တက်ရောက်မှသာလျှင် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်အစည်းအဝေး အထမြောက်စေရမည်။

**ပုဒ်မ (၆၅) ဆန္ဒမဲရယူခြင်း**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ၌ ဆုံးဖြတ်ချက်ရယူရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ တက်ရောက်လာကြသော လွှတ်တော်တရပ်ချင်းစီမှ ကိုယ်စားလှယ်များ၏ အများစုဆန္ဒမဲ ရရှိစေရမည်။

**ပုဒ်မ (၆၆) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ သဘာပတိ**

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏အစည်းအဝေးများတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တဦးဦးသည် အလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်ရမည်။ လွှတ်တော်ဥက္ကဋ္ဌ တဦးဦးဆိုသည့်စကားရပ်တွင် ဒုတိယဥက္ကဋ္ဌ လည်း အကြုံးဝင်သည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် သဘာပတိသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စည်းကမ်းလိုက်နာမှုကို ထိန်းသိမ်းကြီးကြပ်ခွင့်အာဏာ ရှိစေရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရန် လိုအပ်သောကိစ္စရပ်များ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ မဲအရေအတွက် တူညီနေသောအခါ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် သဘာပတိသည် အဆုံးအဖြတ်မဲကို ပေးနိုင်ခွင့်ရှိ၍ အနိုင်မဲကိုပေးရမည်။

**ပုဒ်မ (၆၇) လွှတ်တော်နှစ်ရပ်စလုံးတွင် တပြိုင်နက်တည်းကိုယ်စားလှယ်ဖြစ်ခွင့် မရှိခြင်း**

လွှတ်တော်ကိုယ်စားလှယ်တဦးသည် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်စလုံးတွင် တပြိုင်နက်တည်း ကိုယ်စားလှယ်မဖြစ်စေရ။

**ပုဒ်မ (၆၈) ကင်းလွတ်ခွင့်အခွင့်အရေး**

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အစည်းအဝေးတရပ်ရပ်တွင် မဲပေးခြင်း၊ ပြောဆိုဆွေးနွေးခြင်း၊ ရေးသားဖြန့်ဝေခြင်း စသည်တို့နှင့်စပ်လျဉ်း၍ မည်သည့်လွှတ်တော် ကိုယ်စားလှယ်ကိုမျှ စစ်ဆေးမေးမြန်းခြင်း၊ အရေးယူခြင်း၊ တရားစွဲဆိုခြင်းမပြုရ။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပနေစဉ်အတောအတွင်း မည်သည့်လွှတ်တော်ကိုယ်စားလှယ်ကိုမျှ ပြစ်မှုကျူးလွန်နေစဉ်တွင် ဖမ်းဆီးအရေးယူခြင်း

မှလွှဲ၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရှိဘဲ ပြစ်မှုတစုံတရာ အတွက် ဖမ်းဆီးခြင်း၊ အရေးယူအပြစ်ပေးခြင်း မရှိစေရ။

**ပုဒ်မ (၆၉) ထောက်ပံ့ကြေး**

ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များသည် သင့်တင့်လျောက်ပတ်သည့် ငွေကြေးနှင့်ခံစားခွင့်ကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေဖြင့်သတ်မှတ်ပြဋ္ဌာန်း ပေးသည့်အတိုင်း ခံစားပိုင်ခွင့်ရှိစေရမည်။ ထောက်ပံ့ကြေးတိုးမြှင့်ကြောင်း ဆုံးဖြတ်ချက်သည် နောင်လာမည့် လွှတ်တော်သက်တမ်းအသစ်၌သာ စတင်၍အကျိုးသက်ရောက်စေရမည်။

**ပုဒ်မ (၇၀) နိုင်ငံတကာသဘောတူညီချက်များ၊ စာချုပ်များ**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် ဖက်ဒရယ်ပြည်ထောင်စုအစိုးရက လက်မှတ် ရေးထိုးခဲ့ပြီးသော နိုင်ငံတကာသဘောတူညီချက်များ၊ စာချုပ်များကို အတည်ပြုခြင်း (သို့ တည်းမဟုတ်) ပယ်ချခြင်း ပြုလုပ်ရမည်။

**ပုဒ်မ (၇၁) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းရမည်။

## အမျိုးသားလွှတ်တော်

**ပုဒ်မ (၇၂) အမျိုးသားလွှတ်တော်ကို ဖွဲ့စည်းခြင်း**

(က) အမျိုးသားလွှတ်တော်ကို ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက အရေအတွက် တူညီစွာစေလွှတ်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) အမျိုးသားလွှတ်တော်သို့ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးက ကိုယ်စားလှယ် (၆) ဦးကျစီ စေလွှတ်ရမည်။

**ပုဒ်မ (၇၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ခြင်း**

(က) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒပေးပိုင်ခွင့်ရှိသော ပြည်သူလူထုက လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲများတွင် တိုက်ရိုက်လျှို့ဝှက် မဲပေးခြင်းအားဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ခ) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် နိုင်ငံသားတိုင်းသည် -

(၁) ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်တွင် အနည်းဆုံးအသက် (၂၅) နှစ်ပြည့်ပြီးဖြစ်ရမည်။

(၂) နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရခြင်း အနည်းဆုံး (၁၀) နှစ် ရှိရမည်။

(၃) ကိုယ်စားလှယ်ပြုရွေးချယ်ခံမည့် ပြည်နယ်တွင် အခြေချနေထိုင်သူ ဖြစ်ရမည်။

(၄) နိုင်ငံနှစ်ခု (သို့မဟုတ်) နိုင်ငံနှစ်ခုထက်ပိုသော နိုင်ငံသား မဖြစ်စေရ။

(ဂ) ပြည်နယ်အသီးသီးသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ရန်အတွက်နေရာနှင့် ကျင်းပရန် နည်းလမ်းများကို သက်ဆိုင်ရာပြည်နယ် ဥပဒေပြုလွှတ်တော်၌ ဥပဒေပြုပြဋ္ဌာန်းရမည်။

**ပုဒ်မ (၇၄) အမျိုးသားလွှတ်တော်၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထဲမှ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ပြည်နယ်တခုတည်းမှ ကိုယ်စားလှယ်များ မဖြစ်စေရ။

**ပုဒ်မ (၇၅) ကိုယ်စားလှယ်များ၏သက်တမ်း**

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏သက်တမ်းကို (၄) နှစ် သတ်မှတ်သည်။ ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကို (၂) နှစ်တကြိမ် ရွေးချယ်တင်မြှောက်၍ လဲလှယ်သွားရမည်။

**ပုဒ်မ (၇၆) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး**

(က) ရွေးကောက်ပွဲကျင်းပပြီးနောက် ရက်ပေါင်း (၆၀) အတွင်း ပထမအကြိမ်အမျိုးသားလွှတ်တော်အစည်းအဝေးကို ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ခေါ်ယူကျင်းပပေးရမည်။

(ခ) အမျိုးသားလွှတ်တော်၏ ပုံမှန်အစည်းအဝေးကို အနည်းဆုံး တနှစ်လျှင်တကြိမ် ကျင်းပရမည်။

(ဂ) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူပေးရမည်။

(ဃ) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကိုကျင်းပရန်အတွက် အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်၍ ကြေညာရမည်။

**ပုဒ်မ (၇၇) အမျိုးသားလွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ်အစည်းအဝေး**

(က) အနည်းဆုံး ပြည်နယ်နှစ်ခုမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အားလုံးကသော်လည်းကောင်း၊ အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ် လေးပုံတပုံကသော်လည်းကောင်း တောင်းဆိုလာပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ် အစည်းအဝေးများကို ခေါ်ယူကျင်းပပေးရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်မှ တင်ပြတောင်းဆိုလာလျှင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ဂ) အမျိုးသားလွှတ်တော်အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရန်အတွက် အနည်းဆုံး (၁၅) ရက်ကြိုတင် အကြောင်းကြားရမည်။

**ပုဒ်မ (၇၈) အစည်းအဝေးအထမြောက်ခြင်းနှင့် မဲပေးခြင်း**

(က) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်လျှင် အမျိုးသားလွှတ်တော်အစည်းအဝေးကို ကျင်းပနိုင်သည်။

(ခ) သို့ရာတွင် မဲခွဲဆုံးဖြတ်ရန်အတွက်ဖြစ်ပါက အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ်ဦးရေသုံးပုံနှစ်ပုံ တက်ရောက်မှသာ အစည်းအဝေးအထမြောက်စေရမည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် သုံးပုံနှစ်ပုံ တက်ရောက်သောအစည်းအဝေးတွင် အများစုဆန္ဒမဲကိုရယူ၍ ဆုံးဖြတ်ချက်များချမှတ်နိုင်သည်။ သို့ရာတွင် မဲအရေအတွက် တူညီနေသောအခါ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲကို ပေးနိုင်ခွင့်ရှိ၍ အနိုင်မဲကိုပေးရမည်။

**ပုဒ်မ (၇၉) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အခွင့်အာဏာ**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် အမျိုးသားလွှတ်တော်အစည်းအဝေးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စည်းကမ်းလိုက်နာမှုကို ထိန်းသိမ်းကြီးကြပ်ခွင့် အာဏာရှိစေရမည်။ အမျိုးသားလွှတ်တော်၏ ဥပစာအတွင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရှိပဲ မည်သူမျှ ဝင်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းပြုပိုင်ခွင့် မရှိစေရ။

**ပုဒ်မ (၈၀) အမျိုးသားလွှတ်တော်၏ ရေးရာကော်မတီများ ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်တွင် နိုင်ငံခြားရေးရာကော်မတီ၊ ကာကွယ်ရေးဆိုင်ရာရေးရာကော်မတီ၊ ဘဏ္ဍာရေးရာကော်မတီနှင့် ကူးသန်းရောင်းဝယ်ရေးရာကော်မတီများ အပါအဝင် လိုအပ်သောရေးရာကော်မတီများကို အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ခွင့်ရှိသည်။

**ပုဒ်မ (၈၁) အမျိုးသားလွှတ်တော်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ**

အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းရမည်။

## ပြည်သူ့လွှတ်တော်

**ပုဒ်မ (၈၂) ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်ကို လူဦးရေအပေါ်တွင် အခြေခံသော ရွေးကောက်ပွဲများတွင် နိုင်ငံသားများက ရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

**ပုဒ်မ (၈၃) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ခြင်း**

(က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မဲဆန္ဒပေးပိုင်ခွင့်ရှိသော ပြည်သူလူထုက လွတ်လပ်၍ တရားမျှတသည့် အထွေထွေရွေးကောက်ပွဲများတွင် တိုက်ရိုက် လျှို့ဝှက်မဲပေးခြင်းအားဖြင့် ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ အရေအတွက်နှင့် မဲဆန္ဒနယ်မြေများသည် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြု သတ်မှတ်ပြဋ္ဌာန်းပေးသည့်အတိုင်း ဖြစ်စေရမည်။

**ပုဒ်မ (၈၄) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အရည်အချင်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံမည့်နိုင်ငံသားတိုင်းသည် -

(က) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် (၂၅) နှစ်ပြည့်ပြီးသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားဖြစ်ရမည်။

(ခ) ဥပဒေအရ နိုင်ငံသားဖြစ်လာသူဖြစ်လျှင် နိုင်ငံသားဖြစ်ပြီးနောက် ဖက်ဒရယ်ပြည်ထောင်စုအတွင်း အနည်းဆုံး (၁၀) နှစ်ဆက်တိုက်နေထိုင်ခဲ့သူ ဖြစ်ရမည်။

(ဂ) နိုင်ငံနှစ်ခု (သို့မဟုတ်) နိုင်ငံနှစ်ခုထက်ပိုသော နိုင်ငံသား မဖြစ်စေရ။

**ပုဒ်မ (၈၅) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

**ပုဒ်မ (၈၆) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သက်တမ်း**

(က) ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းသည် (၄) နှစ်ဖြစ်သည်။ ပြည်သူ့လွှတ်တော်၏သက်တမ်းကို သက်ဆိုင်ရာပြည်သူ့လွှတ်တော်၏ ပထမအကြိမ်အစည်းအဝေး ကျင်းပသည့်နေ့မှစ၍ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီ ဖြစ်စေရမည်။

**ပုဒ်မ (၈၇) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း**

ပြည်သူ့လွှတ်တော်တခု၏ ပုံမှန်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း (၆၀) အလို တွင် နောက်သက်တမ်းအသစ်အတွက် ပြည်သူ့လွှတ်တော်အထွေထွေရွေးကောက်ပွဲ ကျင်းပ ရမည်။

**ပုဒ်မ (၈၈) ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး**

(က) အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ရက်ပေါင်း (၆၀) အတွင်း ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးကို ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ခေါ်ယူပေး ရမည်။

(ခ) ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို အနည်းဆုံး တနှစ်လျှင်တကြိမ်ကျင်းပရမည်။

(ဂ) ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူပေး ရမည်။

(ဃ) ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ကျင်းပရန်အတွက် အနည်းဆုံးရက်ပေါင်း (၃၀) ကြိုတင်၍ ကြေညာရမည်။

**ပုဒ်မ (၈၉) ပြည်သူ့လွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ်အစည်းအဝေး**

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အောက်ဖော်ပြပါ အခြေအနေတရပ်ရပ်တွင် ပြည်သူ့ လွှတ်တော် အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများကို ခေါ်ယူကျင်းပ ရမည်။

(၁) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ ညွှန်ကြားခြင်း။

(၂) ပြည်ထောင်စုအစိုးရဝန်ကြီးချုပ်က တောင်းဆိုခြင်း။

(၃) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးပုံတပုံက တောင်းဆိုခြင်း။

(ခ) ပြည်သူ့လွှတ်တော် အထူးအစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ် အစည်း အဝေးခေါ်ယူ ကျင်းပရန်အတွက် အနည်းဆုံး (၁၅) ရက် ကြိုတင်အကြောင်းကြား ရမည်။

**ပုဒ်မ (၉၀) ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ခြင်း၊ မဲပေးခြင်း**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ (၃၀) ရာခိုင်နှုန်းကျော် တက်ရောက်လျှင် ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပနိုင်သည်။ သို့ရာတွင် မဲခွဲဆုံးဖြတ်ရန်အတွက်ဖြစ်ပါက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ထက်ဝက်ကျော်တက်ရောက်မှသာ အစည်းအဝေးအထမြောက်စေရမည်။ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တက်ရောက်သူများ၏ အများစုဆန္ဒမဲကို ရယူရမည်။ သို့ရာတွင် မဲအရေအတွက် တူညီနေသောအခါ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အဆုံးအဖြတ်မဲကို ပေးနိုင်ခွင့်ရှိ၍ အနိုင်မဲကိုပေးရမည်။

**ပုဒ်မ (၉၁) ပြည်သူ့လွှတ်တော်ဖျက်သိမ်းခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု အစိုးရဝန်ကြီးချုပ်၏ အကြံပြုချက်အရ ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းရမည်။ (သို့တည်းမဟုတ်) ရုပ်သိမ်းရမည်။

**ခြွင်းချက်။** ။ သို့ရာတွင် ပြည်သူ့လွှတ်တော်၌ အစိုးရအဖွဲ့အပေါ် အယုံအကြည် မရှိအဆို တင်သွင်းရာတွင် ဝန်ကြီးချုပ်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အများစု၏ ထောက်ခံမှုကို ဆက်လက်မရရှိသောအခါ၊ ဝန်ကြီးချုပ်က လွှတ်တော်ဖျက်သိမ်းရန် (သို့တည်းမဟုတ်) ရုပ်သိမ်းရန် အကြံပြုသော်လည်း ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဝန်ကြီးချုပ်၏အကြံပြုချက်ကို ငြင်းပယ်နိုင်သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ဝန်ကြီးချုပ်အသစ်တဦး၏ အမည်စာရင်းကို တင်သွင်းရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ပြည်သူ့လွှတ်တော်အား ချက်ချင်းဆင့်ဆိုရမည်။

(ခ) ပြည်သူ့လွှတ်တော်သည် ပုဒ်မ (၉၀) အပိုဒ်ခွဲ (က) ၏ ခြွင်းချက်အရ ဆင့်ဆိုခြင်း ခံရပါက ဝန်ကြီးချုပ်အသစ် အမည်စာရင်းကို (၁၅) ရက်အတွင်း တင်သွင်းရမည်။ တင်သွင်းရန် ပျက်ကွက်ပါက ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းရမည်။

(ဂ) ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ်ကျင်းပ၍ အစိုးရတရပ်မဖွဲ့စည်းနိုင်မီ၊ ကြားကာလတွင် နိုင်ငံတော်ကို စီမံအုပ်ချုပ်ရန် ဖက်ဒရယ် ပြည်ထောင်စုသမ္မတသည် ကြားဖြတ်အစိုးရတရပ်ကို ဖွဲ့စည်းတာဝန်ပေးရမည်။

(ဃ) ပြည်သူ့လွှတ်တော်အား ဖျက်သိမ်းပြီးနောက် ရက်ပေါင်း (၆၀) ထက် နောက်မကျစေဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်ပွဲများ ကျင်းပရမည်။

**ပုဒ်မ (၉၂) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အခွင့်အာဏာ**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်အစည်းဝေးများနှင့် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ၏ စည်းကမ်းလိုက်နာမှုကို ထိန်းသိမ်းကြီးကြပ်ခွင့် အာဏာရှိစေရမည်။ ပြည်သူ့လွှတ်တော် ဥပစာအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ ဝင်ရောက်ရှာဖွေခြင်း၊ ဖမ်းဆီးအရေးယူခြင်း ပြုပိုင်ခွင့်မရှိစေရ။

**ပုဒ်မ (၉၃) စုံစမ်းရေးကော်မရှင်**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးပုံတပုံကတောင်းဆိုလျှင် ပြည်သူ့လွှတ်တော်သည် စုံစမ်းရေးကော်မရှင်တရပ်ကို ဖွဲ့စည်းရမည်။ ပြည်သူ့လွှတ်တော်သည် ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားသော ကော်မရှင်ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၉၄) ပြည်သူ့လွှတ်တော်၏ ရေးရာကော်မတီများဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော်တွင် နိုင်ငံခြားရေးရာကော်မတီ၊ ကာကွယ်ရေးဆိုင်ရာရေးရာကော်မတီ၊ ဘဏ္ဍာရေးရာကော်မတီနှင့် ကူးသန်းရောင်းဝယ်ရေးရာကော်မတီများ အပါအဝင် လိုအပ်သောရေးရာကော်မတီများကို ပြည်သူ့လွှတ်တော်၏ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ခွင့်ရှိသည်။

**ပုဒ်မ (၉၅) ပြည်သူ့လွှတ်တော်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ**

ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းရမည်။

## အခန်း (၅)

## ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြုခြင်း

**ပုဒ်မ (၉၆) ဥပဒေကြမ်းများတင်သွင်းခြင်း**

(က) ဥပဒေကြမ်းများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရက သော်လည်းကောင်း၊ လွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ်များက သော်လည်းကောင်း တင်သွင်းရမည်။

(ခ) ငွေဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်၌သာ စတင်တင်သွင်းရမည်။

(ဂ) သဘာဝသယံဇာတနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို အမျိုးသားလွှတ်တော်၌သာ စတင်တင်သွင်းရမည်။

**ပုဒ်မ (၉၇) ဥပဒေကြမ်းများဥပဒေဖြစ်ခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စု ရသုံးခန့်မှန်းခြေ ငွေဥပဒေကြမ်းမှအပ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းအားလုံးသည် အဆိုပါလွှတ်တော်တွင် ထက်ဝက်ကျော် ဆန္ဒမဲရရှိပြီးနောက် အမျိုးသားလွှတ်တော်သို့ ဆက်လက်တင်သွင်းသောအခါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ထက်ဝက်ကျော် ဆန္ဒမဲရရှိမှသာလျှင် ထိုဥပဒေကြမ်းသည် ဥပဒေဖြစ်စေရမည်။

(ခ) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းသည် အဆိုပါလွှတ်တော်တွင် ထက်ဝက်ကျော် ဆန္ဒမဲရရှိပြီးနောက် ပြည်သူ့လွှတ်တော်သို့ ဆက်လက်တင်သွင်းသောအခါ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲရရှိမှသာလျှင် ထိုဥပဒေကြမ်းသည် ဥပဒေဖြစ်စေရမည်။

**ပုဒ်မ (၉၈) ဖက်ဒရယ်ပြည်ထောင်စု နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေဥပဒေကြမ်း အတည်ပြုခြင်း**

ဖက်ဒရယ်ပြည်ထောင်စု နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းရမည်။ ထိုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် သာမန်အများစုဆန္ဒမဲဖြင့် အတည်ပြုပြီးပါက အမျိုးသားလွှတ်တော်သို့ တင်ပို့ရမည်။ (၂၁) ရက်အတွင်း အမျိုးသားလွှတ်တော်မှ သာမန်အများစုဆန္ဒမဲဖြင့် အတည်ပြုလျှင် ဥပဒေဖြစ်စေရမည်။

**ပုဒ်မ (၉၉) သာမန်အသုံးစရိတ်သုံးစွဲခြင်း**

ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ နှစ်စဉ်ရ/သုံးခန့်မှန်းခြေ ငွေဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အတည်မပြုနိုင်သေးလျှင် ယမန်နှစ်က အတည်ပြုခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ရ/ သုံး ခန့်မှန်းခြေငွေစာရင်းပါ သာမန်အသုံးစရိတ် ခွင့်ပြုချက်ဘောင်အတွင်းမှ သုံးစွဲနိုင်သည်။

**ပုဒ်မ (၁၀၀) ပူးတွဲညှိနှိုင်းရေးကော်မတီ**

(က) လွှတ်တော်တရပ်ရပ်က အတည်ပြုပြီးသော ဥပဒေကြမ်းတခုလုံးကိုဖြစ်စေ တစိတ်တပိုင်းကိုဖြစ်စေ အခြားလွှတ်တော်မှ အတည်ပြုနိုင်ခြင်းမရှိလျှင် ပူးတွဲညှိနှိုင်းရေးကော်မတီဖွဲ့စည်း၍ ထိုဥပဒေကြမ်းကို ညှိနှိုင်းမှုပြုရန် လွှတ်တော်တရပ်ရပ်ကဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုအစိုးရကဖြစ်စေ တောင်းဆိုနိုင်သည်။

(ခ) ပူးတွဲညှိနှိုင်းရေးကော်မတီကို လွှတ်တော်နှစ်ရပ်မှ တူညီသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) ပူးတွဲညှိနှိုင်းရေးကော်မတီသည် သက်ဆိုင်ရာလုပ်ငန်း ပြီးဆုံးသည်နှင့် ဖျက်သိမ်းပြီး ဖြစ်စေရမည်။

(ဃ) ပူးတွဲညှိနှိုင်းရေးကော်မတီတွင် ညှိနှိုင်းသော်လည်း သဘောတူညီမှုမရရှိပါက အဆိုပါ ဥပဒေကြမ်းသည် ဥပဒေဖြစ်ရန် အခွင့်အလမ်းမရှိသောဥပဒေကြမ်းဖြစ်စေရမည်။

(င) ပူးတွဲညှိနှိုင်းရေးကော်မတီတွင် သဘောတူညီမှု ရရှိသော်လည်း ပြင်ဆင်မှုရှိလျှင်သော်လည်းကောင်း၊ ပြောင်းလဲမှုရှိလျှင်သော်လည်းကောင်း၊ ထိုဥပဒေကြမ်းအား စတင်တင်သွင်းသော လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။ ယင်းလွှတ်တော်က

အတည်ပြုပြီးနောက် အခြားလွှတ်တော်သို့ပေးပို့ရာ၌ ထိုလွှတ်တော်က ဆက်လက် အတည်ပြုလျှင် ဥပဒေဖြစ်စေရမည်။

(စ) အထက်ပုဒ်မခွဲ (င) အရ ပေးပို့သော်လည်း ပုဒ်မ (၉၇) ပြဋ္ဌာန်းချက်ပါ လုပ်ထုံးလုပ်နည်းအတိုင်း အတည်မပြုနိုင်သောဥပဒေကြမ်းသည် ဥပဒေဖြစ်ရန် အခွင့်အလမ်း မရှိသောဥပဒေကြမ်း ဖြစ်စေရမည်။

**(၁၀၁) ဥပဒေဖြစ်ရန်အခွင့်အလမ်းမရှိသောဥပဒေကြမ်း**

ဥပဒေဖြစ်ရန် အခွင့်အလမ်းမရှိသော ဥပဒေကြမ်းတခုကို ပယ်ချသည့်နေ့မှစ၍ နှစ်နှစ်အတွင်း မည်သည့်လွှတ်တော်တွင်မှ ထပ်မံတင်သွင်းခြင်း မရှိစေရ။

**ပုဒ်မ (၁၀၂) ထုတ်ပြန်ကြေညာခြင်း၊ အာဏာတည်ခြင်း**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးသော ဥပဒေကြမ်းတိုင်းကို ဖက်ဒရယ်ပြည်ထောင်စု သမ္မတက (၇) ရက်အတွင်း လက်မှတ်ရေးထိုးထုတ်ပြန်ကြေညာရမည်။ (၇) ရက်ကျော်လွန်လျှင် သမ္မတက လက်မှတ်ရေးထိုးခြင်းမရှိသော်လည်း အာဏာတည်စေရမည်။

**ပုဒ်မ (၁၀၃) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ သီးသန့်ဥပဒေပြုအာဏာအညွှန်း**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အောက်ပါစာရင်းပါကိစ္စများအလို့ငှာ သီးသန့်ဥပဒေပြုအာဏာ ရှိစေရမည်။

(က) ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ

(၁) ဖက်ဒရယ်ပြည်ထောင်စုလက်နက်ကိုင်တပ်ဖွဲ့များနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအဖွဲ့များဥပဒေ

(၂) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဥပဒေ

(၃) ဖက်ဒရယ်ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့ဥပဒေ

(၄) အမျိုးသားလုံခြုံရေးကောင်စီဥပဒေ

(၅) ဖက်ဒရယ်ပြည်ထောင်စု ရဲတပ်ဖွဲ့ ဥပဒေ

(၆) လက်နက်နှင့် ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်းဆိုင်ရာဥပဒေ

(၇) နိုင်ငံသားများ စစ်မှုထမ်းရေးဆိုင်ရာဥပဒေ

(ခ) နိုင်ငံခြားရေးကဏ္ဍ

(၁) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့်နှစ်ပြည်ထောင်ဆိုင်ရာ စာချုပ်စာတမ်းများ သဘောတူညီချက်များဥပဒေ

(၂) နိုင်ငံကူးလက်မှတ်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေ

(၃) ကုလသမဂ္ဂနှင့် သံတမန်ဆိုင်ရာကိစ္စရပ်များဥပဒေ

(ဂ) စီးပွားရေးနှင့် ဘဏ္ဍာရေးကဏ္ဍ

(၁) ငွေစက္ကူနှင့် ငွေဒင်္ဂါးထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်းဆိုင်ရာဥပဒေ

(၂) ဖက်ဒရယ်ပြည်ထောင်စု၏ နှစ်စဉ် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာဥပဒေ

(၃) နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာဥပဒေ

(၄) နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းဆိုင်ရာဥပဒေ

(၅) သွင်းကုန်ထုတ်ကုန်အခွန်ကောက်ခံခြင်းဆိုင်ရာဥပဒေ

(၆) ဖက်ဒရယ်ပြည်ထောင်စုဗဟိုဘဏ်ဥပဒေ

(ဃ) ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍ

(၁) စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးဥပဒေ

(၂) ပြည်ထောင်စုဆိုင်ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြားလုပ်ငန်းများဥပဒေ

(၃) ဖက်ဒရယ်ပြည်ထောင်စု အဝေးပြေးကားလမ်းများ၊ ရထားလမ်းများ၊ ရေကြောင်းလမ်းများ၊ ကမ်းရိုးတန်းနှင့် ပင်လယ်ရေကြောင်းသွားလာရေးများနှင့် လေကြောင်းလုပ်ငန်းများဆိုင်ရာဥပဒေ

(င) ပညာရေးကဏ္ဍ

(၁) ဘွဲ့လွန်ပညာရေး၊ ပုဂ္ဂလိကကျောင်းများဆိုင်ရာဥပဒေ

(၂) အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဆိုင်ရာဥပဒေ

(၃) အခြေခံပညာကို အခမဲ့သင်ကြားခွင့်ဆိုင်ရာဥပဒေ

(စ) ကျန်းမာရေးနှင့် လူမှုဖူလုံရေးကဏ္ဍ

(၁) ပြည်ထောင်စုဆိုင်ရာ ကျန်းမာရေးကိစ္စရပ်များဥပဒေ

(၂) ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးဆိုင်ရာဥပဒေ

(၃) ကလေးများအခွင့်အရေးဆိုင်ရာဥပဒေ

(ဆ) တရားရေးကဏ္ဍ

(၁) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ သီးသန့်စီရင်ပိုင်ခွင့်ဆိုင်ရာ ဥပဒေ

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး ကိုယ်စားလှယ်များ ရွေးချယ်ခြင်းဆိုင်ရာဥပဒေ

(၃) ဖက်ဒရယ်ပြည်ထောင်စု တရားရုံးများဖွဲ့စည်းခြင်းနှင့် ဖက်ဒရယ်တရားသူကြီး များ ခန့်အပ်ခြင်းဆိုင်ရာဥပဒေ

(၄) ခလေ့ထုံးတမ်း ကွဲပြားခြားနားသူများအကြား လက်ထပ်ထိမ်းမြားခြင်း၊ လင်မယား ကွာရှင်းခြင်းနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေ

(ဇ) လွှတ်တော်များရေးရာကဏ္ဍ

(၁) အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မရှင်ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေ

(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းဥပဒေ

(၃) ပြည်သူ့လွှတ်တော် စုံစမ်းစစ်ဆေးရေးကော်မရှင်များဆိုင်ရာဥပဒေ

(ဈ) စက်မှုလက်မှုကဏ္ဍ

(၁) အလေးချိန်နှင့် ခြင်တွယ်တိုင်းတာခြင်းဆိုင်ဥပဒေ

(၂) ကူးယူဖြန့်ချိခွင့်၊ နည်းပညာမူပိုင်ခွင့်၊ ဒီဇိုင်းနှင့် တံဆိပ်အမှတ်အသားဆိုင်ရာ ဥပဒေ

(၃) အလုပ်ချိန်၊ အနိမ့်ဆုံးလုပ်ခ၊ အလုပ်ပိတ်ရက်များနှင့် လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးစံနှုန်းသတ်မှတ်ချက်ဆိုင်ရာဥပဒေ

(ည) အရပ်ရပ်ဆိုင်ရာကဏ္ဍ

(၁) နိုင်ငံရေးပါတီများဆိုင်ရာဥပဒေ

(၂) ပြည်နယ်သစ်များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ

(၃) အသင်းအဖွဲ့များနှင့် သမဂ္ဂများဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ

(၄) ဖက်ဒရယ်ပြည်ထောင်စုမြို့တော် သတ်မှတ်ခြင်းဥပဒေ

(၅) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေ

(၆) နိုင်ငံရေးတာဝန်ထမ်းဆောင်သူ ပုဂ္ဂိုလ်များ၏ ငွေကြေးနှင့်ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုဆိုင်ရာဥပဒေ

(၇) ဖက်ဒရယ်ပြည်ထောင်စု (အဝေးရောက်) နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်ဝတ္တရားများဆိုင်ရာဥပဒေ

(၈) လူဦးရေသန်းခေါင်းစာရင်း ကောက်ခံခြင်းဆိုင်ရာဥပဒေ

(၉) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံခြားသားများ နိုင်ငံသား ဖြစ်ခြင်းဆိုင်ရာဥပဒေ

(၁၀) နိုင်ငံတော်အရေးပေါ်အခြေအနေဆိုင်ရာဥပဒေ

(၁၁) လူထုဆန္ဒဖော်ထုတ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာဥပဒေ

(၁၂) အမှန်တရား ဖော်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်ဥပဒေ

**ပုဒ်မ (၁၀၄) ထပ်တူဥပဒေပြုအာဏာအညွှန်း**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီးတို့သည် အောက်စာရင်းပါကိစ္စများတွင် မိမိတို့လွှတ်တော်တခုချင်းစီအလိုက် ထပ်တူဥပဒေပြုပိုင်ခွင့်အာဏာရှိစေရမည်။

(၁) ဖက်ဒရယ်ပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွားရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန်၊ ဆိပ်ကမ်းခွန်အပါအဝင် အကောက်အခွန်ဆိုင်ရာကိစ္စရပ်များ

(၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

(၃) မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ

(၄) ဖွားသေစာရင်း မှတ်ပုံတင်ခြင်း

(၅) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်တခုအတွင်း၌ကျရောက်သည့် ဖက်ဒရယ်ပြည်ထောင်စု၏ စွမ်းအင်စီမံကိန်းလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ

(၆) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တခုအတွင်း မြေပေါ်မြေအောက်သယံဇာတ တူးဖော်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း

(၇) နိုင်ငံခြားအစိုးရများနှင့် ကုမ္ပဏီများမှ ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာကိစ္စရပ်များ

(၈) ဒေသဆိုင်ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြားလုပ်ငန်းများ

(၉) ဘဏ်နှင့် အာမခံလုပ်ငန်းများ

(၁၀) နေအိမ်၊ ဥပစာ၊ မြေယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်းဆိုင်ရာကိစ္စများ

(၁၁) တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ

(၁၂) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် တနယ်မှတနယ်သို့ဖြတ်သန်းစီးဆင်းလျက်ရှိသော မြစ်များနှင့် ရေကြောင်းဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်များ၊ ပြည်တွင်းပင်လယ်ရေကြောင်းနှင့် ကမ်းရိုးတန်း သယ်ယူပို့ဆောင်ရေးဆိုင်ရာစည်းမျဉ်းသတ်မှတ်ချက်များ

(၁၃) ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်

(၁၄) ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံးဥပဒေများ

(၁၅) ပြည်သူ့ဝန်ထမ်း လေ့ကျင့်ရေးသင်တန်းများ

(၁၆) အလုပ်သမားနှင့် လယ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ

**ပုဒ်မ (၁၀၅) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏အဆုံးအဖြတ်ကို ခံယူခြင်း**

ထပ်တူဥပဒေပြုအာဏာအညွှန်းရှိ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် စပ်လျဉ်း၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကဖြစ်စေ၊ ပြည်နယ်လွှတ်တော်တခုခုကဖြစ်စေ ဥပဒေပြုခဲ့သော အငြင်းပွားဖွယ်ရာများ ဖြစ်ပွားလာပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

**ပုဒ်မ (၁၀၆) ထပ်တူဥပဒေပြုအာဏာအညွှန်းအရ ပြည်ထောင်စုက ဥပဒေပြုခြင်း**

ထပ်တူဥပဒေပြုအာဏာအညွှန်းရှိ ပြဋ္ဌာန်းချက်တရပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်နယ် တခုခုက ဥပဒေပြုခဲ့သော အခြားပြည်နယ်တခုခု (သို့မဟုတ်) အခြားပြည်နယ်သားတို့၏ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်း (သို့မဟုတ်) ဖက်ဒရယ်ပြည်ထောင်စုတဝှမ်းလုံး၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်းဖြစ်လျှင် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုရမည်။

**ပုဒ်မ (၁၀၇) ပူးတွဲသဘောတူညီမှုရယူခြင်း**

သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်းတို့အတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြုမည်ဆိုလျှင် သက်ဆိုင်သောပြည်နယ်လွှတ်တော်များကသော်လည်းကောင်း၊ ပြည်နယ်လွှတ်တော်က ဥပဒေပြုမည်ဆိုလျှင် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း သဘောတူညီပြီးမှ ထိုဥပဒေအာဏာတည်စေရမည်။

**ပုဒ်မ (၁၀၈) ပြည်နယ်များ၏ ဥပဒေပြုအာဏာ**

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖက်ဒရယ်ပြည်ထောင်စုဥပဒေပြု အာဏာအညွှန်းများတွင် အတိအလင်းသတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသောကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်များ၌ ဥပဒေပြုပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၀၉) ဖက်ဒရယ်ပြည်ထောင်စုဥပဒေက လွှမ်းမိုးခြင်း**

ဖက်ဒရယ်ပြည်ထောင်စုဥပဒေနှင့် ပြည်နယ်ဥပဒေတို့ ဆန့်ကျင်ကွဲလွဲမှု ဖြစ်ပေါ်လာပါက ဖက်ဒရယ်ပြည်ထောင်စုဥပဒေက ပြည်နယ်ဥပဒေအပေါ် လွှမ်းမိုးစေရမည်။

## အခန်း (၆)

## ဖက်ဒရယ်ပြည်ထောင်စုသမ္မတ

### ပုဒ်မ (၁၁၀) နိုင်ငံတော်ဦးခေါင်း

ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံတော်၏ ဦးခေါင်းဖြစ်သည်။

### ပုဒ်မ (၁၁၁) အရည်အချင်း

(က) ဖက်ဒရယ်ပြည်ထောင်စု သမ္မတ (သို့မဟုတ်) ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံမည့်သူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

(၁) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသားဖြစ်ရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(၃) ဖယ်ဒရယ်ပြည်ထောင်စုအတွင်း (၁၀) နှစ်ထက်မနည်း ဆက်တိုက် နေထိုင်ခဲ့သူဖြစ်ရမည်။

(၄) သမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းသောနေ့တွင် အသက် (၃၅) နှစ်ပြည့်ပြီး ဖြစ်ရမည်။

(၅) နိုင်ငံနှစ်ခု (သို့မဟုတ်) နိုင်ငံနှစ်ခုထက်ပိုသော နိုင်ငံသားမဖြစ်စေရ။

(ခ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတသည် ဖက်ဒရယ် ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်အစိုးရတာရပ်ရပ်၏ အဖွဲ့ဝင်သော်လည်းကောင်း၊ လွှတ်တော်

တရပ်ရပ် ၏ ကိုယ်စားလှယ်သော်လည်းကောင်း မဖြစ်စေရ။ လွှတ်တော်ကိုယ်စားလှယ်တဦးဦး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့ဝင်တဦးဦးသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် (သို့မဟုတ်) အစိုးရအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်စေရမည်။

**ပုဒ်မ (၁၁၂) ရွေးချယ်ပုံစနစ်**

(က) ပြည်နယ်လွှတ်တော်အသီးသီးမှ တပြည်နယ်လျှင် တဦးကျစီ ပေးပို့သော သမ္မတလောင်းများအနက်မှ သမ္မတတဦးနှင့် ဒုတိယသမ္မတတဦးကို အမျိုးသားလွှတ်တော်မှ ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပြည်နယ်တခုမှ ဖက်ဒရယ်ပြည်ထောင်စုသမ္မတအဖြစ် ရွေးချယ်ခံခဲ့ရပါက နောက်ထပ်သက်တမ်း သုံးကြိမ်အတွင်း အဆိုပါပြည်နယ်မှ ထပ်မံရွေးချယ်ခံခြင်း မရှိစေရ။ ဤသက်တမ်းရေတွက်မှုတွင် ဒုတိယသမ္မတသက်တမ်းကာလ အကြုံးမဝင်စေရ။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတအသစ်ကို ရွေးချယ်တင်မြှောက်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် မိမိ၏ရာထူးသက်တမ်း မကုန်ဆုံးမီ အနည်းဆုံး (၆) လကြိုတင်၍ အမျိုးသားလွှတ်တော်အား ဆင့်ခေါ်ရန် အကြောင်းကြားရမည်။

(ဃ) သမ္မတရွေးချယ်ခြင်းဆိုင်ရာ ဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၁၃) သက်တမ်း**

ဖက်ဒရယ်ပြည်ထောင်စုသမ္မတ၏ သက်တမ်းသည် တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ (၅) နှစ် ဖြစ်စေရမည်။

**ပုဒ်မ (၁၁၄) တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော် အပါအဝင် ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့်လုံခြုံရေးတပ်ဖွဲ့များ၏ စစ်သေနာပတိချုပ်တာဝန်ကို ထမ်းဆောင်ရမည်။ သို့ရာတွင် ဤအခွင့်အာဏာကို ဖက်ဒရယ်ပြည်ထောင်စု ၏ အရေးပေါ်အခြေအနေကာလ၌သာ အပြည့်အဝ ကျင့်သုံးနိုင်ခွင့်ရှိသည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်း၍ သဘောတူညီချက်ကိုရယူပြီး ပြည်ပနိုင်ငံတခုခုကို စစ်ကြေညာခြင်း၊ စစ်ရပ်စဲခြင်းများ ပြုလုပ်ပိုင်ခွင့်ရှိသည်။

(ဂ) အထက်အပိုဒ် (ခ) ပါ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စု သမ္မတသည် အနီးကပ်ဆုံး ပုံမှန်ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အစည်းအဝေး (သို့တည်းမဟုတ်) အရေးပေါ် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ခေါ်ယူ၍ အတည်ပြုချက် ရယူရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ပြည်သူ့လွှတ်တော်က ဝန်ကြီးချုပ်အဖြစ် အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်အား ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ဝန်ကြီးချုပ်အဖြစ် ခန့်ထားရမည်။

(င) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်တို့ကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ အဖြစ် ခန့်ထားရမည်။

(စ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပြီးသူအား ဖက်ဒရယ်ပြည်ထောင်စု၏ ရှေ့နေချုပ်အဖြစ် ခန့်ထားရမည်။

(ဆ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပြီးသူအား ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်အဖြစ် ခန့်ထားရမည်။

(ဇ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပြီးသူအား ဖက်ဒရယ်ပြည်ထောင်စု၏ စာရင်းစစ်ချုပ်အဖြစ် ခန့်ထားရမည်။

(ဈ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရရှိပြီးသူအား ဖက်ဒရယ်ပြည်ထောင်စုကော်မရှင် အသီးသီးတို့၏ အဖွဲ့ဝင်များအဖြစ် ခန့်ထားရမည်။

(ည) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဝန်ကြီးချုပ်၏ အကြံပေးချက်အရ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဝန်ကြီးတဦးဦး၏ ရာထူးမှနုတ်ထွက်စာကို လက်ခံရမည်။ (သို့တည်းမဟုတ်) ရာထူးမှ ရပ်စဲစေရမည်။

(ဋ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်၏ အကြံပေးချက်အရ ပြည်သူ့လွှတ်တော်ကို ဆင့်ခေါ်ရမည်။ (သို့တည်းမဟုတ်) ရုပ်သိမ်းရမည်။ (သို့တည်းမဟုတ်) ဖျက်သိမ်းရမည်။ ဤသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၉၁) ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဌ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော (သို့တည်းမဟုတ်) အတည်ပြုပြီးဖြစ်သည်ဟု မှတ်ယူရမည့် ဥပဒေကြမ်းအား ဖက်ဒရယ်ပြည်ထောင်စုဥပဒေဖြစ်မြောက်လာရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုသမ္မတက လက်မှတ်ရေးထိုးပြီး ထုတ်ပြန်ကြေညာပေးရမည်။

(ဍ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပြည်သူလူထုနှင့်သက်ဆိုင်သည့် အရေးကြီးသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ အမှာလွှာဖြင့်သော်လည်းကောင်း၊ မိန့်ခွန်းဖြင့်သော်လည်းကောင်း ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ အကြောင်းကြားနိုင်သည်။

(ဎ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် အခါအားလျော်စွာ ဖက်ဒရယ်ပြည်ထောင်စုတဝှန်းလုံးသို့ မိန့်ခွန်းမြွက်ကြားနိုင်သည်။

(ဏ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတည့်အလင်းပြဋ္ဌာန်းချက်များမှလွဲ၍ အခြားကိစ္စများတွင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်း၍ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေရ။

(တ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် အရေးအပေါ်အခြေအနေ ကြေညာခြင်းနှင့် ရုပ်သိမ်းခြင်းတို့ကို ထုတ်ပြန်ကြေညာပေးရမည်။

(ထ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် လွတ်ငြိမ်းချမ်းသာခွင့်ပေးပိုင်ခွင့်ရှိသည်။

**ပုဒ်မ (၁၁၅) ဖက်ဒရယ်ပြည်ထောင်စု ဒုတိယသမ္မတ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

ဖက်ဒရယ်ပြည်ထောင်စုသမ္မတက လုပ်ငန်းတာဝန်များကို မိမိအလိုအလျောက် လွှဲအပ်သောအခါတွင်ဖြစ်စေ၊ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့လျှင်ဖြစ်စေ၊ ရာထူးမှ ဖယ်ရှားခံရလျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဖက်ဒရယ်ပြည်ထောင်စု ဒုတိယသမ္မတသည် သမ္မတ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၁၆) ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတ၏ ခံစားပိုင်ခွင့်များ**

ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတတို့သည် သီးသန့်သတ်မှတ်ထားသည့် အဆောင်အယောင်နှင့် နေအိမ်တို့ကို ရရှိစေရမည်။ ထို့အပြင် ဥပဒေဖြင့် သတ်မှတ်ထားသော လစာနှင့်စရိတ်များကို ခံစားခွင့်ရှိစေရမည်။

**ပုဒ်မ (၁၁၇) ဖက်ဒရယ်ပြည်ထောင်စုသမ္မတကို အရေးယူခြင်း**

အောက်ဖော်ပြပါ အကြောင်းအရာတစုစုအတွက် ဖက်ဒရယ်ပြည်ထောင်စုသမ္မတကို စွပ်စွဲမှုပြုလုပ်နိုင်သည်။

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် -

(၁) ဖက်ဒရယ်ပြည်ထောင်စု၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း

(၂) ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်း

(၃) အကျင့်သိက္ခာ လွန်ကဲစွာ ပျက်ပြားခြင်း

(ခ) အထက်အပိုဒ် (က) အရ သမ္မတအပေါ် စွပ်စွဲချက်အား လွှတ်တော်တရပ်ရပ်တွင် တင်သွင်းနိုင်သည်။ လွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ်အနည်းဆုံး ထက်ဝက်ကျော်မှ အတည်ပြုထောက်ခံချက်အရသာလျှင် စွပ်စွဲချက်ကို ဆက်လက်စုံစမ်းစစ်ဆေးနိုင်သည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လွှတ်တော်တရပ်၏ အတည်ပြုပြီးသော ထိုစွပ်စွဲချက်ကို အခြားလွှတ်တော်တရပ်က စုံစမ်းစစ်ဆေးရမည်။

(ဃ) သက်ဆိုင်ရာလွှတ်တော်တရပ်က စုံစမ်းစစ်ဆေးပြီးနောက် ဖက်ဒရယ်ပြည်ထောင်စုသမ္မတအား ရာထူးတွင် ဆက်လက်၍မထမ်းရွက်စေသင့်သော ပြစ်မှုဖြစ်သည်ဟူ၍ အဆိုပါလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ သုံးပုံနှစ်ပုံက အတည်ပြုခဲ့သော် ထိုအဆိုကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်သွင်းရမည်။

(င) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အထက်အပိုဒ် (ဃ) အရ တင်သွင်းလာသည့် အဆိုအား ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပါက ဖက်ဒရယ်ပြည်ထောင်စုသမ္မတအား တာဝန်မှ ရပ်စဲစေရမည်။

(စ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသောအခါတွင် ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် မိမိကိုယ်တိုင်သော်လည်းကောင်း ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ခုခံချေပခွင့် ရှိရမည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် ဒုတိယသမ္မတနှင့်လည်း သက်ဆိုင်စေရမည်။

**ပုဒ်မ (၁၁၈) အစားထိုးရွေးချယ်တင်မြှောက်ခြင်း**

ဖက်ဒရယ်ပြည်ထောင်စုသမ္မတ ကွယ်လွန်လျှင်ဖြစ်စေ၊ ၎င်း၏တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့လျှင်ဖြစ်စေ၊ ပုဒ်မ (၁၁၆) အရ ရာထူးမှ ဖယ်ရှားခံရလျှင်ဖြစ်စေ၊ လစ်လပ်သွားသောနေရာအတွက် အောက်ပါအတိုင်း အစားထိုးရွေးချယ်တင်မြှောက်ရမည်။

(က) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ၏ မူလသက်တမ်း ကုန်ဆုံးသည်အထိ ဒုတိယ သမ္မတသည် ဖက်ဒရယ်ပြည်ထောင်စု သမ္မတတာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်။ ဒုတိယသမ္မတအနေဖြင့် ဤကဲ့သို့ သမ္မတတာဝန်ကို အစားထိုးထမ်းဆောင်ခြင်းသည် ပုဒ်မ (၁၁၁) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် အကြုံးမဝင်စေရ။

(ခ) လစ်လပ်သွားသော ဒုတိယသမ္မတနေရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဒုတိယသမ္မတအဖြစ် တာဝန်ယူရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတ၏ ပုံမှန်သက်တမ်းကာလအတွင်း သမ္မတနေရာ လစ်လပ်မှု ထပ်မံဖြစ်ပွားပါက ရွေးကောက်ပွဲအသစ်ကို ပုဒ်မ (၁၁၂) ပြဋ္ဌာန်းချက်များ အတိုင်း ပြုလုပ်ရမည်။

**ပုဒ်မ (၁၁၉) ကင်းလွတ်ခွင့်**

သမ္မတနှင့် ဒုတိယသမ္မတ တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတ၏ တာဝန်အရ ပြုလုပ်မှုတခုခု (သို့မဟုတ်) ပျက်ကွက်မှု တခုခုအပေါ် ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ မည်သူတဦး တယောက်ကမျှ ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတအပေါ် တရားစွဲဆိုခြင်း မပြုရ။

**ပုဒ်မ (၁၂၀) တားမြစ်ခြင်း**

ဖက်ဒရယ်ပြည်ထောင်စုသမ္မတနှင့် ဒုတိယသမ္မတတို့သည် လစာပေးသော အခြားလုပ်ငန်း တခုခုတွင်သော်လည်းကောင်း၊ အမြတ်အစွန်းကို အခြေခံသည့် လုပ်ငန်းတခုခု၏ စီမံခန့်ခွဲရေးအဖွဲ့တွင်သော်လည်းကောင်း ပါဝင်လုပ်ကိုင်ခြင်း မပြုရ။

## အခန်း (၇)

## ဖက်ဒရယ်ပြည်ထောင်စုအစိုးရ

**ပုဒ်မ (၀၂၀) ဖွဲ့စည်းခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စု ဝန်ကြီးချုပ်ဦးဆောင်သော ဝန်ကြီးအဖွဲ့ဖြင့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရကို ဖွဲ့စည်းရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဝန်ကြီးအဖွဲ့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ပြည်သူ့လွှတ်တော်အား အဖွဲ့လိုက် စုပေါင်းတာဝန်ခံရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုအစိုးရကို တာဝန်ခံရမည်။

**ပုဒ်မ (၀၂၂) သက်တမ်း**

ဖက်ဒရယ်ပြည်ထောင်စုအစိုးရ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီဖြစ်သည်။

**ပုဒ်မ (၀၂၃) ဝန်ကြီးချုပ်**

(က) ပြည်သူ့လွှတ်တော်မှ ရွေးကောက်တင်မြှောက်၍ အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ်အား ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရမည်။

(ခ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ထက်ဝက်ကျော် ထောက်ခံမဲရရှိသူ ဖြစ်ရမည်။

(ဂ) (၁၄)ရက်အတွင်း မည်သူမှထက်ဝက်ကျော်မဲဖြင့် ရွေးချယ်ခြင်းမခံရလျှင် သာမန် မဲ အရေအတွက် အများဆုံးရရှိသူ ဖြစ်ရမည်။

(ဃ) ဝန်ကြီးချုပ်က အဆိုပြုတင်ပြသော ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများကို ပြည်ထောင်စုသမ္မတက ခန့်အပ်ရမည်။ (သို့မဟုတ်) ရာထူးမှ ဖယ်ရှားရမည်။

(င) ဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုသမ္မတက တောင်းဆိုလျှင် ၎င်းတို့အား ဆက်ခံမည့်သူ ရွေးချယ်ပြီးသည်အထိ ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

## ပုဒ်မ (၁၂၄) ဒုတိယဝန်ကြီးချုပ်

ပြည်ထောင်စုဝန်ကြီးချုပ်က ၎င်း၏တာဝန်များကို ထမ်းဆောင်ရန် မစွမ်းဆောင်နိုင်လျှင် ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်၏ ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်ကိုယ်စား ဒုတိယဝန်ကြီးချုပ်သည် တာဝန်ယူဆောင်ရွက်ခွင့် ရှိသည်။

## ပုဒ်မ (၁၂၅) အစားထိုးရွေးချယ်ခန့်အပ်ခြင်း

ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်ရာထူး လစ်လပ်ခဲ့လျှင် ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၂၃) နှင့်အညီ ပြန်လည်အစားထိုး ရွေးချယ်ခန့်အပ်ခြင်း ပြုရမည်။

## ပုဒ်မ (၁၂၆) အယုံအကြည်မရှိအဆို

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဖွဲ့စည်းတာဝန်ယူပြီးနောက် (၁၈) လအတွင်း အစိုးရ တဖွဲ့လုံး (သို့တည်းမဟုတ်) အစိုးရအဖွဲ့ဝင်တဦးချင်းအပေါ် အယုံအကြည်မရှိ အဆို တင်သွင်းပိုင်ခွင့် မရှိစေရ။

(ခ) အယုံမကြည်မရှိအဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ထက်ဝက် ကျော်ဆန္ဒမဲဖြင့် အတည်ပြုလျှင် အစိုးရတဖွဲ့လုံး (သို့တည်းမဟုတ်) အဆိုတင်သွင်း ခြင်းခံရသူ အစိုးရအဖွဲ့ဝင်သည် တာဝန်မှ နုတ်ထွက်ပေးရမည်။

(ဂ) အစိုးရတာဖွဲ့လုံး နုတ်ထွက်ရပါက ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၉၁) အရ ရွေးချယ်ခံရသူအား ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရမည်။

**ပုဒ်မ (၁၂၇) နုတ်ထွက်ခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် မည်သည့်အခါ၌မဆို မိမိ၏နုတ်ထွက်လွှာကို ဖက်ဒရယ်ပြည်ထောင်စုသမ္မတထံသို့ပေးအပ်ခြင်းဖြင့် ရာထူးမှ နုတ်ထွက်နိုင်သည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် မည်သည့်အခါ၌မဆို ရာထူးမှနုတ်ထွက်လျှင် ဝန်ကြီးများသည်လည်း မိမိတို့ရာထူးများမှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတထံသို့ တင်သွင်းစေရန် မိမိ၏နုတ်ထွက်လွှာကို ဝန်ကြီးချုပ်လက်သို့ ပေးအပ်ခြင်းဖြင့် မည်သည့်အစိုးရအဖွဲ့ဝင် ဝန်ကြီးမဆို ရာထူးမှ နုတ်ထွက်နိုင်သည်။

**ပုဒ်မ (၁၂၈) အစိုးရအဖွဲ့၏ တာဝန်**

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ဖက်ဒရယ်ပြည်ထောင်စု၏ နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေစာရင်းကိုပြုစု၍ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအား ပြည်ပနိုင်ငံတခုခုမှ ထိပါးတိုက်ခိုက်လာလျှင် (သို့တည်းမဟုတ်) ထိပါးတိုက်ခိုက်ခံရရန် အခြေအနေရှိလျှင် ဖက်ဒရယ် ပြည်ထောင်စုအစိုးရသည် ဖက်ဒရယ်ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရန် သမ္မတ၏ ခွင့်ပြုချက်ဖြင့် အရေးယူဆောင်ရွက်နိုင်သည်။ ထိုကဲ့သို့ဆောင်ရွက်ချက်ကို ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော် ကျင်းပနေဆဲကာလမဟုတ်လျှင်၊ အနီးကပ်ဆုံး ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဂ) နိုင်ငံတကာ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းစဉ်တွင် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်မှ ပါဝင်တာဝန်ယူမည့် ကိစ္စရပ်များ၊ ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်၏ စစ်ရေးစွမ်းရည်များ မြင့်မားလာစေရေးအတွက် နိုင်ငံတကာ တပ်ဖွဲ့များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရေးကိစ္စရပ်များအတွက် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် သမ္မတနှင့် ညှိနှိုင်းပြီး အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ (သို့မဟုတ်) နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် စာချုပ်များအရ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရက သဘောတူလက်မှတ်ရေးထိုးသော နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်တိုင်းကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၌ တင်ပြရမည်။

**ပုဒ်မ (၁၂၉) ဝန်ကြီးဌာနများ**

ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် အောက်ပါဝန်ကြီးဌာနများအပါအဝင် (၃၀) ထပ်မပိုသော ဝန်ကြီးဌာနများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

(၁) နိုင်ငံခြားရေးဝန်ကြီးဌာန

(၂) ကာကွယ်ရေးဝန်ကြီးဌာန

(၃) ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီးဌာန

(၄) ပြည်ထဲရေးဝန်ကြီးဌာန

(၅) ကျန်းမာရေးဝန်ကြီးဌာန

(၆) ပညာရေးဝန်ကြီးဌာန

(၇) ဆက်သွယ်ရေးဝန်ကြီးဌာန

(၈) ပြန်ကြားရေး ဝန်ကြီးဌာန

(၉) လယ်ယာနှင့် သစ်တောဝန်ကြီးဌာန

(၁၀) စွမ်းအင်ဝန်ကြီးဌာန

(၁၁) အလုပ်သမားဝန်ကြီးဌာန

(၁၂) သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန

(၁၃) စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန

(၁၄) လူမှုဝန်ထမ်းဝန်ကြီးဌာန

(၁၅) တရားရေးဝန်ကြီးဌာန

(၁၆) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန

(၁၇) ကျား-မ တန်းတူညီမျှရေး ဝန်ကြီးဌာန

(၁၈) သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန

(၁၉) သတ္တုတွင်းဝန်ကြီးဌာန

### ပုဒ်မ (၁၃၀) ဖက်ဒရယ်ပြည်ထောင်စုရှေ့နေချုပ်

(က) ဖက်ဒရယ်ပြည်ထောင်စု အစိုးရအဖွဲ့ကို ဥပဒေအကြံပေးရန်နှင့် ဖက်ဒရယ် ပြည်ထောင်စုအစိုးရကိုကိုယ်စားပြု၍ ဥပဒေကိစ္စများကို ဆောင်ရွက်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စု ရှေ့နေချုပ်တဦးအား ဝန်ကြီးချုပ်က အမည်တင်သွင်းပြီး၊ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ခန့်အပ်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုရှေ့နေချုပ်သည် လွှတ်တော်တရပ်ရပ်၏ကိုယ်စားလှယ်သော်လည်းကောင်း၊ (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့တရပ်ရပ်၏အဖွဲ့ဝင်သော်လည်းကောင်း မဖြစ်စေရ။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု ရှေ့နေချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် တက်ရောက်ပိုင်ခွင့်ရှိပြီး မေးမြန်းမှုများကို အစိုးရကိုယ်စား ရှင်းလင်းဖြေရှင်းခွင့် ရှိသည်။

### ပုဒ်မ (၁၃၁) အခြားတာဝန်ထမ်းဆောင်ခွင့်မရှိခြင်း

ဖက်ဒရယ်ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဖက်ဒရယ်ပြည်ထောင်စု ရှေ့နေချုပ်တို့သည် ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် တာဝန်များမှတပါး -

(က) လစာပေးသော အခြားလုပ်ငန်းဌာနများ၌ တာဝန်ယူခြင်းသော်လည်းကောင်း၊

(ခ) အမြတ်အစွန်းကို အခြေခံသည့် လုပ်ငန်းတခုခု၏ စီမံခန့်ခွဲရေးအဖွဲ့ဝင်အဖြစ်သော်လည်းကောင်း ပါဝင်လုပ်ကိုင်ခြင်း မပြုရ။

## အခန်း (၈)

## ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေး

### ပုဒ်မ (၁၃၂) တရားစီရင်ပိုင်ခွင့်အာဏာ

တရားစီရင်မှုအာဏာသည် တရားရုံးများတွင်တည်ရှိရမည်။ တရားစီရင်ရေးအာဏာကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ဥပဒေနှင့်အညီ အဆင့်ဆင့်တည်ထောင်ထားသော တရားရုံးများတွင် ကျင့်သုံးပိုင်ခွင့်ရှိပြီး လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ်ဖြစ်ရမည်။

### ပုဒ်မ (၁၃၃) လွတ်လပ်စွာတရားစီရင်ပိုင်ခွင့်

တရားသူကြီးများသည် လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိပြီး တရားဥပဒေကိုသာ တာဝန်ခံရမည်။

### ပုဒ်မ (၁၃၄) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဖွဲ့စည်းထူထောင်ရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဖက်ဒရယ်ပြည်ထောင်စု တရား လွှတ်တော်ချုပ် တရားသူကြီး (၉) ဦးအပါအဝင် အမျိုးသားလွှတ်တော်မှ ရွေးချယ်ခန့်အပ်သော ပုဂ္ဂိုလ်နှစ်ဦးတို့ဖြင့် ဖွဲ့စည်းရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင် ပါဝင်မည့် အမျိုးသားလွှတ်တော် ၏ ကိုယ်စားလှယ်နှင့် ပြည်သူ့လွှတ်တော်၏ကိုယ်စားလှယ်များ ရွေးချယ်ခြင်းဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရမည်။

**ပုဒ်မ (၁၃၅) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများဖွဲ့စည်းခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေးအာဏာကို ကျင့်သုံးရန်အတွက် ဖက်ဒရယ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ၎င်း၏လက်အောက်ခံဖက်ဒရယ်ပြည်ထောင်စု တရားရုံးများကို ဖွဲ့စည်းထားရှိရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများဖွဲ့စည်းခြင်းနှင့် ဖက်ဒရယ်တရားသူကြီးများခန့် အပ်ခြင်းဆိုင်ရာဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းရမည်။

**ပုဒ်မ (၁၃၆) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် ဖွဲ့စည်းခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တရားသူကြီး (၉) ဦးဖြင့် ဖွဲ့စည်း ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသူများကို ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သမ္မတက ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်ရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် မည်သည့် လွှတ်တော်၏ ကိုယ်စားလှယ်ကိုမျှ အမည်စာရင်းတင်သွင်းခြင်း မပြုရ။

(ဃ) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအနက်မှ တဦးကို တရားသူကြီးချုပ်အဖြစ် မိမိတို့အချင်းချင်းထဲမှ ရွေးချယ်ပြီး၊ သမ္မတက ခန့်အပ်ရမည်။

**ပုဒ်မ (၁၃၇) တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်း**

ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် -

(က) ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံး အသက် (၄၅) နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) ဥပဒေရေးရာလုပ်ငန်းများတွင် အနည်းဆုံး (၁၀) နှစ် အတွေ့အကြုံရှိပြီးသူ ဖြစ်ရမည်။

**ပုဒ်မ (၁၃၈) ဖက်ဒရယ်တရားလွှတ်တော်ချုပ် တရားသူကြီးများ၏သက်တမ်းကာလ**

ဖက်ဒရယ်တရားလွှတ်တော်ချုပ် တရားသူကြီးများသည် -

(က) တရားသူကြီးကိုယ်တိုင်က ဖက်ဒရယ်ပြည်ထောင်စုသမ္မတထံသို့ နုတ်ထွက်လွှာ တင်သွင်းလျှင်ဖြစ်စေ၊

(ခ) မိမိ၏တာဝန်ကိုထမ်းဆောင်ရန် မစွမ်းဆောင်နိုင်သည့်အခြေအနေသို့ ရောက်ရှိလျှင် ဖြစ်စေ၊

(ဂ) အကျင့်သိက္ခာ လွန်စွာပျက်ပြားလျှင်ဖြစ်စေ၊

(ဃ) အသက် (၇၅) နှစ်ပြည့်မြောက်လျှင်ဖြစ်စေ သက်တမ်းကာလ ကုန်ဆုံးစေရမည်။

**ပုဒ်မ (၁၃၉) ရုံးထိုင်ရာနေရာ**

ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် ဖက်ဒရယ်ပြည်ထောင်စု၏ မြို့တော်တွင် ရုံးထိုင်ရမည်။ တရားလွှတ်တော်ချုပ်သည် ပြည်နယ်များရှိ ဖက်ဒရယ်ပြည်ထောင်စု တရားရုံးများတွင် ရုံးထိုင်ခွင့်ရှိစေရမည့်အပြင် လိုအပ်ပါက အခြားနေရာများတွင်လည်း ရုံးထိုင်ခွင့်ရှိစေရမည်။

**ပုဒ်မ (၁၄၀) ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ပိုင်ခွင့်အာဏာ**

(က) ဖက်ဒရယ်ပြည်ထောင်စုတရားရုံးများသည် ပုဒ်မ (၁၃၄) ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အောက်ပါကိစ္စရပ်များတွင် စီရင်ပိုင်ခွင့်အာဏာ ရှိစေရမည်။

(၁) ပြည်နယ်အချင်းချင်းကြားတွင် ဖြစ်ပွားသော အငြင်းပွားမှုများ

(၂) ပြည်နယ်တခု၏ ပြည်နယ်သားများနှင့် အခြားပြည်နယ်တခု၏ ပြည်နယ်သားများအကြားတွင် ဖြစ်ပွားသော အငြင်းပွားမှုများနှင့် မှုခင်းများ

(၃) ပြည်နယ်တရားရုံးချုပ်တခုမှ အခြားပြည်နယ် တရားရုံးချုပ်တခုသို့ လွှဲပြောင်း စစ်ဆေးရန်အမှုများ

(၄) ပြည်နယ်တရားရုံးတခုနှင့် အခြားပြည်နယ် တရားရုံးတခုအကြား စီရင်ပိုင်ခွင့်နှင့်ပတ်သက်သည့် အငြင်းပွားမှုများ

(၅) နိုင်ငံခြားကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများ (သို့မဟုတ်) ပြည်နယ်အစိုးရ (သို့မဟုတ်) ဖက်ဒရယ်ပြည်ထောင်စုတို့အကြား ချုပ်ဆိုသော စာချုပ်စာတမ်းများကို အကြောင်းပြု၍ ပေါ်ပေါက်သော အငြင်းပွားမှုများ

(၆) လူမွဲဖြစ်ခြင်းနှင့် ဒေဝါလီခံခြင်းဆိုင်ရာ မှုခင်းများ

(ခ) ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်များသည် အောက်ပါစာချွန်တော်အမိန့်များကို ထုတ်ပိုင်ခွင့် ရှိသည်။

(၁) ရှေ့တော်သွင်းစာချွန်တော်အမိန့်

(၂) အာဏာပေးစာချွန်တော်အမိန့်

(၃) တားမြစ်စေစာချွန်တော်အမိန့်

(၄) အာဏာပိုင်မေးစာချွန်တော်အမိန့်

(၅) အမှုခေါ် စာချွန်တော်အမိန့်

(ဂ) ဖက်ဒရယ်ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သီးသန့်စီရင်ပိုင်ခွင့်အာဏာနှင့် ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေဖြင့် ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၄၁) စုံစမ်းစစ်ဆေးခြင်း**

ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပုဒ်မ (၁၃၈) (ခ) နှင့် (ဂ) ပါ ပြဋ္ဌာန်းချက်များအပေါ် အခြေခံ၍ ဖက်ဒရယ်ပြည်ထောင်စုရှေ့နေချုပ်က ပြည်သူ့လွှတ်တော်သို့ တင်ပြလာသောအခါ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ တူညီသော ကိုယ်စားလှယ်အရေအတွက်ပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို လွှတ်တော်နှစ်ရပ် ညှိနှိုင်း၍ ဖွဲ့စည်းရမည်။ ယင်းကော်မရှင်၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တင်ပြချက်အပေါ်တွင် မဲပေး၍ ဆုံးဖြတ်ခြင်းပြုရမည်။

**ပုဒ်မ (၁၄၂) ဖက်ဒရယ်ပြည်ထောင်စု တရားသူကြီးများခန့်အပ်ခြင်း**

(က) ဖက်ဒရယ်တရားသူကြီးများကို ခန့်အပ်ရာတွင် ဖက်ဒရယ်ပြည်ထောင်စု အစိုးရဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်နှင့်

ညှိနှိုင်း၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုချက်ရယူရန် တင်ပြရမည်။ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ဖက်ဒရယ်ပြည်ထောင်စုသမ္မတက ဖက်ဒရယ်တရားသူကြီးများကို လက်မှတ် ရေးထိုးခန့်အပ်ရမည်။

(ခ) ဖက်ဒရယ်တရားသူကြီးများ ခန့်အပ်ရာတွင် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင်ခွဲခြားခြင်း မရှိစေရ။

**ပုဒ်မ (၁၄၃) ခံစားခွင့်လစာ**

ဖက်ဒရယ်တရားသူကြီးများသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က သတ်မှတ် ပြဋ္ဌာန်းပေးသော လစာကို ရယူခံစားပိုင်ခွင့်ရှိစေရမည်။

**ပုဒ်မ (၁၄၄) အခြားတာဝန်ထမ်းဆောင်ခွင့်မရှိခြင်း**

ဖက်ဒရယ်တရားသူကြီးများသည် ၎င်းတို့တာဝန်ယူဆောင်ရွက်သည့် တရားစီရင်ရေးတာဝန်မှတပါး -

(က) လစာပေးသော အခြားလုပ်ငန်းဌာနများ၌ တာဝန်ယူခြင်းသော်လည်းကောင်း၊

(ခ) အမြတ်အစွန်းကိုအခြေခံသည့် လုပ်ငန်းတခုခု၏ စီမံခန့်ခွဲရေးအဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊

(ဂ) လွှတ်တော်တရပ်ရပ်၏ ကိုယ်စားလှယ် (သို့မဟုတ်) အစိုးရအဖွဲ့တခုခု၏ အဖွဲ့ဝင်သော်လည်းကောင်း မဖြစ်စေရ။

**ပုဒ်မ (၁၄၅) ကင်းလွတ်ခွင့်**

ဖက်ဒရယ်တရားသူကြီးများသည် တင်ကူးကြံရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်းမှလွဲ၍ ၎င်းတို့၏ တရားစီရင်ရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး အရေးယူတရားစွဲဆိုခြင်း မခံထိုက်စေရ။

## အခန်း (၉)

## နိုင်ငံသားဖြစ်ခြင်း

**ပုဒ်မ (၁၄၆) နိုင်ငံသားအခွင့်အရေး**

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတဦးသည် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၌ နိုင်ငံသားတဦး ရသင့်ရထိုက်သော အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များကို တူညီစွာခံစားရရှိစေရမည်။

**ပုဒ်မ (၁၄၇) ပြည်နယ်သားအခွင့်အရေး**

နိုင်ငံသားတဦးသည် မိမိနေရင်းဒေသပြည်နယ်မှ အခြားပြည်နယ်တခုအတွင်းသို့ ပြောင်းရွှေ့နေထိုင်သောကိစ္စတွင် ပြောင်းရွှေ့နေထိုင်ရာ ပြည်နယ်၏ဥပဒေနှင့်အညီသာလျှင် အဆိုပါပြည်နယ်၏ပြည်နယ်သားဖြစ်ခွင့်နှင့် မဲပေးပိုင်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်ကို ရရှိစေရမည်။

**ပုဒ်မ (၁၄၈) နိုင်ငံသားအလိုအလျောက်ဖြစ်ခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တခုခု၏ ပြည်နယ်သားတဦးသည် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားဖြစ်သည်။

(ခ) နိုင်ငံသားမိဘနှစ်ဦးမှ မွေးဖွားလာသူတိုင်းသည် အလိုအလျောက် နိုင်ငံသား ဖြစ်သည်။

(ဂ) နိုင်ငံသားမိဘတဦးဦးမှ ဖက်ဒရယ်ပြည်ထောင်စုနယ်နိမိတ်အတွင်း၌ မွေးဖွားလာသူတိုင်းသည် အလိုအလျောက် နိုင်ငံသားဖြစ်သည်။

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုသည့်အချိန်တွင် နိုင်ငံသားဖြစ်ပြီးသူများသည် အလိုအလျောက်နိုင်ငံသားဖြစ်သည်။

ခြွင်းချက်။ ။ ဤ ပုဒ်မ (၁၄၈) ပုဒ်မခွဲ (ဃ) အရ နိုင်ငံသားဖြစ်ပြီးသူများဟု ဆိုရာတွင် တရားမဝင်သော နည်းလမ်းတခုခုကို အသုံးပြု၍ နိုင်ငံသားဖြစ်ထားသူများ အကျုံးမဝင်စေရ။

**ပုဒ်မ (၁၄၉) ဥပဒေအရနိုင်ငံသားဖြစ်ခွင့်**

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီအချိန်တွင် မြန်မာနိုင်ငံသားအဖြစ်မှ ရပ်စဲခံရသူများသည် ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ခွင့် လျှောက်ထားလာလျှင် နိုင်ငံသားအဖြစ် ပြန်လည်ရရှိစေရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုနယ်နိမိတ်ပြင်ပ၌ နိုင်ငံသားမိဘတဦးဦးမှ မွေးဖွားလာသော ကလေးသည် နိုင်ငံသားအဖြစ် လျှောက်ထားပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၅၀) နိုင်ငံခြားသားများနိုင်ငံသားဖြစ်ခွင့်**

(က) ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့မတိုင်မီကပင် မြန်မာနိုင်ငံအတွင်း၌ မွေးဖွား၍ အစဉ်တစိုက်နေထိုင်လာခဲ့သော နိုင်ငံခြားသားများသည် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းထားသောဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားဖြစ်ခွင့် ရှိစေရမည်။

(ခ) နိုင်ငံခြားသားများ နိုင်ငံသားဖြစ်ခြင်းနှင့်ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်မှ ဥပဒေပြုပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၅၁) တပြိုင်နက်နိုင်ငံသားဖြစ်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတဦးသည် အခြားနိုင်ငံတခု၏ နိုင်ငံသားအဖြစ် ခံယူခွင့်ရှိသည်။ ထိုသို့ခံယူခြင်းကြောင့် မူလဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားဖြစ်မှုအလိုအလျောက် ဆုံးရှုံးခြင်းမရှိစေရ။ တပြိုင်နက်တည်း နိုင်ငံသားဖြစ်ခွင့်ရှိသည်။

**ပုဒ်မ (၁၅၂) နိုင်ငံသားအဖြစ်မဲပေးပိုင်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတဦးသည် မိမိနေရင်းပြည်နယ်မှ အခြားပြည်နယ်တခုသို့လည်းကောင်း၊ အခြားနိုင်ငံတခုသို့လည်းကောင်း ပြောင်းရွှေ့နေထိုင်သော်လည်း

ဖက်ဒရယ်ပြည်ထောင်စုတစ်ခုလုံးနှင့် သက်ဆိုင်သော ဆန္ဒခံယူပွဲ၊ ရွေးချယ်တင်မြှောက်ပွဲများတွင် မဲပေးပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၅၃) ပြည်နယ်သားအဖြစ်မဲပေးခွင့်၊ အရွေးချယ်ခံပိုင်ခွင့်**

ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံသားတဦးသည် သက်ဆိုင်ရာ ပြည်နယ်တခုခုတွင်သာ မဲပေးခွင့်၊ အရွေးချယ်ခံပိုင်ခွင့်ကို ကျင့်သုံးပိုင်ခွင့်ရှိသည်။ ယင်းအခွင့်အရေးကို ပြည်နယ် တခုထက်ပို၍ ကျင့်သုံးပိုင်ခွင့် မရှိစေရ။

**ပုဒ်မ (၁၅၄) ပြည်နယ်သားဖြစ်ခြင်း**

ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ ဥပဒေပြုလွှတ်တော်များသည် ပြည်နယ်သားဖြစ်ခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပိုင်ခွင့် ရှိစေရမည်။

**ပုဒ်မ (၁၅၅) အဝေးရောက်နိုင်ငံသားများ**

ဖက်ဒရယ်ပြည်ထောင်စု၏ပြင်ပအခြားနိုင်ငံများသို့ ရောက်ရှိနေထိုင်လျက်ရှိသော နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားဆိုင်ရာကိစ္စရပ်များအတွက် ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းရမည်။

## အခန်း (၁၀)

## ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးနှင့်လုံခြုံရေးတပ်ဖွဲ့များ

### ပုဒ်မ (၁၅၆) ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များဆိုင်ရာ အခြေခံမူများ

(က) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များသည် ဖက်ဒရယ်ပြည်ထောင်စု၏ လုံခြုံရေးနှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့ဝင်များသည် မည်သည့်နိုင်ငံရေး ပါတီ၏ ပါတီဝင်မျှ မဖြစ်စေရ။ မည်သည့် နိုင်ငံရေးပါတီ (သို့တည်းမဟုတ်) လူပုဂ္ဂိုလ်တို့၏ ဩဇာခံ မဖြစ်စေရ။

(င) ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာတပ်ဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်မှုတွင် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအားလုံး၏ အချိုးကျ ကိုယ်စားပြုမှုရှိရမည်။

(စ) ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့များအတွင်း လူမျိုး၊ ဘာသာ၊ အသား အရောင်၊ လိင်နှင့် လိင်စိတ်ကွဲပြားမှုတို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခြင်း မရှိစေရ။

**ပုဒ်မ (၁၅၇) ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များ**

ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စု၏ကာကွယ်ရေးနှင့် လုံခြုံရေး ဆိုင်ရာကိစ္စရပ်များအတွက် လိုအပ်သော ဖက်ဒရယ်ပြည်ထောင်စု လက်နက်ကိုင်တပ်ဖွဲ့ များနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအဖွဲ့များကို (၎င်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ) ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

**ပုဒ်မ (၁၅၈) ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်ရေးဆိုင်ရာအခြေခံမူဝါဒများ**

ဖက်ဒရယ်ပြည်ထောင်စု၏ ကာကွယ်ရေးဆိုင်ရာအခြေခံမူဝါဒများကို ဖက်ဒရယ်ပြည် ထောင်စုလွှတ်တော်က ချမှတ်ပေးရမည်။

**ပုဒ်မ (၁၅၉) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်**

(က) ဖက်ဒရယ်ပြည်ထောင်စုအား ပြည်ပရန်မှ ကာကွယ်ရေးအတွက် ဖက်ဒရယ် ပြည် ထောင်စုတပ်မတော်တရပ်ကို ဖွဲ့စည်းထူထောင်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ စစ်သေနာပတိချုပ် ဖြစ်စေရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ချမှတ် ထားသော ပြည်ထောင်စုတပ်မတော်၏ ကာကွယ်ရေးဆိုင်ရာ အခြေခံမူဝါဒများကို တာဝန်ခံဆောင်ရွက်ရမည်။

(ဃ) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ နေ့စဉ်လုပ်ငန်းဆိုင်ရာကိစ္စများသည် ကာကွယ် ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင် ရှိစေရမည်။

(င) ဖက်ဒရယ်ပြည်ထောင်စုကာကွယ်ရေးဝန်ကြီးအဖြစ် ဖက်ဒရယ်ပြည်ထောင်စုတပ် မတော်တွင် လက်ရှိ တာဝန်ထမ်းဆောင်နေသူ မည်သူ့ကိုမျှ ခန့်အပ်ခြင်း မရှိစေရ။ ဖက်ဒရယ်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးသည် အရပ်ဘက်ဆိုင်ရာပုဂ္ဂိုလ် ဖြစ် စေရမည်။

**ပုဒ်မ (၁၆၀) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းခြင်း**

(က) ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်ကို ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့ဖြင့် လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းထားရှိရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်၏ ဖွဲ့စည်းမှုဆိုင်ရာဥပဒေကို ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသတ်မှတ်ရမည်။

**ပုဒ်မ (၁၆၁) အရပ်ဘက်အုပ်ချုပ်ရေး**

ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်သည် မည်သည့်အချိန်အခါမဆို အရပ်ဘက် အစိုးရ အုပ်ချုပ်ရေးအောက်တွင် ရှိစေရမည်။

**ပုဒ်မ (၁၆၂) အရေးပေါ်အခြေအနေတွင် ကြီးကြပ်ကွပ်ကဲခြင်း**

ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေအောက်တွင် ဖက်ဒရယ် ပြည်ထောင်စု သမ္မတသည် -

(က) စစ်သေနာပတိချုပ်၏ အခွင့်အာဏာကိုအသုံးပြုပြီး ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်အပါအဝင် ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များကို ကြီးကြပ် ကွပ်ကဲရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ မည်သည့်ကာကွယ်ရေးနှင့်လုံခြုံရေး ဆိုင်ရာတပ်ဖွဲ့ကိုမဆို ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးအတွက် ဖက်ဒရယ် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာပြည်နယ်အစိုးရများတို့နှင့် ညှိနှိုင်းပြီး ဆင့်ခေါ်ခွင့်၊ စုစည်းခွင့်၊ တာဝန်ပေးအပ်ခွင့်၊ ရုပ်သိမ်းခွင့် ရှိစေရမည်။

**ပုဒ်မ (၁၆၃) စစ်တက္ကသိုလ်များ**

ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်၏ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အတွက် သီးခြားသော စစ်တက္ကသိုလ်များ ဖွဲ့စည်းတည်ထောင်ရမည်။ ယင်းတက္ကသိုလ်များတွင် ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်များမှ အချိုးကျတက်ရောက်သင်ကြားခွင့် ရှိစေရမည်။

**ပုဒ်မ (၁၆၄) ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း**

စစ်ပညာသင်တန်းအဆင့်ဆင့်တွင် စစ်ဘက်ဆိုင်ရာ ဘာသာရပ်များအပြင် -

(က) ဒီမိုကရေစီအခြေခံကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ သဘောတရားများ၊

(ခ) ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် အရပ်ဘက် အုပ်ချုပ်ရေး ဆိုင်ရာ အခြေခံသဘောတရားများကိုပါ ထည့်သွင်းသင်ကြား ပို့ချရမည်။

**ပုဒ်မ (၁၆၅) စစ်မှုထမ်းခြင်းဆိုင်ရာဥပဒေ**

ဖက်ဒရယ်ပြည်ထောင်စု၏ အရွယ်ရောက်ပြီးသော နိုင်ငံသားတိုင်း ဥပဒေအရ စစ်မှုထမ်းရမည်။ နိုင်ငံသားများ စစ်မှုထမ်းရေးဆိုင်ရာဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၆၆) ဖက်ဒရယ်ပြည်ထောင်စု ရဲတပ်ဖွဲ့**

(က) ဖက်ဒရယ်ပြည်ထောင်စုနှင့်သက်ဆိုင်သော အမျိုးသားလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုရဲတပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုရဲတပ်ဖွဲ့ကို အရပ်သားအစိုးရ အုပ်ချုပ်ရေးလက်အောက်တွင် ထားရှိရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုရဲတပ်ဖွဲ့ကို ဖွဲ့စည်းထူထောင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၆၇) ဖက်ဒရယ်ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့**

(က) ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့ကို အရပ်သားအစိုးရအုပ်ချုပ်ရေး လက်အောက်တွင် ထားရှိရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းထူထောင်ရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၆၈) အမျိုးသားလုံခြုံရေးကောင်စီ**

အမျိုးသားလုံခြုံရေးကောင်စီကို ဖွဲ့စည်းနိုင်ရန် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရမည်။

## အခန်း (၁၁)

## အရေးပေါ်အခြေအနေ

### ပုဒ်မ (၁၆၉) အရေးပေါ်အခြေအနေ

အောက်ပါ အခြေအနေတရပ်ရပ်တွင် ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေကို ကြေညာပိုင်ခွင့်ရှိသည်။

(က) ဖက်ဒရယ်ပြည်ထောင်စုနယ်နိမိတ်ကို ပြည်ပလက်နက်ကိုင်တပ်များက တိုက်ခိုက်ခြင်း (သို့တည်းမဟုတ်) တိုက်ခိုက်မည်ဟု ခိုင်လုံသော အကြောင်းရှိခြင်း။

(ခ) ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုပျက်ပြားပြီး အများပြည်သူ၏လုံခြုံမှုနှင့် အေးချမ်းသာယာမှုကို သိသာထင်ရှားစွာ ခြိမ်းခြောက်၊ ထိပါး၊ ပျက်ပြားသည့် အခြေအနေပေါ် ပေါက်ခြင်း။

(ဂ) သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုများ၊ ထိခိုက်မှုများ၊ သေဆုံးမှုများ ဖြစ်ပေါ်ခြင်း (သို့တည်းမဟုတ်) ဖြစ်ပေါ်လာရန် ခိုင်လုံသောအကြောင်း ရှိခြင်း။

### ပုဒ်မ (၁၇၀) အရေးပေါ်အခြေအနေကြေညာခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ အထက်ပုဒ်မ (၁၆၉) ပုဒ်မခွဲ (က) (ဂ) တို့အတွက် အရေးပေါ်အခြေအနေ ကြေညာပေးရန် တောင်းဆိုလာလျှင် ဖက်ဒရယ်ပြည်ထောင်စု သမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုတဝှမ်းလုံးအတွက်ဖြစ်စေ၊ ဒေသတခုအတွက် ဖြစ်စေ အရေးပေါ်အခြေအနေ ကြေညာပေးရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ အထက်ပုဒ်မ (၁၆၉) ပုဒ်မခွဲ (ခ) အရ အရေး ပေါ် အခြေအနေကြေညာပေးရန် တောင်းဆိုလာခြင်းဖြစ်ပါက ဖက်ဒရယ်ပြည်ထောင်စု သမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုတဝှန်းလုံးအတွက်ဖြစ်စေ၊ ဒေသတခုအတွက် ဖြစ်စေ အရေးပေါ်အခြေအနေ ကြေညာပေးနိုင်သည်။

(ဂ) အရေးပေါ်အခြေအနေကြေညာခြင်းသည် ပုဒ်မ (၁၆၉) ပုဒ်မခွဲ (က) နှင့် (ခ) ပါ ကိစ္စ ရပ်များအတွက်ဖြစ်ပါက ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် အနီးကပ်ဆုံး ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (သို့တည်းမဟုတ်) ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးကိုခေါ်ယူ၍ တင်ပြအတည်ပြုချက်ရယူရမည်။ ပြည်သူ့ လွှတ်တော်က အရေးပေါ်အခြေအနေ ကြေညာခြင်းကို အတည်မပြုပါက အရေးပေါ် အခြေအနေ ကြေညာခြင်းသည် ပျက်ပြယ်စေရမည်။

(ဃ) ပြည်သူ့လွှတ်တော် ဖျက်သိမ်းထားသောကာလအတွင်း အရေးပေါ်အခြေအနေ ကြေညာခြင်းဖြစ်ပါက ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည် ထောင်စုသမ္မတထံသို့ တင်ပြ၍ အနီးကပ်ဆုံး အမျိုးသားလွှတ်တော်အစည်းအဝေး (သို့တည်းမဟုတ်) အမျိုးသားလွှတ်တော်အရေး ပေါ်အစည်းဝေးကို ခေါ်ယူ၍ အတည် ပြုချက်ရယူရမည်။ အမျိုးသားလွှတ်တော်က အရေးပေါ်အခြေအနေကြေညာခြင်းကို အတည်မပြုပါက အရေးပေါ်အခြေအနေကြေညာခြင်းသည် ပျက်ပြယ်စေရမည်။

**ပုဒ်မ (၁၇၁) တည်ရှိသည့်သက်တမ်းကာလ**

(က) အရေးပေါ်အခြေအနေကြေညာပြီးနောက် တည်ရှိရမည့်သက်တမ်းကာလကို အရေး ပေါ်အခြေအနေ ကြေညာရန်လိုအပ်သည့် အကြောင်းရင်းပေါ် မူတည်၍ အောက်ပါ တိုင်း သတ်မှတ်နိုင်သည်။

(၁) ပုဒ်မ (၁၆၉) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ အရေးပေါ်အခြေအနေကို ကြေညာ ခြင်းဖြစ်လျှင် သက်တမ်းကာလကို (၃) လအထိ သတ်မှတ်နိုင်သည်။

(၂) ပုဒ်မ (၁၆၉) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ အရေးပေါ်အခြေအနေကို ကြေညာ ခြင်းဖြစ်လျှင် သက်တမ်းကာလကို (၁) လအထိ သတ်မှတ်နိုင်သည်။

(၃) ပုဒ်မ (၁၆၉) ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်အရ အရေးပေါ်အခြေအနေကို ကြေညာခြင်းဖြစ်လျှင် သက်တမ်းကာလကို (၆) လအထိ သတ်မှတ်နိုင်သည်။

(ခ) အရေးပေါ်အခြေအနေ သက်တမ်းကာလကို ထပ်မံသက်တမ်းတိုးမြှင့်ရန် လိုအပ်ပါက ပုဒ်မ (၁၇၁) ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသည့်ကာလထက် မကျော်လွန်သော တိုးမြှင့်မှုတိုင်းကို ပြည်သူ့လွှတ်တော်၏သဘောတူအတည်ပြုချက်ဖြင့်သာ တိုးမြှင့်နိုင်သည်။ အကယ်၍ ပြည်သူ့လွှတ်တော်၏ထက်ဝက်ကျော် ဆန္ဒမဲဖြင့် အတည်ပြုချက်မရရှိလျှင် မည်သည့်သက်တမ်းတိုးခြင်းကိုမျှ တရားဝင် မဖြစ်စေရ။

(ဂ) ပြည်သူ့လွှတ်တော် ဖျက်သိမ်းထားသောကာလအတွင်း အရေးပေါ်အခြေအနေ သက်တမ်းကာလကို ထပ်မံတမ်းတိုးမြှင့်ရန်လိုအပ်ပါက ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုသမ္မတထံသို့တင်ပြ၍အနီးကပ်ဆုံးအမျိုးသားလွှတ်တော်အစည်းအဝေး (သို့တည်းမဟုတ်) အမျိုးသားလွှတ်တော် အရေးပေါ်အစည်းအဝေးကိုခေါ် ယူ၍အမျိုးသားလွှတ်တော်၏ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုချက်ရယူရမည်။ အမျိုးသားလွှတ်တော်က အရေးပေါ်အခြေအနေ သက်တမ်းကာလ ထပ်မံတိုးမြှင့်ခြင်းကို အတည်မပြုပါက ပျက်ပြယ်စေရမည်။

**ပုဒ်မ (၁၇၂) လုပ်ပိုင်ခွင့်နှင့်တာဝန်**

(က) ပုဒ်မ (၁၆၉) ပုဒ်မခွဲ (က) ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေအောက်တွင် ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် -

(၁) စစ်သေနာပတိချုပ်၏ အခွင့်အာဏာကိုအသုံးပြုပြီး ဖက်ဒရယ် ပြည်ထောင်စု၏ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့များကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ မည်သည့်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာတပ်ဖွဲ့ကိုမဆို ဖက်ဒရယ်ပြည်ထောင်စုလုံခြုံရေးအတွက် ဖက်ဒရယ်ပြည်ထောင်စု အစိုးရအဖွဲ့၊ သက်ဆိုင်ရာပြည်နယ်အစိုးရတို့နှင့်ညှိနှိုင်းပြီး ဆင့်ခေါ်ခွင့်၊ စုစည်းခွင့်၊ တာဝန်ပေးအပ်ခွင့်၊ ရုပ်သိမ်းခွင့် ရှိစေရမည်။

(ခ) ပုဒ်မ (၁၆၉) ပုဒ်မခွဲ (ခ) ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေ အောက်တွင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် ပြည်နယ်လုံခြုံရေးတပ်များကို စုစည်းအသုံး

ချခြင်း၊ ပြည်နယ်အစိုးရများသို့ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကို ပြုပိုင်ခွင့်ရှိစေရမည်။

(ဂ) ပုဒ်မ (၁၆၉) ပုဒ်မခွဲ (ဂ) ပါ ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေ အောက်တွင် ဖက်ဒရယ်ပြည်ထောင်စုအစိုးရသည် -

(၁) ပြည်နယ်လုံခြုံရေးတပ်များကို စုစည်းအသုံးချခြင်း၊ ပြည်နယ်အစိုးရများသို့ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းတို့ကို ပြုပိုင်ခွင့် ရှိစေရမည်။

(၂) ပြည်နယ်လုံခြုံရေးတပ်ဖွဲ့များနှင့် လုံလောက်ခြင်း မရှိမှသာလျှင် ဖက်ဒရယ်ပြည်ထောင်စုတပ်မတော်ကို အကန့်အသတ်ဖြင့် အသုံးပြုစေရမည်။

(ဃ) အရေးပေါ်အခြေအနေကာလအတွင်း ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ဆောင်ရွက်ချက်မှန်သမျှကို အနီးကပ်ဆုံးပြည်သူ့လွှတ်တော်နှင့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**ပုဒ်မ (၁၇၃) ဖွဲ့စည်းပုံအခြေခံဥပဒေအရ စီစစ်ခြင်း**

ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာအပ်နှင်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် -

(က) အရေးပေါ်အခြေအနေတရပ်ကြေညာခြင်း

(ခ) အရေးပေါ်အခြေအနေ၏ သက်တမ်းကာလတိုးမြှင့်ခြင်း

(ဂ) အရေးပေါ်အခြေအနေတရပ် ကြေညာခြင်းကြောင့် ပြဋ္ဌာန်းထားသောဥပဒေ (သို့တည်းမဟုတ်) အခြားလုပ်ဆောင်မှုတရပ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းရှိမရှိကို စီစစ်ဆုံးဖြတ်နိုင်သည်။

**ပုဒ်မ (၁၇၄) အရေးပေါ်အခြေအနေကာလအတွင်း တရားစီရင်ရေး**

မည်သို့သောအရေးပေါ်အခြေအနေအောက်တွင်မဆို တရားစီရင်ရေးအာဏာသည် တရားရုံးများတွင်သာ တည်ရှိရမည်။ တည်ဆဲဥပဒေနှင့်အညီ ခန့်အပ်ထားသော တရားသူကြီးများကသာ တရားစီရင်ရမည်။

**ပုဒ်မ (၁၇၅) ရုပ်သိမ်းပိုင်ခွင့်မရှိသော အခြေခံအခွင့်အရေးများ**

ဖက်ဒရယ်ပြည်ထောင်စု၏ အရေးပေါ်အခြေအနေတရပ် ကြေညာခြင်း၏ အကျိုးဆက်ကြောင့် ပြဋ္ဌာန်းသောဥပဒေ (သို့တည်းမဟုတ်) မည်သည့်လုပ်ဆောင်မှုကမျှ အခန်း (၂) ပုဒ်မ (၁၁) နှင့် (၁၂) ပါ အခွင့်အရေးများအပါအဝင် နိုင်ငံသားတဦး၏ လွတ်လပ်သိက္ခာနှင့် အသက်ရှင်ရပ်တည်ပိုင်ခွင့်တို့ကို မထိခိုက်စေရ။

**ပုဒ်မ (၁၇၆) အရေးပေါ်ကာလအတွင်း ဥပဒေပြဋ္ဌာန်းချက်**

အရေးပေါ်အခြေအနေကြေညာခြင်း၏ နောက်ဆက်တွဲကြောင့် လူပုဂ္ဂိုလ်နှင့်ပတ်သက်၍ဖြစ်စေ၊ ပစ္စည်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ဖြစ်စေ၊ ပုဒ်မ (၁၇၅) ပါ ရုပ်သိမ်းပိုင်ခွင့်မရှိသော အခြေခံအခွင့်အရေးများမှလွဲ၍ မည်သည့်အခွင့်အရေးနှင့် ကန့်သတ်ချက်များအတွက်မဆို လိုအပ်သောဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြု ပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၇၇) အရေးပေါ်အခြေအနေပြီးဆုံးခြင်း**

(က) သတ်မှတ်ထားသည့် အရေးပေါ်အခြေအနေ သက်တမ်းကာလ အလိုအလျောက်ကုန်ဆုံးလျှင်ဖြစ်စေ၊ သမ္မတမှ ရုပ်သိမ်းလျှင်ဖြစ်စေ၊ လွှတ်တော် တရပ်ရပ်မှ အတည်မပြုလျှင်ဖြစ်စေ အရေးပေါ်အခြေအနေ သက်တမ်းကာလ ပြီးဆုံးစေရမည်။

(ခ) အရေးပေါ်သက်တမ်းကာလ ပြီးဆုံးကြောင်းကို တရားဝင်နိုင်ငံတော်ပြန်တမ်းဖြင့် ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၂)

## အထွေထွေပြဋ္ဌာန်းချက်များ

**ပုဒ်မ (၁၇၈) ဖက်ဒရယ်ပြည်ထောင်စုအလံတော်**

ဖက်ဒရယ်ပြည်ထောင်စု၏ အလံတော်မှာ ----------------

**ပုဒ်မ (၁၇၉) ဖက်ဒရယ်ပြည်ထောင်စုတံဆိပ်**

ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်ထောင်စုတံဆိပ်မှာ --------------

**ပုဒ်မ (၁၈၀) ဖက်ဒရယ်ပြည်ထောင်စုရုံးတံဆိပ်**

ဖက်ဒရယ်ပြည်ထောင်စု၏ ရုံးတံဆိပ်မှာ ----------------

**ပုဒ်မ (၁၈၁) ဖက်ဒရယ်ပြည်ထောင်စုသီချင်း**

ဖက်ဒရယ်ပြည်ထောင်စု၏ ပြည်ထောင်စုသီချင်းမှာ ----------------

**ပုဒ်မ (၁၈၂) ဖက်ဒရယ်ပြည်ထောင်စုမြို့တော်**

ဖက်ဒရယ်ပြည်ထောင်စု၏ မြို့တော်မှာ မဟာရန်ကုန်ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စု အစိုးရအဖွဲ့ ရုံးစိုက်ရာနယ်မြေကို ဖက်ဒရယ်ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်သည်။ ဖက်ဒရယ်ပြည်ထောင်စုမြို့တော်နယ်မြေအတွက် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၈၃) ရုံးသုံးဘာသာ**

(က) ဖက်ဒရယ်ပြည်ထောင်စု၏ ရုံးသုံးဘာသာအဖြစ် ဗမာဘာသာနှင့် အင်္ဂလိပ်ဘာသာကို သတ်မှတ်သည်။

(ခ) ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အသီးသီးတွင် ဖက်ဒရယ်ပြည်ထောင်စု၏ ရုံးသုံးဘာသာအပြင် ယင်းပြည်နယ်၏ အမျိုးသားဘာသာကိုလည်း ရုံးသုံးဘာသာအဖြစ် သတ်မှတ်နိုင်သည်။

**ပုဒ်မ (၁၈၄) ကျမ်းသစ္စာကျိန်ဆိုခြင်း**

ဖက်ဒရယ်ပြည်ထောင်စု၏ -

(က) သမ္မတ

(ခ) ဝန်ကြီးချုပ်

(ဂ) အစိုးရအဖွဲ့ဝင် ဝန်ကြီးများ

(ဃ) ဖက်ဒရယ်ပြည်ထောင်စု ရှေ့နေချုပ်

(င) ဖက်ဒရယ်ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ

(စ) ဖက်ဒရယ်ပြည်ထောင်စု စာရင်းစစ်ချုပ်

တို့သည် မိမိတို့အား ရွေးချယ်ခန့်အပ်တာဝန်ပေးခြင်း အတည်ပြုပြီးသည်နှင့် တပြိုင်နက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျမ်းကျိန်လွှာအတိုင်း သက်ဆိုင်ရာနေရာဌာနများတွင် မဆိုင်းမတွ ကျမ်းသစ္စာကျိန်ဆိုရမည်။

**ပုဒ်မ (၁၈၅) ကော်မရှင်**

(က) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အောက်ပါ လွတ်လပ်သော ကော်မရှင်များကို ဖွဲ့စည်းနိုင်ရန် ဥပဒေများ ပြဋ္ဌာန်းရမည်။

(၁) လူ့အခွင့်အရေးကော်မရှင်

(၂) ကျား-မ တန်းတူညီမျှရေးကော်မရှင်

(၃) အဂတိလိုက်စားမှု စုံစမ်းတိုက်ဖျက်ရေးကော်မရှင်

(၄) ပြည်ထောင်စုဝန်ထမ်းရေးရာကော်မရှင်

(၅) ရွေးကောက်ပွဲကော်မရှင်

(၆) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်

(၇) ကလေးအခွင့်အရေးကာကွယ်ရေးကော်မရှင်

(၈) လူနည်းစုအခွင့်အရေး ကာကွယ်ရေးကော်မရှင်

(ခ) အထက်ပါကော်မရှင်များ၏ ထမ်းဆောင်ရမည့်တာဝန်များကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သည် အထက်ပါကော်မရှင်များအပြင် လိုအပ်သောကော်မရှင်များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

## ပုဒ်မ (၁၈၆) လူ့အခွင့်အရေးကော်မရှင်

(က) အမျိုးသားလွှတ်တော်က ရွေးချယ်အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ် (၁၀) ဦးကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က လက်ခံအတည်ပြုပြီးပါက ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

(ခ) ထိုကော်မရှင်သည် မိမိ၏ သဘောဆန္ဒအလျောက်သော်လည်းကောင်း၊ တိုင်တန်းချက်လက်ခံရရှိသောအခါတွင်သော်လည်းကောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို လွတ်လပ်စွာ စုံစမ်းစစ်ဆေးနိုင်ခွင့် ရှိစေရမည်။

(ဂ) လူ့အခွင့်အရေးကော်မရှင်သည် မိမိဆောင်ရွက်ချက်များကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

## ပုဒ်မ (၁၈၇) ရွေးကောက်ပွဲကော်မရှင်

အမျိုးသားလွှတ်တော်က ရွေးချယ်အမည်စာရင်းတင်သွင်းသော ပုဂ္ဂိုလ် (၁၀) ဦးကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က လက်ခံအတည်ပြုပြီးပါက ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

## ပုဒ်မ (၁၈၈) အမှန်တရားဖော်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကော်မရှင်

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီ ကာလအတောအတွင်း အာဏာပိုင်တရပ်ရပ်၏ ပြုမူဆောင်ရွက်ချက် တစုံတရာကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှု ခံစားရသော နိုင်ငံသားများ၏နစ်နာချက်များကို စုံစမ်းစစ်ဆေးဖော်ထုတ်နိုင်ရန်အတွက် အမှန်တရားဖော်ထုတ်ရေးနှင့်ပြန်လည်သင့်မြတ်ရေးကော်မရှင်တရပ်ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

(ခ) အမှန်တရားဖော်ထုတ်ရေးနှင့်ပြန်လည်သင့်မြတ်ရေးကော်မရှင်၏ဖွဲ့စည်းမှု၊ သက်တမ်းကာလ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

(ဂ) ကော်မရှင်ကိုတူညီသောအမျိုးသား၊ အမျိုးသမီးကိုယ်စားလှယ်ဦးရေဖြင့် ဖွဲ့စည်းရမည်။

(ဃ) အသွင်ကူးပြောင်းရေးကာလ နစ်နာချက်များအား ပြန်လည်ကုစားရေးအတွက် လိုအပ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၁၈၉) နိုင်ငံတကာသဘောတူညီချက်နှင့် စာချုပ်များကိစ္စ

(က) ဖက်ဒရယ်ပြည်ထောင်စုအစိုးရက သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး တင်ပြလာသော နိုင်ငံတကာဆိုင်ရာသဘောတူညီချက်များနှင့် စပ်လျဉ်း၍ ဥပဒေပြုရန်လိုသော (သို့တည်းမဟုတ်) ဥပဒေပြုရန် အကြောင်းရှိသော နိုင်ငံတကာ သဘောတူညီချက်ကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဆက်လက်၍အတည်မပြုခဲ့သော် အဆိုပါသဘောတူညီချက်သည် အတည် မဖြစ်စေရ။

ခြွင်းချက်။ ။ ဤပုဒ်မခွဲ (ခ) သည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလာသော ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ နည်းပညာဆိုင်ရာကိစ္စရပ်များနှင့် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ အစိုးရအချင်းချင်းသဘောတူညီချက်များနှင့် မသက်ဆိုင်စေရ။

(ခ) နည်းပညာဆိုင်ရာကိစ္စရပ်များနှင့် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်-မဖြစ် အတည်ပြုခြင်းကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က စိစစ်ဆုံးဖြတ်ရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခြင်းမပြုလျှင် မည်သည့်နိုင်ငံတကာဆိုင်ရာ သဘောတူညီချက်ကိုမျှ ဖက်ဒရယ်ပြည်ထောင်စု၏ ဥပဒေတစ်ရပ်အဖြစ် ... တဒေသ မဖြစ်စေရ။

**ပုဒ်မ (၁၉၀) လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်း**

(က) ပြည်သူ့လွှတ်တော်သည် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးကော်မရှင်ကို ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

(ခ) အနည်းဆုံး ဆယ်နှစ်တကြိမ် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရမည်။

**ပုဒ်မ (၁၉၁) တရားဝင်ငွေကြေးနှင့် ပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာပြဋ္ဌာန်းချက်**

(က) နိုင်ငံရေးတာဝန်ကို ထမ်းဆောင်နေသော ပုဂ္ဂိုလ်များသည် ၎င်းတို့ပိုင်ဆိုင်သောငွေကြေးနှင့် ပစ္စည်းဥစ္စာများကို ဖော်ပြရန် တာဝန်ရှိစေရမည်။

(ခ) အထက်ပါ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်ဥပဒေပြုလွှတ်တော်များမှ ဥပဒေပြဋ္ဌာန်းပေးရမည်။

**ပုဒ်မ (၁၉၂) စာရင်းစစ်ချုပ်**

ဖက်ဒရယ်ပြည်ထောင်စုသမ္မတသည် ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးချုပ်မှ အဆိုပြုတင်သွင်းလာသူကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်ရမည်။ စာရင်းစစ်ချုပ်သည် ဖက်ဒရယ်ပြည်ထောင်စုအစိုးရ၏ ငွေစာရင်းများကို လွတ်လပ်စွာ စစ်ဆေးပိုင်ခွင့် ရှိစေရမည်။ စာရင်းစစ်ဆေးတွေ့ရှိချက်များကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

**ပုဒ်မ (၁၉၃) ဖက်ဒရယ်ပြည်ထောင်စုဗဟိုဘဏ်**

(က) ဖက်ဒရယ်ပြည်ထောင်စု ငွေကြေးရေးရာကို ထိန်းချုပ်ကွပ်ကဲနိုင်ရန် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းသောဥပဒေနှင့်အညီ လွတ်လပ်သော ဖက်ဒရယ်ပြည်ထောင်စု ဗဟိုဘဏ်တခု ထူထောင်ရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုဘဏ်သည် ဖက်ဒရယ်ပြည်ထောင်စု၏ ငွေကြေးတန်ဖိုးများ တည်ငြိမ်မှုရှိစေရေးအတွက် တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) ဖက်ဒရယ်ပြည်ထောင်စုဘဏ်သည် တမျိုးတစားတည်းသော ငွေစက္ကူနှင့် ငွေဒင်္ဂါးများ ထုတ်လုပ်ရမည်။

## ပုဒ်မ (၁၉၄) လူထုဆန္ဒဖော်ထုတ်ခြင်း

(က) နိုင်ငံသားတိုင်းသည် မိမိ၏ ထင်မြင်ယူဆချက်ကိုသော်လည်းကောင်း၊ အကြံပြုချက်ကို သော်လည်းကောင်း တဦးတည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ စာဖြင့်ရေးသား၍ လက်မှတ် ရေးထိုးပြီး သက်ဆိုင်ရာအာဏာပိုင် (သို့တည်းမဟုတ်) လွှတ်တော်တရပ်ရပ်သို့ တင်သွင်းခွင့်ရှိသည်။

(ခ) အထက်ပုဒ်မခွဲ (က) နှင့် စပ်လျဉ်း၍ ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ဥပဒေ ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၁၉၅) ဌာနေမြေယာ (Native Title) သတ်မှတ်ခြင်း

(က) ဖက်ဒရယ်ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်အသီးသီးတွင် နေထိုင်ကြသော ဌာနေတိုင်း ရင်းသားလူနည်းစုများ၏ မိရိုးဖလာ နေထိုင်ပိုင်ဆိုင်ခဲ့ကြသည့် နယ်မြေကိုဖြစ်စေ၊ နယ် မြေ၏ တစိတ်တပိုင်းကိုဖြစ်စေ အဆိုပါတိုင်းရင်းသား လူနည်းစု၏ ဌာနေမြေယာအဖြစ် သတ်မှတ်နိုင်သည်။

(ခ) ဌာနေမြေယာသတ်မှတ်ခြင်းကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်၏ဥပဒေ ပြဋ္ဌာန်း ချက်များနှင့်အညီ သတ်မှတ်ရမည်။

## ပုဒ်မ (၁၉၆) တရားခံလွှဲပြောင်းပေးအပ်ခြင်း

ပြည်နယ်တခုအတွင်း ပြစ်မှုကျူးလွန်ပြီးနောက် အခြားပြည်နယ်တခုသို့ ထွက်ပြေးရောက် ရှိသွားသော တရားခံတဦးအား ဖမ်းဆီးရမိထားသော ပြည်နယ်အစိုးရထံမှ သက်ဆိုင်ရာ ပြည်နယ်အစိုးရက မိမိပြည်နယ်သို့ လွှဲပြောင်းပေးအပ်ရန် တောင်းဆိုလာပါက တရားခံအား လွှဲပြောင်းပေးအပ်ရမည်။

သို့ရာတွင် ထိုသို့ လွှဲပြောင်းပေးအပ်စေရန်ကိစ္စကို ဖမ်းဆီးရမိထားသော ပြည်နယ် အစိုးရအား အတင်းအကျပ်ပြုမှုခြင်း မရှိစေရ။

## အခန်း (၁၃)

## အသွင်ကူးပြောင်းရေးကာလဆိုင်ရာပြဋ္ဌာန်းချက်များ

### ပုဒ်မ (၁၉၇) တည်ဆဲဥပဒေများ

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများသည် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်မဖြစ်သည်။

(ခ) တည်ဆဲစည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြေညာချက်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဖက်ဒရယ်ပြည်ထောင်စုအစိုးရကပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

### ပုဒ်မ (၁၉၈) တည်ဆဲတရားရုံးများ

အဆင့်ဆင့်သော တရားရုံးများသည် ဤဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားရေးစနစ်တရပ် ဖွဲ့စည်းပေါ် ပေါက်သည်အထိ တရားစီရင်ပိုင်ခွင့် အာဏာများကို ဆက်လက်ကျင့်သုံးခွင့် ရှိစေရမည်။

### ပုဒ်မ (၁၉၉) ဝန်ထမ်းများ

ဤဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မပြုမီက တာဝန်ထမ်းဆောင်လျက်ရှိကြသော အစိုးရအမှုထမ်းအားလုံးသည် မူလရာထူးတာဝန်များအတိုင်း ဆက်လက်အမှုထမ်းဆောင်စေရမည်။

**ပုဒ်မ (၂၀၀) နိုင်ငံတကာနှင့်ချုပ်ဆိုထားသော စာချုပ်၊ စာတမ်းများ**

(က) နိုင်ငံတကာဥပဒေများနှင့်အညီ သဘောတူချုပ်ဆိုထားသော နိုင်ငံတကာသဘော တူညီချက်များ၊ စာချုပ်စာတမ်းများမှအပ ဤဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေ အတည်မပြုမီက မြန်မာနိုင်ငံအစိုးရ ပါဝင်ချုပ်ဆိုခဲ့ သောစာချုပ်များနှင့်စပ်လျဉ်း၍ ဖက်ဒရယ်ပြည်ထောင်စုအစိုးရမှ ပြန်လည်သုံးသပ်ပြီး ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရမည်။

(ခ) ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ထပ်မံအတည်ပြုသော စာချုပ်စာတမ်းများ သာလျှင် ဆက်လက်အတည်ဖြစ်စေရမည်။

**ပုဒ်မ (၂၀၁) လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်း**

အသွင်ကူးပြောင်းရေးကာလအတွင်း လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် ယာယီလူဦးရေသန်းခေါင်စာရင်း ကောက်ယူရေး ကော်မရှင်တရပ် ဖွဲ့စည်းပြီး ဆောင်ရွက်စေရမည်။

**ပုဒ်မ (၂၀၂) ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ အမျိုးသားနယ်မြေများ နှင့် ဖက်ဒရယ်ပြည်ထောင်စုနယ်မြေများဖွဲ့စည်းခြင်း**

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၃) ပုဒ်မ (၄၈) နှင့် (၄၉) အရ အမျိုးသားပြည်နယ် များ၊ အမျိုးသားများပြည်နယ်များ၊ ဖက်ဒရယ်ပြည်ထောင်စုနယ်မြေများဖြင့် ဖက်ဒရယ် ပြည်ထောင်စုကို ဖွဲ့စည်းနိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ တိုင်းရင်း သားလူမျိုးအသီးသီးတို့သည် ညှိနှိုင်း ဆောင်ရွက်ရမည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၃) ပုဒ်မ (၅၃) အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ များနှင့် အမျိုးသားနယ်မြေများ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်များ အတွင်း နေထိုင်ကြသောတိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ညှိနှိုင်းဆောင်ရွက် ရမည်။

(ဂ) တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ဆန္ဒသဘောထားအမှန်ကို ဖော်ထုတ်ရယူနိုင်ရန် အတွက် လိုအပ်သောဒေသများတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်၍ ဆောင်ရွက်ရမည်။

(ဃ) အဆိုပါနယ်မြေဒေသအတွင်းရှိ သက်ဆိုင်ရာပြည်သူလူထု၏ ဆန္ဒသဘောထားကို ကောက်ယူပြီး ပြည်သူအများစု၏ ဆန္ဒနှင့်အညီ နယ်နိမိတ်ပိုင်းခြား သတ်မှတ်သည့်အတိုင်း အမျိုးသားပြည်နယ်များ၊ အမျိုးသားများပြည်နယ်များစာရင်းကို ဤဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။

## အခန်း (၁၄)

## ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်း

### ပုဒ်မ (၂၀၃) ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ပိုင်ခွင့်

(က) အတိအကျပြဋ္ဌာန်းသတ်မှတ်သော ဥပဒေဖြင့်ဖြစ်စေ၊ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ခြင်းဖြင့်ဖြစ်စေ၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်နိုင်ခွင့် ရှိစေရမည်။

(ခ) အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအား ပြင်ဆင်ရန်ဖြစ်ပါက ဖက်ဒရယ်ပြည်ထောင်စု တခုလုံးအတိုင်းအတာဖြင့် လူထုဆန္ဒခံယူပွဲ ပြုလုပ်ပြီးမှသာလျှင် ပြင်ဆင်ခွင့်ရှိစေရမည်။

(၁) ပုဒ်မ (၁) တွင် ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု၏ အမည်နှင့် သက်ဆိုင်သည့်ကိစ္စ၊

(၂) ပုဒ်မ (၂) တွင် ပြဋ္ဌာန်းထားသည့် ပြည်နယ်များ၏ နိုင်ငံရေးအာဏာနှင့် သက်ဆိုင်သည့်ကိစ္စ၊

(၃) ပုဒ်မ (၅) တွင် ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု၏ အချုပ်အခြာအာဏာကိစ္စ၊

(၄) ပုဒ်မ (၈) တွင် ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စု၏ နယ်နိမိတ်နှင့် သက်ဆိုင်သည့်ကိစ္စ၊

(၅) ပုဒ်မ (၉) တွင် ပြဋ္ဌာန်းထားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲခြင်း ကိစ္စ၊

(၆) ပုဒ်မ (၄၈) တွင် ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များကိုစွ၊

(၇) ပုဒ်မ (၆၀) တွင် ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော် ဖွဲ့စည်းမှုကိုစွ၊

(၈) ပုဒ်မ (၁၂၁) (က) တွင်ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုအစိုးရဖွဲ့စည်းမှုကိုစွ။

(ဂ) အထက် ပုဒ်မခွဲ (ခ) တွင် အတိအကျ သတ်မှတ်ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့် အကျုံးမဝင်သော ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်ဖြစ်ပါက ဖက်ဒရယ် ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံး၏ သုံးပုံနှစ်ပုံ ထောက်ခံမှုဖြင့် ပြင်ဆင်နိုင်ခွင့်ရှိစေရမည်။

**ပုဒ်မ (၂၀၄) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုအတည်ဖြစ်ခြင်း**

ဤဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အောက်ပါနည်းလမ်းအတိုင်းဆောင်ရွက်ခြင်းဖြင့် အတည်ဖြစ်စေရမည်။

(၁) လွှတ်တော်တရပ်ရပ်တွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံး သုံးပုံတပုံ ထောက်ခံမှုဖြင့် အမျိုးသားလွှတ်တော် (သို့မဟုတ်) ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း၊ ပြည်နယ်များသည် အမျိုးသားလွှတ်တော်က တဆင့်သော်လည်းကောင်း၊ ပြည်သူလူထုသည် သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တဆင့်သော်လည်းကောင်း ပြင်ဆင်ချက်ဥပဒေမူကြမ်းကို စတင်အဆိုပြုတင်သွင်းနိုင်သည်၊

(၂) ပြင်ဆင်ချက်ဥပဒေမူကြမ်းကို ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၊ ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် အခြားလွှတ်တော်တရပ်ရပ်သို့ အကြောင်းကြားအသိပေးရမည်၊

(၃) ဖက်ဒရယ်ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသည် ပြင်ဆင်ရန်အဆိုပြုချက်ကို လက်ခံရရှိပြီးနောက် ၎င်းတို့၏ သဘောထားများကို (၄၅) ရက်အတွင်း ဖက်ဒရယ်ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၄) ပုဒ်မ (၂၀၃) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များအတွက် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်၏ လွှတ်တော်တရပ်စီတွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံးသုံးပုံနှစ်ပုံ၏ ထောက်ခံမှုရရှိလျှင် ပြည်နယ်လွှတ်တော်များသို့ ဆက်လက်ပေးပို့ရမည်။ ဖက်ဒရယ် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အားလုံး၏သုံးပုံနှစ်ပုံ ထောက်ခံမှုရရှိပါက လူထု ဆန္ဒခံယူပွဲကို ကျင်းပရမည်။ လူထုဆန္ဒခံယူပွဲတွင် ပြည်သူလူထု ထောက်ခံဆန္ဒမဲ ထက်ဝက်ကျော်ရရှိပါက ဥပဒေကြမ်းသည် အတည်ဖြစ်စေရမည်။

(၅) ပုဒ်မ (၂၀၃) ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်များအတွက် ဖက်ဒရယ်ပြည်ထောင်စု လွှတ်တော်၏ လွှတ်တော်တရပ်စီတွင် ကိုယ်စားလှယ်ဦးရေ အနည်းဆုံးသုံးပုံနှစ်ပုံ ထောက်ခံမှုရရှိလျှင် ပြည်နယ်လွှတ်တော်များသို့ ဆက်လက်ပေးပို့ပြီး ဖက်ဒရယ်ပြည် ထောင်စုအဖွဲ့ဝင်ပြည်နယ်အားလုံး၏ သုံးပုံနှစ်ပုံထောက်ခံမှုကို ရရှိပါက ဥပဒေကြမ်း သည် အတည်ဖြစ်စေရမည်။

(၆) အထက်ပါ အပိုဒ်ခွဲ (၄) နှင့် (၅) အရ အတည်ပြုပြီးသော ဥပဒေကြမ်းကို ပုဒ်မ (၁၀၄) အပိုဒ်ခွဲ (၃) ပါတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

×××

# FCDCC (ကော်မတီဝင်များ)



မန်းအောင်သန်းလေး (ဥက္ကဋ္ဌ)



ခွန်းမားကိုဘန်း (ဒုဥက္ကဋ္ဌ)



မိဆူးပွင့် (ဒုဥက္ကဋ္ဌ)



ဦးမျိုးဝင်း
(အတွင်းရေးမှူး)



ဦးသိန်းဦး
(အတွင်းရေးမှူး)



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း
(အတွင်းရေးမှူး)

# FCDCC (ကော်မတီဝင်များ)



စောဝ်ဆိုင်ဆစ် (အဖွဲ့ဝင်)



ခူးအေဘယ်တွီဒ် (အဖွဲ့ဝင်)



ဗိုလ်မှူးကြီးထူးထူးလေး (အဖွဲ့ဝင်)



ဗိုလ်မှူးကြီးခွန်ဥက္ကာ (အဖွဲ့ဝင်)



မကော်ခွန်ဆာ (အဖွဲ့ဝင်)



ယိင်းလောင်ဝ် (အဖွဲ့ဝင်)



ရွှေမျိုးသန့် (အဖွဲ့ဝင်)



ခွန်ထွန်းလှ (အဖွဲ့ဝင်)

နီးနောဖလုယ်ပွဲမှတ်တမ်းပုံလွှာများ



ပဒိုစောဘာသင်စိန် (ဥက္ကဋ္ဌ - NDF/ENC)



ခွန်းမားကိုဘန်း (ဒုဥက္ကဋ္ဌ - FCDCC)



ပဒိုမန်းရှာ (မေးရန် - NDF/ENC)



ဗိုလ်ချုပ်ကြီးတာမလာဘော (ဥက္ကဋ္ဌ - NCUB/DAB)



ဗိုလ်မှူးကြီးခွန်ဥက္ကာ (PPLO)



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း
အတွင်းရေးမှူး (FCDCC)

နီးနှောဖလှယ်ပွဲမှတ်တမ်းပုံလွှာများ





















နှီးနှောဖလှယ်ပွဲမှတ်တမ်းပုံလွှာများ













နီးနှောဖလှယ်ပွဲမှတ်တမ်းပုံလွှာများ













နီးနှောဖလှယ်ပွဲမှတ်တမ်းပုံလွှာများ










နှီးနှောဖလှယ်ပွဲမှတ်တမ်းပုံလွှာများ






